
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဇွန်လ/

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ငါဟာ မင်းအတွက်/ သျှင်မ၊ –ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၃၂၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ငါဟာ မင်းအတွက်


BURMESE CLASSIC .com



## အခန်း [၁]

"သဏ္ဍာန် .."

"ဗျာ .. မမပိုး .."

"နင့်ကို ငါ မှိုင်းထားတာ ရေစင်ပေါ် တက်ပြီးပြီလား .."

"မတက်ရသေးဘူး .. လေးလေး က ဂေါ့ဖ်ကွင်းကို လိုက်ခဲ့ဦး ဆိုလို့ .."

"တော်စမ်း .."

ပိုးနှင်းဆီ အသံက ဧည့်ခန်းမှာရှိနေသည့် လူကြီးတွေကိုပါ ခေါင်းထောင်သွားစေ၏။

"ဖေဖေ ဂေါ့ဖ်ကွင်းက ပြန်ရောက်နေတာ ကြာလှပြီ .."

"ပိုး ရေ .. ဘယ်လိုဖြစ်နေတာလဲ ..၊ ခုနစ်သံချီ ဟစ်ပြီတော့.."

ဒေါ်နှင်းနှင်း က ဧည့်ခန်းကနေ ထလာတာဖြစ်ကာ သမီးဖြစ်သူနဲ့ သဏ္ဍာန် ကို တစ်လှည့်စီ ကြည့်၏။

"ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာလည်း သတိထားဦး .."

"သတိထားချိန်ကို မရဘူး ဒေါသထွက်ရတာ ..၊ ရေစင်ပေါ်တက်ပြီး သန့်ရှင်းရေးလုပ်ဖို့ ပြောထားတာ မနေ့တည်းကကို အခုထိ ငိုဟာ အကြောင်းပြ .. ဒီဟာအကြောင်းပြနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိတယ် .. သူ့အကြောင်း .."

ဒေါ်နှင်းနှင်း က ခါးတစ်ဖက်ထောက်၍ သဏ္ဌာန့် ဘက်ကို လှည့်ကြည့်သည်။ သဏ္ဌာန် က မျက်လွှာချလိုက်ရင်း ရပ်နေရာကနေ ဘယ်ကိုမှ မရွေ့ ..။

"ဒီကောင်လေး အချိုးမပြေတိုင်း လိုက်ပြောနေရရင် သူကတော့ ထူနေပြီ .. ဘာမှ ပြောင်းလဲလာမှာ မဟုတ်ဘူး၊ ညည်းတို့ပဲ ကျက်သရေ ယုတ်မှာ ..၊ ပြီးတော့ .."

စကားမဆက်ဘဲ အကြည့်တွေက အပြင်ဘက် ညွှန်ခန်းဆီ ဝေ့၏။ ပြီးမှ သဏ္ဌာန့် ဆီ ပြန်စိုက်ကြည့်ကာ ...

"သင်းက အားကိုးတွေ ရှိနေတာကိုး .."

"အဲဒါကိုပဲ သမီးကလည်း စိတ်တိုတာ ..၊ ဘာပဲ နိုင်းလိုက်နိုင်းလိုက် သူ့မှာ အကြောင်းပြကောင်းကောင်း အမြဲ ရှိတယ် .."

နားထဲမှာ ကြားနေကျစကားတွေပေမယ့် ကြားရတိုင်း နာကျင်ရသည့်ရင်ထဲမှာ ဖြေရာရှာမရနိုင် ..။ ထူနေပြီဆိုတာ ဘာလဲ ..၊ ဘယ်နေရာထိကြည့်ကြည့် သွေးတို့နှင့် နွေးနေသည့် ခန္ဓာကိုယ်မှာ စကားပြောသော သွေးဆိုတာ ခံစားတတ်လို့ပဲ မဟုတ်ဘူးလား ..။

အံမကြိတ်ရဲသည့်ပြင် နှုတ်ခမ်းလွှာတွေကိုတောင် တင်းတင်းစေ့မထားရဲသည့် မျက်နှာက ခံစားချက်မဲ့နေသည့် လူသေမျက်နှာမျိုး ..၊

ဒါကို ထူနေပြီလို့ စွပ်စွဲခံခြင်းအတွက် သူ့မှာ ဖြေရှင်းချက် မပေးနိုင် ..။

"သွား .. ခုချက်ချင်း သွားလုပ် ..၊ မပြီးဘဲ ဆင်းမလာခဲ့နဲ့ .."

"ဘာတွေ လုပ်ခိုင်းနေတာလဲ .."

ဂျာနယ်တစ်စောင်ကိုင်၍ ဦးထွန်းဝေ ဝင်လာတော့ သားအမိ နှစ်ယောက်စလုံး မျက်နှာတွေ ပိုတင်းသွားသည်။ ဒေါ်နှင်းနှင်း က ထူ့ခြေ့ ဆောင်လိုက်ပေမယ့် ပိုး မျက်နှာက ဒီအတိုင်းနှင့် ..။





"ရေစင်ရှင်းခိုင်းထားတာ ကြာလှပြီ ဖေဖေ ..၊ သူ့မှာ ခေါင်း က ဘာလုပ်ခိုင်းနေလို့ .. ဘယ်ခေါ်နေလို့ .. ဖေဖေက ဘယ်လိုဘာညာ အချိန်ပြည့် အကြောင်းပြချက်တွေနဲ့ .."

"အကြောင်းပြတာလား ..၊ တကယ် ဟုတ်သလား .. သမီး သိနေတာပဲ အလကား .. အိမ်ဆူအောင်ကွယ် .."

"ကဲ .. ဟိုကောင်လေး သွားလုပ်လေ ..၊ ဘာရပ်လုပ်နေတာလဲ.."

ဒေါ်နှင်းနှင်း က မနိုင်နိုင်ရာ မဲသည်။ သဏ္ဌာန် ထွက်သွားမှ ဦးထွန်းဝေ ဘက်ကို လှည့်၍ ...

"အစ်ကိုကြီးကလည်း.. ဘက်လိုက်ပြောချင်ရင်တောင် ကာယကံရှင် ကွယ်တဲ့အထိတော့ စောင့်ဦးမှပေါ့ .."

"မင်း ဘယ်လိုပြောလိုက်တာလဲ နှင်း .."

ဦးထွန်းဝေ မျက်နှာက ချက်ချင်း ပုံစံပြောင်းသွားသည်။

"သူများကို ပြောချင်ရင် မင်းကိုယ်မင်းလည်း ပြန်ကြည့်ပါဦး၊ လူငယ်တွေဖြစ်ကြရင် ဘယ်ဘက်ကပဲ မှန်နေနေ ကွယ်ရာကျမှ ဆုံးမလေ ..၊ ဘာဖြစ်လို့ မင့်သမီးရှေ့မှာ ဒီစကားမျိုး ပြောရတာလဲ .."

"'ဆန်ရင်း နာနာဖွပ်' ဆိုတဲ့ စကားတောင် ရှိခဲ့တာ ..၊ ကိုယ်က ကိုယ့်သားသမီးကို အရင်ဖိရမှာ .."

"ကိုယ့်သားသမီးကို ဖိရင် တစိမ်းက ခေါင်းတက်နင်းသွားမှာပေါ့ အစ်ကိုကြီးရယ် ..၊ အစ်ကိုကြီးတူမို့လို့ ကျွန်မ နေရာတကာ မပြောချင်လို့ ..၊ ဒီလိုပုံစံမျိုးနဲ့ ဒီ့ထက်သာ အရေးပေးထားရင် မတွေးဝံ့ဘူး .."

လူကြီးတွေ အခြေအနေကိုကြည့်၍ ပိုး က အသံတိတ် ထွက်ခွာသွား၏။ သူတို့ စုဝေးမိနေတာက သဏ္ဌာန့် ရဲ့အိပ်ခန်းရှေ့မှာ ဖြစ်သည်။

ဒေါ်နှင်းနှင်း က လူမရှိတော့ပေမယ့် သဏ္ဌာန့် အိပ်ခန်းထဲကို ဒီတိုင်းစောင်းကြည့်ပြီး မျက်စောင်းထိုးလိုက်သလိုလို .. မဲ့လိုက်သလိုလို ..။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးတို့ အဲဒီလို ဝင်ဝင်ပါနေလို့ ဒီကောင်လေး ပြောဆိုမကောင်းတာ .."

"အစ်ကိုကြီးတို့ဆိုတာ ဘာကို ပြောတာလဲ .."

"အကြီးကောင်လေ .. သူ့ကို ထိလိုက်တိုင်း ကာဆီးကာဆီး ဝင်ပြောချင်တာ .."

"သူတို့က အလယ်တန်းကျောင်းသားအရွယ်တည်းက လည်ပင်းဖက် ကြီးလာကြတာကိုး ..၊ ငါ ပြောတာကလည်း သဏ္ဍာန့် ကို ဖေဖာပေးဖို့ မဟုတ်ပါဘူး .. သူ့ကို ပြောချင်ပေမယ့် ပတ်ဝန်းကျင်က ရှိသေးတယ်၊ ခေါင်းရင်းခြံက မိသားစုက မင့်သမီးကို လိုလားနေကြတယ်၊ ခြေရင်းခြံက လူသစ်တွေနဲ့ ..၊ မင်းတို့ ပြောဆိုနေတာတွေ တစ်နေ့ မဟုတ်တစ်နေ့ ကြားသွားနိုင်တယ် .."

"ကျွန်မကတော့ အဲဒါ အဓိကလို့ မထင်ပါဘူး ..၊ အစ်ကိုကြီးတူကို ကာကွယ်ချင်လို့ ဒီလိုမျိုး .."

"မပြောတော့ဘူးကွာ .. မင်းတို့ကို စေတနာနဲ့ ရှင်းပြနေလည်း ထူးမှာမဟုတ်တဲ့ အတူတူ ကြိုက်သလိုသာ ပြောကြတော့ .."

ဦးထွန်းဝေ မျက်နှာမှာ စိတ်ပျက်လက်ပျက်ကြီး ညိုမှောင်နေကာ ထွက်သွားမလို့ ပြင်ပြီးမှ ပြန်ကြည့်၍ ...

"ရန့်ရင်းကြမ်းတမ်းမှုကို ဘယ်လိုလူမျိုးမှ မကြိုက်ဘူး၊ အဲ့ဒါကို မမေ့မှ ကိုယ့်ဘက် ကျန်မှာ .."

မပြောဘူးဆိုပေမယ့် ပြောတော့ ပြောခဲ့မိသေးသည်။ တကယ်တော့ သဏ္ဍာန် တို့ မိသားစုဟာ ထွန်းမိသားစုထဲမှာ အချမ်းသာဆုံးဖြစ်သည်။ နွယ်နီထွန်း၊ ကိုချစ်ထွန်း၊ ကိုထွန်းဝေ ..။

မောင်နှမ သုံးယောက်ထဲမှာ ဦးထွန်းဝေ က အကြီးဆုံးဖြစ်ကာ မိဘစီးပွားရေးကိုပဲ ကူညီနေတဲ့သူ ..၊

ကိုချစ်ထွန်း ကျတော့ ကျောင်းပြီးတာနဲ့ သင်္ဘောတက်ဖို့ပဲ ကြိုး





စားသလို အိမ်ကထွက်ပြီဆိုတည်းက ပြန်လာချင်မှ လာ၏။ ခုချိန်ထိလည်း အိမ်ထောင်မပြုသေးပါ။ သူ့ရဲ့အားနည်းချက်က ချစ်သူ ထားရတာကို ပျော်သည်။ လက်ထပ်ခြင်းကို မုန်း၏။

နွယ်နီ ကတော့ သဏ္ဍာန် တို့ အဖေနဲ့ပဲ ချစ်ကြိုက်ကာ ထိုသူနဲ့ပဲ လက်ထပ်ခဲ့တာ ဖြစ်၏။

သားသမီးသုံးယောက် ထွန်းကားပေမယ့် သဏ္ဍာန် တစ်ယောက်သာ အဖတ်တင်ခဲ့သည်။ နွယ်နီ က အငယ်ဆုံးဗီဗီ သွက်သွက်စွာစွာလေးဖြစ်ကာ ဒေါ်နှင်းနှင်း ကို ဦးထွန်းဝေ လက်ထပ်ကာစက နွယ်နီနဲ့ နည်းနည်းလေးမှ မတည့် ..။

ဒေါ်နှင်းနှင်း (ခေါ်) နှင်းနှင်း တို့ မိသားစုက အထည်ပေါင်းတွေ ရောင်းကြ၏။

သူတို့ဘဝထဲမှာတော့ အဆင်ပြေနေမှာပေမယ့် ဦးထွန်းဝေ တို့ မိသားစုနဲ့ ယှဉ်ရင်တော့ အဆင့်အတန်းချင်းက ဘယ်လိုမှ မယှဉ်သာပေ..။

"အထည်ပေါင်းတွေ ရောင်းတာတဲ့ ..၊ သူများ အစုတ်အနုတ်တွေ ကိုင်တွယ်နေတာ ဘယ်လောက် ရွံစရာကောင်းသလဲ .."

နွယ်နီ က အစ်ကိုနားမှာ ကပ်ပြီး မဲ့ရွဲ့ ကဲ့ရဲ့သည်။ အစ်ကိုကြီးကို ချစ်တဲ့ ညီမမို့ နှင်းနှင်း ကို ဘယ်လိုမှ လက်မခံနိုင်သည့်စိတ်က မျက်နှာကြည့်ပြီး ပြောတာလည်း ရှိ၏။

"ကိုကြီးမိန်းမက ဘယ်လောက်များ လှနေလို့လဲ ..၊ ဒီလောက်ထိ အရေးပေးနေတာ .." ဆိုတာမျိုး ..။

"အထည်ပေါင်းတွေ ရောင်းတယ်တဲ့ ..၊ ရောင်းစားစရာ ရှားလို့" စသဖြင့်သော နှိမ့်ချ ကဲ့ရဲ့ခြင်းတွေ နွယ်နီ က ပြောခဲ့၏။

ခုချိန်မှာတော့ သူမလေးလည်း ဆုံးရှာပါပြီ။ အငယ်ဆုံးသမီးက မလိမ္မာ၊ သမက်က အိမ်ထောင်ဖြုန်းလို ဖြစ်နေသဖြင့် မေမေတို့အားလုံးလည်း စီးပွားပျက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် သဏ္ဍာန် ဆိုသော ကောင်လေးအတွက် ဒေါ်နှင်းနှင်း ၏ဆက်ဆံရေးက ဒီပုံစံအတိုင်း ဖြစ်နေခဲ့တာ ဦးထွန်းဝေ အတွက် ကြားဝင်ရ တော်တော် ခက်ပါ၏။

"သူ့မျက်နှာမြင်တိုင်း ကျွန်မ သူ့အမေအသံတွေ ခုထိ ကြားနေတုန်း" လို့ ဇနီးဖြစ်သူ ပြောလာတိုင်း ဦးထွန်းဝေ မျက်နှာပူနေရသည်။

တစ်ဖက်ကလည်း အချစ်ဆုံး ညီမလေးနဲ့ သူမရဲ့ သားလေး ..၊ ဒီဘက်ကလည်း ကိုယ့်ရဲ့ဇနီးနဲ့ သားသမီးတွေ ဖြစ်နေပြန်သည်။

ပို၍ စိတ်ညစ်ဖို့ကောင်းတာက နှင်း တို့ မိသားစုဟာ အစတည်းက စရိုက်ကြမ်းကြသည်။ ထစ်ခနဲရှိ လက်ပါတတ်ကြ၏။

စကားကျယ်ကျယ်ပြောမှ လူရှိန်တာလို့ ကိုယ်တိုင်ထုတ်သည့် ဒဿနနှင့် ဘယ်စကားပြောပြော သာမန်အသံထက်တော့ ကျယ်လေသည်။

ထို့ပြင် လက်ရှိအခြေအနေမှာ သူဌေးစာရင်းဝင်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးစားလာခဲ့ကြတာမို့ 'ဘယ်ဆွေမျိုးကိုမှ ဂရုမစိုက်ဘူး' ဆိုတာ သူမရဲ့ လက်သုံးစကား ..။

ထိုအခါ သဏ္ဍာန့် ကို မြင်တိုင်း မုန်းတီးနေခြင်းအတွက် သူ့မှာ ဖြေဆေး မရှိခဲ့ပေ ..။

ဒီကောင်လေးလည်း ကံမကောင်းပါလား ..၊





## အခန်း | ၂ |

"ရော့ .. ဒါကို ယူသွား ..၊ ဆိုက်ဒ်နည်းနည်းကြီးနေလို့ ပြန်လဲပေးပါလို့ ပြောပြီး 'စောင့်ယူလာခဲ့ .."

မမပိုး အသံကို သူ ပြန်ကြားနေမိသည်။ ပြီးတော့ ကျောနိုင်းလာခဲ့သည့်နောက်ကနေ ပြောနေကြသည့်အသံတွေ ..၊

"ဘာတွေ သွားလဲခိုင်းတာလဲ ပိုး ..၊ အတွင်းခံတွေမို့လား .."

"ဟုတ်တယ် .. အဲဒီသတ္တဝါလေးကို ဒုက္ခပေးချင်လို့ ညကတည်းက ကြံစည်ထားရတာ၊ ဟွန်း .. ကြည့်လို့ကို မရဘူး .."

"သြော် .. သူ ဒုက္ခရောက်တာထက် ညည်းကို ကဲ့ရဲ့ခံရမှာပေါ့ ပိုး ရယ် .. နားမလည်လိုက်တာ .."

"ဘာဖြစ်လဲ မေမေ .. ဘယ်သူ ဘယ်လိုထင်ထင် .. သူ့ကို ကဲ့ရဲ့ခံရဖို့က အဓိက .." တဲ့ ..။

ပြီးတော့ ပါသေးသည်။

"သူ ကဲ့ရဲ့ခံရမှ မိန်းကလေးတွေရှေ့မှာ အရှက်တကွဲဖြစ်မှာ .." တဲ့..။

ခြေလှမ်းတွေက ခဲဆွဲထားသလို လေးလံနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းခံတွေချည်း ဝတ်ပြထားသည့် မင်းသမီးပုံနဲ့ အိတ်ကြီးကိုလည်း ပြန်ငုံ့မကြည့်ချင် ...။

ဒီအိတ်ကြီးကို သူ ဆွဲထားသရွေ့ တစ်လမ်းလုံးက လူတွေလည်း မြင်နေကြမှာပါ။

သဏ္ဍာန် ဆိုတဲ့ကောင် ...၊

မင်းကိုယ်မင်း ဘာကောင်ဖြစ်နေပြီလဲ သိရဲ့လား ...၊ လူ တိရစ္ဆာန်အားလုံးက သတ္တဝါတွေချည်းပဲမို့လို့ သူလည်း လူပီသခွင့် မရခဲ့သည့် သတ္တဝါတစ်မျိုးမျိုး ဖြစ်လာခဲ့တာလား ...။

ခြေလှမ်းတွေကို ဦးတည်မိတဲ့အတိုင်း လွှတ်လပ်ခွင့်ပေးလိုက်တော့ ကန်ဘောင်ပေါ်ကို တက်နေမိသည်ဖြစ်ရာ ...

"ချပ် .."

မီးရောင်တစ်ချပ် ဝင်းခနဲ လက်သွား၏။ ပြီးတော့ ...

"ဟာ!... သွားပြီ .. သွားပြီ .. သေရျာရိုက်ချလိုက်မှကို တည့်တည့်ကြီး ဝင်လာတာ၊ တမင်တကာ လုပ်ရင်တောင် ဒီလောက်မြန်မှာ မဟုတ်ဘူး .."

"ဟုတ်လား .. တောက် .."

မိန်းကလေးတွေအသံကို ကြားလိုက်ရကာ မီးရောင်ကြောင့် သူ့အကြည့်တွေလည်း ထိုဆီ ရောက်သွား၏။

"တမင်တကာ ဖြတ်ဝင်တာ .. အဲဒါ .."

"အေးလေဟာ .."

စံကားဝါရောင်နဲ့ ရှားရင့်စလွယ်ရစ်တွေပါသည့် ခါးရှည်ကိုယ်ကျပ်နှင့် ခါးပတ် အဝါကျားလေးကို ချက်လျှောလေး ပတ်ထားသည်။ ခါးပတ်ထိပ်ဖျားလေးတွေက ပေါင်ရင်းယောက်ထဲ ဝှေ့ဝဲနေ၏။

ဆံပင်က နားရွက်ကုတ် အဖြောင့်လေးတွေ အိန္ဒြနေ၏။ ပြီးတော့ နားကွင်းပိုင်းလေး တလှုပ်လှုပ်နှင့် သူ့မက အချောဆုံးမို့ သဏ္ဍာန် ငေး





ခနဲ ဖြစ်သွား၏။

"အံမာ .. ဘာကြည့်တာလဲ လူကို .."

"ဘာမှ မကြည့်ပါဘူး .."

သူ ပြန်ပြောလိုက်မိပြီးမှ သူ့မဘက်က ဒေါသတွေ ပိုတိုးလာနိုင်ဖွယ် ရှိတာကို တွေးမိသည်။

ထို့ကြောင့် ချက်ချင်း မျက်နှာလွှဲ၍ ခြေလှမ်းတွေကို ပိုကျဲလိုက်သည်။

"ဟွန်း .. ရုပ်ကိုက ဖြူခြောက်ခြောက် .. ပိန်ညှော်ညှော်နဲ့၊ ဒန့်သလွန်သီး ကျနေတာပဲ .."

"သြော် .. အသားတော့ ဖြူတာပဲဟာ .. ပဲလင်းမြွေသီး လုပ်ပါ..၊ အရပ်လေးလည်း ရှည်သား .."

"ကဲ .. မယ်ပန်းချီ ပြန်ရိုက်မယ် လုပ် ...၊ အပြင်မှာ အောက်ဒိုးထွက်ရိုက်ရတာ အဲဒါတွေ စိတ်ညစ်တာပဲ ...၊ လူတွေက ငါတို့လည်း သွားခွင့်ရှိတယ်ဆိုပြီး ဂရုကို မစိုက်ဘူး .. သိပ်ရိုင်းတာ .."

"တွေ့လား .. ပြန်ရိုက်မယ်ဆိုပြီး သူ့ကျတော့ မျက်စောင်းထိုးလို့ကို မပြီးတော့ဘူး၊ ဟိုကဖြင့် ကွယ်သွားပြီ .."

ကင်မရာ တကိုင်ကိုင်နှင့် ပန်းချီ က ပြန်ပြီး စိတ်မရှည် ...။

"ပုံတွေကတော့ အရမ်းမိုက်တယ်နော် ...၊ မဂ္ဂဇင်းအဖုံးမှာ ပါလာရင်သာ နှင့်ဘိုးတော်ကြီး မတွေ့ပါစေနဲ့လို့ ဆုတောင်း .."

"ဟုတ်တယ် .. ငါလည်း အဲဒါကို စိတ်ညစ်တာပဲ၊ ကိုယ့်ဘာသာ ခွဲထွက်နေတာတောင်မှ .."

"သြော်ဟယ် .. ခွဲထွက်နေတော့လည်း လူချင်းပဲ ကွဲမှာပေါ့၊ တစ်နိုင်ငံလုံး ဖြန့်မယ့် စာအုပ်ကတော့ မျက်စိရှေ့ ရောက်သွားနိုင်တာပဲလေ.."

"ဖေဖေကတော့ အဲဒီလိုမျိုး တွေ့တဲ့စာအုပ် ကောက်မကိုင်တတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အယ် .. ဒါနဲ့ ပြစမ်းပါ ..၊ ခုနက ပျက်သွားတဲ့ပုံ .."

"ဟုတ်သားပဲ ပြန်ကြည့်ရဦးမယ် .."

နှစ်ယောက်သား ခေါင်းချင်းဆိုင်သွားကြသည်။

"ဟယ် .. ကြည့်ပါဦး .. တောက်!..."

"အံမယ် .. တော်တော် အသက်ဝင်ပါလား .."

"ပန်းချီ နော် .."

"တကယ်ပြောတာ .. ကြည့် .. သေချာကြည့် .."

"မကြည့်ဘူး .."

ပန်းချီ က ကင်မရာမန်းပီပီ သဘောတွေကျနေကာ ပုံကို အမျိုးမျိုး ချုံ့ချဲ့ကြည့်နေ၏။

"တကယ်လှတာ အတွက် ရဲ့ .. နှင့်မျက်နှာ မော့ပြီး မျက်တောင်များလေးတွေ စင်းနေတာနဲ့ နှင့်ရဲ့မေးဖျားနားမှာ သူ့နှာခေါင်းချွန်ချွန်က မထိတထိ ကွက်တိ .."

"ပန်းချီ နော် .. ငါ စိတ်တိုလာပြီ ..၊ ဖျက် .. အခု ဖျက်ပစ်ပေး.."

"ဖျက်မှာပါ ..၊ ငါ အံ့သြလွန်းလို့ ကြည့်နေတာ ..၊ အပြင်မှာ ဒီလောက်မဟုတ်ဘဲနဲ့ ဒီထဲမှာ ကြည့်ကောင်းတယ်ဟ ..၊ နဖူးကျယ်ပုံနဲ့ ဘေးခွဲခွဲတဲ့ဘက်က ယူထားတော့ ခန့်ခန့်ချောချော .."

"ပေး .. ဒီပုံစံဆို အိမ်မှာတောင် ထိုင်ငေးနေဦးမှာ ငါ သိတယ်၊ ငါ့ဟာငါပဲ ဖျက်မယ် .."

"နေပါ .. နေပါ .. ငါ ဖျက်မှာပါ .."

ပန်းချီ က ကင်မရာကို အတွက် လုမယူနိုင်အောင် ရှောင်နေရင်း ရယ်လည်း ရယ်၏။

အတွက် ဆိုတဲ့ သူငယ်ချင်းလေးက စိတ်ရင်းကောင်းလေး ရှိပေမယ့် မဟုတ်မခံ ဇတ်ဇတ်ကြဲတဲ့နေရာမှာလည်း ရန်တွေ့ပြီဆို ကလေးလေးနဲ့ တူလေသည်။





ထင်ရာစိုင်းချင်သည့်ဉာဉ်လေးနှင့် အဖေတစ်ယောက်လုံး ရှိနေသေးတာတောင် သူမက အတူတူမနေဘဲ ရန်ကုန်မှာ အဒေါ်နဲ့ လာနေခဲ့၏။

"ဖေဖေက ငါ့ကို မချစ်ပါဘူး .. ငါကလည်း ဖေဖေနဲ့ အတူမနေချင်ဘူး၊ ဖိအားတစ်ခုခုရဲ့ လွှမ်းမိုးမှုကို မကြိုက်ဆုံးပဲ၊ ဖေဖေ ဘာဆူဦးမလဲ .. ဘာပြောဦးမလဲဆိုပြီး မျက်နှာရိပ် မျက်နှာကဲ ခတ်နေရတာ အချိန်ပြည့် .."

အတွက် ပြောလေသမျှထဲမှာ ဖေဖေနဲ့ ငါက အဖေတစ်ခု သမီးတစ်ခုမို့ အရမ်းချစ်တာ ..၊ အရမ်းလွမ်းတာ ဆိုတာမျိုး ဘယ်တော့မှ မပါပေ ..။

"ဒါတောင် နင့်အဖေက တခြားအဖေတွေလို နောက်အိမ်ထောင်တွေဘာတွေ ပြုခဲ့တာ မဟုတ်ဘူး၊ နင် ဘာဖြစ်လို့ မတွယ်တာရတာလဲ .."

တစ်ခါက ပန်းချီ မေးကြည့်ဖူးသည်။

သူမကတော့ ဒီလိုအဖေမျိုးကို ရထားပါလားဆိုသည့် ဂုဏ်ယူမှုမျိုး ခံစားမိပုံ မရပါ ..။

"အဲဒါမျိုး လုပ်လိုက်တဲ့အဖေဆိုရင်တောင် သားသမီးကို ချော့မော့ အလိုလိုက်နေဦးမှာ ..၊ နင် ငါ့ဖေဖေ့အကြောင်း မသိပါဘူး ပန်းချီရယ် ..၊ 'ငါလို အဖေမျိုးကို မစော်ကားနဲ့ ..' ဆိုတဲ့ မာနတွေ ဖေဖေ့ မျက်လုံးထဲမှာ လက်လက်ကို ထလို့ "တဲ့ ..။

"အံမယ် .. ဘာတွေ ပြုံးတော်မူနေတာလဲ .."

သူမအကြောင်းလေး တွေးပြီး ပြုံးလိုက်မိစဉ် အတွက် က သူ့ကိုဖမ်းသလို ကြည့်ကာ ...

"ပန်းချီ နော် .. အဲဒီ ဖြူခြောက်ခြောက်နဲ့ပုံ နင့်ကင်မရာထဲမှာ ဆက်ထားကြည့် .."



www.burmeseclassic.com

www.burmeseclassic.com



ပြုံးတာကို သူမက အမိဖွာယ် တလွဲကောက်သွားသည်။ ပန်းချီက ကိုယ့်အတွေးနဲ့ကိုယ် ပြုံးပဲ ပြုံးနေကာ ...

"ဒီလောက်တောင် ဒေါသကြီးတတ်တဲ့ ငါ့သူငယ်ချင်းလေး ...၊ အရမ်းသည်းခံပြီး စာကျောက်ရုပ်လို ပြုံသမျှ နှုနိုင်မယ့် အိမ်ထောင်ဖက်မျိုးနဲ့ ရမှပဲ .."

"အံမာ .. ဘာပြောတယ် .. ပြန်ပြောလိုက်စမ်းပါ၊ ဟွန်း .. ယောက်ျားဖြစ်ပြီး လူတကာ ဘယ်လိုဆွဲဆွဲ ဘယ်လိုဖြဲဖြဲ မတုံ့ပြန်နိုင်တဲ့ စာကျောက်ရုပ်လိုလူ ဟုတ်လား ...၊ အဲ့ဒါမျိုး နင်ပဲ ယူ .."

မြက်ခင်းပေါ်မှာ အပုံလိုက်ချထားသည့် ကျောပိုးအိတ်လေးနဲ့ ဦးထုပ်ကို ကောက်ယူလိုက်သည်။

"နေပါဦး .. အမှိုက်ကပ်နေတယ် .."

ပန်းချီ က ကျောပိုးအိတ်လေးမှာ ကပ်တွယ်နေသည့် အမှိုက်စကို ခါချပေးရင်း အတွက် ရဲ့ ပခုံးလေးပေါ်မှာ ချိတ်လိုက်တဲ့အထိ ကူညီကိုင်ပေးလျက် ...

"အေးပေါ့ .. နင်က ပိုင်ရှင်တွေ့နေပြီဆိုတော့လည်း .."

"လာပြန်ပြီနော် .. ပန်းချီ .."

"ဘာလဲ မဟုတ်လို့လား ...၊ ဖြူဖြူခြောက်ခြောက်ကို မုန်းပေမယ့် ဖြူဖြူချောချောလေးကိုတော့ သဘောကျတယ်မို့လား .."

အတူတူ ယှဉ်တွဲလျှောက်ရင်း အတွက် မျက်နှာလေးက ပြုံးယောင်သမ်းလာသည်။

"သဘောကျတာ မဟုတ်ဘူး ပန်းချီ ...၊ သူ့ကို ငါတို့နဲ့ ခြံချင်းကပ်လျက်မှန်း သိလိုက်ရလို့ တွေးမိပြီး ရယ်ချင်တာ .."

"သူကတော့ နင့်ကို သိနေလို့ ချဉ်းကပ်တာ နေမှာပါ၊ သူ့မှာ အတွဲကြီးနဲ့ .."

"ဘာကြောင့်ဖြစ်ဖြစ်လေ .. ဘေးက မိန်းကလေးကို ကျော်ပြီး





ငါ့ကို ငေးနေတာ ဘယ်လောက် ရယ်ဖို့ကောင်းလဲ ...၊ ပြီးတော့ သူ့ဘေးက တစ်ယောက်ဆိုရင် မျက်နှာတစ်ပြင်လုံး ဒေါသတွေနဲ့ နီရဲနေတာပဲ.. အဟား .."

"အတွက် ရယ် .. နင် ဒီလောက်လှနေတာကို အတွဲရှိတဲ့လူရော.. မရှိသေးတဲ့လူရော နင့်ကိုမြင်ရင် ငေးကြတာ ဆန်းလို့လား ...၊ နင်ကိုယ်တိုင်က အဲ့တစ်ယောက်ကို ချောသားပဲဆိုပြီး လှည့်ရှုးလိုက်တာ .."

"မဟုတ်ပါဘူးဟာ .. သူ ငေးသွားတဲ့ပုံက ရယ်စရာကြီးမို့လို့ပါ၊ ပြောတာ မယုံလည်း နေပေါ့၊ ဒီလို ချောတာလောက်နဲ့များ ငါ ရင်ခုန်ရင် ကျောင်းမပြီးခင်တည်းက ခုခေတ် ကားတွေ ထည်လဲစီးကြသလို ဟောတစ်ယောက် ဟောတစ်ယောက် အေးဆေး .."

"ဟောတစ်ယောက် ဟောတစ်ယောက်ဆိုတဲ့လူတွေ တကယ်ချစ်တာ တွေ့ပြီဆိုရင် ပိုတောင် ရူးကြသေးတယ်၊ ရင်ခုန်တာလေးနဲ့လည်း တွေ့ရော ရည်းစားထားခဲ့တာလည်း သက်တမ်းရှေ ဖြစ်နေပြီ၊ နာမည်ပျက်ကလည်း ရှိ ...၊ ဘယ်သူကမှလည်း အယုံအကြည်မရှိတော့ဘူး.."

"ရှိရှိမရှိရှိ ဂရုမစိုက်ပါဘူး၊ ကိုယ်ထင်ရာ ကိုယ်လုပ် ...၊ ကိုယ့်အတွေး ကိုယ့်အရေးပဲ .."

"အံမယ် .. ရှင့်ကို ဘယ်သူက ပြောနေလို့လဲ ...၊ မလုံတဲ့အိုးက ပွင့်နေပြန်ပြီ .."

အတွက် ကိုယ့်စကားနဲ့ကိုယ် ပြန်ပိတ်မိကာ ရက်ရက်နဲ့ ရယ်သည်။ ပြီးတော့ ပန်းချီ့ ကျောကုန်းကို ထုဖို့ ပြေးလိုက်၏။

လက်ပြင်ကတည်းက သိပြီးသားမို့ ပန်းချီ တို့က လျှင်သည်။ ထိုစဉ် ဖုန်းမြည်သံလေး ပေါ်လာသဖြင့် ...

"ဖုန်း .. ဖုန်း လာနေတယ် .. ကိုင်လိုက်ဦး .."

နောက်လှည့်ပြောရင်း ပြေးလည်း ပြေး၏။ အတွက် နေရာမှာပဲ ရပ်နေလိုက်ရကာ ...



www.burmeseclassic.com

www.burmeseclassic.com

"တွေ့မယ် .. နင် ..၊ နေဦး .. ဖုန်းပြောလိုက်ဦးမယ် .."

ကျောပိုးအိတ်လေးကို ရှေ့ဆွဲချကာ ဖုန်းထုတ်လိုက်ပြီး ကန်ဘက်ကို အလှည့် ...

"အမေ့!..."

"ဟာ!..."

နောက်ကိုရောက်လာသည့် တစ်ယောက်နှင့် ဖုန်းကိုင်သည့်လက်က တိုက်မိသွား၏။

နောက်ကနေ တံတောင်ကို ပင့်ရိုက်လိုက်သလို ဖြစ်ကာ ဖုန်းက မြောက်ခနဲ တက်သွား၏။

ပြီးတော့ ကန်စပ်ကို စွပ်ခနဲ ကျ၍ မြုပ်ဆင်းသွားလေသည်။

"သွားပြီ .. ငါ့ဖုန်း သွားပြီ .."

"ရေထဲကျသွားပြီ ဟုတ်လား .."

သူငယ်ချင်းနှစ်ယောက် ရေပြင်ထဲကို ငုံ့ကြည့်မိကြကာ ပြန်မော့လိုက်တော့ ချောက်ချားနေသည့် မျက်နှာသည် ..၊

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ .. တကယ် တောင်းပန်ပါတယ် .."

ဖြူခြောက်ရပ်နဲ့ လူ ..၊

အတွက် မျက်နှာလေး တင်းခနဲ ဖြစ်သွား၏။

"တကယ် တောင်းပန်ပါတယ် .. ဟုတ်လား .."

"အတွက် မလုပ်နဲ့ .."

လက်က အားရှိပါးရှိ မြောက်တက်သွားသည်။ ပန်းချီ က အသည်းအသန် လိုက်ဆွဲ၏။ အရှိန်နဲ့မို့ လက်ကို ဖမ်းမိပေမယ့် လက်နဲ့ ပါသွားသည့် ပန်းချီ့ ကိုယ်လေးတောင့် ယိမ်းယိုင်သွား၏။

"ဘာလုပ်တာလဲ ဖယ်စမ်းပါ .."

"မလုပ်ပါနဲ့ အတွက် ရယ် .. နင်လည်း မမြင်သလို .. သူလည်း





သူ့လမ်းအတိုင်း လာတာပဲ .."

"ဘာ သူ့လမ်းအတိုင်းလဲ ..၊ ငါက ကျောခိုင်းထားတဲ့လူ ..၊ သူ မြင်သားနဲ့ တမင် ဝင်တိုက်တာ .."

"နင် နောက်ပြန်လှည့်လိုက်မယ်လို့ မထင်လို့ ဖြစ်မှာပေါ့၊ လူတွေ ကြည့်ကုန်ပြီ .. နင်ကလည်း .."

ကန်ဘောင်ပေါ်မှာ လူသိပ်မများပေမယ့် အတွဲတွေတော့ မနည်းလှပါ။ အားလုံး၏အကြည့်တွေက သူတို့ဆီ ရောက်နေကြသဖြင့် အတွက် အံလေးကြိတ်ရင်း လက်ကို ဆောင့်ခနဲ ခါပစ်၏။

ပန်းချီ သက်ပြင်းလုံးကြီး ချမိလေသည်။ သူ့ကိုကြည့်လိုက်တော့ ဒီမှာ မိန်းကလေးနှစ်ယောက် ရန်းရင်းဆန်ခတ် ငြင်းခုံ အနိုင်လုနေကြတာ သူနဲ့ ဘာမှမဆိုင်တဲ့အတိုင်း ...။

အတွက် က နွမ်းဖက်ဖက် ရှပ်အင်္ကျီလက်ရှည်အကွက်နှင့် ပုဆိုး မတိုမရှည် ဝတ်ထားသည့်ပုံစံကို အထင်မြင်သေးဖွယ် ကြည့်ကာ ...

"သွား .. ငါ့ဖုန်း ပြန်ရှာပေး .."

"ဟင်!..."

"ရှာပေးပါ့မယ် .."

လက်ထဲမှာ ကတ္တူအိတ်လေးတစ်လုံးပဲ ဆွဲထားကာ သူက အိတ်ကို ချက်ချင်းချသည်။

ကြားထဲက ပန်းချီ မျက်လုံးပြူးရကာ ...

"နေဦးလေ .. ရေ ဘယ်လောက်နက်လဲ မသိဘဲနဲ့ ရှင်က ရေကူးတတ်လို့လား .."

"ကူးတတ်ပါတယ် .."

သူက တစ်ဖက်လှည့်၍ ပုဆိုးတိုတို ပြင်ဝတ်သည်။ အတွက် က ခါးလေးတစ်ဖက်ထောက်၍ မျက်နှာလွှဲရင်း စိတ်တွေ တိုနေ၏။ သူမ မှာ မြင်နေရတာကိုပဲ နေမထိထိုင်မသာ ဖြစ်ရရင်း ...


www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်ပါဦး အတွက် ရယ် .. ရေထဲနစ်သွားမှဖြင့် နင့်ဟန်းဆက်က ပြန်သုံးလို့လည်း ရတော့မှာ မဟုတ်ပါဘူး၊ ဖုန်းတစ်လုံးကလည်း ဖိနပ်တစ်ရံဖိုးတောင် မရှိတော့တဲ့ဟာ .."

"မလိုချင်ဘူး .. သွားကြားထိုးတံဖိုးပဲရှိရှိ ငါ လုံးဝ မကျေနပ်ဘူး၊ သူ့ကြောင့်ချည်းပဲ ငါဒုက္ခများတာ နှစ်ခါရှိပြီ၊ ဒါ တမင်တကာလို့ပဲ ငါ ခံစားမိနေတယ် .."

မဖြစ်နိုင်ပါဘူးဆိုတာ စိတ်ထဲမှာပဲ ပြောမိတော့သည်။ အတွက်က ပြောစရာရှိပြီဆို တိုးတိုးတိတ်တိတ်ပြောတာ မဟုတ် ..။

ပြောပြနေတာထက် မပြောဘဲ နေတာက ပိုကောင်းသည်မို့ ..၊

"ရပြီ .."

ကန်စပ်လေးမှာပေမယ့် ဖုန်းကိုလည်း သိပ်မရှာလိုက်ရသော်ငြား သူ့တစ်ကိုယ်လုံးတော့ ရေတွေ စိုရွဲကုန်လေသည်။

ရေက ခါးထိနက်သည်။ ဖုန်းကို ငုံ့ကောက်ရသဖြင့် အင်္ကျီရှေ့တစ်ခြမ်းလုံး ရေထဲ နစ်သွားခဲ့၏။ ကန်ထဲက တက်လာသည့် သူ့ကို လူတချို့က သိလို့ ငေးနေကြတာဖြစ်ကာ တချို့က မသိလိုက်သဖြင့် ပြုံးပြီ ငေးသွားကြသည်။

အတွက် က သူ ကမ်းပေးသည့်ဖုန်းကို ဆောင့်ခနဲ ဆွဲယူကာ ဒီတိုင်း မြက်ခင်းပေါ်ကို ကိုင်ပေါက်ပစ်လိုက်သည်။ ထိုအခါ ဖုန်းက အရှိန်နှင့် ပစ်ကျသွားခဲ့ပြီး ကန်ထဲကိုပဲ ဒုတိယအကြိမ် သက်ဆင်းလေသည်။

"မှတ်ထား ..၊ အဲဒါကို ဂရုစိုက်လို့ မဟုတ်ဘူး၊ ရှင့်ကို မုန်းလို့.."

တင်းတင်းမာမာ ပြောပြီး လူကိုကြည့်၍ မဲ့လိုက်သေးသည်။

"လူပုံက ရိုးပုံရိုးပန်းနဲ့ ဇာတ်လမ်းထွင်ချင်သေးတယ်၊ ရှင့်ပုံစံမျိုးနဲ့တောမှာ သွားပြော .."

သူ တစ်လုံးမှ မပြောလိုက်ရပေ ..။





ပြောစရာစကားလည်း သူ့မှာ မရှိ ..၊

ဒေါသထွက်နေသည့် သူမရဲ့ နှုတ်ခမ်းပါးရဲရဲလေးတွေ ..၊ ပန်းနုရောင်နှင်းဆီပွင့်ဖတ်နှင့်တူသော ပါးမို့မို့ပြေပြေလေးမှာ စကားပြောနေသမျှ မထိတထိ လှုပ်ခါ ရိုက်ပုတ်နေသည့် နားဆွဲဝိုင်းလေးရဲ့ ကျီစယ်ခြင်း ..။

အားလုံးက သူ့မျက်ဝန်း ..၊ သူ့ရဲ့ ခံစားတတ်သောအာရုံတို့ကို သိမ်းချုပ် ညှို့ယူနေသည်နှယ် ..၊

မျက်စိတစ်ဆုံး ငေးရင်း ကျန်ရစ်ကာ ဖျောက်မရနိုင်တော့သည့် မျက်နှာလေးဟာ ..၊

သူ့အတွက်တော့ ငွေလမင်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၃ |

"ဟုတ်ကဲ့ပါရှင် .. ခဏလေး ကိုင်ထားပေးပါနော် .."

ဖုန်းကို ဦးထွန်းဝေ လက်ထဲ ထည့်ပေးလိုက်ရပေမယ့် ကိုယ်တိုင် နားထောင်ချင်နေသည့်စိတ်နှင့် အနားက မခွာဘဲ နေမိသည်။ အပေါ် ထပ် ပြေးတက်ပြီး နောက်ဖုန်းတစ်လုံးနဲ့ ခိုးနားထောင်ပြန်ရင်လည်း ခုကျမှ ပြေးတက်လို့ မကောင်း ...။

"ဟုတ်ပါပြီ ခင်ဗျာ .. အကြောင်းကြားပေးပါ့မယ် ..၊ ဟုတ်ပါပြီ"

"... ... ... ..."

"ဟုတ်တယ် ခင်ဗျ .. ဒါပေမယ့် သိပ်ပြဿနာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ မောင်နှမချင်းက ဒီလိုပါပဲ .."

"... ... ... ..."

"စိတ်ချပါ .. စိတ်ချပါ .."

ဖုန်းချလိုက်တဲ့အထိ စောင့်နေရတာ ကမ္ဘာတည်သလောက် ကြာနေသလိုပင် ...။

"ဘာတဲ့လဲ .. ဟိုတစ်ခါလူတွေပဲ မို့လား .."

"အင်း .."

ဦးထွန်းဝေ ရဲ့ အင်းသံကြီးက မသက်မသာရှိနေလျက် ...





"သူတို့က နွယ်နီ တို့ မိသားစုတွေ ဘာဖြစ်ကုန်ကြသလဲ သိပုံ မပေါ်ဘူး၊ အာကာစိုး ရဲ့ သူငယ်ချင်းတွေဆိုတော့ .."

"အသောက်အစား .. လောင်းကစားသမားတွေပဲ နေမှာပေါ့ .."

ဒေါ်နှင်းနှင်း က တိခနဲ ဖြတ်ချပြောသည်။ ပြီးတော့ ချထားလိုက်သည့်ဖုန်းကို လူတစ်ယောက်ကို ကြည့်သလို မျက်စောင်းရွယ်လိုက်ရင်း...

"မိုးကုတ်က သူဌေးသားလိုလို .. မိုးကောင်း မိုးညှင်းက စိန်သူဌေး လိုလို .. တစ်မိုးတည်း မိုးပြီး အိမ်ပေါ်တင် ရွှေလိုဥထားကြတာ ..၊ အဲဒီသူဌေးသား နှိပ်စက်တာနဲ့ပဲ သားအမိတွေ ကုန်းကောက်စရာ တောင် မကျန်တော့ဘူး .."

"ဒါတွေချည်း ပြန်ပြောနေလည်း မင်းပါးစပ်မှာ ရွှေထွက်လာမှာ မဟုတ်ဘူး ..၊ တော်ပါတော့ကွာ .."

ဦးထွန်းဝေ ဒါတွေကြားရတိုင်း စိတ်မချမ်းသာပါ။ သမီးယောက်မ ချင်း မသင့်မြတ်လို့ ရှုံးမဲ့ပြောတာက တစ်ဖက်မှာ လူငယ်တွေချည်း မဟုတ်ပေ ..။

ကိုယ့်မိသားစု တစ်ခုလုံးကို ပါးစပ်ထဲ ထည့်ဝါးနေသလို ဒေါ်နှင်း နှင်း က အကြောင်းတိုက်ဆိုင်လာတိုင်း ပြောနေသဖြင့် ဒီနားကြီးက အဝင်ခံပေမယ့် ရင်ထဲမှာ မကောင်း ..။

နှင်း ဘက်က ကြည့်တော့လည်း သူ့ခမျာ ဖိနှိပ် အနိုမ်ခံလာခဲ့ရ တာ နာကျင်ရှာမှာပေါ့လို့ တွေးမိသေးသည်။ ဒါပေမယ့် တော်ရုံဆို ပို မကောင်းဘူးလား ..။

ဒေါ်နှင်းနှင်း ကလည်း ဦးထွန်းဝေ ဒီလိုမျက်နှာကြီး ဖြစ်လာပြီဆို ဒီစကား ဒီမှာတင် ရပ်သွားတတ်ကာ ...

"အခု ဘာတွေ ပြောသွားလို့လဲ .. အစ်ကိုကြီးကို .."

"ဖုန်းပြောတာကတော့ မိန်းမသံလည်း ပါတယ်ကွ ..၊ ငါ့ပြော ရင်း တစ်ဖက်ကို လှည့်ပြောနေတာမျိုး ..၊ သူငယ်ချင်းနဲ့ ပြောတာလား..



www.burmeseclassic.com

www.burmeseclassic.com



တစိမ်းနဲ့ ပြောတာလား ..''

''လင်မယား တိုင်ပင်တာ နေမှာပေါ့၊ ဘာအကြောင်း ပြောသွားလို့လဲ ..''

ဦးထွန်းဝေ က တွေးတွေးဆဆရှိနေပြီးမှ ဒေါ်နှင်းနှင်း ကို တိုင်ပင်သလို ကြည့်လာကာ ...

''သူတို့ မရှိကြတော့ဘူးလို့ ပြောပြီးသားလေ ..၊ အခု ကလေး ဘယ်နှစ်ယောက် ကျန်ခဲ့သလဲ ..၊ ကလေးတွေက အဘိုးအဘွားတွေဆီမှာလား .. စုံနေတာပဲ ..''

''ရှင် ဘာမှ ပြန်မပြောလိုက်ဘူးမို့လား ..''

''မင်းလည်း ကြားတာပဲလေ ..၊ ငါ ပြောလိုက်ရင် အမှားပါသွားမှာ စိုးတာ ..၊ အာကာစိုး သူငယ်ချင်းတွေဆိုရင်လည်း ခုချိန်မှာ ဆိုးပေနေကြမယ်လို့ ပြောနိုင်မလား ..၊ နောက်ပြီး သူတို့ ဟုတ်ချင်မှလည်း ဟုတ်မယ်၊ နွယ်နီ့ ကလေးတွေကို မေးတာက ..''

''မွေးစားချင်လို့လားမှ မသိတာ ..၊ အိမ်မှာ ဟိုတစ်ကောင်ပဲ ကျန်တော့တာ ရှင် ပြောပြလိုက်လေ ..''

''မင်း .. ဘယ်လိုပြောလိုက်တာလဲ နှင်း ..''

ဒေါ်နှင်းနှင်း နည်းနည်းတော့ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ဒါပေမယ့် အားတင်းလိုက်သည့်မျက်နှာနှင့် စကားကို လိုရင်းရောက်အောင် ပို့လိုက်သေးသည်။

''ဒီမှာလည်း ကလေးတွေနဲ့ တည့်တာမှ မဟုတ်တာ ..၊ ရှင် စိတ်ညစ်နေရတာ သိလို့ ပြောတာပါ၊ မွေးစားမယ်ဆိုရင် သူ့ဘဝလည်း ကောင်းစားသွားမှာ ..''

''ခုနက မင်းပြောတော့ လောင်းကစားသမား .. အသောက်အစားသမားတွေဆို ..''

''ရှင်ပဲ ဒီအချိန်မှာ ဒီလို ဟုတ်ချင်မှဟုတ်မှာလို့ ပြောပြီးတော့..''





လင်မယားချင်း ထသတ်ရတော့မယ့်အခြေအနေ ဖြစ်လာသဖြင့် အသက်ကြီးသည့် ဦးထွန်းဝေ ကပဲ ကိုယ့်စိတ်ကို လျှော့ထားလိုက်ရကာ ...

''ငါက အဲဒီလိုထင်လို့ ပြောနေတာ မဟုတ်ဘူး ..''

''ဘယ်လိုထင်လို့လဲ ..''

''မွေးစားချင်တယ်ဆိုရင် သူ့အဘိုးအဘွားတွေ၊ ဦးလေး ဘကြီးတွေဆီမှာ မေးမြန်းနေပါ့မလား ..''

ဟုတ်သားပဲဆိုသည့် မျက်နှာနှင့် ဒေါ်နှင်းနှင်း ခေါင်းညိတ်၏။

''သားတွေကို အဓိက မေးတာ ..၊ ကျန်ခဲ့တဲ့ ယောကျ်ားလေးက အသက်အရွယ် ဘယ်လောက်ရှိလဲ .. ဘယ်သူနဲ့ နေတာလဲတဲ့ ..''

''နေပါဦး အစ်ကိုကြီးရယ် .. ဒါတွေကို ပုလိပ်စစ်သလို စစ်နေရအောင် သူတို့က ဘာတွေလဲ ..၊ ဘာလုပ်ဖို့လဲ ..''

''ပုလိပ်စစ်သလို စစ်တာ မဟုတ်လို့ ငါ ပြန်ဖြေနေတာပေါ့ကွ..၊ သူတို့က အရမ်းသိချင်လို့ ရှင်းပြစေချင်တာမျိုး မေးတာပါ၊ ငါ ထင်တာတော့ ကလေးချင်း လက်ထပ်ပေးချင်တာ ဖြစ်ရမယ် ..''

''အံမယ် .. သူတို့က ..''

''အဲဒါကြောင့် ပြောတာပေါ့ .. သူတို့ စုံစမ်းတဲ့ပုံစံအတိုင်းဆိုရင် ခေတ့်လူတွေတော့ မဟုတ်ဘူး၊ ဒါ့ကြောင့် ငါ့အဖြေ မှားသွားခဲ့ရင် သဏ္ဍာန့် ကို ထိခိုက်မှာ စိုးတာ ..''

''အမလေး .. ထိခိုက်အောင်ကို ပြောရမှာ ..၊ ဘာဖြစ်မလဲ .. ဒီကောင်က ထိခိုက်ပြီးသားပဲ၊ တစ်ဘဝလုံး အနာအဆာတွေနဲ့ ..''

ဒေါ်နှင်းနှင်း စိတ်ထဲမှာပြောနေမိကာ မလိုလားခြင်းတွေနှင့် ရင်ထဲမှာ ရှိုးတိုးရှုတ ဖြစ်လာခဲ့၏။

''ပြောပါဦး.. အစ်ကိုကြီးက ဘာထင်ပြီး ဘာကို စိုးရိမ်နေတာလဲ..''

''တကယ်လို့သာ သဏ္ဍာန့် ဘဝလေး ကောင်းစားတော့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့က ဒီတိုင်း ထည့်လွှတ်လိုက်လို့ မဖြစ်ဘူးလေ ..၊ ငါ့တူမှာ အခြေအနေတစ်ခုတော့ ရှိနေတဲ့အကြောင်း .."

"ဘာမှမရှိတာကို ဘာပြစရာ လိုလို့လဲ အစ်ကိုကြီးရယ်.. သဏ္ဌာန်က မိန်းကလေးတစ်ယောက်လည်း မဟုတ်ဘူး၊ အစ်ကိုကြီးတူက ယောကျ်ားလေးလေ .. မဟုတ်ဘူးလား ..၊ အားကိုးရာဖို့ရော လိုသလား၊ သူ့ဘဝ မြင့်မားဖို့အတွက်ဆိုတာရော .. ယောကျ်ားတစ်ယောက်အတွက် အရိပ်ခိုနေဖို့မှ မလိုတာ .."

ဒေါ်နှင်းနှင်း က စကားပြော လည်သလောက် ဦးထွန်းဝေ ဘာမှ ထပ်မပြောသာအောင် အဝိတ်အ-ဖွင့်တွေနဲ့ တစ်ခါတည်း အပြီးသတ် ပစ်လိုက်သည်။

"သူ့ဘဝကောင်းစားဖို့ အစ်ကိုကြီးက ဘာလဲ ..၊ ဒီအိမ်က အမွေ စား အမွေခံသားပါလို့များ ပြောချင်သေးလို့လား .."

"ဒီလိုလည်း မဟုတ် .."

"ဒီလိုမဟုတ်ရင် သူ့မိဘ ပိုင်ဆိုင်သေးတဲ့မြေပြည်း ဘာရှိပါသေး တယ်၊ ညာရှိပါသေးတယ်နဲ့ မရှိတာကို အရှိလုပ်ပြီး လက်ညှိုးထိုး ပြချင် တာပေါ့ .."

"ငါ စကားဆုံးအောင် ပြောပါရစေဦးကွာ ..၊ မင့်ဟာက .."

"မင့်ဟာကို ပြောရရင်တော့ မင့်သားသမီးတွေအတွက်ပဲ အစ်ကို ကြီး၊ အစ်ကိုကြီးတူ မှီခိုစရာ မိန်းမကောင်းကောင်းရဖို့အတွက်နဲ့ ကျွန်မ ပိုင်တဲ့ထဲက ဘယ်လိုပစ္စည်းနဲ့မှ ဗန်းပြရုံလည်း ပြမပေးနိုင်ဘူး၊ နည်း နည်းပါးပါးတော့ လုပ်လိုက်ပါဆိုလည်း မရဘူး၊ ကျွန်မဟာတွေအားလုံး ကျွန်မသားသမီးတွေအတွက်ပဲ .."

"ဟ!... မင်းကို ငါ ပြောတာ အဲဒီလောက်လည်း မဟုတ်သေးပါ ဘူး နှင်း ရာ ..၊ ဇနီးမယားမို့လို့ တိုင်ပင်တာလည်း တိုင်ပင်မခံပါလား.."

"ဒါက အလုပ်အကိုင် စီးပွားရေးအကြောင်းမှ မဟုတ်ဘဲ .."





"ဘာအကြောင်းဖြစ်ဖြစ်လေ ..၊ မင့်ဘက်က ဆွေမျိုး .. ငါ့ဘက်က ဆွေမျိုး .. နီးနီးဝေးဝေး အကျိုးအကြောင်းရှိလာရင် သူ့အပူ ကိုယ့်အပူ ခွဲခြားကြည့်လို့ ရမလား .."

"လောလောဆယ် အိမ်ပေါ်မှာ သောင်တင်နေတာက အစ်ကိုကြီး ရဲ့တူအရင်းကြီးပဲ ရှိတယ် ..၊ ကျွန်မ ဆွေမျိုးတွေက အားလုံး တောင် တောင်သာသာတွေရယ် .."

မတောင်မသာခဲ့ကြတုန်းက တစ်အိမ်သားလုံး .. တစ်ဆွေမျိုးလုံး တက်လိုက်ဆင်းလိုက် နေထိုင် စားသောက်သွားကြတာတွေ၊ ခုမှ မျက်စိ အေး .. နားအေး ဖြစ်ရတာ ဘာကြာသေးလို့လဲ ..။

အတွေးထဲမှာ ဝင်လာပေမယ့် ယောကျ်ားမို့ မိန်းမသားလို တိုတို ထွာထွာ နှိုင်းယှဉ်မပြောတတ်ခဲ့ပေ ..။ ဒါတောင် သင်္ဘောတက်သွားပြီ ဆိုသည့် မောင်တစ်ယောက် မလေးမှာ သောင်တင်နေပါသည်ဆို၍ ဒီ ကနေ လင်မယားနှစ်ယောက်စလုံး စိတ်မောလူမောဖြစ်ရုံမက ငွေတွေ လည်း ကုန် ..။

ဘာပဲဖြစ်ဖြစ် .. မကင်းရာမကင်းကြောင်းတွေ ရှိနေကြတာပဲ ..။

"ကျွန်မ ပြောတာက လုံးဝကင်းတာမျိုးတော့ မဟုတ်ဘူးပေါ့.."

သူမ အပြောလွန်သွားမှန်း သိတော့ ဒေါ်နှင်းနှင်း က တစ်ထစ်ပြန် လျှော့၏။

"ဘာပဲဖြစ်ဖြစ် .. အရိပ်ကောင်းလို့ ငှက်အောင်းတယ်ဆိုတာ မိသားစုတိုင်းမှာ ရှိကြတာပဲ၊ ဆွေမျိုးဆိုတာ ပြေလည်တဲ့လူကို မပြေ လည်တဲ့လူက မှီခိုကြတယ်၊ ကျွန်မက အဲဒါကို ပြောချင်တာ မဟုတ် ဘူး၊ လာတယ် .. တောင်းရမ်းချေငှားပြီး ပြန်ကြတယ်ဆို သည်းခံနိုင်ပေ မယ့် .. လူတစ်ယောက်လုံးကို တာဝန်ယူထားခဲ့ရတာ အစ်ကိုကြီး စဉ်းစားကြည့်လေ .."

"ငါလည်း ပျော်နေတာမှ မဟုတ်တာ ..၊ ငါ့တူမို့လို့လည်း ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး .. မင်းဘက်က ဒီလိုလူရှိလာရင်လည်း ကူညီရမှာပဲ မဟုတ်ဘူးလား ..၊ သူ့ကို ဒီအတိုင်း ပြောဟယ်ဆိုဟယ်နဲ့ ခြေကြိုလက်ကြားမှာ ထားပြီး စိတ်ရှုပ်ခံ မွေးမြူမယ့်အစား ငါတို့လည်း တာဝန်လွတ်တယ် .. သူလည်း ကောင်းစားသွားမယ်ဆိုရင် ..''

''သူ ကောင်းစားရမယ့်ကံ ပါလာရင် သူ့အလိုလို ဖြစ်လာမှာပဲ''

''မင်းလောင်းမှန်ရင် ရထားဆိုက်လာလိမ့်မယ်ဆိုတာ အဲဒါ ဟိုရှေးခေတ် ဘုရင်ဖြစ်မယ့် ယောက်ျားတွေပဲ ရှိခဲ့တာ ..၊ အခုက ဖြစ်လာမှာပဲဆိုပြီး ငုတ်တုတ်ထိုင်စောင့်နေလို့ မရဘူး ..''

''အမလေး .. ကံမရှိ ဉာဏ်ရှိတိုင်း မွဲ တဲ့ ..၊ မကြားဘူးတာကျနေတာပဲ ..''

''အဲဒါကရော .. ကံမရှိတာကို ဘာဖြစ်လို့ သိသွားရတာလဲ ..၊ အဲဒီလူ ငုတ်တုတ်ထိုင်ပြီး ကြံစည်နေတာနဲ့တော့ မွဲပြီးရင်း မွဲပါဘူး၊ ကောင်းတာဆိုးတာကို လုပ်ကြည့်မှ သိတာကွ၊ ဒီတစ်ခါတော့ သဏ္ဍာန့်အတွက် ငါ တစ်ခုခု ..''

''တွေ့လား .. ကျွန်မ ပြောနေတာ အဲဒီစကား ရောက်လာမှာစိုးလို့ပဲ ..၊ ခုတော့လည်း ရောက်လာတာပဲ ..''

ဒေါ်နှင်းနှင်း မျက်နှာမှာ စိတ်ပျက်တာရော .. ဒေါသတွေပါ ရှိနေကြလျက် ..၊ ခင်ပွန်းဖြစ်သူကိုလည်း ဒီ့ထက်ပိုပြီး ထိုးနက်တော်လှန်ဖို့ မဖြစ်ပြန်ရာ ...

''တော်ပါတော့ အစ်ကိုကြီးရယ် .. ဟိုကဖြင့် ဘာကြောင့် စုံစမ်းနေတာမှန်း မသိသေးဘဲနဲ့ ကျွန်မ အစ်ကိုကြီးနဲ့ စစ်တိုက်နေရတာပဲ ခြေကုန်လက်ပန်း ကျနေပြီ ..''

ဒေါ်နှင်းနှင်း က ပြောနေရင်း စာကြည့်ခန်းထဲက ထွက်သွားသဖြင့် ဦးထွန်းဝေ လည်း သက်ပြင်းရှည်ကြီးချလျက် နောက်ကနေ ပါလာကာ ...





''ကိုယ် ပြုစုပျိုးထောင်ခဲ့တဲ့ လူငယ်တစ်ယောက် ..၊ သူ့ဘဝလေးနဲ့သူ ရပ်တည် ကောင်းစားသွားတယ်ဆိုရင် ငါတို့ တစ်သက်လုံး ပီတိဖြစ်နေရတာပေါ့ ..''

အဲဒီလို ပီတိမျိုးတော့ တစ်သက်လုံး မရရင် နေစမ်းပါစေ ..။

စိတ်အတွေးတွေနှင့် ဒေါ်နှင်းနှင်း မျက်နှာက တစ်စက်မှမလျှော့..။

ဒီကိစ္စကို ပိုး နဲ့ ပြန်ပြောဖြစ်ကြရင်လည်း သမီးဖြစ်တဲ့သူ ဘယ်လောက်များ ရင်နာသွားလိုက်မလဲ ..။

အလိုလိုကာမှ ပိုး က 'ငါ့အမေတုန်းက သင်းရဲ့အမေက နို့မှုချဆက်ဆံခဲ့တာ' ဆိုသည့် နာကြည်းချက်နှင့် သဏ္ဍာန့် ကို ဘယ်တုန်းကမှ ကြည်လင်ခဲ့တာ မဟုတ် ..။

အစက ဘာမှမဟုတ်ခဲ့သလို ခေါင်းထဲမထည့်ခဲ့သည့် ကိစ္စသေးသေးလေးက ဦးထွန်းဝေ အကျယ်တဝင့် ဖြန့်ခင်းပြလိုက်မှပဲ ခေါင်းထဲသာမက ရင်ထဲမှာပါ အကြီးကြီး ပုံပေါ်သွားခဲ့၏။

တွေ့မယ် သဏ္ဍာန် .. နင့်လိုကောင် ဒီဘဝကနေ ဘယ်တော့မှ လွတ်မြောက်ခွင့် မရစေရဘူး ..။

အဲ့ဒါ နင့်အတွက် .. ငါ့ရဲ့ သံနိဋ္ဌာန် ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၄ ]

"ဟင်!…"

ဒါ .. ဒါ .. သူမ လား ..၊

မြင်ကွင်းထဲ ဝင်လာသည့် လိမ္မော်ရောင် နားကွင်းဝိုင်းလေးနှင့် မျက်နှာလေးတစ်ခြမ်း ..၊ ပြီးတော့ …

လိမ္မော်ရောင်နဲ့ အပြာ နှစ်ရောင်စပ်ထားသည့် ပခုံးစွန်းက အင်္ကျီလက်ကျလေးပါ ပေါ်လာသည်။

ဟုတ်ပါသည် .. သူမပါပဲ ..။ ဟိုနေ့က တွေ့တုန်းကလည်း သူမ ဝတ်ထားတာ နှစ်ရောင်စပ်ကျားလေးမို့ ထင်နေသည်။ နှစ်ရောင်စပ်လေးတွေမှ သူမက နှစ်သက်တာလား ..။

သဏ္ဍာန့် လက်ထဲမှာ ကိုင်ထားသည့် ကတ်ထူပြားလေးတွေကို ဘေးမှာ ချထားလိုက်ကာ ပြတင်းလိုက်ကာကို ဘေးဆွဲကပ်လိုက်သည်။

မျက်နှာတစောင်းနဲ့ ပခုံးစွန်းလေးတစ်ဖက်ကနေ အပေါ်ပိုင်း သုံးချိုးတစ်ချိုးထိ ပေါ်လာသည်။ ဟိုနေ့က ကန်ဘောင်မှာ သူမနာမည်ကို 'အတွက်'လို့ ခေါ်သံ ကြားခဲ့ရ၏။

နာမည် အစအဆုံး ဘယ်လိုခေါ်သလဲတော့ မသိပါ။ ထိုနေ့ကတည်းက သူမကို သူ စွဲလမ်းနေခဲ့သည်။





အလုပ်အားနေချိန်တိုင်း သီချင်းတွေ ရေး ..၊ ကဗျာတွေ ရေးနေတတ်သည့်အကျင့်တစ်ခုမှာ ပန်းချီရေးခြင်းပါ တစ်ခု ထပ်တိုး၏။

သူမနဲ့ ဆုံခဲ့ပြီးနောက်ပိုင်းမှာ သူမ မျက်နှာလေးကို ပျောက်ဖျက်မရတိုင်း ပုံတူ ချရေးနေခဲ့မိသည်။ ဘယ်လိုကောက်ရေးရေး သူမနဲ့ ပုံတူအတိုင်းပဲ ထွက်၏။

မင်းကို သိပ်ချစ်နေမိပြီ 'အတွက်' ရယ် ..၊

ပုံတစ်ပုံ ထွက်လာတိုင်း ဒီစာတမ်းလေးတွေ ပါနေတတ်ကာ အားလပ်ချိန်မှာ ဖျတ်ခနဲ အတွေးဝင်လာတိုင်း သူမကို သတိရခြင်းတွေသာ ..။

ညနေ နေရီရီမှာ သူမရဲ့ ဝင်းစိုနုမွတ်သည့် အသားရောင်လေးက အင်္ကျီရောင်ထဲမှာ ရောနှစ်နေသလိုပင် ..။

ရောင်စုံပန်းတွေထဲမှာ သူမ ပျော်နေပုံက ကဗျာဆန်လွန်းသဖြင့် စာရွက်နဲ့ ဘောပင်နဲ့ ပြေးယူ၍ ကဗျာတစ်ပုဒ် ကောက်စပ်မိ၏။

ပြီးတော့ တစ်ခါတည်း ယူလာမိသည့် ပုံတူပန်းချီလေးတစ်ရွက်နဲ့ ကဗျာကို ပူးတွဲ၍ …

"အကြင်နာမှန်ရင် ပြန်ရပိုင်ခွင့် ရှိပါစေ .."

မျက်ဝန်းတွေ မှိတ်၍ တိုးတိတ်စွာ ဆုတောင်းမိသည်။ ပြီးတော့ ရှေ့တိုးလိုက်ပြီး အသက်အောင့်၍ …

"ဖက် .. ဖလပ် .."

"ဟင်!…"

အတွက် ဒေလီယာပန်းပွင့်ကြီးဆီ လက်လှမ်းလိုက်စဉ် လက်ခုံပေါ်ကို ထိုးဆင်းကျလာသည့် စာရွက်နှစ်ထပ်နှင့် ချောကလက်တောင့်လေး ..၊ ချောကလက်နဲ့ပတ်၍ ပစ်ချလိုက်သဖြင့် ကျလာတာ ဖြစ်ကာ သူမ လက်ခုံပေါ်ကိုတော့ စာရွက်က ပြေးကျကာ ချောကလက်က ဘေးမှာ ပြုတ်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒါ တစ်ယောက်ယောက် ပစ်လိုက်တာ ..။

ဟိုဘက်ခြံထဲကို လည်ပင်းရှည်ကြည့်ကာ လူသူအရိပ်အယောင် မမြင်တာနှင့် စာရွက်တွေကို ကောက်ဖြန့်ကြည့်မိ၏။

"ဟယ်!..."

လှလိုက်တာလို့ မပြောဖြစ်ဘဲ အတွက် မျက်ခုံးတန်းလေးတွေ ပင့်တက်သွားကာ ပွင့်ဟသွားသည့် နှုတ်ခမ်းသားလေးတွေမှာ ပြုံးရိပ် ထင်၏။

ပြီးတော့ ဟိုဒီလိုက်မော့ကြည့်မိပြန်သည်။ လူကို မမြင်လိုက်ရပေမယ့် ဘယ်သူလဲဆိုတာ သူမ သိပြီးသား ..။ တစ်ထပ်တည်းနီးပါး တူအောင် ဆွဲထားသည့် ကိုယ့်ရဲ့ပုံတူလေးကို ကြည့်၍ သဘောကျသွား မိတာကို ဟန်မဆောင်နိုင် ..။ ထို့ပြင် ကဗျာလေးက ရင်ခုန်စရာ ..။

တကယ်လို့ ...
　　ကိုယ်ကြည့်နေတာ မင်းသိခဲ့ရင် ..
တကယ်လို့ ...
　　ကိုယ်ပြောချင်တာ မင်းကြားခဲ့ရင် ..
တကယ်လို့ ...
　　မင်းမသိအောင် ကိုယ်ချစ်ခဲ့ရင် ..

သိချင်တယ် .. ဘယ်လိုလဲ .. ..။

ဒါ ရည်းစားစကား ပြောတာလား ..? ဆံစလေးတွေကို ခေါင်း မော့ ခါလိုက်ရင်း အတွက် ရယ်လိုက်မိ၏။





အခန်း [၅]

"အံမယ် .. အောက်သက်ကျေ ကဗျာလေးလိုလိုနဲ့ .."

"အေးနော် .. သူ့ပုံစံကြည့်တော့ ပွေပုံပွေပန်းနဲ့ .."

"ရှိုးပုံရှိုးပန်း လုပ်စမ်းပါ .."

"လူက ရှိုးမှုမရှိုးတာ ..။ ချောသထက်ချောအောင် ပြင် ..။ ဘယ်သူ့ကို ကြည့်ကြည့် အပြုံးပန်းက တဝေဝေနဲ့ .."

"မျက်နှာချိုတာပါ၊ သူက ရယ်နေရင် ချောတာပဲဟာ .."

"ဒါကြောင့် မိန်းကလေးတွေဆို ပိုရယ်ပြသလိုပဲနော် .."

"နင်တို့နော် .. ကဗျာကို ပြတာ ကဲ့ရဲ့ခိုင်းတာကျနေတာပဲ .."

သူငယ်ချင်းတွေကိုတော့ ဖတ်ခိုင်းပြီး ကဲ့ရဲ့နေတော့လည်း အတွက် က မကြိုက် ..။ ပန်းချီ တို့က မဲ့၍ ...

"မိန်းကလေးတွေက ဒီလိုပဲ၊ ကိုယ့်ကို ကဗျာနဲ့ စာနဲ့ ဖွဲ့နွဲ့တင်စား ပြီဆို စွဲလမ်းသွားတာပဲ ..။ ကြည့်ပါလား .."

အတွက် က ကိုယ့်ကို မဲ့ရွဲ့မေးထိုးနေကြပြီမှန်း သိပေမယ့် ဆီး ထုပ်စားရင်း အေးဆေး ..။

ပန်းချီ က ဒေဝီ ဘက် ပြန်လှည့်သွားကာ ...


www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီလေးကတော့ လှသားပဲနော် .."

"နှင့်ရုပ်ကြီးလား ..၊ လုံးဝ မလှဘူး .."

ဒေဝီ့ ပခုံးကို ပန်းချီ က ဖြန်းခနဲ ရိုက်ပစ်လိုက်ကာ ...

"အတွက် ရဲ့ ပုံတူပန်းချီကို ပြောတာ ..၊ ငါ့မျက်နှာကို ပြောတာ မဟုတ်ဘူး .."

ဒေဝီ က ပခုံးလေး ပွတ်ရင်း မဲ့ရွဲ့ပြကာ ...

"ရှင်းရှင်းပြောပါလား ..၊ ရောသောပေါသောနဲ့များ 'လှတယ်' အပြောခံချင်နေလားလို့ .."

"ဟွန်း .. သူများကို ဖွဲ့ရမယ်ဆို အကွက်ကို စောင့်လို့၊ ဒီမှာ သေချာကြည့် .. ကင်မရာမန်း .."

"အဲဒါ ဘာဖြစ်လဲ .."

"အလှဖန်တီးရှင် .."

"အဲ့ဒါနဲ့ နင် ရုပ်ဆိုးတာ ဘာဆိုင်လဲ .."

"ရုပ်ဆိုးတာ မဟုတ်ဘူး .. ပေးဆပ်သူတို့ ရုပ်ရည် .."

"အံမယ် .."

"သူများကိုလှအောင် ဖန်တီးပေးရင် ကိုယ့်ကိုယ်ကိုယ် ပြုပြင် အလှဆင်ဖို့တောင် သတိမရ .. မအားရှာကဲ့ .."

"ပင်ကိုရုပ်ဆိုးမလေး .."

"ခွေးစုတ် .. ကဲ .. ကဲ .."

ဘယ်လိုပြောပြော မလွတ်သဖြင့် ပန်းချီ က ဒေဝီ့ ကို ထုရိုက်လာတော့သည်။ နာအောင်တော့ သိပ်မလုပ်ဘဲ လက်ကြီးတရွယ်ရွယ်နှင့် မျက်နှာကသာ ရှုံ့မဲ့နေလျက် ...

"ကိုယ့်သူငယ်ချင်းကို နည်းနည်းလေးမှ ညာတာဖေးမပြောတယ် မရှိဘူး .."

"ခစ် .. ခစ် .. ခစ် ..."





ဒေဝီ က ရိုက်နှက်နေတာကို လက်လေးကာ ရှောင်ရင်း ရယ်နေ၏။

"နင် ဒီလောက် ရုပ်ဆိုးနေလို့လား မယ်ပန်းချီ ရယ် .. ရုပ်ဆိုးမပြောတာ နာစရာလား၊ တကယ်ပဲ .. လှချင်လိုက်တာမှ သူ့အပြင် ပြစရာမရှိဘူး၊ ဒီတစ်ခါ ကြိုက်ပါရစေ .. ပြောလာတဲ့လူရှိရင် မငြင်းနဲ့တော့၊ တော်ကြာ .."

"ဒေဝီ နော် .. ဒီတစ်ခါ တကယ် ဖက်ကိုက်မှာ .."

နှစ်ယောက်ကို ကြည့်၍ အတွက် မုန့်မစားနိုင်ဘဲ ရယ်နေမိလေသည်။ ထိုစဉ် ...

"ဟော .. ဟော .. ဟိုမှာ ကားဝင်သွားပြီ၊ ဆင်းလာရင် ဘယ်သူလဲ ကြည့် .."

ဝရန်တာပေါ်ကနေ လှမ်းကြည့်နေကြရင်း သုံးယောက်စလုံး အသံတွေ တိတ်သွားကြသည်။ မက်ခ်တူး အဖြူရောင်လေးပေါ်ကနေ ဆင်းလာသည့် အဖြူရောင်တစ်ယောက်ကို မြင်လိုက်ရလျှင် ပန်းချီ နဲ့ ဒေဝီ က အတွက် ကို လက်တို့ကြ၏။

"မြင့်ခေါင် ဆိုတဲ့ နာမည်က နည်းနည်းတုံးပေမယ့် လူကတော့ တကယ်လန်းတယ်နော် .."

"ငါ စုံစမ်းကြည့်လိုက်တာ သူ့အမေက ရွှေဆိုင်ဖွင့်ထားတာတော့ မှန်တယ်၊ ဒါပေမယ့် ဆိုင်က ခပ်သေးသေးပဲ .. နောက်ပြီး သူ့အစ်မတစ်ယောက်က အကောက်ခွန်အရာရှိတဲ့၊ အကောက်ခွန်မှာ အရာရှိနေလို့လား မသိဘူး နဲ့ ဟီး .. ဟီး .."

"ဘာလဲ .. ဟီး .. ဟီး .. က ..."

ဒေဝီ က ပါးစပ်ပိတ်ရယ်လိုက်ပြီးမှ ရယ်ရှိန် မနည်းသတ်ရသည်။

"မျက်နှာပေါက်က ဆိုးလိုက်တာမှ ..၊ သူနဲ့တော့ တခြားစီပဲ.."

"ဘယ်သူနဲ့လဲ .."

"မြင့်ခေါင် နဲ့ပေါ့ ..၊ သူတို့မိသားစုက သိပ်တော့ မြင့်မြင့်မား..း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပုံ မရပါဘူး ..''

လွှတ်ခနဲ ပြောပြီးမှ မြင့်ခေါင် ကို အိမ်ထဲဝင်သွားတဲ့အထိ စိုက်ကြည့်နေသည့် အတွက် ကို အားနာသွားကာ ...

"ဆောရီးနော် .. ငါက ကဲ့ရဲ့တာ မဟုတ်ပါဘူး၊ နင် သဘောကျနေသလားလို့ စိုးရိမ်လို့ပါ ..''

"သဘောကျတယ်ဆိုလည်း အချစ်နဲ့ မသက်ဆိုင်သေးပါဘူး ဒေဝီရယ် .. ဆောရီး လုပ်မနေစမ်းပါနဲ့ ..၊ ပြောမှာသာ ပြော ..''

"ပြောရမယ်ဆိုရင် သေချာ အကဲခတ်ကြည့်တော့ သူ့အဖေကြီးကို မမြင်ဘူးသေးပေမယ့် သူ့မိသားစုရဲ့ လိုက်ဖ်စတိုင်လ်က နင်တို့နဲ့ အရမ်းကို ကွာတယ်နော် ..''

"နင်က အဲဒီလောက်ထိ သိအောင်ကို စုံစမ်းလိုက်တာလား ..''

"ဟုတ်တယ် ..''

ပန်းချီ ဖြတ်ပေးလိုက်တာကို ဖြေပြီး ဒေဝီ က အတွက် နဲ့နီးအောင် ခုံရွှေ့ထိုင်လိုက်ကာ ...

"ဒီလိုဟာ .. သူ့အမေကြီးက မျက်နှာပေါက်ဆိုးလို့ ငါ လန့်တာနဲ့ စုံစမ်းကြည့်လိုက်တာ၊ သူနဲ့ ဆိုင်နီးနားချင်းတွေဆီကပဲ အပြောဆိုးတယ်လို့ အသံထွက်လာတာဟ ..''

"ဟုတ်လား ..''

ဒီတစ်ခါ အတွက် ကိုယ်တိုင် စိတ်ပါလက်ပါ ဝင်မေးလာတာမို့ ဒေဝီ က ပြောဖို့ အားရှိသွားကာ ...

"သူ့အစ်မလည်း သိပ်မလှဘူးလေ ..၊ အဲဒါကတော့ ဘာမှ မစုံစမ်းရဘဲ မြင်ခဲ့ရလို့ သိတာ၊ ဆိုင်ထဲမှာပဲ သားအမိနှစ်ယောက်စလုံးကို တွေ့ခဲ့တာ .. သားအမိ တော်တော်တူတယ် သိလား ..၊ မြင့်ခေါင် ကျမှ ချောတောမောတောလေး ဖြစ်နေတာ ..''

သူတို့မျက်လုံးတွေ ဟိုဘက်ခြံထဲကို ရောက်သွားကြပြန်သည်။





တိုက်က နှစ်ထပ်တိုက်ကြီးပေမယ့် သိပ်လည်း မခမ်းနားလှပါ။ အိမ်ထဲမှာလည်း ဒီကားတစ်စီးပဲ ဝင်ထွက်နေတာ တွေ့သည်။

ခြံချင်းကပ်နေပြီး အတွက် က သိပ်မသိပေမယ့် ကိုယ့်သူငယ်ချင်းက သဘောကျသလို ရှိနေသည့်အပြင် အနေနီးလွန်းတော့ စိုးရိမ်ရသည်။

ဒါကြောင့် အမြန်ဆုံး လှုပ်ရှားလိုက်ရတာပါ။ ထင်သည့်အတိုင်း ဒီမှာ ပုံတူပန်းချီတွေ ..၊ ကဗျာတွေက ရှေ့ပြေးရောက်နေပြီ ဖြစ်၏။

"ဟဲ့ .. သူ့ကြည့်ရတာ စာထဲကအတိုင်း မဟုတ်သလိုပဲနော် ..''

"ဟင် .. ဘာလဲ ..''

ပန်းချီ က ဟိုခြံထဲကိုပဲ ကြည့်၍ ...

"တကယ်ဆို တစ်ချက်လောက်တော့ မော့ကြည့်သင့်သလားလို့''

"ဩော် .. ဒါက ဒီမှာ အတွက် ရှိနေကျအချိန် မဟုတ်တော့ မရှိဘူးထင်လို့ ဖြစ်မှာပေါ့ ..''

"ဒေဝီ ဖေဒင်ဟောတာ မှန်တယ် ..၊ ငါ ဒီဝရန်တာမှာ တစ်ခါမှ မထိုင်ဖူးဘူး၊ အေးလည်း ကျတယ်၊ ကျဉ်းလည်း ကျဉ်းတော့ အကျီလှန်းဘာလှန်းလောက်ပဲ ..''

"ခုကျမှ ငါတို့ကို သတင်းပေးရင်း .. ဟိုဘက်ကိုလည်း မြင်ရလို့ ထိုင်တယ်ပေါ့ ..''

"ဒါပေါ့ ..''

အတွက် မျက်နှာလေးကို စိုက်ကြည့်ပြီး ပန်းချီ က ခေါင်းညိတ်နေ၏။ ဒေဝီ က မြင်ကာ ...

"အံမယ် .. ဆရာမကြီးစတိုင်လ်နဲ့ ..''

"မဟုတ်ပါဘူး .. ငါတို့သူငယ်ချင်းလေး ပုံတူပန်းချီလေးတစ်ချပ်ရလိုက်တာနဲ့ တစ်ခါတည်းများ တိမ်းညွှတ်သွားပြီလားလို့ပါ၊ မချစ်သေးဘူးဆိုပေမယ့် မျက်ဝန်းတွေမှာတော့ စာဖတ်လို့ ရနေပြီ ..''

"ဟင် .. ဟုတ်လား ..''



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နော် .. မဟုတ်တာတွေ လျှောက်မပြောနဲ့ .."

"ဘာလို့ မဟုတ်ရမှာလဲ .. ခုပဲကြည့် ..၊ ဟိုက နင့်နာမည် အပြည့် အစုံတောင် သိသေးရဲ့လားပဲ၊ ငါတို့က သူ့အကြောင်း တော်တော် သိနေပြီ .."

"အဲဒါ နင်တို့ဘာသာ စုံစမ်းနေကြတာ ..၊ ငါ ခိုင်းလို့လား .."

"စိတ်ပူလို့ စုံစမ်းရတာလေ.. သူက အတွဲရှိနေပြီးသားကို .. ရှင်ပဲ ခလုတ်တိုက်ခဲ့တာ၊ ပြီးတော့ အိမ်နီးချင်းမို့ ရင်းနှီးခွင့်ပေးတော့မလိုလို.. ဘာလိုလို .."

"အဲဒီထိလည်း ဟုတ်တယ်လေ ..၊ ရည်းစားရှိတာက ဓနီးရှိတာမှ မဟုတ်တာ ..၊ ခင်ပါတယ် .. မင်ပါတယ်ဆိုရင် ပြင်းစရာလား .."

"လုပ်ပြီ .."

"အေးလေ .. ပန်းချီ ပြောတာလည်း ဟုတ်တာပဲ၊ ဒီမိန်းမ မရှိုး သားချင်နေတာ .."

အတွက် က ပခုံးလေးတွေလှုပ်အောင် ရယ်နေကာ အားရတော့မှ ခေါင်းခါ၏။

"ငါ လုံးဝ မဟုတ်ဘူး .. အဲဒါ ငါ့ကိုယ်ငါ သိတယ်၊ ငါ့ဘက်က ဘာမှ သိပ်မဟုတ်ဘဲနဲ့ သူက အရူးရင့်နေတော့ အံ့ဩသွားလို့ .."

"ပြီးတော့ .. သနားတာတွေ၊ သံယောဇဉ်တွေ ဖြစ်လာမှာလေ.."

"ဒါတော့ မပြောတတ်ဘူး"

"အေးပါ .. ငါတို့ကလည်း ကိုယ့်သူငယ်ချင်း စဉ်းစားလို့ရအောင် လှုပ်ရှားပေးထားတာ ..၊ ကလေးတွေမှ မဟုတ်တော့တာနော် .."

သဘောတူ ကျေနပ်သွားကြတော့လည်း သုံးယောက် စိတ်တူ ကိုယ်တူ ..။

"အံမယ် .. သုံးယောက်စလုံး ခေါင်းတွေ တညိတ်ညိတ်နဲ့ပါလား၊ ဘာတွေ သဘောတူညီမှု ယူနေကြတာလဲ .."





"အန်တီ .."

ဒေါ်သက်မာ က တူမဖြစ်သူမျက်နှာကို အရင်စိုက်ကြည့်ပြီးမှ ပန်းချီ တို့ဆီ မျက်လုံးဝေ့သည်။ စကားသံမှာ အပြုံးတို့နှင့် သဘောကောင်း ဖော်ရွေပုံ ပါနေပေမယ့် မျက်ဝန်းတို့မှာ အေးစက်သော အငွေ့အသက် တွေနဲ့ ...

"သမီး ဒီနေ့ သင်တန်းနားတယ်ဆိုတော့ အိမ်မှာနေကြနော် .. အန်တီ ခေါင်းသိပ်မကြည်လို့ အောက်မှာ ခဏသွားလှဲနေချင်လို့..၊ သမီး တို့ စားချင်တာရှိရင် သူစုု ကို ခိုင်း ..၊ မီးဖိုခန်းမှာ အစုံရှိတယ် .."

"ဟုတ်ကဲ့ပါ .."

"အန်တီသက် နေမကောင်းရင် သမီးတို့ကို ခိုင်းစရာရှိတာ ခိုင်းပါ နော် ..၊ နှိပ်နင်းပေးရမယ်ဆိုလည်း .."

ဒေဝီ က သွက်သည်။ ပျာပျာသလဲ မေးရင် ထရပ်လိုက်၏။ ထို့ ကြောင့် ပန်းချီ ကလည်း ထရပ်ကာ ...

"ဟုတ်ပါတယ် .. သမီးတို့က ညှော်သည်မှ မဟုတ်တာ ..၊ ခိုင်းပါ အန်တီသက် ရယ် .."

"ရပါတယ် .. သမီးတို့ လွတ်လွတ်လပ်လပ် နေကြပါ၊ အန်တီ ရှိတာပဲဆိုပြီး အပြင် စွက်ခနဲ ထွက်သွားလိုက်မှာစိုးလို့ လာပြောတာ၊ အတွက် က ပြောလို့ရတာ မဟုတ်ဘူး .. သူက စိတ်သွားတိုင်း ကိုယ်ပါ ချင်တာ .."

ပြောတာကတော့ ပြုံးလို့ပါ။ ဒါပေမယ့် အပြင်မထွက်ရလို့ အမိန့် ပေးသွားတာပဲမို့ သူမ ပြန်ထွက်ခွာတော့ ပန်းချီ နဲ့ ဒေဝီ သက်ပြင်းတွေ ကိုယ်စီ ချမိကြပြီး ...

"မလွယ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၆]

♫ .. ရွှေနားတော်သွင်း ... ချစ်ခြင်းတေးသီ .. ငါ .. ထိုင်ငေး .. စက်ရာဆောင်လေး ...

.. ချစ်ရဲ့လားလို့ .. သူငါ့ ပြောတဲ့ စကားတွေရယ် .. ဘယ်ကမ္ဘာဆီထိ...

.. အဆုံးအစမဲ့ .. ပြောခွင့်တွေ .. မျှော်လင့်ရင်း ...

♫ .. စိပယ်လိုမျက်နှာလေး .. နှင်းဆီရောင် နှုတ်ခမ်းလွှာလေးနဲ့ .. ညညတွေမှာ ...

.. နှစ်ကိုယ်သီကျူးမယ့် .. အနမ်းပွင့်များနဲ့ ရင်ခုန်တေးသွား .. ကိုယ်ဆုတောင်း ...

.. မျှော်လင့်နေတယ် .. တစ်နေ့နေ့မှာ ဖွင့်ပြောခွင့်လေး ..

.. မင်း သိအောင် ချစ်မိခဲ့သမျှ .. ဖွင့်ပြောခွင့်လေး .. ပေး ...

ဂီတာသံက ညက်ညက်လေးဖြစ်ကာ သီချင်းသံကို ပီပြင်စွာ ကြားနေရသည်။

တစ်ခါတစ်ခါ ဒီဘက်ကို ကြည့်ဆိုနေသလိုလိုနှင့် ...၊





တစ်ခါတစ်ခါကျတော့ သီချင်းဆိုနေရင်း လမ်းလျှောက်သွားတာမျိုး .. ဝေးကွာသွားခဲ့ပြန်၏။

ညဥ့်လေပြည်ကြောင့် နီးလိုက် .. ဝေးလိုက် ဖြစ်နေတာလား ..၊ ဒါမှမဟုတ် သီချင်းကို သူမ အာရုံစိုက်နေလွန်းလို့ အားမလိုအားမရဖြစ်နေတာလား ..။

အတွက် ခေါင်းအုံးလေး ပြန်ဆွဲဖက်ရင်း ခေါင်းရင်းက မပိတ်ရသေးသည့် ခပ်ဟဟ ပြတင်းတံခါးဆီ လှမ်းကြည့်နေမိသည်။

♫ .. ရွှေနားတော်သွင်း .. ချစ်ခြင်းတေးသီ .. ငါထိုင်ငေး .. စက်ရာဆောင်လေး ...

သီချင်းသံကို ကြားနေရဆဲဖြစ်ကာ ပို၍ ပီပြင်လာအောင် ပြတင်းတံခါးတွေကိုပဲ သွားထဖွင့်လိုက်ရမလား ..၊ ပြတင်းပေါက်မှာပဲ ပေါ်ပေါ်တင်တင် ရပ်ကြည့်ပြီး ရှာကြည့်ရမလား ..။

အိပ်ရာထဲမှာ ပြန်လှဲနေလို့ မရတော့တာက သေချာပါသည်။

လက်သီးဆုပ်လေး နှုတ်ခမ်းပေါ်မှာ ဖိကပ်ထောက်ရင်း မြင့်ခေါင်မျက်နှာကို ပြန်မြင်နေမိ၏။

နေ့စဉ် ကဗျာလေးတစ်ပုဒ်တော့ ပုံမှန်ရောက်နေခဲ့တာ ခုဆို လေးစောင် ရှိနေပြီ ..။

ဒီနေ့ရောက်လာသည့် ကဗျာစာရွက်လေးမှာ သူမရဲ့ မျက်နှာတစောင်းပုံလေးကို ရေးရေးလေး ပုံဖော်ထည့်ထား၏။ ခဲခြစ်ရာလေးပေမယ့် ဖျက်ရာပြင်ရာ မပါဘဲ ကြည့်လိုက်တာနဲ့ အတွက် ရဲ့ မျက်နှာလေးပဲလို့ တန်းပြောနိုင်အောင် တူနေတာပါ ..။

ဆံ တစ်ခြမ်းစောင်းလေး သိမ်းတင်ထားတတ်ပုံ၊ နားကွင်းပိုင်းလေးတွေပဲ ထည်လဲ ဆွဲတတ်သည့် အတွက် ရဲ့စတိုင်လ်လေးကအစ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရေးနိုး ထဆွဲတာတောင် အလွတ်ရနေသည့် စွဲလမ်းမှုကို သူ ပြထားတာ ဖြစ်သည်။

သူမ ဒီစာရွက်လေးတွေကို စုဆောင်းတတ်လာချိန်မှာမှ သူနဲ့ တစ်ခါမှ မျက်နှာချင်းဆိုင် မဆုံခဲ့ပါလား ..။

မတွေ့ဖြစ်ကာမှ သူ့ရဲ့ကဗျာလေးတွေက ပိုပြီး အသက်ဝင် ဖြားယောင်းလာခဲ့သည်။

ဒီကဗျာလေးတွေ .. ပုံတူလေးတွေကြောင့် သူမ အာရုံထဲမှာ ကဗျာဆရာက အရိပ်ထင်လာ၏။

ခုတစ်ခါ သီချင်းသံတွေနဲ့ ဖြားယောင်းနေပြန်ပြီ။ သူကတော့ ပေါ်မလာပါလား ..။

သူမ ဒီလို ခံစားတတ်လာအောင် သူလုပ်တဲ့ ရွှေ့ကွက်တွေဆိုရင်တော့ သူမ ခြေလှမ်းမှားပြီ ထင်သည်။

ခေါင်းရင်း မွေ့ရာခင်းအောက်မှာ စာအုပ်ထဲ ထည့်ညှပ်၍ သိမ်းထားသည့် ကဗျာလေးတွေကို ပြန်ထုတ်ကြည့်မိ၏။

ကဗျာတွေရဲ့ အဆုံးတိုင်းမှာ ...

'မင်း မသိဘဲ ချစ်ခဲ့မိလို့ ..' ဆိုသည့် စာကြောင်းလေးနဲ့ ပိတ်ထားတတ်တာကို သေချာဖတ်နေမိရင်း ထိုစာကြောင်းလေးတွေအောက်မှာ အနီရောင်မင်နဲ့ မျဉ်းသားထားလိုက်မိ၏။

ဒီစာကြောင်းတွေနှင့်ပတ်သက်၍ သူမနှလုံးသားမှာ dangerous နယ်မြေအဖြစ် သတ်မှတ်ထားလိုက်ဖို့ လိုပြီမို့ ..။

"ဒေါက် .. ဒေါက် .."

"သမီးရေ .. အတွက် .."

"ရှင် .. အန်တီ .."

"မအိပ်သေးဘူးမို့လား ..၊ သမီးဖေဖေဆီက ဖုန်းလာတယ် သမီး၊ ခဏ ထွက်ခဲ့ဦး .."





"ဟုတ် .."

မင်နီဘောလ်ပင်န်လေးကို ချထားလိုက်ပြီး သူမ ပခုံးလေး တွန့်မိ၏။

တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာမှ ဖေဖေ့ဆီက ဖုန်းလာရတယ်လို့ ..၊

danger ဆိုတာ ကဗျာစာရွက်တွေမှာလား ..၊ ဖေဖေ့ဆီမှာလား..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၇ |

မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ် ပါလာသည့် အတွက် ရဲ့ပုံလေးကို ပုံတူကူးယူပြီး တစ်ယောက်တည်း ပြုံးနေမိသည်။ ဘာဖြစ်လို့များ ဒီလောက်တောင် လှနေရတာလဲ အတွက် ရယ် ..။

မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး ထိုင်ငေးနေခွင့်လေးဖြစ်ဖြစ် ရချင်ပါ၏။ ကိုယ် ငေးနေတာကို သူမက လှောင်ရယ်နေတာဖြစ်ဖြစ်.. စိတ်မရှည်သလို မဲ့မဲ့လေး ဖြစ်နေပါစေ ..။

သူမက ကြည်ဖြူလိုက်လျောပေးခဲ့သော အပြုံးလေးတစ်ချက်ကို ငေးပြီး သူ ဒီတိုင်း ငုတ်တုတ်မေ့ပါရစေ ..၊ အချစ်ကိုတော့ ဆောရီးပါပဲလို့ ဥပေက္ခာတွေ စောစောစီးစီး ပုံချပေးလိုက်မယ်ဆိုလည်း ကိုယ်နဲ့ ထိုက်တန်တာ ဒါပဲဆိုရင် ကျေနပ်ပါမည်။

ကိုယ့်ကို မြင်လိုက်လို့ သူမမျက်နှာပေါ်က အပြုံးရိပ်လေး ပျောက်မသွားခဲ့ဘူးဆိုရင် သူ့ဘက်က ဘာတွေကိုဖြစ်ဖြစ် ..။

"မမအတွက်ဆို ဘာဖြစ်ဖြစ်ပါ မမရာ .. ကိုယ့်မောင်လေးကို မယုံဘူးလား .."

"ဟဲ့ .. တိုးတိုးပြောစမ်း ..၊ မလိုရင် ရှတယ်ဆိုတာ မကြားဖူးဘူးလား .."





"မမက စပီကာဖွင့်ထားတာလား ..၊ ပိတ်လိုက်လေဗျာ .."

"မဖွင့်ရင်လည်း မကြားရပြန်ဘူး .. ငါ့ဟန်းဆက်က စုတ်နေပြီ၊ ကလေးတွေကို ဦးစားပေးနေရတာနဲ့ ဟန်းဆက်လဲဖို့ကို ဘာမှ မလုပ်နိုင်ဘူး၊ နင်လည်း ကိုယ့်အစ်မပဲဆိုပြီး လက်ဝါးဖြန့်ချင်တာတွေ လျှော့ဦး.."

"မမက ခွင်တွေ့တာနဲ့ ငိုချင်းညည်းဖို့ပဲ ..၊ ဒီမောင်လေးတစ်ယောက်ပဲ ရှိတာကိုး .."

"ဟဲ့ .. အောင်ဇော် ..၊ နင် တောင်းတာတွေလည်း ပြန်စဉ်းစားဦးလေ .."

"ပေးနေတာချည်းပဲ မမြင်ပါနဲ့ မမရာ .. မမ အသုံးလိုတဲ့အခါ အောင်ဇော် က ကိုယ့်အစ်မအတွက် အသက်ပဲ ပေးရ ပေးရပါ .. ယုံစမ်းပါ .."

"အံမာ .. နင် အသက်ပေးရလောက်အောင် ငါက မကောင်းမှု ဒုစရိုက်တွေလုပ်ပြီး စီးပွားရှာနေတာမို့လို့လား .."

"ဒုစရိုက်လုပ်နေတဲ့လူတွေက ပြစ်မှုမဖြစ်အောင် ရှောင်တတ်တယ်၊ မလုပ်ဘူးတဲ့လူတွေကသာ သေအောင် ကြောက်တတ်တာ ..၊ အဟဲ .. ပြောပြတာပါ၊ မမရှေ့မှာ အောင်ဇော် ရှိတယ်ဆိုတာ လိုအပ်ရင်ပြော .."

အောင်ဇော် တွေ ထပ်ချင်း ကြားနေရတာတောင် သဏ္ဌာန် နားထောင်နေမိကာ ဒီနေရာမှာ အန္တရာယ်ရှိမှန်းသိတော့ ခြေလှမ်းရွှေ့ရခက်နေပြီ ဖြစ်သည်။

အောင်ဇော် ဆိုတာ ဘယ်မှာနေမှန်း မသိသော ဒေါ်နှင်းနှင်း ရဲ့ မောင်အရင်း ဖြစ်သည်။ သူ ဒီအိမ်ကြီးကို ရောက်လာကာမှတော့ တစ်ခါမှ မမြင်ဖူးသေးပါ ..။

ခေါင် ပြောတာကတော့ ဖေဖေက သိပ်မကြည်လို့ မလာတာကြာပြီဆိုတာ ပြောပြဖူးသည်။ ဒါကြောင့်ပဲ ထင်သည်။ ဒီလူနဲ့ ဖုန်းပြော



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒေါ်နှင်းနှင်း တစ်နေရာမှာ ပြောနေတတ်ကာ ...

"ဒီနေရာမှာ ဘာလာလုပ်နေတာလဲ .. နင် .."

အိမ်ထဲပြန်ဝင်ဖို့ ဘယ်ဘက်က ပြန်လှည့်ရမလဲ စဉ်းစားနေတုန်း မျက်နှာရှေ့မှာ ဘွားခနဲ ပေါ်လာ၏။ ဒေါ်နှင်းနှင်း က ကီးချိန်းတန်းလန်းလေးနှင့် ဖုန်းကိုင်လျက် ...၊ သူ့ရှေ့ရောက်မှ ခါးထောက်၏။

ထားနေကျ နေရာလေးမှာ ကိုယ်ဆွဲသည့် ပုံတူပန်းချီလေး သွားထားခဲ့တာမို့ သဏ္ဍာန့် လက်ထဲမှာ ဘာမှ မပါပေ ...။

"အလုပ်လုပ်နေတာပါလို့ အကြောင်းပြဦးမှာလား .."

လက်ဗလာနှင့် သူ့ကို စူးစူးရဲရဲ ကြည့်ကာ ...

"နင် .. ငါ ဖုန်းပြောနေတိုင်း အနားမှာ မယောင်မလည် ရှိနေသလိုပဲ၊ အဲဒါ ဘာအချိုးလဲ သဏ္ဍာန် .."

"မဟုတ်ဘူး အန်တီနှင်း .. ကျွန်တော် အလုပ်လုပ်နေတဲ့နေရာမှာ အန်တီနှင်း ဖုန်းပြောမိနေတာ ဖြစ်မှာပါ"

"အောင်မာ .."

"ဒါပေမယ့် ကျွန်တော် ဘာမှ စိတ်မဝင်စားပါဘူး .."

"ဟဲ့ .."

စိတ်တိုလွန်းသဖြင့် ခွေးမောင်းသလို အော်ပစ်လိုက်မိသည်။

"ပြောပုံက သူ့ကိုပဲ ငါက ပြန်တောင်းပန်ရတော့မလိုလို .. တောက် .."

မှန်းနေခဲ့တာ အဲဒီလို အပြောတွေကြောင့်ပဲ ဖြစ်သည်။ အိမ်ရောက်လာတဲ့ မလောက်လေး မလောက်စားအရွယ်တည်းက သင်းက လူကြီးတွေဂ ဖြေရှင်းတာတွေ၊ ရှင်းပြတာတွေ ဘယ်နေရာဖြစ်ဖြစ် ရှေ့ဆုံးက..၊

ပြောရမယ်ဆို ခေါင် နဲ့ မတိမ်းမယိမ်းပဲ ဖြစ်သည်။ ဒါတောင်မှ ခေါင် က ကိုယ့်ရဲ့ ဖေဖေ မေမေတွေရှေ့မှာဆို အပြစ်လုပ်မိတာနဲ့ တုပ်တုပ်မှ မလှုပ်ဝံ့ ...၊ ခေါင်းလည်း မမော့ရဲ ...။





သင်းက အမြဲတမ်း ခေါင့် ရှေ့မှာ ရပ်ပြီး ဆရာကြီးလုပ်သည်။ ခေါင့် အတွက်ဆို ရှင်းပြပေးရတာတွေ၊ အဖော်လိုက်ပေးတာတွေ ပြောမကုန်နိုင် ..။

ခုကျမှ နှိမ်ထားလွန်းလို့ ဒီလောက် ငြိမ်နေခဲ့တာမို့ ခံပြော ခံဆိုလုပ်လာတိုင်း ဖြစ်ရတဲ့ဒေါသက သင်းကို ထုထောင်း အမှုန့်ကြိတ်ပစ်ချင်၏။ ပိုဆိုးနေတာက သင်းဟာ နွယ်နီ့ ရဲ့သား ...၊

"ဒီမှာ .. နင့်ကို ငါ တစ်ခု မှာထားမယ် ...၊ နောက်ကို ခြံထဲက အလုပ်ရှိရင် ခြံထဲမှာ ငါ ရှိမရှိ အရင်ကြည့်ပြီးမှ လုပ်စရာရှိတာ လုပ်.."

"ဟုတ်ကဲ့ .."

"ဒီနေရာမှာ နောက်တစ်ခါ ငါ ဖုန်းပြောတုန်း နင် ရှိနေရင် ငါ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

ထွက်လာခဲ့သည့်နောက်မှာ စောစောက ရင်ခုန်သံတွေ ပျောက်ကွယ်သွားခဲ့၏။

'မင်းက အဲဒီလိုကောင်မျိုးပဲ သဏ္ဍာန် ..'

ကိုယ့်ကိုယ်ကိုယ် သံပတ်ပေး၍ မျက်နှာကို မော့မိသည်။ သူ့မျက်ဝန်းတွေရှေ့မှာ ပေါ်လာတာ မမပိုး ရဲ့မျက်နှာ ဖြစ်သွား၏။

"နင့်ကိုယ်နင် ဦးထွန်းဝေ ရဲ့ တူအရင်းလို့ သတ်မှတ်ထားမနေနဲ့၊ အဲဒါဆို ကိုယ့်အဆင့်နဲ့ကိုယ် နင် အထာကျသွားလိမ့်မယ်"တဲ့ ...။

ဟုတ်ပါသည် ...၊ သူ့မှာ မိဘမရှိ .. မွေးချင်းမောင်နှမ မရှိ ...၊ ပြီးတော့ ...

ပေးစရာ ငွေ မရှိသလို ...၊ ပြေးစရာလည်း မြေ မရှိ ...။

"ဟား ... သဏ္ဍာန် .."

ဘေးမှာ စကားသံနှင့်အတူ ခေါင် က အခန်းတစ်ခုထဲက ထွက်လာကာ တံခါးကို နောက်ပြန်ဆွဲပိတ်လိုက်ပြီး ...

"ရှာလိုက်ရတာကွာ ...၊ မင်း ဘယ်သွားနေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲ ခဏ ဆင်းသွားတာ ..၊ ဘာဖြစ်လို့လဲ .."

"မင်းကို ငါ ပြောစရာရှိလို့ .."

"ပြောလေ .."

ခေါင် က ဘာတွေ ဘဝင်ခွေ့နေသည်မသိသော စပ်ဖြီးဖြီးမျက်နှာနှင့် လက်ဝါးချင်း ပွတ်နေရင်း ..၊ ပြီးမှ သူ့ပခုံးကို ဖက်၍ ...

"လာ .. ခြံထဲ ပြန်သွားရအောင် .."

"ဟာကွာ .. ခုပဲ တက်လာတာကို .."

"တက်လာပြီးမှ ပြန်ဆင်းတာ ဘာဖြစ်လို့လဲ .."

ခေါင် က သူ့ကို လမ်းကလေးအတိုင်း နောက်ဖေးအဆင်းထိ ခေါ်ချလာကာ ...

"ငါ့ကောင်မလေးကို မင်း သိတယ်မို့လား .."

"ခဏ္ဍာလွင် .."

"လွင် ဆို ပြီးပြီကွာ .. ရှည်လိုက်တာ၊ ဒါပေမယ့် ငါ ပြောချင်တာ သူ့အကြောင်း မဟုတ်ဘူး .."

"သိသားပဲ .. မင်းရဲ့ အနိစ္စ ရည်းစားတွေကို .."

"ဟား .. ဟား .. ဟား ..."

ခေါင် က တအားရယ်ပြီဆို ပါးတစ်ဖက်မှာ ပါးချိုင့်လိုလို အချိုင့်ရှည်လေး ထင်ကာ သွားတန်းတွေကလည်း လှတော့ ကြည့်လို့ ကောင်းသည်။

ထို့ပြင် စကားပြောသည့်အသံ၏ ဆွဲဆောင်ခြင်းက သူ့အသံကြောင့် လူသတိထားမိပြီး နှစ်ခါပြန်ကြည့်ခံရတာမျိုး ပါရမီထူးတဲ့သူ..။

သဏ္ဍာန် က ရယ်နေသည့် သူ့မျက်နှာကို ကြည့်၍ ပြုံးလိုက်ရင်း...

"ရယ်မနေပါနဲ့ .. ခြံထဲ မဆင်းဘဲ ဒီမှာပဲ ပြောစမ်းပါ၊ ခြံထဲမှာ အန်တီနှင်း ဖုန်းပြောနေတယ် .."

"ပြောတော့ ဘာဖြစ်လဲ ..၊ လွတ်လွတ်လပ်လပ် ပြောချင်ရင် သူ့





ဘာသာ နေရာထပ်ရွှေ့လိမ့်မယ် .."

"ဘာပြောတယ် ခေါင် .."

ဒေါ်နှင်းနှင်း က ဖုန်းကိုင်ထားလျက်ပဲဖြစ်ကာ ခြံထဲကို ဆင်းပြီးမှ ပြန်တက်လာတာ ဖြစ်သည်။

"မင်းက မအေကို အဲဒီလို လေးစားပြတာလား .."

ခေါင့် မျက်နှာ ရှုံ့မဲ့သွားသည်။ သဏ္ဍာန့် ကို ဖက်ထားသည့်လက်ပါ လျှော့ကျသွားခဲ့လျက် ...

"ဘာဆိုင်လို့လဲ မာမီရယ် .. ခြံအကျယ်ကြီးပဲဟာ ..၊ မေမေ ကြိုက်သလို လျှောက်သွားပြီး ပြောနေလို့ ရတယ် .."

"ဘာ!..."

"ကျွန်တော်က ခြံထဲမှာပဲ .."

"တော်တော့ .."

ဒေါ်နှင်းနှင်း က သားကို ဆူချင်တာမဟုတ်ဘဲ မျက်လုံးတွေက သဏ္ဍာန့် ဆီမှာပဲ ရှိနေလျက်..၊ မျက်စောင်းထိုးပြီးမှ အကြည့်ကိုလွှဲသည်။

"တစ်မိမ်းကို ပြောဆိုမကောင်းလို့ စိတ်တိုရတဲ့အထဲ သင်းတို့က တစ်မျိုး .."

"ဘာဖြစ်နေတာလဲ မေမေ .."

မီးစနှင့်တူသော အကြည့်စူးစူးတွေထဲမှာ နောက်တစ်ယောက်နှင့် မျက်ဝန်းတစ်စုံ ထပ်တိုးလာ၏။ သဏ္ဍာန် မျက်နှာငုံ့သွားကာ ခေါင် က ပိုး ကို ကြည့်၍ ခေါင်းကုတ်သည်။

"ခေါင် နော် .. နင် ခုတစ်လော ဖလန်းဖလန်းကို ထနေတာပဲ၊ ယောကျ်ားလေးပဲဆိုပြီး နေရာတကာ မပြောချင်လို့ .."

'တော်သေးတာပေါ့ မပြောချင်လို့'ဆိုသည့် အကြည့်နှင့် ခေါင် မသိမသာ နှာခေါင်းရှုံ့သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ နေရာမှ လှည့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ကားရေဆေးခိုင်းထားတယ်မို့လား ..၊ ဒီမှာ ဘာလုပ်နေတာလဲ .."

"ခေါင် အပြင်သွားဦးမယ် .. မဆေးနဲ့ ဆိုလို့ပါ"

"အခု ပြန်လာလို့ နင့်ရှေ့တောင် ရောက်နေပြီ .. သွားဆေးတော့"

"ဟုတ်ကဲ့ .."

သဏ္ဍာန် ခေါင်းညိတ်ပြီး လှည့်ထွက်သွားတာကို မျက်စိတစ်ဆုံးလိုက်ကြည့်ရင်း ပိုး က နှုတ်ခမ်းမဲ့သည်။

"ပါးစပ်က ဟုတ်ကဲ့ .. ခေါင်းက ငုံ့ထားပြီးသား၊ ကြည့်ရတဲ့ပုံကတော့ အရမ်းကို နာခံနေတယ်ပေါ့ .. ဟွန်း .. မပြောချင်ဘူး"

"ပြောမနေနဲ့တော့ .. ငါတို့ ဒီကောင်လေးကို လုံးဝ လျှော့ပေးလို့မရဘူး၊ ဒါတောင် သူ့အဖေရဲ့မိတ်ဆွေဆိုတဲ့လူတွေ ဖုန်းဆက် စုံစမ်းနေကြတာ သူ မသိသေးလို့ .."

"သိသွားတော့ ဘာဖြစ်လဲ မေမေ ..၊ ဖေဖေက သူ့တူကို အားကိုးစရာမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ဖေဗာပေးနေတာ .."

"ပေးစမ်းပါစေအေ .. သူက အိမ်ကပ်တဲ့လူလည်း မဟုတ်ပါဘူး၊ ဒီကောင်လေး အိမ်မှာရှိနေတာ ဘယ်လောက် ခိုင်းလို့ကောင်းသလဲ ..၊ ဟိုကသာ ခေါ်သွားရင် နခေတ်ထဲမှာ ဒရိုင်ဘာ .. မာလီ ခေါ်ရတဲ့စရိတ် ဘယ်လောက်ကြီးတယ် မှတ်လဲ ..၊ လခလည်း အဆမတန် ပေးရသေးတယ် .. အကျင့်တွေက မကောင်း .."

"ဟိုလူတွေက သူ့ကို ခေါ်မယ်လို့ ပြောနေကြလို့လား .."

"မပြောပါဘူး .. ဖုန်းဆက်နေတာပဲရှိတာ၊ ပြီးတော့ ဟိုမေးဒီမေးနဲ့ ဘာမှန်းကို မသိဘူး၊ ညည်းတို့အဖေကသာ ဟိုက ထောက်ပံ့ချင်တာ၊ ကူညီချင်တာလို့ တွေးပြီး သိပ်ကို ကောင်းစားစေချင်နေတာလေ .."

"မေမေ မသိတာကျနေတာပဲ .. အိမ်မှာ ခိုင်းမယ်ဆိုပြီး ကားမောင်းသင်ခိုင်းထားတာ ကြည့်ပါလား ..၊ ဖေဖေရော ခေါင် ရော





မောင်းတက်နေတာကို၊ ကားက တစ်စီးပဲရှိတာ သူ မောင်းတတ်စရာလိုလို့လား .."

"ဩော် .. ဒါကတော့ သူ မောင်းတတ်နေလို့ပဲ အခု ကားသွားပြင်စမ်း၊ သွားပြန်ယူစမ်းနဲ့ ဘယ်ဖြစ်ဖြစ် ကိုယ်မသွားချင်တဲ့လမ်းကို ခိုင်းလို့ရနေတာပေါ့၊ ခုဆို ကားတွေကလည်း ဈေးပေါ်သေးပေါ ပေါနေလိုက်တာ .. ကစားစရာတွေ ရောင်းနေတဲ့အတိုင်းပဲ၊ ကားထပ်ဝယ်နိုင်ရင် တက္ကစီထောင်ပြီး သူ့ကို မောင်းခိုင်းလို့ ရသေးတယ် .."

"တော်ပါ မေမေရယ် .. ဒီလောက် ရဲတင်းတဲ့လူမျိုးကို အပြင်နယ်ပယ်ထဲ သွားလာလှုပ်ရှားခိုင်းလိုက်ရင်လား ..၊ ဒီတစ်အိမ်လုံးကို ရောင်းစားသွားလိမ့်မယ် .."

ပိုး က ပြောပြီး လှည့်ထွက်သွားသည်။ တစ်အိမ်လုံးရဲ့စိတ်ထဲမှာ သဏ္ဍာန့် ကို မြင်ထားကြတာ ဤသို့သောလူမျိုး ဖြစ်၏။ ဒါပေမယ့် အများအမြင်မှာတော့ တစ်အိမ်လုံးရဲ့ အနှံ့တာကို ခံနေရတဲ့သူ ..။

သဏ္ဍာန် ဆိုပေမယ့် သူ့ရဲ့ အတွင်းစိတ်သဏ္ဍာန်ကိုတော့ သူ့ကိုယ်သူထက် ဘယ်သူမှ ပိုသိမှာ မဟုတ်ပေ ..။

ဒီတိုင်းပဲ နေတတ်တာလား ..၊ ဒါမှမဟုတ် အကဲခတ်မရလောက်အောင် လျှို့ဝှက်လွန်းတာလား ..။

သူက ပြောမှာ မဟုတ်ပေမယ့် အချိန်က စကားပြောလာမှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၈ |

"အတွက် ရယ် .. ငါ့ခာတ်ပုံကို မကြည့်ဘူး၊ ဒီစာရွက်ကိုပဲ မျက်လုံးက မခွာဘူး .."

"နင့်ခာတ်ပုံက ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ပုံတူ ဖြစ်သွားတာပဲ၊ ဒီစာရွက်လေးပေါ်က အဲဒီလိုမှ မဟုတ်တာ .."

အတွက် က မဂ္ဂဇင်းစာအုပ်ကြီးကို ချိုင်းကြားထဲ ညှပ်ထားကာ ပန်းချီစာရွက်လေးကိုပဲကြည့်၍ တစ်လှမ်းချင်း လျှောက်နေ၏။

"ကဲ .. ငါတို့သာ မပါရင် ခလုတ်တိုက်တော့မယ်၊ ဒီမှာထိုင်ပြီး နေရာဦးထားလိုက် .. ငါတို့ဘာသာပဲ ကားသွားရွှေ့လိုက်တော့မယ်..၊ သော့ပေး .."

"ဒီမိန်းမက ဒီတိုင်း မတ်တတ်ရပ်နေမှာ ..၊ ငါ နေခဲ့လိုက်မယ်လေ .."

"အံမယ် .. ငါတစ်ယောက်တည်း ကားရွှေ့ရမှာ ကြောက်တယ်၊ ရှေ့ကြည့်နောက်ကြည့်တော့ လိုက်လုပ်ပေးရမှာ .. လိုက်ခဲ့ .."

ပန်းချီ က အတွက် လွယ်အိတ် ဘေးဇစ်ထဲက ကားသော့ကို သူမဘာသာပဲ နှိုက်ယူ၍ ဒေဝီ နဲ့လည်း စကားပြောသေးသည်။



ပြီးတော့ အတွက် ကို နှာခေါင်းတွန့်ကြည့်ကာ ...

"မယ်အတွက် နော် .. သိပ်လည်း ရောဂါတက်မနေနဲ့ ..၊ ခုခေတ်မှာ ရည်းစားထားနည်းတွေမှ မျိုးစုံပဲ၊ ပန်းချီပုံတူဆွဲပေးပြီး စည်းရုံးတာတွေ ရှိးနေပြီ .."

"နင် ရှိးပေမယ့် ငါမှ မရှိးဘဲ .."

အတွက် က လှည့်မကြည့်ဘဲ ရန်ပြန်တွေ့သည်။ ကုစရာ ဆေးမရှိတော့ဘူးဆိုသည့်အကြည့်နှင့် ပန်းချီ က ပခုံးတွန့်၏။ မဂ္ဂဇင်းထွက်လာတာနှင့် သူတို့ကတော့ ဖုန်းတွေ ဆက်ကြ .. ချိန်းကြ ..။

အကြောင်းအမျိုးမျိုးကြောင့် ချက်ချင်း မတွေ့ဖြစ်ကြပေမယ့် ဘယ်လောက်လှကြောင်း၊ ဘယ်လိုအသံတွေ ထွက်လာတဲ့အကြောင်း သတင်းတွေ ပို့ရင်း အတွက် ရဲ့ဖေဖေ ဘာပြောသေးလဲဆိုတာပါ စိုးရိမ်နေကြသည်။

သူမကတော့ ပုံတူပန်းချီတစ်ချပ် ရထားပြီး လောကကြီးကို မေ့နေ၏။

'သူ နင့်ကို လာတွေ့သေးလား'ဆိုတော့ 'ဟင့်အင်း'တဲ့ ..။

ခြံချင်းကပ်နေကာ စကားတွေလည်း လာပြောဖူးထားသည်။ ဒါတွေ ပို့နေတာလည်း ဆက်တိုက် ..။

"ဒါကတော့ သူ့ကို ငါက အတွဲနဲ့တွေ့ထားတော့ ချက်ချင်းကြီး ရာရမှာ အားနာနေမှာပေါ့"လို့ ဖြေတွေးနေသေးသည်။ "နင်ကရော ဒု လာရောတာနဲ့ မျောသွားမှာလား" မေးတော့ 'လာမှ မလာသေးတာ သိဘူး'တဲ့ ..။

ထားခဲ့တဲ့နေရာမှာပဲ မတ်တတ်လေး ကျန်ခဲ့သည့် အတွက် ကို ငဲ့ကြည့်ကာ ပန်းချီ နဲ့ ဒေဝီ အတွေးတွေ တူညီနေကြသည်။

"အတွက် တော့ တကယ်ကို ပစ်ကျနေတာ .."

"အင်း .."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မလွယ်ဘူး ထင်တယ် .."

"ဘာမှမှ မဟုတ်သေးတာ .."

သူတို့ စိတ်ချထားလိုက်ဖို့ ကြိုးစားနေတုန်းမှာ အတွက် က ဒီမနက် ပြသသဒါး ..။

"အတွက် နော် .."

ဟင်!...

အတွက် ထိုင်ဖို့ နေရာရှာနေတုန်း မျက်စိအောက်မှာ ခရမ်းရင့်ရောင် ရိုးရိုးချည်ပုဆိုးနှင့် ကတ္တီပါညှပ်ဖိနပ်ဟောင်းကို စီးထားသည့် ခြေထောက်တစ်စုံ ..။

မော့ကြည့်လိုက်တော့ ရယ်နေသည့်မျက်နှာက ဖြူဖပ်ဖပ်နှင့် မျက်ခုံးတွေက ဖျော့ဖျော့ ..၊ ရယ်နေတာကြောင့်လား မသိပေမယ့် မျက်လုံးက မှေးချင်ချင် ..၊ နဖူးကျယ်တာ သိသာနေတော့ ရုပ်မဆိုးပါဘူး ဆိုရမှာပေမယ့် လုံးဝ ကြည့်မကောင်း ..။

"ဟိုတစ်ခါ ခေါ်သံကြားလိုက်လို့ မှတ်ထားလိုက်တာ ..၊ ဟိုလေ.. ကျွန်တော် ဆွဲ .."

"ဒီမှာ .."

အတွက် က သူ မထိတထိ ကိုင်မလို့ ပြင်လိုက်သည့် ပန်းချီစာရွက်ကို ဖျတ်ခနဲ ရောင်၍ ခါးထောက်လိုက်ကာ ...

"ရှင်က လူကို နာမည်ခေါ်ပြီး လာနှုတ်ဆက်ရအောင် .. အဲဒီလို ခေါ်ပြော နှုတ်ဆက်နိုင်ပါတယ်လို့ ရှင့်ကို ဘယ်တုန်းကများ ခွင့်ပြုမိလို့လဲ .."

သွားတွေပေါ်အောင် ရယ်ပြနေသည့်မျက်နှာ တစ်ချက်တော့ ပျက်သွားသည်။ ပြီးတော့ ခါးထောက်ထားသည့် အတွက် ရဲ့ လက်တစ်ဖက်မှာ ကိုင်ထားသော ပုံတူကို ယောင်နန လက်ညှိုးထိုး၏။

"မဟုတ်ဘူးလေ .. ကျွန်တော်က .. ဒါကို .."





"ဘာမှ လာဖောမနေနဲ့ ..၊ ရှင့်ကို အဲဒီနေ့တည်းက ဘယ်လောက်ထိ စိတ်တိုတယ် မှတ်လဲ ..၊ နောက်ကို ဒီကနာမည် လုံးဝ မခေါ်နဲ့.."

"အတွက် ကျွန်တော့်ကို မသိသေးဘူး ထင်တယ် ..၊ ဒီပုံလေးကလေ .."

"တောက် .."

အတွက် စိတ်တိုတိုနှင့် ပုံကို ဘေးလွယ်အိတ်လေး ဖွင့်၍ ဖြစ်သလိုပဲ ထိုးထည့်ပစ်လိုက်သည်။ ဒါက မဂ္ဂဇင်းထဲမှာ ပါခဲ့တဲ့ပုံ ..။

ဒါလေး ခရမ်းလှတာပဲ ..၊ အတွက် က အနုပညာ ဝါသနာပါပုံရတယ်၊ ဘယ်လိုဘာညာ .. အများသူငါ ပြောကြတဲ့စကားတွေနဲ့ လာရောချင်တာ ..။

မော်ဒယ်ဖြစ်ချင်လို့ ပေါပေါတင်တင် ကြိုးစားခွင့် မရခဲ့ပေမယ့် အနုပညာနယ်ပယ်လေးတွေထဲမှာ ဟိုနေရာလေးမှာ ပါလာ ..၊ ဒီနေရာလေးမှာ မြင်ရနှင့် အတွက် ကျေနပ်နေခဲ့ရတာ ပန်းချီ ကျေးဇူးတွေပါ ..။

သူမကတော့ ဓာတ်ပုံသင်တန်း တက်ဖူးထားသည်။ ဝါသနာပါသည့်အတိုင်း တွင်တွင်ကျယ်ကျယ် ခြေလှမ်းစဖို့အတွက်လည်း မိဘအသိုင်းအဝိုင်းက အားပေးကြသည်။

အတွက် က သူမရဲ့မော်ဒယ်အဖြစ် .. ဘယ်နေရာဖြစ်ဖြစ် တွန်းတင်ပေးဖို့ သူမပဲ အစွမ်းကုန် ကြိုးစားနေတာ ဖြစ်သည်။ ဘာရယ်မဟုတ်ဘဲ အတွက် မှာ ပရိသတ်လေး နည်းနည်းပါးပါးတောင် ရှိနေပါပြီ။ လှလို့ လှတယ် ပြောနေကြတာလည်း နားရေဝနေခဲ့တဲ့အဖြစ် ..။

ဒါကို သူ ချီးမွမ်းတာလောက်နဲ့များ ပီတိတွေဖြာပြီး ခင်ပါမင်ပါ ဘာညာ ခွင့်ပြုမည် ထင်နေလို့လား ..။

ကြောင်တောင်တောင်ဖြစ်သွားသည့် မျက်နှာကို အတွက် နှာခေါင်းရှုံ့ကြည့်မိ၏။ ပုံတူပန်းချီကို သိမ်းလိုက်သဖြင့် ဟိုဒီ ဝေ့ဝဲ ထိုးမလို ဖြစ်နေသော လက်ညှိုးက မှန်းစရာ ..။



www.burmeseclassic.com

www.burmeseclassic.com



"အတွက် .. ဘာလဲ .."

ကားတောင် မထိုးရသေးဘဲ ဒေဝီ က လမ်းမအစပ်ကနေ အံ့သြနေသည့် မျက်နှာနှင့် လှမ်းမေး၏။

"ဘာမှမဟုတ်ဘူး ..၊ ကားလည်း ဒီမှာ မထိုးနဲ့တော့၊ ဝေးဝေးလေး သွားထိုးလိုက် .."

နေရာကောင်းလေး တွေ့ပြီးကာမှ သူ့ကြောင့် မထိုင်ရတော့သဖြင့် စိတ်ကလည်း တိုကာ မျက်မှောင်ကုတ်လေးနှင့် စိုက်ကြည့်ခဲ့သေးသည်။

သူ့ပုံစံနဲ့များ လူကို ရာရာစစ ..၊

"ဘာဖြစ်တာလဲ အတွက် ရယ် ..၊ စကားမပြောချင် နှင်လွှတ်လိုက်ပြီးတာပဲ .."

"မရလို့ပေါ့ .."

ကန်တော်ကြီး ဥယျာဉ်ထဲမှာ အရိပ်ကောင်းကောင်း သန့်သန့်ရှင်းရှင်း နေရာလေးတစ်ကွက်ရဖို့ သူတို့မှာ ကားနဲ့ ပတ်ရှာလိုက်ရ ..၊ ကားထားခဲ့ပြီး လမ်းလျှောက်ကြည့်ရ ..။

ခုတစ်ခါ ကားနဲ့ ပတ်ရပြန်ပါပြီ ..။

ဘယ်တော့မှ အေးဆေးထိုင်ခွင့်ရမည် မသိ ..။





## အခန်း [၉]

"တီ .."

"ဟာ!..."

နောက်က ကပ်တီးလိုက်သည့် ကားဟွန်းသံကြောင့် ခေါင်း ဖျတ်ခနဲ ဘေးကပ်လိုက်မိ၏။

လှည့်ကြည့်လိုက်တော့ ကားက သူ့ရှေ့နားမှာ ရပ်သွားပြီဖြစ်ကာ ဘားမှန်တစ်ချပ် လျှောခနဲ ကျသွား၏။

"ဟာ!..."

ဖွေးနေသည့်မျက်နှာလေးက အနက်ရောင် ပန်းပွင့်နားဆွဲလေးနှင့် မျက်မှန်နက် တပ်ထားသဖြင့် သူ ငေးသွားသည်။

"လန့်သွားတာလား .. ဆောရီး .."

"နည်းနည်းပါပဲ ..၊ မင်းကို တွေ့လိုက်တော့ ပျော်သွားပြီ .."

"ဟုတ်လို့လား မြင့်ခေါင် ..၊ အတွက် ထင်တာတော့ ပုံတွေဆွဲရင်း အတိတ်မေ့နေပြီလားလို့ .."

မြင်လိုက်တာနှင့် နှုတ်ဆက်ချင်သွားတော့ ဘယ်လိုလုပ်ရမလဲ ..၊ နေ အနားမှာ ပန်းချီ တို့ ရှိနေရင် ရှုံ့မဲ့ တားဆီးကြမည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖျတ်ခနဲ ဝင်လာသည့်အတွေးကို ဖျောက်၍ ကားပေါ်က ဆင်းလိုက်သည်။ မြင့်ခေါင် က ဘောင်းဘီရှည်အနက်နှင့် တီရှပ် အပြာရောင်ကို ဝတ်ထားကာ သူမက စတော့ကင်အနက်လေးနဲ့ အနီအနက် စင်းပါသည့် ကိုယ်ကျပ်ခါးရှည် ..။

အရောင်ဆင်တူ မဟုတ်သော်လည်း ခေါင် နဲ့ သူမ အရောင်ရင့် တာတွေချည်း ဖြစ်နေသဖြင့် ပြုံးလိုက်မိ၏။

"အရမ်းလှတာပဲ ..၊ အဲဒါကြောင့် လှမ်းမြင်လိုက်တိုင်း ဇစ္စေ မကြည့်မိအောင် နေရတယ် .."

"ဘာဖြစ်လို့လဲ .."

"အဟွန်း .. မပြောတော့ပါဘူး .."

"မပြောတာပဲ ကောင်းပါတယ်၊ အတွက် က စကားများတာ လည်း မကြိုက်ဘူး၊ အထူးသဖြင့် ယောကျ်ားလေးတွေ ကိုယ့်ရှေ့မှာ လာပြောတတ်တဲ့ စကားမျိုးတွေ .."

"တော်တော် များခဲ့တဲ့ပုံပဲနော် .."

"နည်းနည်းပါပဲ .."

သူ ပြောသလို ပြန်ပြောရင်း ရယ်လိုက်မိသည်။ သူ လိုက်ရယ်တော့ ကြည့်ကောင်းသွားသည့်မျက်နှာကို အတွက် ပြန်ကြည့်မိသလို ..၊ သူက လည်း စိုက်ကြည့်နေသဖြင့် အကြည့်ချင်း ဆုံသွားသည်။

"ဆောရီးပါဗျာ .. သေချာကြည့်မိရင် ရင်ထဲမှာ ကဗျာတွေ ဖြစ် ဖြစ်ကုန်လို့ .."

"ဒါဆိုလည်း ရေးလေ ..၊ ရှင်က တော်တာပဲ .."

"မဟုတ်တာ..၊ အတွက် ကလည်း .. အတွက် ဟုတ်ပါတယ်နော်.."

အတွက် မျက်ခုံးလေး တွန့်သွားမိသည်။ ခေါင် က ချက်ချင်း ပျာပျာသလဲ ဖြစ်သွားကာ ...

"ဟုတ်တယ် .. ဟိုတစ်ခါ ကိုယ်တို့ စကားပြောဖြစ်သေးတာပဲ၊





အဲဒီတုန်းက နာမည်မေးတော့ အတွက် က မပြောဘူးလေ ..၊ အတွက် သူငယ်ချင်းတွေ ခေါ်သံကြားလိုက်လို့သာ မှတ်ထားလိုက်ရတာ၊ ခုရော နာမည်ခေါ်ခွင့်ပြုမယ်မို့လား .."

ရှင် ဒီလောက်ထိ ရင်းနှီးဖို့ ခြေလှမ်းဝင်ပြီးကာမှ ဘယ်လို အတွက် ရှောင်ချင်လို့လဲ ခေါင် ..၊

အတွက် က ရှင့်ရဲ့ ကဗျာတွေနဲ့ ပန်းချီပုံတူတွေကြောင့် ပုံစံပြောင်း သွားတာများလားလို့ နည်းနည်းပါးပါး မတွေးမိဘူးလား ..။

သူ့မျက်နှာကို စိုက်ခနဲကြည့်မိရင်း ရင်ထဲမှာ စကားလုံးတွေ ပြည့် သိပ်လာ၏။ သူကတော့ အတွက် က စိတ်လိုလက်ရ စကားဆင်းပြော တာကို တော်တော် ပျော်ရွှင် ကျေနပ်နေပုံပင် ..။

"ကိုယ်တို့ ခြံချင်းကပ်လျက်နေကြပြီး မဆုံဖြစ်ဘူးနော်..၊ တကယ် တော့ ကိုယ်က စောင့်ကြည့်နေတဲ့သူပါ၊ မဆုံဖြစ်တာကတော့ ကိုယ်ပဲ ကံခေနေတာ ဖြစ်မယ် .."

"ဒါကြောင့် အတွက် က စပြီး နှုတ်ဆက်ရတာ ထင်တယ် .."

"အဲဒီအတွက်လည်း အခု အရမ်းကို ပျော်သွားတာ သိလား ..၊ အတွက် လို မိန်းမလှလေးနဲ့ ခင်မင်ခွင့်ရတာ ကိုယ် ထီပေါက်သလိုပဲ.."

ဒီလောက်တော့ မဟုတ်လောက်ဘူး ထင်သည်။

အတွက် သူ့မျက်နှာက အပြုံးကို စိုက်ကြည့်နေမိသည်။ မြင်လိုက် တာနှင့် ကားရပ်မိခြင်း၊ ဆင်းလာခဲ့မိခြင်းဟာ ဘယ်လိုတိုက်တွန်းချက်..၊ ဘယ်လိုဆွဲအားမျိုးကြောင့်မှန်းတော့ မသိ ..။

မျက်နှာချင်းဆိုင် စကားပြောမိသည့်အခါမှာ ကိုယ့်ကိုယ်ကိုယ် အမှားတစ်ခုကို ကျူးလွန်လိုက်မိသလို ခံစားရသည်။ ကိုယ့်အပြုအမူ အတွက် သူတောင် ဒီလောက်ထိ အံ့သြ ဝမ်းသာသွားခဲ့သည်ဆိုလျှင် ကိုယ့်ဘက်က အလောတကြီး ဆုံးဖြတ်လိုက်မိတာလား ..။

"အတွက် ဘာစဉ်းစားနေတာလဲဟင် ..၊ ကိုယ် ပြောတဲ့စကားထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အမှားပါသွားလို့လား ..''

''ဟင့်အင်း ..''

''ဒါဆို .. အိမ်ကလည်း ရောက်တော့မှာဆိုတော့ ကိုယ့်ကို ဖုန်းဆက်ခွင့်တော့ ပေးမယ်မို့လားဟင် ..''

''အတွက် က ဖုန်းပြောရတာ ဝါသနာမပါဘူး၊ ဖုန်းဆောင်ထားပေမယ့် ပိတ်ထားတာ များတယ် ..''

''အိမ်မှာ ပြောဖြစ်ကြရင်တော့ ကြိုးဖုန်းနဲ့ပဲ ဖြစ်မှာပါ ..''

''အိမ်က အကြောင်းအရာတွေဆို ပိုဆိုးသွားပြီ၊ အတွက် တို့က လူသစ်လေ ..၊ ဖုန်းကလည်း အသစ်ချထားတာ၊ ဖုန်းဝင်လာတာနဲ့ အန်တီက အရမ်း စစ်ဆေးတတ်တာ ခေါင် ရဲ့ ..''

''အိမ်နီးနားချင်း ခင်မင်ရာ ခင်ပင်ကြောင်းတွေ ပြောခွင့် မရှိဘူးလား ..''

''ခေါင့် မိဘတွေက အန်တီကို အိမ်နီးချင်း မိတ်ဖွဲ့ကြတဲ့စကားမျိုးဆို ရပါတယ် ..''

အပြုံးမပျက်သည့် အတွက် မျက်နှာလေးကို ကြည့်၍ ခေါင် နားမလည်နိုင် ဖြစ်သွားသည်။ လွှင် နဲ့အတူရှိနေတုန်းကလည်း သူမနဲ့ မျက်လုံးချင်းဆုံမိစဉ်မှာ သူ ရခဲ့တာ ဒီလို အေးစက်စက် အသွားအပြန်မျိုး မဟုတ် ..။

ပြီးတော့ ခုလည်း သူမပဲ ကိုယ့်နောက်က ပါလာပြီး လိုလားစွာ ဆင်းတွေ့ခဲ့တာ ..။

''အဟွန်း ..''

ကိုယ့်အတွေးနဲ့ကိုယ် ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်က...

''ဖုန်းပြောတာလေးတော့ ဝါသနာပါလိုက်ပါ အတွက် ရယ် .. မင်းက ပြောချင်စိတ် မရှိရင်လည်း မင်း ပြောချင်စိတ်ရှိတဲ့အခါကျမှ ကိုယ် ခေါ်ပါ့မယ်၊ နံပါတ်လေးတော့ ပေးကွာ ..''





''အဟွန်း ..''

''ဖုန်းပြောရတာ ဝါသနာမပါလည်း နားထောင်ပေးရုံတော့ ဖြစ်မယ်မို့လား ..''

''ဟင့်အင်း ..''

အတွက် က ခေါင်းခါ၍ ခြေတစ်လှမ်း ပြန်ဆုတ်သည်။

''ကျွန်မက ကဗျာတွေ ဖတ်ရတာကိုပဲ ဝါသနာပါတာ ..၊ ခံစားချက်တွေကို ပုံမဖော်ဘူး ..''

''ဘယ်လို ..''

''ရှင် သိနေမယ်လို့ ထင်ခဲ့တာ ..''

သူမ ဘာတွေ ပြောသွားတာယဲ ..၊ ကဗျာတွေဆို ရေးဖို့ ဖတ်ဖို့ သူ ဘာတစ်ခုမှ ဝါသနာမပါတာကို သိနေလို့ မတူညီတာတွေ ရွတ်ပြသွားတာလား ..။

ထွက်ခွာသွားပြီဖြစ်သည့် ကားလေးကို ငေးရင်း ခေါင့် စိတ်တွေ ရှုပ်ထွေးစွာ ကျန်ရစ်၏။ စိတ်ထဲမှာ သူမကိုမှ နေ့နေ့ညည သတိရနေလောက်အောင် ဖမ်းစားနိုင်လွန်းသည့် မျက်ဝန်းလေးတွေနဲ့ သူမရဲ့အလှတွေကို ဘယ်လို မေ့ရမလဲ ..။

မဖြစ်နိုင်ပါ ..၊ သူမနဲ့ စိတ်ကူးခဲ့မိတဲ့ အိပ်မက်တွေကိုတော့ ပျောက်ရှမခံနိုင် ..။

သူမကို သူ ဆုံးရှုံးမခံနိုင်တော့ပေ ..။

မင်းပဲ စခဲ့ပြီးတော့ အတွက် ရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

အားလုံး ကိုယ်ပဲ မှားခဲ့တာပါ။

တိုက်ကြီးရဲ့ ခေါင်းရင်းဘေးမှာ ဆက်တိုက်အပေါင်းတွေကို ပြုပြင် တိုက်ချုတ်ရင်း မျက်လုံးထဲမှာ သူမရဲ့ဒေါသမျက်နှာလေးကို မြင်နေမိသည်။ ပြောခဲ့သမျှကို ကြားနေခဲ့၏။

ခါးသီးသော စကားသံတွေနဲ့ သူမရဲ့မျက်နှာလှလှလေးက မလိုက်ဖက်ပါ။ တကယ်ဆို ဒီလောက်လှတဲ့ မျက်နှာလေးမှာ ဒေါသတွေနဲ့ အဆင်ဆိုးမသွားသင့်ပေ ..။

ဒါတွေဟာ ကာလ ဒေသ နားမလည်တဲ့ မင်းကြောင့်ပဲ သဏ္ဍာန် ..၊

မင်း ရေးတဲ့ ကဗျာတွေကို သူ ဖတ်ပေးတယ်၊ မင်းပေးတဲ့ ပုံတူပန်းချီကို သူ နှစ်သက်နေခဲ့တယ် ..။

သူ ပြုံးနေတဲ့ မျက်နှာလေးကို ကွယ်ရာကနေကြည့်ပြီး မင်း ကျေနပ်လိုက်ပါလား ..။

သူမနဲ့ ရင်းနှီးချင်စိတ်တွေနဲ့ သူ ကြိုးစားခဲ့မိသည်။ ချစ်ခင်မြတ်နိုးခြင်းတွေ မတန်မရာရေးနေပြီး တကယ်ဆို မင်း တော်ရာမှာပဲ နေသင့်တာ ..။





ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လို့ မဆုံးနိုင် ..၊ နောက်ထပ် ကဗျာတွေပေးရင်း သူမ ဖတ်ချင်ပါဦးမလားဆိုသည့် အတွေးက ရင်ထဲမှာ ပူလောင် ပြင်းပြနေသည်။

"အ!..."

ဝက်အူလှည့်က ချော်ထွက်ကာ လက်ဖဝါးစောင်းကို ထိုးခွဲသွား၏။ သွေးတွေ ချက်ချင်း ဖြာကျလာသည်။

"ကျွတ်!... ကျွတ်!..."

ဒဏ်ရာကို ကြည့်နေတုန်း ခြေသံကြားလိုက်သဖြင့် လက်ကို အဝတ်စုတ်နဲ့ ကောက်ပတ်ထားလိုက်၏။

"သဏ္ဍာန် .. ဒါလေးကို မပြီးနိုင်ဘူးလား ..၊ နင် .."

"ပြီးတော့မယ် မမပိုး .."

"အေး .. ပြီးရင် အိမ်ပေါ်တက်ခဲ့ ..၊ အလုပ်တွေ ရှိသေးတယ် .. ဒီနေ့ အလုပ်သမားတွေက ဟိုလူနား ဒီလူနားနဲ့ အလုပ်က ထောင့်မစေ့ဘူး၊ သူ့မှာ ခြံထဲမှာ တစ်ခုခု ခိုင်းမိရင် မပြီးတော့ဘူး .."

ပိုး ပြန်လှည့်သွားတော့ လေပြည်တစ်ချက် ဝေ့သွား၏။ ဘေးမှာ ဖြန့်လှန်းထားသည့် လယ်သာစက ဖျတ်ခနဲ လွင့်တက်ကာ မလှမ်းမကမ်းထိ ခေါက်ကျသွားသည်။

သူ ကမန်းကတန်း ထကောက်လိုက်ရင်း မျက်စိထဲမှာ ကဗျာစာရွက်လေးကို မြင်ယောင်သွား၏။ သူ ထားခဲ့တာ လေနဲ့များ လွင့်ပါသွားမလား ..။

အတွက် ဒီကဗျာတွေကို စိတ်မဝင်စားတော့ဘူးလား ..၊ ဝင်စားသေးသလားဆိုတာ ဒီစာရွက်လေး အတွက် လက်ထဲ ရောက်သွားမှ သူ သိရမှာ ဖြစ်သည်။

ထို့ကြောင့် ကိုယ် ထားခဲ့တဲ့နေရာဆီ ပြေးထွက်ခဲ့မိ၏။ ခြံနှစ်ခြံကို ခတ်ထားသည့် တံတိုင်းက အုတ်တံတိုင်းလည်း မဟုတ် ..၊ သံဆန်ခါ



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပါ ..။

သစ်ပုတ်ပင်တန်းတွေဖြစ်ကာ လူတစ်ရပ်ကျော် အုပ်ခဲနေကြတာဖြစ်၏။ အစက သံဆန်ခါနှင့် ကျောက်တိုင်တွေ ခြားထားပေမယ့် ဒီသစ်ပင်တွေ တံတိုင်းလို အုပ်ခဲလာကာမှ ယိုင်နဲ့နဲ့ ဖြစ်ကုန်သည့် သံဆန်ခါတွေကိုလည်း ပြုပြင်ဖို့ မကြိုးစားတော့တာ ဖြစ်သည်။

ဒါပေမယ့် သစ်ပင်တန်းတို့၏အောက်ခြေမှာ ပင်စည်ရိုးတံလေးတွေက နွယ်ခြေထောက်တွေလို ရှိနေတာမို့ လက်တစ်ဖက်တော့ ကောင်းကောင်း သွင်းနိုင်ထုတ်နိုင်သည်။

သဏ္ဍာန် လှုပ်ရှားနေတာက သံဆန်ခါတွေ လုံးဝ ပျက်စီးနေသည့်နေရာကွက်ကွက်လေးက ဖြစ်၏။ သူ ငုံ့ကြည့်လိုက်တော့ ထားသည့်နေရာမှာ စာရွက်လေးက မရှိတော့ပေ ..။

အတွက် လာယူသွားပြီလားလို့ တွေးမိလိုက်ပေမယ့် စာရွက်လေးကို သူ လှမ်းမြင်လိုက်ပါပြီ ..။

ဝါးတစ်ပြန်လောက်ထိ လွင့်သွားတာဖြစ်လျက် ဒီဘက်ခြံထဲကိုတစ်ဝက် ပြန်ညှပ်နေ၏။

"ကျွတ်!..."

ဒါ နေရာရွှေ့နေလို့ မဖြစ်ဘူး ..။

သွေး တအားထွက်နေလို့ အဝတ်စုတ်နဲ့ ဖိပိတ်ထားရသည့် ကိုယ့်လက်ကို သတိမေ့ကာ စာရွက်ကို နေရာတကျ ပြန်ထားဖို့ပဲ စိတ်စောသွားမိ၏။

ထို့ကြောင့် အလျင်စလို ပြေးလွှားလုပ်လိုက်ပြီးမှ ...

"ဟာ!... သွားပြီ .."

စာရွက်လေးမှာ သွေးစက်တွေ စွန်းထင်းသွား၏။ စိုးရိမ်စိတ်တို့နှင့် စာရွက်ကို ပြန်ကောက်ယူလိုက်လျှင် ...

"ဒါ ဘာလုပ်တာလဲ .."





ပုံတူပါသည့် ကဗျာစာရွက်လေးကို သူ ကိုင်မိလိုက်တာနှင့် သူ့လက်ဘေးမှာ တင်းပြည့်သွယ်လျသော ဖြူနုသည့် ခြေထောက်လေးတစ်စုံ ရောက်လာ၏။

ကြိုးလုံးသေးသေးလေးတွေနှင့် ဖိနှင့်ဒေါက် အဖြူရောင်လေးမှာ ဖု(တ်)ချိန်းလှလှလေးနဲ့ ခြေကျင်းဝတ်လေးကို သူ ငေးခနဲ ဖြစ်သွားမိ၏။

ဒါပေမယ့် ချက်ချင်း သတိဝင်လာကာ စာရွက်ကို ပြန်ဆွဲယူလိုက်ပြီး နေရာမှ ထရပ်လိုက်သည်။

တစ်ဖက်မှ တက်ခေါက်သံတစ်ချက် ကြားလိုက်ရပြီး သစ်ပုတ်ပင် အရွက်အခက်တွေကို လက်နဲ့ သိမ်းဖယ်ပစ်၏။

ထိုအခါ အတွက် နဲ့ သူ ခြံစည်းရိုးခြားနေပေမယ့် မျက်နှာချင်းဆိုင် နီးကပ်သွားခဲ့ပြီး ...

"နင် တော်တော် ယုတ်မာပါလား .."

သူ့သွေးသားတွေ ဖျင်းခနဲ ပူရှိန်းသွားသည်။ သူမရဲ့ မျက်လုံးစိမ်းတွေမှာ သူ့အပေါ် နူးညံ့မှု တစ်စုံတစ်ရာမှ မပါ ..။

"နင်က ဒီအိမ်မှာ ဘာလဲ .."

ပြောပြီး အလုပ်လုပ်ရာမှ ထလာခဲ့သည့် သဏ္ဍာန့် မျက်နှာပေါ်က ချေးညှော် အဆီကွက်တွေကို ရွံရှာသလို စူးစူးရဲရဲ ကြည့်သည်။

"ပြောလေ .. အဲဒီအိမ်က မာလီလား ..၊ ဒရိုင်ဘာလား .."

သဏ္ဍာန် ဘာမှမပြောနိုင်ဘဲ ငေးကြည့်နေဆဲ အတွက် က သူ ကိုင်ထားသည့် ကဗျာစာရွက်ကို လှမ်းကြည့်၍ ...

"ဒါကို လာခိုးတာ ဟုတ်လား .."

"ဒါ .. .."

"ဟွန်း .. အိမ်ပေါ်ကနေ ငါ မြင်လိုက်သားပဲ .. ဒီအိမ်မှာ ရှိနေမယ်မထင်လို့ .. နင် ဟုတ်ရဲ့လား သေချာအောင် လာကြည့်တာ .."

"အတွက် .. အတွက် .. ကျွန်တော့်ကို .."



www.burmeseclassic.com

www.burmeseclassic.com



ဒီကဗျာတွေနဲ့ ဘာမှမဆိုင်တဲ့လူလို့ ထင်လိုက်တာလားဆိုတဲ့ မေးခွန်း သူ့နှုတ်က မထွက်မီ သူ့လက်ထဲက ကဗျာစာရွက်ကို အတွက် က ဆွဲယူပစ်လိုက်၏။

"စွန်းကုန်ပြီ ..၊ တောက် .. ရုပ်နဲ့လိုက်ပြီး သူခိုးကျင့် သူခိုးကြံ ကြံတာ .."

"အတွက် .."

"ဖယ်စမ်း .."

စာရွက်ကို မရဲတရဲ လက်ညှိုးထိုးဟော့ ထိုလက်ကို အတွက် က ရိုက်ထုတ်ပစ်၏။ ထို့ပြင် စာရွက်ပေါ်က သွေးစက်တွေကို ငုံ့ကြည့်ပြီးမှ ပြန်မော့၍ ...

"နောက်တစ်ခါ နင့်ကို မြင်ရရင် ပါးရိုက်ဖြစ်မို့ လုံး၀ သေချာတယ်၊ ကြိုသတိပေးထားတာ .."

ပက်ပက်စက်စက် ပြောပြီးမှ ချာခနဲ လှည့်ထွက်သွားသည်။

ရင်ခွင်မှာ ကမ္ဘာပြိုတဲ့ နေ့တစ်နေ့ ...။





## အခန်း (၁၁)

♫ .. သာဂလဒေါ် တိုင်းပြည်ကြီးက ပပဝတီရယ် .. ချောလှတယ် ဘုံကြီး မြတ်[illegible] မိုးနတ်သူပုံနှယ် ...

.. ခုနစ်ဆောင်တိုက်ခန်းဝယ် မီးမထွန်းဘဲ လင်းရပြန်လေတယ် ...

♫ .. မောင့်မျက်နှာ ရုပ်အဆင်းမလှသူ မင်းကုသကြိုသလိုနှယ် .. ရှေး ကုသိုလ်ကံမွဲ .. အသည်းနာလေတယ် ..

.. ပုတ်ပေစေ အခြေမလှသူပါကွယ် ..

.. မောင့်ရုပ်ရည် အကျည်းတန်သော်လည်းကွယ် .. အသည်းမေတ္တာ လှပါတယ် အမိရယ် ..

.. စွဲချစ်သဒ္ဒါ သစ္စာဆိုပြမယ် .. အချစ်စစ် .. အချစ်မှန်တရား ကြီးမား သူပါကွယ် ..

.. အသက်နဲ့ခန္ဓာ .. တည်နေသမျှတော့ .. စောင့်မျှော်နေပါ့မယ် .. ♫

သီချင်းသံကြောင့် ကွန်ပျူတာရှေ့ကနေ အတွက် ထလာခဲ့မိသည်။ သီချင်းသံ ကြားရသည့်အခါတိုင်းလို တစ်ခြံလုံးကို လှမ်းကြည့်ရှာပေမယ့် သီဆိုနေသူကို မတွေ့ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံသည် ခေါင် ရယ်လိုက်တိုင်း ဖြစ်သွားတတ်သည့် ညို့ အားပြင်းသည့် အသံလေးအတိုင်း ..၊ ဒီအသံ ကြားလိုက်ရသည့်ခဏမှာ အတွက် ငေးငိုင် တွေဝေသွားနေကျ ..။

ခံစားထွက်ပေါ်လာသည့် သီချင်းသံတွေ၊ ရေးဖွဲ့သီကုံးလိုက်သည့် ကဗျာတွေက သူ့မျက်နှာပေါ်မှာ ရှိနေတတ်သည့် အပြုံးအရယ်တွေနဲ့ တော့ တခြားစီပါ။

♪ ... ချစ်လွန်းလို့ ကြံမိသူမယ် သောကတွေအသွယ်သွယ် .. စောင် ပိုက်ကာရယ် လိုက်ခဲ့ရပြန်တယ် ...
... အချစ်နယ်ထဲမှာ တဝဲလယ် .. ဩော် ...
... ခင့်လေသာစန်းဖြောင်ရိပ်ဝယ် တစ်သက်လုံး စောင့်မျှော်နေပါ့မယ်
.. အဖြေလှတဲ့ ..
... သူငယ်မပျိုရယ် .. မင်းကိုယ်တိုင် ထူမှ ထမယ် ထမယ်ကွယ်.. ♪

"ဂီတာတီးနေတော့ လက်က မနာတော့ဘူးလား .."

သံစဉ်တွေမဆုံးသေးခင် သူ့နားကို ခေါင် ရောက်လာ၏ သဏ္ဍာန် က သီချင်းဆက်မဆိုတော့ဘဲ ဂီတာကိုပါ ဘေးမှာ ထော ထားလိုက်၏။

"လုပ်လေ .. ကောင်းနေတာကို .."

"မင်းက ကောင်းပေမယ့် ငါက ကောင်းလို့တီးနေတာ မဟုတ်ဘူး

သဏ္ဍာန် က အရူးရင့်နေသည့်ရင်ဘတ်နှင့် မီးတွေလင်းနေသ တိုက်ကြီးဆီ မသိမသာ မျက်လုံးဝေ့၏။ ကိုယ်ပြောချင်သည့် ရင်တွ စကားတွေကို ကိုယ်သာ နားလည်ပါသည်။

ခေါင် ကလည်း နားလည်သလို ဘာသာပြန်လိုက်ပြီဖြစ်ကာ...

"ရင်ထဲမှာ မကောင်းတာတွေ ထားလိုက်စမ်းပါကွာ၊ ငါ မင်းဆီ







ညာတွေကို ဘယ်လိုရအောင်ယူရမှန်း မသိတာတွေ ဆွေးနွေးချင်လို့"

မှောင်မိုက်နေသည့် ပတ်ဝန်းကျင်မှာ ခေါင် ဝတ်ထားသည့် နို့စိမ်း ရောင် စပို့ရှပ်အကျႌက မီးစုန်းတွေလို အရောင်ထွက်နေ၏။

သဏ္ဍာန့် ဘေးမှာ ဝင်ထိုင်လိုက်တော့ ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာမှမမြင်ရတော့သလို ဖြစ်သွားသဖြင့် ရှုံ့မဲ့သွားကာ ...

"အိမ်အဝင်လမ်းနားမှာ မီးချောင်းရှိတယ်ကွာ၊ ပေါ်တီကိုရှေ့မှာ လည်း လင်းနေတာပဲ၊ တမင်တကာကို မှောင်မည်းနေတဲ့နေရာ ရွေးထား တာလား .."

"ငါ့အတွက် အဆင်ပြေပါတယ်"

"မင်းကလည်း သဏ္ဍာန် ရာ .. ဒီအိမ်မှာ ဒီလိုအပူတွေရှိနေတာ အဆန်းလည်း မဟုတ်ဘဲနဲ့ အချိန်တိုင်း ဒါတွေချည်း ရင်ထဲထည့်ခံစား နေပါနဲ့ ..၊ ဒီမှာ .. မင်းကို ငါ ပြောစရာတွေ အများကြီးပဲ"

"ငါ နားမထောင်ချင်သေးဘူး ခေါင် ရာ .."

"လုပ်ပါကွာ ..၊ ဘာလဲ .. လက်ကဒဏ်ရာက နာနေလို့လား"

"ဘယ်လိုဒဏ်ရာဖြစ်ဖြစ် ငါ မခံစားနိုင်လောက်အောင် မကြီးမား ပါဘူး"

"ဒါဆိုလည်း အဲဒါတွေ ငါ့အတွက် ခဏလေး ဘေးဖယ်ထား လိုက်စမ်းပါ၊ အခု ငါ မင်း အကူအညီ လိုနေတယ် .."

ညမှောင်မှောင်မှာ မမြင်ရပေမယ့် သဏ္ဍာန် သူ့မျက်နှာကိုကြည့်မိ သည်။ ခေါင် က မီးရောင်တွေမြင်နေရပေမယ့် သစ်ပင်ရိပ်တို့ကြားမှာမို့ အားမရသလိုမျိုး ဟိုဘက်ကတိုက်ကြီးကို လည်ပင်းရှည်ကြည့်၏။

"ငါ ကျိုင်တက်နေတယ်ကွ .."

"လေးလေးနဲ့လား .."

"ဟာ!... မင်းကလည်း .. တွေးလိုက်တာ ဒီအိမ်ထဲကကို မထွက် ဘူး၊ ကျွတ်!..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲ .."

"ငါချစ်တဲ့ ကောင်မလေးနဲ့ .."

သဏ္ဍာန် က စိတ်မဝင်စားတော့ဘဲ မျက်နှာပြန်လွှဲသွားကာ ဂီတာဆီ လက်လှမ်း၏။ ခေါင် က လက်ကို ပြန်ပုတ်ချ၍ ...

"ငါ့ကောင်မလေးက ကဗျာတွေကို ခရေစီဖြစ်နေတယ်ကွ .."

"ဟင်!..."

သဏ္ဍာန် ဖျတ်ခနဲ လှုပ်ရှားသွားတာကို ခေါင် သဘောကျသွားသည်။

"ငါ့ကိုမှကွ .. တကယ်ပါပဲ .."

"ကဗျာရေးခိုင်းနေလို့လား .."

"အဲဒီလိုဖြစ်နေပြီ .. ရည်းစားစကားပြောခွင့်ရဖို့ လှည့်ပတ်ခွေတယ်၊ သူက ကဗျာတွေအကြောင်းပဲ ပြောတယ် .."

အတွက် ပြောသွားသည့် 'ရှင်သိနေမယ် ထင်တာ' ဆိုသော စကားကို ဖျတ်ခနဲ ပြန်တွေးလိုက်ရင်း ...

"သူထင်သလို ငါက ကဗျာဆို တောင်ခြစ်မြောက်ခြစ်တောင် မတတ်ဘူး၊ ဆယ်တန်းတုန်းကလည်း မြန်မာစာနဲ့ကျလို့ ဖေဖေ ဒေါကန်တာလေ .."

"ကဗျာမရေးတတ်လို့ မချစ်နိုင်ဘူးဆိုလည်း ထားလိုက်ပေါ့ကွာ"

ကိုယ့်သောကနဲ့ကိုယ်မို့ သဏ္ဍာန် က စိတ်မရှည် ...။

"မင်းကလည်း စိတ်ရှည်ရှည်ထားစမ်းပါကွာ .. ငါ မင်းကို တစ်ခါက ပြောခဲ့ဖူးတဲ့ လွင် မဟုတ်ဘူးဆိုတဲ့ တစ်ယောက်လေ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"အရမ်းလှတာကွ၊ သူ့လိုအရပ်အမောင်း .. မျက်လုံး .. နှုတ်ခမ်း.. အသားရောင် ဝင်းစက်နေပုံကအစ ငါကြိုက်ခဲ့ဖူးတဲ့ အချောအလှတွေ ဘယ်သူမှ သူ့ကို မမီနိုင်ဘူး .."





"အခု မင်းရွတ်နေတာ ကဗျာတွေပဲ ခေါင် ..၊ အဲဒါတွေချရေးပြီး ပေးလိုက် .."

"ဟား!... မင်းက ငါ့ကို အနားကထွက်သွားမယ့်နည်းတွေချည်း သုံးနေတာလား၊ ငါ လမ်းပျောက်နေတိုင်း မင်းကို ဒီလိုပဲတိုင်ပင်နေကျ"

"မင်းမှာ လမ်းပျောက်တာ မရှိပါဘူး ခေါင် ရယ် .. လမ်းဟောင်းတွေကို မလိုက်ချင်ပေမယ့် လမ်းသစ်လည်း မရှာချင်တဲ့ အလွယ်ညဉ့် တစ်ခု ရှိနေတာပါ .."

"အလွယ်ညဉ့် .. ဟုတ်လား၊ မဆိုးဘူး ဟား .. ဟား .. ဟား ..."

သူရယ်နေတုန်း ဖုန်းသံမြည်လာသဖြင့် ဖွင့်လိုက်ကာ ...

"ပြောလေ လွင် .."

"... ... ... ..."

"အခုလား .."

မေးပြီး နာရီငုံ့ကြည့်လိုက်၏။ ပြီးမှ ...

"ကိုးနာရီထိုးတော့မယ် .. မင်း အခုထိ ပြန်မရောက်သေးတာလား .."

"... ... ... ..."

"ကိုယ်လည်း အိမ်မှာ ရှော့ခ်နည်းနည်းရှိတယ်ကွ၊ ထွက်လို့ အဆင်ပြေမှာမဟုတ်ဘူး .. မင်းသူငယ်ချင်း တစ်ယောက်ယောက်ကို ဖုန်းဆက်ကြည့်ပါလား၊ မာလာဦး တို့ .."

"... ... ... ..."

"ဆောရီးပါ .. ကိုယ် တကယ်မလွယ်လို့ .."

ဖုန်းချလိုက်ပြီး သက်ပြင်းချတာလည်း ရှည်လျားစွာ ...။

"လောကမှာ မလိုတာ ရ .. လိုတာ မရပါလား၊ တကယ်ညစ်တယ်ကွာ .."

"မင်းလိုချင်လို့ ရအောင် ယူခဲ့တာတွေ ..."



www.burmeseclassic.com

www.burmeseclassic.com



"အခု မလိုချင်ဘူး ..၊ လိုချင်တာက ခက်နေတယ် .."

"ခက်နေလို့ မင်း စိတ်ဝင်စားသွားတာလည်း ဖြစ်နိုင်တာပဲ"

"မပြောတတ်ဘူး .. ဒါပေမယ့် ငါ သူ့ကိုရမှ ဖြစ်မှာ .."

"အဲဒီတော့ ငါ့ကို ဘာလုပ်စေချင်တာလဲ .."

"ငါ ကဗျာရေးမှ ဖြစ်မယ်ထင်လို့ .."

"ရေးပါ .."

"မင်းက ငါ့ရဲ့ရှေ့ဒိုး လုပ်ပေးလေ .."

"ဘာ!..."

"ငါ တစ်လုံးမှမှ မရေးတတ်တာ .. ကဗျာရေးတတ်မှ ချစ်တတ်တာ မဟုတ်ဘူးဆိုတာ သူသိအောင် ငါ လုံးဝ မီးကုန်ယမ်းကုန် ချစ်ပြလိုက်မယ်၊ နောက်မှ ပေါ်သွားတော့လည်း ငါ ဘယ်လောက်ချစ်တတ်တာ သူ နားလည်နေပါပြီ .."

"ကျွတ်!..."

သဏ္ဍာန် စိတ်ညစ်စရာတွေချည်း ခေါင်းပေါ် တစ်ထုပ်ပြီးတစ်ထုပ် ရောက်လာသဖြင့် ညည်းသံ ထွက်လာခဲ့၏။

"လုပ်ပါ မင်းကလည်း .. ဒီလိုအကူအညီမျိုးကို ငါက လူတိုင်းဆီက မယူဘူး၊ မင်းမို့လို့ .."

"ငါ့ဆီကလည်း မယူသင့်ဘူး ခေါင် ..၊ မင်းပဲ စဉ်းစားကြည့် .. ကဗျာရေးတယ်ဆိုတာ ကိုယ့်ရဲ့နှလုံးသားက ခံစားရတဲ့အတိုင်း မွေးဖွားသီကုံးကြတဲ့အရာ ..၊ မင်း တကယ် သူ့ကိုချစ်လာရင် သူ့အလိုလို ခံစားချက်တွေ ထွက်လာမှာပဲ၊ ငါက ရေးရင် ငါ့ခံစားချက်အတိုင်း ဖြစ်လာမှာ၊ မင်းအတွက် ဘယ်လိုလုပ် ရေးရမလဲ .."

"မင်းပြောတာ လွဲနေပြီ သဏ္ဍာန် ..၊ ချစ်လာရင် ခံစားတတ်လာတာ အမှန်ပဲ၊ အဲဒါက စာသားတွေမှမဟုတ်ဘဲ၊ ခံစားလို့ရတိုင်း ကဗျာတွေဖြစ်လာရင် တစ်နိုင်ငံလုံး ကဗျာဆရာတွေချည်း ဖြစ်ကုန်မှာပေါ့၊





လူတိုင်း ချစ်တတ်ကြတာပဲလေ .. သပ်သပ်စီ တွေးစမ်းပါ"

ခေါင် ပြောတာကို သူ လက်ခံထားလိုက်သည်။ ဒါပေမယ့် ...

"ထားလိုက်စမ်းပါ .. ဒါပေမယ့် ဖြစ်လာတဲ့ခံစားချက်ကို ခံစားမိတဲ့အတိုင်း ထားလိုက်တာ ကောင်းတယ်၊ ရင်ဘတ်ငှားပြီး မခံစားပါနဲ့"

"အဲဒီလိုလည်း မဟုတ်ဘူးကွ .. မင်းပြောသလောက် မလေးနက်ဘဲ လိုသလောက်ပဲ ယူမယ်ကွာ၊ သူ့ပုံစံလေးကို အနီးကပ်မြင်ရလေ .. ငါ စွဲလမ်းလေပဲ .."

ခေါင် က ပြောနေရင်း ဟိုဘက်ကို လည်ပင်းရှည်ကြည့်ပြန်သည်။ ဒီတစ်ခါ သတိထားမိသွားသဖြင့် သဏ္ဍာန် မျက်မှောင်ကုတ်သွား၏။

"သူ ဒီနား နီးနီးလေးမှာရှိနေတာကိုက ငါ့အတွက် ဖြစ်လာတာပါ"

သဏ္ဍာန့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွားသည်။

"ခေါင် .. မင်းပြောနေတာ ဘယ်သူလဲ .."

"ဟိုဘက်ခြံမှာရောက်နေကြတဲ့ လူသစ်တွေလေ၊ ငါ မင်းကိုပြမလို့ဟာ တစ်ခါမှကို လှမ်းကြည့်လို့ မမြင်ဘူး၊ မြင်ရတော့ အနားမှာ မင်းက မရှိနဲ့ .."

သဏ္ဍာန့် ဆီက အသံတိတ်သွားတာကို ခေါင်း သတိမထားမိ..။

"သူ ငါနဲ့ စတွေ့တည်းက ငါ့ကို ကြည့်ပါတယ်၊ စကားပြောဆိုဆက်ဆံတာလည်း အလားအလာကောင်းရှိတယ်၊ အဲဒါ ငါ တွက်မိထားတာကွာ .. ဒါပေမယ့် တကယ်တမ်းကျတော့ သိပ်မလွယ်ဘူး၊ သူ့စိတ်ကို ဘယ်လို ဖမ်းဆုပ်ကြည့်ရမလဲဆိုတာ သိဖို့ တော်တော်ခက်မယ်ထင်တယ် .."

သဏ္ဍာန် ငုတ်တုတ်ငိုင်ရင်း လောကကြီးက ကိုယ်နဲ့ တစ်ကမ္ဘာစီဆီးကွာသွားသလို အထီးကျန် မျောလွင့်သွားခဲ့၏။ သူ ခေါင့် ကို ဘာဖြစ်လို့ မေ့နေခဲ့တာလဲ ..။

ခေါင့် လို အရည်အချင်းကောင်းများစွာနဲ့ မင်းသားတစ်ပါးကို



www.burmeseclassic.com

www.burmeseclassic.com



မေ့ပြီး ရွှေမင်းသမီးရဲ့ ဖူးစာပန်းကုံးကိုမှ လိုချင်တပ်မက်စွာ ခေါင်းတိုး မျှော်လင့်နေခဲ့မိသည်။

"ခုကျမှ မင်းရဲ့အရည်အချင်းတွေကို ငါ အားကျလာတာ သဏ္ဍာန်၊ ခုနက မင်း သီချင်းဆိုတဲ့အသံကို ငါ ဖြစ်လိုက်ချင်စိတ်တွေတောင် ပေါက်နေတာ ..၊ မင်း ကဗျာစပ်တတ်တာ ငါ သိတယ်၊ သီချင်းတွေ တောင် ကိုယ်တိုင်ရေးနေတာ ကဗျာလောက်တော့ အေးဆေးပေါ့၊ ငါ့မှာ အဲဒါတွေ ဘာမှမရှိဘူး .."

ကြေကွဲရင်းမဲ့ကျသွားသည့် နှုတ်ခမ်းသားတို့က တုန်ယင်နေသလား မသိ။ သဏ္ဍာန် ဂီတာကို လက်ပြန်ဆွဲယူကာ 'ခေါင်'ခနဲ ဆွဲခတ်ပစ်မိ သည်။

ပြီးတော့ ရှုညံ့သွားအောင် နှစ်ချက်သုံးချက် ဆွဲခတ်ပစ်လိုက်ပြီးမှ ထိန်းနိုင်သွားသည့်စိတ်ဖြင့် ...

"မင်းမှာရှိတာတွေကမှ မင်းဘဝအတွက် အမြဲတမ်း လုံခြုံမွေး ထွေးမယ့် အမိုးအကာတွေပါ၊ ကန္တာရခရီးကို ဖြတ်သန်းနေရတဲ့လူမှာ ရေတစ်ဘူးနဲ့ ထန်းလက်တစ်ခု ပါသွားတာကို အားမကျပါနဲ့ .."

"မင်းကလည်း ကဗျာဆန်နေပြန်ပြီ၊ အခု ကောင်မလေးက ငါ့ကို ကဗျာရေးခိုင်းနေတာကွ .. ဒီစာမေးပွဲမှာ ကဗျာမပါရင် ငါ'အောင်မှတ် အပြည့်ရမှာ မဟုတ်ဘူး၊ ငါ့ရဲ့ အခု အဓိကလိုအပ်ချက်က ကဗျာပဲ၊ မင်း ရေးပေးမှာလား .."

သဏ္ဍာန် က မဖြေ ..။

"မင်းကို ငါ သူ့ကိုမြင်ဖူးအောင် ပြမယ် .. မြင်လိုက်ရင် **မင်းရင်ထဲ** မှာ ကဗျာတွေ ဖြစ်လာမှာပါ .."

"ငါ့ကဗျာတွေက ငါ့အတွက်ပဲဖြစ်နေရင် ဘယ်လိုလုပ်**မလဲ ..**"

"ဘယ်လို!..."

ခေါင် က အံ့သြသလို ပြန်မေးပြီးမှ ...





"ဟား .. ဟား .. ဟား ..."

ဟက်ဟက်ပက်ပက် ရယ်၏။ သူ ဘယ်လိုသဘောနဲ့ရယ်နေမှန်း မသိပေမယ့် သဏ္ဍာန် နာကျင်သွား၏။

'မင်းနဲ့တန်လို့လား'လို့ မင်းရင်ထဲမှာ မေးနေသလား ခေါင် ..၊

ဒါမှမဟုတ် .. 'မင်းမှန်းရဲရင် မှန်းလိုက်ပေါ့'လို့ စိတ်ထဲကပြောရင်း လှောင်ရယ်နေတာလား ..၊ ဒါပေမယ့် ချစ်တဲ့စိတ်ဟာ ပြောစကား နားမထောင်တတ်တဲ့ ကလေးမိုက်ပါ။

"ဆောရီးနော် ဟော့ကောင်.. ငါရယ်တာ ဘာဖြစ်လို့ အဲဒီလို မတွေး မိခဲ့တာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိရသွားလို့ပါ၊ အဟွန်း .. ဒါပေ မယ့် ငါ လက်ညှိုးထိုးထားတဲ့ ပန်းလေးကိုတော့ မင်း လုယက် မခူးဘူး ဆိုတာ ငါ သိပါတယ် .."

စိတ်သက်သာသွားအောင် ဖြေပေးလိုက်တော့ သူ နှမ်းလျှံစွာ ပြုံး မိ၏။

"ကျေးဇူးပဲ ခေါင် .."

လှိုက်လှိုက်လှဲလှဲပြောရင်း စကားသံတွေ အဖျားခတ် တုန်ယင်သွား တာ ကိုယ့်ကိုယ်ကိုယ် သိနေသည်။ အံကြိတ်ထားရင်း သွားခြေတွေ လည်း နာကျင်စပြု၏။

အရမ်းကိုချစ်နေမိလို့ ကိုယ် ရှက်မိပါတယ်။ တကယ်ဆို အစ တည်းက မထိုက်မှန်းတော့ သိဖို့သင့်ပါလျက်နှင့် ..၊

"မင်း ဘယ်လိုလဲ ..၊ ရေးပေးမှာလား .. ပြောလေကွာ .."

"ရေးပေးမယ် .."

"အိုခေ .. အိုခေ .. ဒါဆို ငါ့ရင်ဘတ်ထဲမှာ လုံးဝ ငြိမ်းချမ်းသွားပြီ"

ငါ့ရင်ထဲမှာ လောင်နေတာက ပြာတွေတောင်ဖြစ်နေပြီ ခေါင် ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၂ ]

"နင်ကလည်း နင့်အိမ်နားမှာ သူ့ဟာသူ အစကတည်းက ရှိနေတဲ့ ကိစ္စ ..၊ ခုမှ လိုက်ရှေ့လာတာမှ မဟုတ်တာ .."

"အေးလေ .. နောက်မှရောက်သွားတာက နင်ပဲ .."

အားလုံး ပြောပြလိုက်တော့ ပန်းချီ တို့က သူ့ကိုတောင် သနားကရုဏာတွေ ဖြစ်နေကြသေးသည်။

"နေဦး၊ ဒီ .. ဒီဟာ ဆေးစက်တွေကျတာ မဟုတ်ဘူးထင်တယ် အတွက်၊ သေချာကြည့်ဦး .. သွေးတွေထင်တယ် .."

"ဘာ!..."

"အော်လိုက်တာဟယ် .. လန့်သွားတာပဲ .."

နှစ်ယောက်ရဲ့အလယ်မှာလို နေတာမို့ ဒီဘက်မှာရှိသည့် ဒေဝီ လန့်ဖျပ်သွား၏။ အတွက် က ပန်းချီ ပွတ်သပ်ကြည့်လိုက်၊ နမ်းကြည့်လိုက်ဖြစ်နေသော စာရွက်ကို ဆွဲယူလိုက်ကာ ...

"သွေးတွေ .. တကယ်လား .."

"ဟုတ်တယ် .. ငါ ရေနွေးစက်ကျသွားလို့ ကမန်းကတန်း ကိုင်လိုက်မိတာ၊ မသင်္ကာလို့ ပွတ်ကြည့်ပြီး နမ်းလိုက်တော့ .."





"တော်ပြီ .. တော်ပြီ၊ ဒီလူ .. တောက် ..."

"အတွက် ရယ် .. သွေးတွေမြင်နေရတဲ့အကြောင်းကိုလည်း တွေးကြည့်ပါဦး၊ နင်ကလည်း ဘာဖြစ်လို့ သူ့ကိုပဲ ဒီလောက်တောင် မုန်းနေရတာလဲ .."

"မသိဘူး .. ငါ့မျက်နှာနဲ့ ကပ်ကပ်လေး ဝင်ပါလာတည်းက အဲဒီခေါ်တ်ပုံကို အမြဲတမ်းသတိရနေပြီး စိတ်တိုနေတာ၊ ဟိုတစ်ခါ စကားလာပြောတော့ ပိုဆိုးသွားတယ်၊ သူ့ကိုယ်သူ ဘာထင်ပြီး ငါ့ကိုချဉ်းကပ်နေရတာလဲ၊ ဟွန်း .. ဒရိုင်ဘာရုပ်နဲ့ စုတ်စုတ်ပြတ်ပြတ်ကများ .."

"သြော် .. ပြောကာမှ ပိုဆိုးနေပြန်ပြီ၊ ရန့်ရင်းကြမ်းကမ်းတဲ့စကားတွေ ပြောပါများရင် မျက်နှာကပါ တဖြည်းဖြည်း ကြမ်းတမ်း ရင့်ရော်လာတယ်တဲ့ .. မကြောက်ဘူးလား .."

"ရင့်ပေမယ့် ငါ အရမ်းစိတ်တိုတာပဲ၊ အဲဒီလူ သူ့အိမ်က တစ်ယောက်နဲ့ ငါ ငြိနေတာကို သိကိုသိတယ်၊ ဒီကဗျာတွေနဲ့ ငါတို့ အသွားအပြန်တွေ ပေးယူနေတာကိုလည်း သိလို့ တမင်လာခိုးတာ၊ ငါနဲ့မမိရင် ဒါ သူ ယူဝှက်ထားတော့မှာ .."

"ယူဝှက်ထားလိုက်တော့ရော ဘာဖြစ်လဲ ..၊ နင်ပဲ ခုနကပြောတော့ သူ့လက်နဲ့ ကိုယ်တိုင်လာမပေးရင် ဒါတွေ သွားမယူတော့ဘူးဆို .."

"ဟုတ်တယ်လေ .. ကြားက အဖျက်သမားရှိနေကာမှ ဘာသွားလုပ်ရမှာလဲ .."

"အဲဒီလိုပုံစံ မဟုတ်ပါဘူး၊ ခုန နင်ပြောတာ ခေါင့် ကိုလည်း စိတ်ဝင်စားတာမဟုတ်ဘဲနဲ့ နင်နဲ့ ချိတ်စွပ်တူအောင် ပုံတူတွေ ဆွဲပေးနေတာကြောင့် စိတ်ဝင်စားမိတာလိုလို .."

"ဘာကြောင့်ဖြစ်ဖြစ် အဲဒါ ငါတို့ကိစ္စပဲ၊ သူက ယောကျ်ားဖြစ်ပြီးတော့ သူခိုးကျင့် သူခိုးကြံ"

"တစ်ဖက်သတ်အချစ်ဆိုတာ လူတောင် သတ်ကြသေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရယ် .. ခေါင် နဲ့ နင် ဆက်သွယ်နေတာကို သူ မလိုလားလို့ ဖျက်တာဆိုရင်လည်း နင်တို့က ချစ်သူတွေလည်းမဟုတ်ကြဘဲနဲ့ ထားလိုက်ပါလား ..''

ပန်းချီ ကလည်း ခေါင်းညိတ်ကာ ...

''ဟုတ်သားပဲ .. ခေါင် လုပ်ရမယ့်အလုပ်ကို နင်က လုပ်နေသလိုပဲ ..''

''ပန်းချီ .. ငါက သူ ဖျက်လိုဖျက်ဆီးလုပ်နေတာ တစ်ခုတည်းကို ပြောနေတာ မဟုတ်ဘူး၊ ငါ့ကို သူ မုန်းနေလို့ စိတ်တိုတာ .. တန်ရာတန်ရာဆိုတာ ရှိတယ်''

''ဒါက အဆင့်အတန်းချင်း ယှဉ်ကြည့်ပြီဆိုမှ ကွာခြားချက်တွေ ဖြစ်လာမယ့်ကိစ္စလေ၊ အချစ်မှာတော့ မတူတာမတန်တာ မရှိပါဘူး''

''ပန်းချီ .. နင်တို့နှစ်ယောက် သူ့ဘက်ကနေ ငါ့ကို တိုက်ခိုက်နေကြတာလား ..''

အကြော်နဲ့ ရေနွေးပူပူကို တစ်လှည့်စီ ဝါးမျိုနေသည့် ဒေဝီ လည်ချောင်းကြီး စင်းသွားသည်။ အတွက် ခွပ်စွဲလိုက်သည့် စကားကြောင့် ရေနွေးတွေ လမ်းကြောင်းလွဲကုန်တာ လည်ချောင်းတစ်လျှောက်လုံး ကျက်သွားပြီလား မသိ ..။

အင်းလျားရေပြင်ကလည်း လေပူတွေပဲ တိုက်နေသည်။ မိုးအုံ့နေသားနဲ့လည်း ချွေးပြန်နေခဲ့၏။

ဒေဝီ နဲ့ ပန်းချီ မျက်လုံးဆုံကာ အပြစ်ကျခံလိုက်ရသူတွေလို ...

''ဖြစ်ရလေဟယ် ..''

အတွက် ကို လှည့်ကြည့်ကာ ပြိုင်တူ ညည်းတွားမိကြ၏။

''ဘာ ဖြစ်ရလေလဲ .. ငါ ဒါကို စပြောတည်းက ငါတစ်ယောက်တည်းပဲ ဒွတ်တိုး ငြင်းနေရတယ်၊ နင်တို့က သူ့ဘက်ကချည်းပဲ၊ ဘယ်တုန်းက နားလည်သွားကြတာလဲ ..''





''ဟဲ့ .. ငါတို့က ဘာကိစ္စ သူ့ဘက်က ပါရမှာလဲ၊ ဒါပေမယ့် ..''

ဒေဝီ က 'ဒါပေမယ့်'မှာ ရပ်သွားကာ ပန်းကန်ထဲမှာကျန်နေသည့် အကြော်တစ်ခုကို ကောက်ကိုင်၏။ ပြီးတော့ စားတာလည်း မဟုတ်ဘဲ ပြန်ချထားလိုက်ရင်း ...

''ဒါပေမယ့် တစ်ခုတော့ ရှိတာပေါ့ ..''

''ဘာတစ်ခုလဲ ..၊ မြန်မြန်ပြော ..''

''နင့်ရဲ့ ခေါင် ကိုတော့ ငါတို့ သိပ်မကြိုက်တာ အမှန်ပဲ''

''ဘယ်သူကရော ကြိုက်နေလို့လဲ ..၊ အဲဒါနဲ့ပဲ ဟို .. ဖြူခြောက်လူသေရုပ်နဲ့လူက သနားစရာ ဖြစ်သွားရောလား ..''

''ဒါက နင် ဒေါသထွက်နေရတာ ပူလောင်လွန်းလို့ ဖြေသိမ့်စကားပြောတာပါ၊ ဒေါသဖြစ်တိုင်း ဖိနှိမ် ကြိမ်းဝါးနေတော့ .. ငရဲကြီးတယ်လေ ..''

အတွက် က ဘာပြောပြော ဒေါသမပြေသည့်မျက်နှာလေးနှင့် ဘာမှလည်း မစား၊ မျက်ခုံးတန်းလေးတွေ တွန့်နေတာကလည်း မပြေ ..။

''ပေး .. အဲဒီပုံ ရေထဲချပစ်လိုက်မယ် ..''

''ဟာ .. မလုပ်ပါနဲ့၊ သွေးဖြစ်ဖြစ် .. ဆေးဖြစ်ဖြစ် နင့်ပုံ ပါတယ်လေ၊ မီးမရှို့ကောင်းဘူး .. မဆုတ်ဖြဲကောင်းဘူး၊ ရေထဲလည်း မချလိုက်ပါနဲ့ ..''

ပန်းချီ က သူမ ပြန်ဆွဲယူထားရသည့်ပုံလေးကို လွယ်အိတ်ထဲထိ ထပ်မံ သိမ်းဆည်းလိုက်ရင်း ...

''ပြီးတော့ ဒီပုံလေးက အရမ်းလှနေတာ ..''

''ပန်းချီ နော် .. ဒီပုံမျိုးတွေ နင်ချည်းပဲ သိမ်းနေတာ ..၊ ဟိုတစ်ခါ ဓာတ်ပုံရော ဖျက်လိုက်ပြီဆိုတာ ဟုတ်ရဲ့လား ..''

''မယုံရင် ဒီတစ်ခါ ကင်မရာ ပါလာမှ ကြည့် ..''

အတွက် က မျက်စောင်းထိုးပြီး တစ်ဖက်လှည့်သွားမှ ပန်းချီ ပန်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွန့်၍ ဇက်ပုသွား၏။ ဒေဝီ ကလည်း ပန်းချီ မမြင်အောင် ရယ်နေလျက် ချက်ချင်း မျက်နှာပိုးသတ်ကာ ...

"အခု နောက်ထပ် နှစ်ပုံစလုံးပဲနော် .. ကဗျာသပ်သပ်၊ ပုံသပ်သပ် မဟုတ်တော့ဘူး၊ ပန်းချီပုံရေးရေးပေါ်မှာ ကဗျာလေးတွေတင်ထားတာ မိုက်တယ်၊ အဲဒါကြောင့် ခေါင် ဆိုတဲ့လူ ဝိုင်းဝိုင်းလည်နေတာဖြစ်မယ်"

"ဒါပေါ့ .. ပွေတဲ့ရှုပ်တဲ့လူတွေ အပြောကောင်းတာပဲဥစ္စာ၊ စာထဲမှာ တစ်ယောက်ဆိုတစ်ယောက် သေအောင်ချစ်သွားမယ့်ပုံနဲ့ အပြင်မှာ ကျတော့ တွဲနေတာ တစ်ယောက်ပြီးတစ်ယောက် .."

"နင် မြင်လို့လား ပန်းချီ ရဲ့ .. ငါတော့ အတွက် နဲ့ မသိခင်က တွဲတဲ့တစ်ယောက်ပဲ တွေ့တယ်"

"အေးလေ .. မတွေ့လိုက်ရတာပဲရှိတာ၊ မြင့်ခေါင် ဆိုတဲ့လူက သိချင်ရင် ကလစ်တစ်ချက်ပဲ ထောက်လိုက် .. တကယ့်ပေါပြူလာ .."

မြင့်ခေါင် အကြောင်း ခေါင်းစဉ်ပြောင်းသွားမှပဲ အတွက် မျက်နှာလေး အနည်းငယ် ကြည်လင်တော်မူ၏။

"ဒီမှာ သူ့အကြောင်း အပုတ်ချပြဖို့လည်း မစဉ်းစားနဲ့ .. ဘယ်သူ့ရာဇဝင်မှ ငါ စိတ်မဝင်စားသေးဘူး၊ မြင့်ခေါင် ဖြစ်ဖြစ်.. မြေပြင်ဖြစ်ဖြစ်"

"နင်က စိတ်မဝင်စားသေးပေမယ့် ဟိုမှာ လာနေပြီ မြင့်ခေါင် .. ဒီနိုင်းက အလန်းသားနဲ့"

ဒေဝီ က မသိမသာ သတင်းပို့ပေမယ့် ပန်းချီ က ဖျတ်ခနဲ လှည့်ကြည့်၏။ အတွက် ဘေးဘီကို မျက်လုံးကစားလိုက်ပေမယ့် မတွေ့တော့ ကိုယ့်နောက်ကျောက လာနေတာမှန်း သိလိုက်သည်။

သိပ်မကြာခင်မှာ ရေမွှေးနံ့တစ်ချက် ဝေ့သွားလျက် ...

"ကိုယ် ထိုင်မယ်နော် .."

ဘယ်သူမှ ခေါင်းမညိတ်ခဲ့ဘူးထင်သည်။ ဒါပေမယ့် သူက အတွက် ဘေးမှာ ဝင်ထိုင်လိုက်ပြီးဖြစ်ကာ ...





"စားပြီးကုန်ကြပြီလား.. တစ်ခုခု ထပ်မှာပါဦး၊ အားလုံးနဲ့ မိတ်ဖြစ်ဆွေဖြစ် ကျွန်တော် ကျွေးပါရစေ"

"ကျွန်မတို့က စားပြီးပါပြီ၊ အတွက် တစ်ယောက်ပဲ ဘာမှမစားရသေးတာ .."

"ဟုတ်တယ် .."

သူက ကြည့်တော့ အတွက် ကလည်း ပြန်ငဲ့ကြည့်ပြီး ပြုံးလိုက်ကာ ...

"စားသောက်ပွဲဖြစ်မှ မိတ်ဆွေဖြစ်တာ မဟုတ်ပါဘူး၊ အခု ရှင်လာရတဲ့အကြောင်းကို အရင်ပြောပါလား .."

"ဟာ .. အတွက် ကလည်း အဲဒီလို အကြောင်းပြချက်ကြီးနဲ့တော့ ဘယ်ဟုတ်မလဲ၊ နောက်ပြီး ကိုယ်တို့ချင်းက လုံးဝ စိမ်းသက်ခဲ့တာလည်း မဟုတ်ဘူးလေ..."

"ဒါဆိုလည်း ရှင် ခုနကပြောတဲ့စကားတွေ ပြောဖို့ လိုလို့လား.."

"အဟွန်း .. အဲဒါက ဒီက မ .. ဟို ..."

"သူက ဒေဝီလင်း တဲ့၊ သူက ပန်းချီ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ တို့က ..."

"မြင့်ခေါင် ဆိုတာ သိတယ်"

အဆင်ပြေပြေ ရှိမနေသည့် မျက်နှာတွေကို စိုက်ကြည့်ပြီး ခေါင့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွား၏။ ဒါပေမယ့် ...

"ဟုတ်ပါပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်မင်ခွင့်ရပြီလို့ပဲ သတ်မှတ်ပြီး ဝမ်းသာပါတယ်"

လူလည်ပါလား ...၊

ဒေဝီ နဲ့ ပန်းချီ မျက်လုံးချင်းဆုံ၏။

"ဒီမှာ အတွက် ကို ပေးချင်လို့ ကိုယ် ကဗျာရေးလာခဲ့တာ ..."

ဖြစ်လာတော့လည်း ချက်ချင်းပါလား ...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လှမ်းကြည့်လိုက်တော့ အတွက် မျက်ဝန်းလေးတွေ တောက်သွားတာ တဖိတ်ဖိတ်လက်၏။

ကဗျာများ မဖတ်ဘူးတာကျနေတာပဲ ဒီမိန်းမ ...။

မြင့်ခေါင် ဆိုတဲ့လူ ရေးတာကို သူ ကြိုက်နေတာဖြစ်မှာ ...။

နှစ်ယောက်စလုံး တစ်ယောက်တစ်မျိုး တွေးနေကြကာ အကြည့်တွေကိုတော့ အရိုးသားဆုံး ပြင်ဆင်ထားကြရ၏။

ပြီးတော့ ကဗျာဆိုတာကို လှမ်းကြည့်မိကြသည်။

ပေးနေကျလိုစာရွက်လေးအတိုင်း မဟုတ်ဘဲ အစိမ်းရောင်ပလတ်စတစ်ပျော့လေးထဲမှာ ညှပ်ထည့်ထားတာမို့ ဘာမှလည်း မမြင်ရ ...။

"ဟိုလေ... အတွက် အများကြီးဖတ်ရအောင် တစ်ညလုံး ထိုင်ရေးချင်တာပါ၊ ဒါပေမယ့် ..."

"ကဗျာဆိုတာ အများကြီးထိုင်ဖတ်နေလို့ မကောင်းဘူး ကိုမြင့်ခေါင်ရဲ့ .. ကျွန်မတို့ အတွက် က အဲဒီတာမှ မဟုတ်တာ .."

"အေးလေ .. ကိုယ့်အတွက်ဆိုတာ သီးသန့်ပဲ ရှိရမှာပေါ့ .."

ဒေဝီ တို့ ဝင်ပြောလိုက်တော့မှ ခေါင် နောင်တရသွားမိသည်။ သူကိုက လျှာရှည်မိတာပါ ...။

တကယ်ဆို သူက သုံးပုဒ်လောက် ရေးပေးပါ ပြောခဲ့သေးသည်။ သဏ္ဌာန် က ခေါင်းခါခဲ့တာ ဖြစ်၏။

"သုံးရက်တစ်ခါ တစ်ပုဒ်ပဲ ပေးစမ်းပါ၊ နောက်ပြီး ငါ့ကဗျာကို ငါပေးတဲ့အတိုင်းပဲ ပေးရမှာ .. ပြန်မကူးရဘူး၊ နေ့တိုင်း မရေးခိုင်းရဘူး၊ အဲဒါ သဘောတူလား" တဲ့ ...။

"မင်းကလည်း ဈေးကိုင်လိုက်တာ၊ မင်းလက်ရေးကြီးနဲ့ဆို ငါ့ လက်ရေးကိုမြင်သွားတဲ့ တစ်ချိန်ချိန်မှာ ရှော့ခ်ရှိတယ် .."

"မင်းပဲ မင်းအချစ်တွေနဲ့ စည်းရုံးထားပြီးမှဆိုရင် ရှော့ခ်မရှိဘူးဆို"

သဏ္ဌာန် ဆိုတဲ့ကောင် တစ်ခါတစ်ခါကျတော့ ဘာကောင်မှန်း





မသိအောင် ဂျစ်ကန်ကန်နိုင်လွန်းသည်။

ကွန်ပျူတာနဲ့ စာစီပါရစေဆိုတာတောင် 'မလုပ်ရဘူး' လို့ တားခဲ့သေး၏။

သူကလည်း နောင်တစ်ချိန်အတွက်ဆိုတာကို သိပ်ပူပင်နေတတ်တာ မဟုတ်ပါ။ ဒါကြောင့် ဒီတိုင်းယူလာပေးခဲ့တာ ဖြစ်သည်။

ဒေဝီ တို့မျက်နှာတွေမှာ ရာသီဥတု မသာယာပေမယ့် အတွက်ကတော့ သူပေးတဲ့အိတ်လေးကို ချက်ချင်း ကောက်ယူလိုက်တာ မျက်ဝန်းလေးတွေ ချိုလို့ ...။

"လက်ရေးကိုတော့ သည်းခံနော် .."

"ဟွန့် .."

အတွက် ဆီက မဟုတ်သော စိတ်မရှည်သည့်သက်ပြင်းချသံ ဖြစ်သည်။ ခေါင် လှည့်ကြည့်ပေမယ့် ဒေဝီ နဲ့ ပန်းချီ က သူတို့ မဟုတ်သလို မျက်နှာလေးတွေနှင့် ...

နည်းနည်းတော့ ခေါင် စိတ်ညစ်သွားမိသည်။ အတွက် ရဲ့သူငယ်ချင်းတွေကို သူ ဘယ်လိုစည်းရုံးရမလဲ ...၊ ဒါကိုတော့ ဂရုစိုက်ဖို့ လိုသည်မှန်း သူ တွက်မိနေ၏။

သူ တွေးနေတုန်း ဒေဝီ သူ့မျက်နှာကို တည့်တည့်ကြည့်လာကာ...

"ဒါနဲ့ ကိုမြင့်ခေါင် .."

"ခေါင် လို့ပဲ တရင်းတနှီးခေါ်ပါ၊ အတွက် ခေါ်သလိုပေါ့"

စကားပြောဖို့ ပြင်မိပြီးမှ စေတနာပျက်အောင် စလာပြန်ပြီ ...။

ဒါ အတွက် နဲ့ သူ ရင်းနှီးကြပြီးသားဆိုတာ သိစေလိုက်တာပေါ့။

ဒေဝီ နှာခေါင်းလေး ရှုံ့ပွပွ ဖြစ်သွားလျက် ...

"ဒါပေမယ့် ကျွန်မတို့က ခုမှ စကားပြောကြတာဆိုတော့ အဲဒီလောက် ရင်းနှီးလို့ မရသေးဘူး"

ပေါ်တင် ပြောပြလိုက်သည်။ ဒေဝီ မျက်နှာလေး ဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အတွက် က ပြုံး၏။ ဒေဝီ က မျက်စောင်းရှယ်လိုက်ပြီးမှ မထိုးဘဲ ခေါင့် ဘက်ကို ပြန်လှည့်၍ ...

"ရှင်က ကဗျာတွေရေးတဲ့အချိန်မှာ ဘယ်လိုခံစားပြီး ရေးတာလဲ"

"ဗျာ!..."

"မေးကြည့်တာပါ .. ရှင်က တော်တယ်လေ၊ ရေးမကျ ခေတ်မကျ လေးတွေ ထွက်ထွက်လာတော့ .."

"ကိုယ့်ကိုလား .."

သူ့မျက်နှာမှာ ရှုပ်ထွေးမှုတွေ ဖြစ်ကုန်၏။ ကဗျာကို မဖတ်ရသေးဘဲ ဘာဖြစ်လို့ တော်တယ်ပြောနေတာလဲ ..၊ လူကို တမင်လှောင်နေတာလား ..။

ဒေဝီ့ မျက်နှာကို ကြည့်လိုက်တော့လည်း လှောင်ရယ်တာမျိုးတွေ ရှိမနေပါ။ ဒါဆိုရင် ကဗျာအကြောင်း ဘယ်လောက် နားလည်နှံ့စပ်သလဲ စမ်းသပ်ချင်တာလား ..။

ကဗျာဆို မော်ဒန်ကဗျာတွေတောင် သူ သေချာဖတ်ဖူးခဲ့တာမဟုတ်။

"မေးသာ မေးတာနော် .. ကျွန်မတို့လည်း ဘာမှ သိပ်သိတာ မဟုတ်ဘူး၊ ဒါပေမယ့် ..."

ဒေဝီ က တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီး အားလုံးကို ဝေ့ကြည့်လိုက်သေးသည်။ ပြီးမှ ...

"ပန်းချီတို့ .. ကဗျာတို့ ဝါသနာပါတဲ့လူတွေက ခပ်ကုပ်ကုပ် မြို့စိစိ၊ အဲ .. ရှင်းရှင်းပြောရရင် အဲဒီလိုလူတွေက ရည်းစားမများကြဘူး ထင်တာပဲ .."

"ကျွန်တော့်ကို ရည်းစားများတယ်လို့ ဒေဝီ က ပြောတာလား.."

"ကျွန်မ ပြောတာမဟုတ်ပါဘူး၊ သူများပြောကြတာ ကြားတာ"

"ဩော် .. ဒါဆို ကျွန်တော့်နာမည်ကိုတော့ ဒေဝီ တို့ အစတည်းက ရင်းနှီးခဲ့တာပဲ .."





"ဟွန်း .. ကျွန်မ မေးတာကို ဝန်ခံလိုက်တာလား ကိုမြင့်ခေါင်"

"အများပြောတဲ့စကားဆိုတော့ ကျွန်တော် ရှင်းဖို့မှ မလွယ်တော့ဘူး၊ ဒါပေမယ့် မလိုသူစကား ချဲ့ကားကြား၏ ဆိုတာတွေလည်း ပြန်သတိရပေးပါ၊ ကျွန်တော် အဲဒီလိုလူ မဟုတ်သေးပါဘူး"

"ဟုတ်တော့မယ်ပေါ့ .."

"ဟား .. ဒေဝီ တော်တော်စကားတတ်တာပဲဗျာ၊ ဘယ်ဘက်ကမှ လွတ်ဘူး .."

"မေးကြည့်တာပါ၊ စာရေးဆရာတွေ .. ကဗျာဆရာတွေဟာ သူတို့ ရေးတဲ့စာတွေထဲမှာ သူတို့ရဲ့ခံယူချက် စိတ်နေသဘောထားတွေ တစ်ထောင့်တစ်နေရာမှာ ပါနေတတ်တယ်တဲ့ .."

"ကျွန်တော့်ကဗျာတွေထဲမှာတော့ ကျွန်တော့်စိတ်ကို ရှာလို့ရမှာ မဟုတ်တာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကဗျာဆရာမှ မဟုတ်တာ ..၊ စိတ်ချမ်းသာသလိုတွေးပြီး ပေါ်လာသလို တောင်ခြစ်မြောက်ခြစ် လုပ်တတ်ရုံရယ် .."

"ဩော် .. ကျွန်မတို့ဆို တောင်ခြစ်မြောက်ခြစ်လည်း မလုပ်တတ်ကြပါဘူး၊ ကိုမြင့်ခေါင် က တော်ပါတယ်"

"ကဲ .. ကဲ .. စကားနပမ်းကျနေတာပဲ၊ ကိုမြင့်ခေါင် တစ်ခုခုစားမှာလား၊ မှာလေ .."

ပန်းချီ က ကြားထဲက မြင့်ခေါင် ကို အားနာလာတာ ဖြစ်သည်။ ဒါကြောင့်ပဲ ဒေဝီ့ ကို တော်တော့ဖို့ မျက်ရိပ်ပြ၍ တားဆီးလိုက်ခြင်းပင်..။

"ရှင်က တစ်ယောက်သမားဆိုတော့ ကျွန်မတို့ကပဲ ရှင်းပါမယ်၊ ကြိုက်တာ မှာပါ .."

"နေပစေ ပန်းချီ .. ကျေးဇူးတင်ပါတယ်၊ နောက်တစ်ခါဆုံဖြစ်ကြရင်တော့ ဘယ်သူမှ ဘာတွေမှမစားရသေးခင် အမီရောက်အောင်လာပြီး ဒကာခံခွင့်ရအောင် ကြိုးစားပါ့မယ်၊ အခု ခွင့်ပြုပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းဖို့မရှိဘူး အစ်ကိုကြီး၊ သူ့အဖေကိုယ်တိုင်က အရက်သမား .. ဖဲသမား .. သူ့ကိုယ်သူ သူဌေးသားဆိုပြီး မာန်တွေတက်နေတာ၊ ယောက္ခမအိမ်ပေါ်တက်ပြီး မျိုးတုံးအောင်တောင် လုပ်သွားသေးတယ်၊ ဟိုတုန်းတည်းက အဲဒီလူက မိမနိုင် ဖမနိုင်ပဲ၊ သူ့မိဘလည်း သူ့ကြောင့် မခံနိုင်လို့ အမွေဖြတ် စွန့်လွှတ်ခဲ့ကြတာ ..၊ အဲဒီချေးထုပ်က အစ်ကိုကြီး ညီမနဲ့တွေ့မှ ရွှေမင်းသားလေး ပြန်ဖြစ်ခဲ့တာလေ .."

"အဲဒါတွေ ပြန်ပြောပြီး မင်း မှတ်မိအောင် ကျက်နေတာလား"

"မှတ်မိနေလို့ ရွတ်ပြနေတာပါ .. မေ့နိုင်စရာမှ မရှိတာ၊ ယောက္ခမမို့ သူက နှိပ်စက်တာ တော်သေးတယ်၊ အစ်ကိုကြီးညီမကလည်း ယောကျ်ားဘက်က ကာကွယ်ပြီး မိဘကို မွဲတဲ့အထိ ဒုက္ခပေးသွားတာပဲ၊ နှင်းနှင်း ဆိုတဲ့ မိန်းမကိုတော့ .. သူ့အိမ်မှာ ဖွတ်တက် မခံနိုင်ဘူးတဲ့၊ ဟွန်း.. ခုခေတ် ဝိဘက် ဒူးခေါင်းက နှင်းတက်တယ်ဆိုတာ လက်တွေ့ပဲ၊ ကျွန်မကို ချိုးချိုးဖွဲ့ဖွဲ့ နှိမ်ချပြောဆိုပြီး တကယ်ဖွတ်တက်တာလေ.."

"တော်ပြီ နှင်း .. မင်းရှေ့မှာ ရပ်နေတာ နွယ်နီ့ အစ်ကိုကြီးဆိုတာ သတိရ ..၊ မင်း မုန်းနေတာက ငါ့တူ .."

"သတိရလို့ ပြောပြနေတာပေါ့ .. အစ်ကိုကြီးကျတော့ မကြားချင်တော့ရင် 'မင်းတော်တော့'လို့ အော်လိုက်တာနဲ့ ကျွန်မ အသံတိတ်ရတယ်၊ ကျွန်မ ခံခဲ့ရတုန်းက ဝင်ပြီး တားဆီးပေးမယ့်လူလည်း မရှိဘူး၊ တော်ပါတော့လို့လည်း မပြောရဲခဲ့ဘူး၊ ပြောသမျှ လှိမ့်ခံနေရတာ .."

"အဲဒါတွေနဲ့ အခု မင်းနဲ့ငါ ပြောနေတာ အချိန်တွေအများကြီး ကွာခြားလာခဲ့ပြီလေ .. သူ့အမေနဲ့ မင်းနဲ့အပိုင်းမှာ သဏ္ဍာန် က လူ့လောကထဲကိုတောင် မရောက်သေးဘူး၊ ဒါတွေ ဒီကောင်လေးအပေါ်ပဲ မင်း ပုံချပြောနေတာ မကောင်းဘူး"

မကောင်းခဲ့တာတွေချည်း ပြောနေတာ ကောင်းတာ ပါနိုင်မလား..၊ ဒေါ်နှင်းနှင်း မကျေနပ်သေးပေမယ့် ဆက်မပြောဘဲ နေလိုက်ရသည်။





ဦးထွန်းဝေ ကလည်း ကိုယ့်ဇနီးကို မစာနာ သည်းမခံနိုင်လို့ မဟုတ်ပါ ..။

စိတ်နာတာ ဒေါသထွက်တာ ဘာတွေပြောနေနေ တော်ရုံသဖြင့်တော့ မသိသလို မကြားသလို နေလိုက်တာတွေပဲ ရှိ၏။

ခုကိစ္စကျတော့ ကိုယ့်အိမ်ထဲမှာ ညည်းတွား .. ကျိန်ဆဲနေရုံနဲ့ ပြီးသွားမှာ မဟုတ် ..။

"အရက်သမား၊ လောင်းကစားသမားလို့သာ ငါတို့က ပြောနေတာပါ၊ တကယ်တမ်းကျတော့ အာကာစိုး က စိတ်ရင်းကောင်းရှိတယ်၊ ပြီးတော့ ကူညီတတ်တယ် .."

"သူငယ်ချင်း အပေါင်းအသင်းအတွက်ဆို မိန်းမနားကပ်ပဲ ချွတ်ပေးရပေးရ ဘာကိုမှ ထည့်မတွက်တာလည်း ပြောပါဦး .."

"ဒါတွေရှိခဲ့လို့လည်း အခု သူ့အပေါင်းအသင်းတွေဆိုတော့ ငါသဏ္ဍာန့် အတွက် မျှော်လင့်တာပေါ့ .."

ဒီစကားကျမှ ဒေါ်နှင်းနှင်း တွေဝေသွားခဲ့သည်။

"ဒါပေမယ့် ငါက သူ့ဘကြီးရင်း ဖြစ်နေတော့ ခက်ပြန်ရော ..၊ ကြားထဲ မင်းက ဒီလူတွေ မကောင်းတဲ့လူတွေလို့ပဲ ပြောနေတော့ ဘာတွေပြောပြီး ဘာ့တွေပြန်ဖြေရမှန်းကို မသိတော့ဘူး၊ ဟိုကမေး .. ဒီကရေမရာဖြေနဲ့ ဘယ်သူမှ လိုရင်းမရောက်ဘူး ဖြစ်ကုန်တာ .."

"အစ်ကိုကြီး အခုဟာက ကျွန်မတို့အဖြေ မရေမရာဖြစ်ရတဲ့သနာ မဟုတ်ဘူး ..၊ သူတို့ကိုက ဘာလုပ်ချင်မှန်း မသိ၊ ဘာလိုချင်း မသိအောင် လူတွေကို မယုံမကြည်နဲ့ ဘာမှမပြောတော့..၊ ဥပမာ.. ကာစိုး ရှုပ်ခဲ့တာတွေရှိရင်လည်း ကျန်ခဲ့တဲ့သားက ရှင်းနိုင်မှာလား၊ ာတွေကျန်ခဲ့ရင်လည်း သားရှိနေပါတယ်ဆိုတာ ယုံကြည်ရင် လာလိုက်ပေါ့၊ ဘာတွေဖြစ်ဖြစ် ဒီမှာ သူ့ကို အုပ်ထိန်းတဲ့လူကြီးတွေ ၊ သူတို့ ပြောပြလိုက်လို့ မရဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နေရာမှထရပ်ဖို့ ပြင်သည်။ ဒါပေမယ့် ဘူးသီးကြော် စားနေသည့် အတွက် မျက်နှာလေးကို လှည့်ကြည့်၍ ,...

"ကိုယ့်ကဗျာလေးကို သေချာဖတ်ပေးနော် အတွက် .."

စကားပြောနေပေမယ့် သူ့မျက်လုံးတွေ အကြော်စားရင်း စိုအိနေ့တွေးနေသည့် အတွက် နှုတ်ခမ်းလေးတွေမှာ ရစ်ဝဲနေသဖြင့် ဒေဝီက မဲ့၏။ ပြီးတော့ ...

"ပူမနေပါနဲ့ .. အတွက် က ကဗျာဆို ဖတ်ပြီးသားပဲ၊ တောင်ခြစ်မြောက်ခြစ်၊ အရှေ့အနောက် ဘယ်လိုခြစ်ခြစ် .."

သူတို့သုံးယောက်စလုံး ရယ်မိကြသည်။ မြင့်ခေါင် ကတော့ ဆံပင်သပ်ရင်း ရယ်ပုံက မအီမလည်ကြီးပါ။ မိန်းကလေးတစ်သိုက်အလယ်မှာ သူ့အဖြစ်က ချောင်ပိတ်မိနေတဲ့ သိုးငယ်လေးလိုပါလား ...။

ရေများ ရေနိုင် .. မီးများ မီးနိုင်ဆိုတာ ဒါမျိုးပဲထင်၏။

တကယ်ပါ .. သူ့လည်ပင်းကြားထဲမှာ ချွေးတွေနဲ့ စိုကပ်နေတာ ရွံစရာ ...။





အခန်း [ ၁၃ ]

"မင်း ဘယ်လိုလုပ်လိုက်တာလဲ နှင်း .."

"မပြောချင်လို့ပေါ့ အစ်ကိုကြီးရယ် .. တစ်ခါလာလည်း အရေမရအဖတ်မရတွေပဲ မေးမြန်း ဖုန်းချ၊ တစ်ခါလာလည်း ဒါတွေပဲ"

"ဟ .. ဖုန်းဆက်တာ ပျော်လို့ ဆက်စရာလားကွ .."

"ပြောလို့ရမလား .."

"နှင်း .. မင်း တမင်လုပ်လိုက်တာလားဟင် .."

"ကျွန်မက ဘာကို တမင်လုပ်ရမှာလဲ"

ဦးထွန်းဝေ ၊ က အနားကိုလျှောက်သွားကာ ချထားလိုက်သည့်ဖုန်းကိုရော ဒေါ်နှင်းနှင်း ကိုပါ တစ်လှည့်စီ ကြည့်သည်။

ဒေါ်နှင်းနှင်း ကလည်း လက်ပိုက်ထားလိုက်ပြီး သူမမှာ အပြစ်မရှိသလို အေးဆေး ပြန်ကြည့်၏။

"သဏ္ဌာန် နဲ့ပတ်သက်ပြီး ရောက်လာတဲ့ညွှန့်သည်ဆိုလို့ သူ့ဆီပဲရှိတာ ..၊ ဆိုးတာဖြစ်ဖြစ် ကောင်းတာဖြစ်ဖြစ် ဘာအတွက်လဲဆိုတာ ငါတို့ သိရဖို့ လိုတာပေါ့ကွ .."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် ..၊

ဒါက တစ်ဖက်ကိုတစ်ဖက် မယုံကြည်ကြလို့သာ မပြတ်မသား ဖြစ်နေကြရတာ ဖြစ်သည်။

"ကျွန်မကတော့ ရှင်းရှင်းပဲ၊ ဒီတစ်ခါ ဖုန်းလာရင် အပြတ်ပြောမှာ .."

"အဲဒီလိုတော့ မလုပ်ပါနဲ့ .."

ဦးထွန်းဝေ တားလိုက်တော့ ဒေါ်နှင်းနှင်း က မျက်နှာမဲ့မဲ့နှင့် ကြည့်၏။

"ခုတစ်လော မင်းသားလည်း ခြံထဲမှာချည်းပဲ .."

"သဏ္ဍာန် နဲ့လေ .. ဘာတွေ ကပ်တိုင်ပင်နေကြလဲ မသိဘူး"

ဒေါ်နှင်းနှင်း က ဖြည့်စွက်ပြောလိုက်ရင်း ...

"ဂီတာတီးသင်နေသလား မသိဘူး၊ ဒါမှမဟုတ် သီချင်းရေးနေကြသလားပဲ၊ သူ့မှာ အိမ်ထဲမှာနေရင်း ပညာတွေစုံလိုက်တာမှ မပြောချင်ဘူး .."

"ဒါက အနုပညာကိုးကွ .. အနုပညာဆိုတာ အတတ်ပညာနဲ့ မဆိုင်ဘူး .. ခံစားမှုအသိပညာ၊ ရေခံမြေခံ ကောင်းတာ မကောင်းတာ မလိုဘဲ ရှင်သန်တဲ့နေရာမှာ သီးနိုင်ပွင့်နိုင်တာ အနုပညာမျိုးစေ့ .."

"ရှင့်ကို အနုပညာဆိုင်ရာ ခံစားမှုတွေ သိချင်လို့ မေးနေတာ မဟုတ်ဘူး .."

"ငါကလည်း ကြုံလို့ ပြောပြတာပါ"

ဒေါ်နှင်းနှင်း က ဦးထွန်းဝေ ထက် အသက်ငယ်သလောက် တစ်ခါတစ်ခါ ကလေးလို ဆိုးနွဲ့တတ်တာတွေက ဒီအသက်အရွယ်ထိ အရှိန်မကုန်သေး ..။

တစ်ခါတလေ အစ်ကိုကြီး ခေါ်နေပေမယ့် 'ရှင်ကြီး ဖြစ်သွားလိုက်၊ တော်ကြီး ဖြစ်လိုက်' နှင့် ခပ်ရိုင်းရိုင်းတွေ ပါလာတတ်တာလည်း





ဒီတိုင်းပဲ ဖြစ်သည်။

"ငါ သင်စေချင်တာက ကားပြင်လေး ဘာလေး နိုက်တတ်ချွတ်တတ်ဖို့ ..၊ မင့်သားကို ကြည့်လိုက်ရင် ငါဖြစ်စေချင်တာနဲ့ အမြဲတမ်း ဆန့်ကျင်ဘက် .."

"ဩော် .. နိုက်တတ်ချွတ်တတ်စေချင်ရင်လည်း မင်း သွားသင်လိုက် .. တတ်အောင်သင်လို့ အစ်ကိုကြီး ခိုင်းပါလား၊ ကိုယ့်သားကို ချောင်ထိုးပြီး ကားမောင်းသွားသင်ထားဖို့ သဏ္ဍာန့် ကိုပဲ ခိုင်းနေတာ ဘယ်သူလဲ .."

"ငါပဲလေ .. မင့်သားကို တစ်သက်လုံးက ပြောလာတာ ရလို့လား..၊ အခု သဏ္ဍာန် တတ်ကျွမ်းနေပြီ၊ ကိုယ့်အိမ်မှာကိုယ် ဘာလေးဖြစ်ဖြစ် တစ်ယောက်လုပ်ကိုင်နေရင် တစ်ယောက်က ဝင်ကြည့်လို့ ရတယ်၊ မျက်စိရှည်နားရှည်ဝလာရင် မတတ်ချင်ရင်တောင် သိလာမှာပဲ .."

"မလိုပါဘူး .. အဲဒီပညာရဖို့ သဏ္ဍာန့် ကို ဆရာတင်မှဖြစ်မှာဆိုရင် ကျွန်မသား စာတစ်လုံးမှ မတတ်ရင်တောင် ဒီတိုင်းပဲ ထားလိုက်တော့မယ်၊ သင်းဆီမှာ အသင်မခိုင်းဘူး .."

မာနက သေးသေးလေး မဟုတ် ..၊

ဦးထွန်းဝေ သက်ပြင်းချလိုက်ကာ ...

"သဏ္ဍာန့် ကို ကားပြင် စက်ပြင်သင်တန်း တက်ခိုင်းခဲ့တာက..."

"ဝပ်ရှော့မှာ သွားထားလိုက်ပါသေးတယ်၊ အဲဒါကိုပါ ထည့်ပြောပါ၊ အိမ်မှာ ကူဖော်လောင်ဖက်ရမလား မှတ်တာ ..၊ ဒီအချိန်တွေအတွက် ထုတ်နုတ်ပေးခဲ့ရသေးတယ်၊ တွေးကြည့်မယ်ဆိုရင် သူ့ကို ကျောင်းဆက်တက်ခိုင်းခဲ့ရတာတွေ .. ပညာသင်ခိုင်းခဲ့ရတာတွေ .. အဲဒါတွေကြောင့် သင်း ဒီပုံစံ ဖြစ်လာတာ .."

"မဟုတ်သေးပါဘူးကွာ .. မင်းကလည်း .."

"ဟုတ်တာကို ပြောပြရမလား အစ်ကိုကြီး ..၊ ဒီရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မလောက်လေးမလောက်စားအရွယ်တည်းက အပိုးကျိုးအောင် လုပ်မထားနိုင်လို့ ဒီလိုဖြစ်လာတာ၊ လူငယ်တွေကို အပြင်မှာ သွားလာဆက်ဆံခွင့် ပေးမိတာနဲ့ သူတို့စိတ်တွေ ဘယ်လိုပြောင်းလဲလာသလဲ..၊ အဲဒါတွေ ကျွန်မက သိတယ် ..”

“သဏ္ဍာန် က ဘာတွေမိုက်ရိုင်းခဲ့လို့လဲ နှင်း၊ မင်းရင်ထဲမှာ အုံ့ဖွဲ့နေတဲ့ ထုထည်က မနည်းပါလား ..”

“အုံ့ဖွဲ့နေတာ မဟုတ်ပါဘူး .. စပ်မိလို့ပြောပြတာ၊ သူ့ရဲ့ငယ်ဘဝကို ကိုယ်မပိုင်ခဲ့တော့ သူ့အကျင့် သူ့စိတ်နဲ့ ဒီအိမ်မှာ ဘာတစ်ခုမှ အထာမကျတော့ဘူး၊ ခုတော့ စိတ်က ဘုံဖျားမှာလွင့်နေပြီး ကိုယ့်ဘဝကိုတော့ မေ့နေတယ် ..”

“သဏ္ဍာန် က ..”

“ကာကွယ်ပြောမနေပါနဲ့ အစ်ကိုကြီးရယ် .. သူ နာခံနေတာက ဒီကလူတွေကို မနိုင်သေးလို့ အရှုံးပေးနေတာပါ၊ သူ့မျက်လုံးတွေက စကားပြောနေတာ အသိသာကြီး၊ အဲဒါ အစ်ကိုကြီး အသိအမြင်ကျယ်စေချင်တဲ့ စေတနာတွေကြောင့်ပေါ့၊ သနားလွန်းလို့ သဒ္ဒါလွန်ပြီး ကိုယ့်သားသမီးတွေတောင် မေ့နေခဲ့တာ ..”

ဒေါ်နှင်းနှင်း နဲ့ ဒီအကြောင်းတွေ စမိပြီဆို ဂျာအေး သူအမေရိုက်တာထက် ဆိုးတော့သည်။

အိမ်မှာ မျက်နှာချင်းဆိုင်မိပြီဆိုရင်လည်း ပြောမိတာက ဒီအကြောင်းချည်းပဲ ဖြစ်နေတော့ မခက်ဘူးလား ...။

“ငါ သဏ္ဍာန့် ကို ခေါ်ထားလိုက်တာ အိမ်အကူငှားလိုက်တာ မဟုတ်ဘူး နှင်း၊ ငါပိုင်ဆိုင်တဲ့ အမွေအနှစ်ကိုလည်း သားသမီးနဲ့ ခွဲပြီး မပေးနိုင်ဘူး၊ ဒါပေမယ့် သူ့ကို မနစ်မွန်းစေချင်တဲ့စေတနာ ငါ့ရင်ထဲမှာ ရှိတယ် ..”

ဦးထွန်းဝေ လေသံက ပြတ်သား ရဲရင့်လာ၏။





ဒါကို ဒီတစ်ခါမှ ကြေညာမထားဘူးဆိုလျှင် အမြဲတမ်း မွန်းကျပ်ပူလောင်နေရမှာ နားလည်လာသဖြင့် ...

“ဒါကြောင့် တတ်နိုင်တဲ့ဘက်က ငါ လုပ်ပေးနေတာ၊ ယောက်ျားလေးတစ်ယောက်က ကျရာဘဝမှာ ကြုံသလို နေထိုင်ရောင့်ရဲနိုင်နေရင် အဲဒီယောက်ျား ဘယ်တော့မှ မတိုးတက်ဘူး”

“ဒါနဲ့ပဲ မိုးကို ဒူးနဲ့ပြေးတိုက်ခိုင်းရမလား ..”

“ဖြစ်အောင်လုပ်မယ်ဆိုရင် လုပ်ကြည့်ခိုင်းရမှာပဲ၊ ယောက်ျားကောင်းတစ်ယောက်က စိတ်နဲ့ကိုယ် တွဲပြီး ဘယ်တော့မှ ကျောခင်းမနေဘူး၊ အချိန်နဲ့အမျှ သူ့ဘဝ ရှေ့ဆက်တိုးတက်ဖို့ပဲ ခေါင်းထဲထည့်တာ ..”

“ဩော် .. အစ်ကိုကြီးတူအတွက် ဒီလောက်ထိ စေတနာတွေ ထားခဲ့တာလား ..၊ ကိုယ့်သားသမီးတွေကိုသာ ဒီလိုပုံစံဝင်အောင် အစ်ကိုကြီး ငယ်ငယ်တည်းက ဘောင်သွင်းခဲ့ရင် ...”

“တော်တော့ နှင်း .. မင်းနဲ့ ငါ ဒီဘဝထိ တိုးတက်လာအောင် ဘယ်လိုကြိုးစားခဲ့ကြသလဲ ..၊ ငါ့မိဘ ပြည့်စုံပေမယ့် ငါ့ဇနီးဖြစ်တဲ့ မင်းကို မျက်နှာငယ်ရတယ်ထင်လို့ ငါ လက်ဗလာ ခြေဗလာနဲ့ မင်းလက်ကိုဆွဲပြီး ထွက်ခဲ့တာ ..၊ ငါ့လိုလူရဲ့ရင်ထဲမှာ သားသမီးတွေကို ငါ့ထက် တော်စေချင်တဲ့ဆန္ဒတွေ မရှိဘဲ နေမလား ..”

ဒေါ်နှင်းနှင်း မျက်လွှာချ၍ ငြိမ်သက်နေခဲ့၏။

အပြင်မှာ နေကျဲကျဲတောက် ပူနေသလို အခန်းထဲမှာ အပူတွေ ရင့်သန်လာခဲ့၏။

ဒီတစ်ခါ အပူတွေ ရင်ထဲထိ ရောက်လာမှာ သူမအလှည့် ထင်သည်။

“မင့်သားသမီးတွေမှာ နာခံတတ်တဲ့အကျင့် မရှိဘူး၊ လိမ္မာရေးခြားရှိကြတယ်၊ မိဘကို လေးစားတယ်၊ ဒါပေမယ့် မိဘထက် ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပိုပြီး ဦးစားပေးကြတယ်၊ လူဖြစ်လာတာ ဘွဲ့တစ်ခု ယူဖို့၊ စီးပွား ရေးလုပ်ငန်းတစ်ခုခုမှာ ဝင်နိုင်ဖို့ .. ဒါနဲ့ပဲ ပြည့်စုံနေပြီ ထင်တဲ့အထဲမှာ ငါ့ရဲ့လောဘတွေကို သူတို့ နားမလည်ဘူး၊ အဲဒါကြောင့် ဝင်မပါချင်ဘူး"

"ကျွန်မ နားလည်ပါတယ်၊ အခု ပြောနေတာက ..."

"သဏ္ဍာန်ကျတော့ ငါ အာပေါက်အောင် ရှင်းပြ စည်းရုံးနေစရာ မလိုဘူး၊ လိုချင်စရာကို ရနိုင်တယ်လို့ လမ်းပြပေးလိုက်တာနဲ့ သူ့ဟာသူ အပတ်တကုတ်ရအောင် ကြိုးစားတာ၊ အသိပညာဟာ လိုချင်တိုင်း မရပေမယ့် 'အတတ်ပညာက ကြိုးစားသလောက် ရတယ်၊ အခု သဏ္ဍာန့်မှာ ရှိနေတဲ့ အရည်အချင်းတွေ မင့်သားမှာ မရှိဘူး .."

"ဒါကတော့ မိနဲ့ဖနဲ့ ပြည့်ပြည့်စုံစုံ ကြီးပြင်းလာတဲ့ ကလေးတွေ ဒီလောက်တော့ သိတတ်မှု နည်းတတ်ကြတာပါပဲ၊ ကျွန်မတို့ကလေး တွေမှ မသိတာ မဟုတ်ဘူး .."

"ဒါကို မင်း နားလည်ပေးနိုင်ရင် ဘာမှမပြည့်စုံဘဲ ရပ်တည်နေခဲ့တဲ့ လူတစ်ယောက် သူ့ လက်လုမ်းမီသလောက် ကြိုးစား ပညာရှာတာ မင်း နားလည်သင့်တာပေါ့ ..၊ နောက်ဆိုရင် ဖုန်းလာတဲ့ကိစ္စတွေလည်း မင်း စိတ်မရှည်ရင် ဘာမှဝင်မပါပါနဲ့ .."

"ဘယ်လို!.. အစ်ကိုကြီး .."

"ဒီစကားမျိုးတွေပဲ ပြောပြောနေကြတာ ဒီနေရာ ဒီနေ့မှာပဲ နောက်ဆုံး ဖြစ်သင့်ပြီ .."

ဦးထွန်းဝေ အပြတ်ပြောပြီးတော့ စိုက်ကြည့်လိုက်သေးသည်။ ပြီးတော့မှ ခပ်ဖြည်းဖြည်း လျှောက်ထွက်သွားခဲ့၏။

ဒေါ်နှင်းနှင်း မချင့်မရဲ အံကြိတ်ကျန်ရစ်လေသည်။

သင်းအကြောင်း ပြောလိုက်တိုင်း ဦးထွန်းဝေ သည်းခံနေသလိုလို.. နားလည်နေသလိုလိုနှင့် အစပိုင်းမှာ ခေါင်းငုံ့ ငြိမ်သက်နေတတ်၏။





ပြီးပြီဆိုရင် ဒီလိုစကားတွေနဲ့ပဲ သာသာလေး ထိုးနှက် အနိုင်ယူသွားခဲ့တာပါ။

ဒီတစ်ခါဟာ ထိချက်အပြင်းဆုံးမို့ ဒေါ်နှင်းနှင်း တစ်ယောက်တည်း ကျန်ခဲ့ကာမှ တက်ခေါက်သံ ခပ်ကြိတ်ကြိတ်ထွက်၏။

"မရဘူး ကိုထွန်းဝေ .. ရှင် ဘာလုပ်လုပ် ကျွန်မ ဝင်ပါရမှာပဲ၊ ဝင်မပါဘဲ နေပြရရင်တောင် ကျွန်မ သိကို သိနေရမှာ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သဏ္ဍာန့် ကို ကျွန်မ ဒီကြမ်းခင်းကနေ မော်ကြည့်ခွင့် မပေးနိုင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၄ ]

"ဒီလောက်ထိ အန်တီ သတိပေးထားတာတောင် သမီးရယ် .."

ဒေါ်သက်မာ မျက်မှန်ကို ပဝါစလေးနဲ့ပွတ်သုတ်ရင်း ဟိုလျှောက် ဒီလျှောက် ဖြစ်နေ၏။

မွေ့ရာပေါ်မှာ ရင်ခွင်ထဲမှာ ဖက်လုံးထည့်ထားပြီး ဖုန်းနဲ့ ဂိမ်းဆော့နေတာ အတွက် တို့က အေးဆေး ..။

"မဂ္ဂဇင်းထဲမှာ ပါတုန်းကလည်း ပြဿနာဖြစ်ပြီးပြီ၊ အခုတစ်ခါ ဂျာနယ်မျက်နှာဖုံးမှာ ပြူးပြူးပြဲပြဲ .."

"ဟာ!… အန်တီကလည်း ဒီလောက်လှတဲ့ဟာကို .."

"အတွက် .."

"ရှင် .."

"သမီးက အန်တီ့ကို ရွဲ့နေတာလား .."

"ဘာလို့ရွဲ့ရမှာလဲ အန်တီကလည်း၊ အန်တီ ကောင်းလို့ အတွက် ဒီမှာနေရတဲ့ဟာ .."

"အခု အန်တီ မကောင်းဘူးဆိုပြီး သမီးဖေဖေက ဆူနေပြီ .."

"ဖေဖေက ဒီတိုင်းပဲဟာ .."





ဖအေကို ကြောက်တော့ကြောက်သည်။ ဒါပေမယ့် တခြားရောက်သွားပြီဆို အတွက် က နည်းနည်းလေးမှ နောက်ဆံမတင်းတတ်ပေ..။

ဖအေက အလိုလိုက်ပေမယ့် စည်းကမ်းနဲ့ပတ်သက်လာလျှင် ဒီလောက်ထိ ကျိုးပေါက်မခံတာလည်း သူမ ဘယ်တော့မှ ကြောက်လန့်နေတာမရှိဘဲ လုပ်ချင်ရာလုပ်ပြီးမှ အန်တီ လုပ်ပါဦး ..။

"အဲဒါတွေ ဖေဖေ ဘာပြောပြော အန်တီ ကြည့်ရှင်းလိုက်ပါနော်..၊ အန်တီက အတွက် ကို ချစ်ရဲ့သားနဲ့ .."

ဆော့နေရင်း ပြုံးစိစိလေး လှမ်းပြောနေတာ ခေါင်းကိုပဲ နာနာထုပစ်ချင်တော့သည်။

"တကယ်တော့ မဂ္ဂဇင်းမျက်နှာဖုံးမှာ ပါသွားတည်းက အတွက် နဲ့ ကြော်ငြာရိုက်ချင်လို့ လုပ်ငန်းရှင်တွေက .."

"ဘာ!... ဘာပြောတယ် ..၊ အမလေး .. မလုပ်လိုက်ပါနဲ့ အတွက် ရယ် .."

"မလုပ်ပါဘူး .. အဲဒီထိတော့ .."

တော်ပါသေးရဲ့ ..၊

ဒေါ်သက်မာ မျက်နှာလေး ပျက်နေရှာကာ ...

"ညတုန်းက ဖုန်းလာတယ် .."

"ဖေဖေ ထပ်ဆက်တာလား .."

"အစ်ကိုက ခေါ်ရုံပဲခေါ်ပြီး ပြန်ချသွားပါ့မလား အတွက် ရယ်.."

"ဟင်!..."

ဘာဆိုတာကို အတွက် ချက်ချင်း သိလိုက်၏။ ဖုန်းနံပါတ်တောင်းလွန်းလို့ ခေါင့် ကို သူမ ဖုန်းနံပါတ် မပေးချင်တာနဲ့ ...

"အန်တီ ကိုင်လိုက်လား .."

"ဖုန်းမြည်နေတာကို ကိုင်တာပေါ့ .. ဘာမှမပြောဘဲ ပြန်ချသွားတာ၊ ဒီရောက်မှ ဒါမျိုး မဖြစ်ဖူးသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက အတွက် ဆီ ရောက်လာကာ မျက်မှန်ကို စားပွဲပေါ် သွားတင်လိုက်သည်။ ပြီးမှ ပြန်လှောက်လာပြီး ခုတင်ဘေးမှာပဲ တင်ပါးလွှဲ ဝင်ထိုင်လိုက်ကာ ...

"သမီး ရည်းစားထားဖို့များ စိတ်ကူးနေပြီလား .."

"မကူးပါဘူး .. အန်တီက အရမ်းလည်တာပဲ"

"လူကြီးဖြစ်နေတော့လည်း လူငယ်တွေအကြောင်း သိရတာပေါ့ သမီးရယ် .. အန်တီက လည်တယ်လို့ ပြောပုံထောက်ရင် ဒါက သမီးနဲ့ ပတ်သက်နေတဲ့ဖုန်း ဟုတ်နေတာတော့ သေချာတယ်ပေါ့ .."

"ဟုတ်တယ် .. ဟိုဘက်ခြံက .."

"ဟင်!...,"

အတွက် က ဘာကိုမှ ထိမ်ချန်မထားပါ။ ခေါင့် အခြေအနေနဲ့ ပုံစံကို အားလုံး ပြောပြသည့်ပြင် ကဗျာနဲ့ ပန်းချီပုံလေးတွေအကြောင်းပါ ထည့်ပြောပြကာ ...

"အတွက် ကို သူ အဲဒီလောက်ထိ ဂရုစိုက်မိသွားတာကို အံ့သြပြီး သူ့ကို ပြန်သတိထားမိခဲ့တာ .."

"သမီးရဲ့ပုံတူကို သူက ဓာတ်ပုံမမြင်ဘဲ ဘယ်လိုဆွဲတာလဲ .."

"နှလုံးသားနဲ့ဆွဲတာပေါ့ .."

"သမီးကိုယ်တိုင် အဲဒီလို ယုံနေတာလား .."

အတွက် က ရယ်လိုက်ရင်း ဖုန်းကို ချထားလိုက်ကာ ...

"တကယ်ပြောတာ အန်တီကလည်း .. သူ ပထမဆုံးပေးတဲ့ပုံလေးက အတွက် ရဲ့မျက်နှာလေးပဲ ဦးစားပေးထားတာဆိုတော့ အားလုံး ချွတ်စွတ်နီးပါးတူနေတာ အရမ်း အံ့သြဖို့ကောင်းတာပဲ၊ ကဗျာလေးတွေ ကျတော့လည်း စိတ်ဝင်စားဖို့ ကောင်းတယ်၊ သီချင်းဆိုရင်လည်းလေ .."

"ကဲ .. တော်ပါပြီ အတွက် ရယ် .. ရင်လေးလိုက်တာ ..၊ ဟိုတစ်ခါ ရည်းစား တကယ်ထားတာ မဟုတ်သေးဘဲနဲ့တောင် အစ်ကိုက ခွင့်





လွှတ်ခဲ့တာ မဟုတ်ဘူး .."

"ခုလည်း ဘာမှမဟုတ်ပါဘူး၊ အတွက် က သူ ဆွဲပေးတဲ့ပုံတူလေးတွေကို သဘောကျနေလို့ပါ၊ ကဗျာတွေလည်း မကြိုက်ခဲ့ဘဲနဲ့ သူ့ကဗျာလေးတွေဖတ်ပြီး ရယ်ရတာကို .."

"သဘောကျပြန်ရောလား .. အဲဒီတော့ သဘောကျတာတွေ များနေပြီး သဘောမကျစရာ မရှိတော့ရင် သမီး ကိုယ့်စိတ်ကို ဘယ်လိုထိန်းမလဲ .."

အတွက် မျက်လုံးထဲမှာ ဒေဝီ တို့ အပြုံးအရယ်တွေကြားမှာ ပိတ်မိသွားတိုင်း ရှက်သလို၊ အနေခက်သလို ရှုံ့တွတွ အီလည်လည်ဖြစ်သွားတတ်သည့် ခပ်တွန့်တွန့် သူ့မျက်ခုံးတန်းလေးတွေကို ပြန်မြင်လာခဲ့သည်။

ထို့ပြင် ရယ်လိုက်တိုင်း ကြည့်ကောင်းနေသည့်နှုတ်ခမ်းတို့နှင့် သူ့ရဲ့ စကားသံ ..၊

"အန်တီက မဖြေနိုင်တာတွေ ပြောနေတာ မဟုတ်ဘူး သမီး ..၊ နောက်ပြီး သမီးရဲ့အဖေက လူတကာနဲ့ သင့်တင့်လျှောက်ပတ်ဖို့ မလွယ်တဲ့လူမျိုး၊ သူ့စိတ်ကို နားလည်ရ သိပ်ခက်တာ ..၊ တစ်ခါတလေ အရမ်း ဘဝင်မြင့်ပြီး အဆင့်အတန်းခွဲခြား မောက်မာနေသလိုလို၊ တစ်ခါတစ်ခါ ကျတော့ ဘယ်လိုလူမျိုးမှ မယုံကြည်တတ်တဲ့ သံသယများစွာနဲ့ လူကြီး တစ်ယောက်နဲ့ တူနေပြန်ရော .."

"အဆင်ပြေနိုင်တာလည်း တစ်ခုမှ မပါဘူး .."

"ဟုတ်တယ် မလွယ်ဘူး၊ အန်တီကလည်း ဘယ်လိုမှ မလွယ်နိုင်တာတွေ ပြောနေတာလေ ..၊ သမီးရဲ့ဖေဖေက တကယ်ကိုထူးဆန်းတဲ့ အယူအဆတွေ သူ့မှာ စုပြုံနေတာ၊ လူတစ်ယောက်ကို ကျေးဇူးတင်ရမှာ အပြစ်တစ်ခုလို ကြောက်တယ်၊ အဲဒီတော့ သူ့အပြောအဆို နေထိုင်ပုံတွေက ရိုင်းစိုင်းသလို လူမှုရေးနည်းသလို ဖြစ်နေတာပေါ့၊ ဒါပေမယ့် ကျေးဇူး ရှိနေပြီဆိုရင်လည်း ဘယ်လိုပဲ ပြန်ပေးဆပ်ရဆပ်ရ အဲဒီအလှည့်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



နောက်မတွန့်ဘူး၊ လူတွေ သူ့ကို ဘယ်လိုထင်ထင် ဘယ်လိုဝေဖန်နေနေ ဂရုမစိုက်တာက ရှိသေးတယ် ..”

“အန်တီက ဖေဖေ့ကို တော်တော်လန့်နေတဲ့ပုံပဲ ..”

“အန်တီတင်မကဘူး .. သမီးတို့ ဘွားဘွားဘိုးဘိုးတွေကအစ သူ့သားကိုပဲ ရှေ့တန်းတင်ခဲ့ကြတာ၊ သားသမီးပေမယ့် လေးစားတယ်၊ အန်တီတို့မောင်နှမ သမီးရဲ့ဘွားဘွားအိမ်ကို ပြောင်းလာကြတော့ အစ်ကိုက ဆယ်တန်းကျောင်းသားပဲ ရှိသေးတာ ..၊ မောင်နှမဝမ်းကွဲတွေပေမယ့် သူ့ညီအရင်း ညီမအရင်းတွေလို အစ်ကိုက ချစ်တာ ..”

“ဒါဆို လေးလေးဇင် တော့ ဖေဖေနဲ့မတည့်ဘူးပေါ့နော်၊ လေးလေးဇင် က အရမ်းဆိုးတာဆို ..”

ဒေါ်သက်မာ မျက်နှာပျက်သွားသည်။ လေးလေးဇင် ဆိုတာ သူမထက် တစ်နှစ်ကျော်ကျော်ကြီးသော သော်ဇင်(ခေါ်)ကိုကိုဇင် ဖြစ်သည်။

အရင်းအချာဆိုလို့ ဒီမောင်နှမလေးနှစ်ယောက်ပဲရှိပေမယ့် သူ့မိုက်ပြစ်နဲ့သူ ခုတော့ လောကကြီးကို စောစောစီးစီး စွန့်ခွာသွားခဲ့ရပါပြီ..။

သူမတို့မှာ ဆင်းရဲလို့ အဖေ့အိမ်မှာ မှီခိုနေကြရတာ မဟုတ်ဘဲ စည်းစိမ်ဥစ္စာတွေ တစ်ပုံတစ်ပင်နှင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့လေးတွေ ဖြစ်ခဲ့ကြလို့သာ အားကိုးမှီခိုကြရတာ ဖြစ်သည်။

ဒါပေမယ့် ကိုကိုဇင် က မလိမ္မာပါ။ သူများအိမ်မှာပေမယ့် ကိုယ့်အိမ်မှာလိုပဲ လွတ်လပ်စွာနေသည်။ အစတည်းက မလိမ္မာခဲ့တာမို့ အရွယ်လေးရလာလေ ပိုဆိုးလာလေ ဖြစ်ခဲ့သည်။

အတွက် တို့ ဖေဖေနဲ့ဆို ကိုကိုဇင် က ပြန်မပြောရဲတာပဲရှိကာ ဘယ်တော့မှ အမြင်မကြည်ပေ။ သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကျမှသာ--

“လေးလေးဇင် အကြောင်း ပြောလိုက်ရင် အန်တီက မျက်ရည်ဝဲပြီ”

အတွက် ရဲ့အသံလေး ထွက်လာမှ ဒေါ်သက်မာ ကိုယ့်ကိုယ်ကိုယ်သတိရကာ မျက်တောင်တွေ တဖျတ်ဖျတ်ခတ်၏။





“အစ်ကိုချင်းတူပေမယ့် သမီးတို့ဖေဖေနဲ့ အန်တီ့အစ်ကိုအရင်းက ညီနဲ့ရေလိုပဲလေ ..၊ အဲဒါကို ယှဉ်တွေးမိလို့ပါ၊ အစ်ကို မင်းခန့်ကျော်က အစ်ကိုရင်း မဟုတ်ပေမယ့် အန်တီ့ကို ချစ်တယ်၊ သူ အမြင်စောင်းအမုန်း သိပေမယ့် ပြုပြင်ဖို့ကြိုးစားရင်း အစ်ကိုပီသတဲ့ မေတ္တာမျိုးနဲ့ ဆက်ဆံတယ်၊ သူသာလိမ္မာခဲ့ရင် ခုချိန်မှာ ဘယ်လောက်ထိ သာယာ သိုက်မလဲလို့ပါ ..”

“တစ်ဝမ်းကွဲတာ အန်တီရယ် .. လေးလေးဇင် မရှိတော့ပေမယ့် အဖေ ရှိနေသေးတာပဲ၊ အဲဒါတွေ ထားလိုက်ပါတော့ ..”

“ဟုတ်ပါပြီ .. ထားလိုက်ပါ့မယ်၊ အန်တီ ပြောချင်တာက သမီးအဖေရဲ့စိတ်ကို သမီး နားလည်ရင် သူ စိတ်ဆိုးအောင် မလုပ်ရဘူး၊ သမီး အနေအထိုင်မှားတာနဲ့ အန်တီလည်း အဆူခံရမှာပဲ၊ မိဘတွေလည်း ရှိကြတော့ဘူးလေ၊ ဒီအချိန်ကျမှ သားသမီးအတွက်နဲ့ အန်တီတို့မောင်နှမ စိတ်ဝမ်းကွဲရမယ့်အကြောင်းတွေ မဖြစ်ပါစေနဲ့ သမီးရယ်..”

“စိတ်ချပါ အန်တီရာ .. အတွက် အန်တီ မသိအောင် ဘာမှမလုပ်ဘူး၊ ဒါကြောင့် ပြောပြနေတာပေါ့”

“နေပါဦး .. ကောင်လေးက သနားကမားလေးလား ..”

“အရမ်းချောတာ ..”

“ဒုက္ခပါပဲ ..”

“ဩော် .. ချောတိုင်းလည်း ကြိုက်လို့မရပါဘူး အန်တီကလည်း”

“ကြိုက်ချင်စရာအကြောင်းတွေက ခုတည်းက များနေပြီဥစ္စာ”

“တကယ်လို့ အတွက် က ချစ်နေပါပြီဆိုရင် အန်တီက ...”

“အန်တီက မဟုတ်ဘူး .. သမီးဖေဖေ လုံးဝသဘောမတူဘူး၊ အဲဒါ သချာတယ် ..”

“ဘာဖြစ်လို့လဲ ..၊ အတွက် က ပညာလည်းစုံပြီ၊ အသက်လည်း..”

“အသက်ပြည့်ရင် လွတ်လပ်ခွင့်ရမယ်လို့များ သမီးကို အန်တီတို့



www.burmeseclassic.com

www.burmeseclassic.com



က ပြောထားမိခဲ့လို့လား .."

"မဟုတ်ပါဘူး ..၊ ဒါပေမယ့် .."

"လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကို ဆိုလိုတာလား သမီး..၊ မရဘူး.."

ဒေါ်သက်မာ က ခေါင်းခါရင်း အေးစက်စက်မျက်ဝန်းတို့နှင့်...

"ဗုဒ္ဓဘာသာ မြန်မာတိုင်းတော့ ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို မြတ်နိုး တန်ဖိုးထားရမှန်း မသိကြပါဘူး၊ ဒါပေမယ့် သမီးကိုတော့ သိစေချင်တယ်၊ တကယ်လို့ ခုချိန်မှာတော့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ကိုပဲ လိုချင်ပါတယ်ဆိုရင်လည်း အန်တီတို့ယဉ်ကျေးမှုနဲ့ လွတ်လပ်မှု ဘယ်လိုမှ အံမဝင်နိုင်ဘူးဆိုတာ သမီးကိုယ်တိုင် မိဘဖြစ်လာတဲ့အခါ နားလည်လာမှာပါ .."

ပြောနေရင်း ပင့်သက်ရှိုက်၏။ ထို့ပြင် အေးစက်စက်မျက်ဝန်းတို့မှာ ရီဝေဝေမှောခြင်းတွေ ဖြစ်သွားလျက် နေရာမှ ခပ်ဖြည်းဖြည်း ထရပ်သည်။

"သမီးရဲ့သားသမီးလေးတွေက လွတ်လပ်ခွင့်ကို တောင်းဆိုလာတဲ့အခါ .. ဒါမှမဟုတ် လွတ်လပ်ပွင့်လင်းတာမှ ခေတ်မီပါတယ်ဆိုတာမျိုး မိဘစကားကို ခွန်းတုံ့ပြန်မေးခွန်းတွေ ထွက်လာရတဲ့အခါ အဲဒီအချိန်တွေရောက်ရင် ယဉ်ကျေးမှုတွေအပေါ်မှာ သမီးကိုယ်တိုင် ရွေးချယ်လာလိမ့်မယ် .."

ခပ်လှမ်းလှမ်းထိ လျှောက်သွားနေပြီးမှ အတွက် ဆီ ပြန်လှည့်ရင်း—

"ဒါပေမယ့် အန်တီကတော့ အဲဒီအချိန်ကျမှ သမီး သိမှာကို စောင့်ကြည့်မနေချင်ဘူး၊ မိဘမေတ္တာကို သမီး အကြွင်းမဲ့ နားလည်ထားပါ"

"အတွက် နားလည်ပါတယ် .. အခုပြောတာကလည်း လွတ်လပ်စွာ ဆုံးဖြတ်ချင်လို့ပြောတာ မဟုတ်ဘူး၊ ဖေဖေက ဘာကိုမှ ခွင့်လွှတ်မပေးတတ်တာ အန်တီ သိသားနဲ့၊ အဲဒါကြောင့်ပဲ ဖေဖေ့ကိုချစ်ပေမယ့် အတွက် ဖေဖေနဲ့ အတူတူမနေချင်ဘူး"





"ဟုတ်ပြီ .. အန်တီ နားလည်ပြီ၊ မိဘစကားမို့ ဘာကိုမှ မပယ်ရှားရဘူးဆိုတာ မဖြစ်စေရဘူး၊ ကိုယ်တိုင်ဆုံးဖြတ်ဖို့ လိုအပ်တာတွေ ရှိသင့်မှန်းလည်း အန်တီတို့ နားလည်ပေးနိုင်တယ်၊ တစ်ခုပြောချင်တာက သမီး ခုနကပြောလိုက်တဲ့ပုံစံမျိုးပေါ့၊ ကိုယ့်ဆန္ဒကို ပြောချင်တာပေမယ့် တောင်းဆိုပုံလေးကွေတော့ သမီး ပြင်ရမယ် .."

အတွက် က ပြုံးလိုက်တော့ ဒေါ်သက်မာ ပင့်သက်ရှိုက်မိသည်။

"ခုချိန်မှာတော့ အန်တီ ဇီဇာကြောင်တတ်လိုက်တာလို့ သမီး ထင်မှာပဲ၊ ဒါပေမယ့် စကားအသွားအလာတွေရဲ့ သက်ရောက်မှုကို နားလည်လာတဲ့အခါ သမီး စိတ်ကူးတွေပါ ပြောင်းလဲကုန်မှာပါ"

ခုလည်း ပြောင်းလဲနေပြီထင်တယ် အန်တီ ..၊

အချိန်တိုင်း သူ့အကြောင်းပဲ တွေးမိနေလို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၅ ]

"ဘာလဲ .. နင်တို့က သူ့ကိုမြင်ချင်လို့ လာချောင်းနေကြတာလား"

"မဟုတ်ပါဘူး .."

ဆိုတာကျတော့ သံပြိုင်ထွက်၏။

အတွက် ကားမောင်းရင်း မျက်မှောင်လေးကုတ်လျက် လှည့်ကြည့်သည်။

သူမဘေးမှာ ပန်းချီ ပဲရိုကာ ဒေဝီ က နောက်မှာ ..၊

"တကယ်ပဲနော် .. နင်တို့ မထင်ရဘူး .."

"ဟဲ့ .. ဘာလဲ ..၊ သူ့ကို ကြည့်တော့ကြည့်ချင်တာ အမှန်ပဲလေ၊ ဒါကြောင့် လာချောင်းတာတော့ ဟုတ်စရာလား .."

"အေးလေ .. နင့်ရဲ့ ခေါင် က နေ့တိုင်း အပြင်တစ်နေရာရာ မြင်နေရတာပဲ၊ သူ့ကို မျှော်ကြည့်နေစရာလားလို့ .."

ထပ်ပြောလာတော့လည်း နှစ်သံစလုံး ရှေ့ဆင့်နောက်ဆင့်ဖြစ်ကာ...

"နင်က သူ့ကို မကျေနပ်ချက်ရှိလို့လေ ..၊ ငါတို့က ..."

"နင်တို့ကတော့ ကျေနပ်နေကြတယ်ပေါ့"





"မဟုတ်ပေမယ့် နင်နဲ့တော့ ဘယ်တူမလဲ ..၊ ခုဟာကလည်း ရိုးရိုးလေးပြောမိတာပါ အတွက် ရယ် .. နင်က သူ အဲဒီအိမ်မှာနေတာလို့ပြောတယ်၊ ငါတို့က အံ့သြလို့ သေချာမြင်ချင်တာလေ ..၊ ဒါပေမယ့် နင်လည်း သူ့ကို ထပ်မတွေ့သလို ငါတို့ အခု တစ်နေ့လယ်လုံး ကြည့်နေတာလည်း မတွေ့ခဲ့ဘူး .."

"အဲဒီတော့ ဒီတစ်ညလုံး အိပ်မပျော်နိုင်အောင် ထိခိုက်သွားဖို့ ရှိလို့လား .."

"လုပ်ပြီ .. တွေ့လား .."

"ငါတို့က ဒီနှစ်ယောက် အဲဒီအိမ်က ဖြစ်နေတာကို အံ့သြလို့ပါဆိုမှပဲ ..၊ တခြား ပိုခင်တာ ပိုချစ်တာ ဘယ်လိုသဘောမှ မပါဘူး၊ တကယ်ပါပဲ တွေ့လည်းမတွေ့ဘူးလို့ ပြောမိတာလေးနဲ့ ရှင်းလိုက်ရတာ အကိုပေါက်ရော .."

"မဟုတ်ပါဘူး .. နင်တို့ကိုက လွန်လွန်းတာ .."

"အံမယ် .."

"ဟုတ်တယ် .. အဲဒီ ဖြူခြောက်ကို စတွေ့ကတည်းက စာနာရတာနဲ့ .. သနားရတာနဲ့ ..၊ ငါတို့က ဒီလိုလူနဲ့မှ ဟိုမှာသွားဆုံ၊ ဒီမှာ သွားတွေ့နဲ့ ဘယ်လိုအကုသိုလ်မှန်း မသိဘူး၊ ကဲ .. ဆင်းကြတော့ .."

"ဟော့တော် .."

"ဘာ ဟော့တော်တာလဲ ..၊ ရောက်နေပြီဥစ္စာ .."

"ခြံထဲလေးတောင် မဝင်တော့ဘူးလား .."

"မဝင်တော့ဘူး"

"ငါလည်း ဒီမှာပဲ ဆင်းရတော့မှာလား .."

"နင်ပဲ ပန်းချီ အိမ်မှာ ခဏဝင်နေဦးမှာဆို .."

ဒေဝီ က မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ကားပေါ်က ဆင်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ .. ပြောမိပါတယ် ..''

နှာခေါင်းလေးရှုံ့ ပြောတော့ အတွက် သူတို့မမြင်အောင် ပြုံးလိုက်မိ၏။ နေပစေ .. ဒါမှ နောက်ထပ် ဖြူခြောက်ဆိုတာကို မမေးရဲတော့မှာ ...၊

အတွက် ကိုယ့်အတွေးနဲ့ကိုယ် ရယ်လိုက်မိကာ ကားကို ကိုယ့်လမ်းအခြမ်းဘက်ကွေ့ဖို့ အချက်ပြ မီးဖွင့်လိုက်ပြီး ...

''တီ ..''

နောက်ကားကို အမှတ်တမဲ့နှင့် ကွေ့ဝင်လိုက်သဖြင့် တီးလိုက်သည့် ဟွန်းသံက နားထဲမှာ စူးရှစွာ ...၊

''ဟင်!...''

''ကျွီ ..''

ဟွန်းသံကိုလန့်ပြီး ကားက အလျင်စလို ကပ်မိသွားကာ လမ်းလျှောက်နေသည့်တစ်ယောက်ကို ပွတ်ကပ်သွားခဲ့၏။

သွားပြီ ...၊ ဘီးအောက်ရောက်သွားပြီဆိုရင် သွားပြီ ...။

ဒီဘက်အခြမ်းမှာ လူသူကင်းရှင်းနေပေမယ့် ထိတ်လန့်သွားသည့်စိတ်က မျက်လုံးတွေ စုံမှိတ်ထားမိတာကို တော်တော်နဲ့ မဖွင့်ရဲ ...။

ဘုရား!... ဘုရား .. ဘာမှမဖြစ်ပါစေနဲ့ ...၊ အော်သံတောင် မထွက်နိုင်ဘဲ အသက်ပျောက်နေတာ မဖြစ်ပါစေနဲ့ ...၊

အတွက် မျက်လုံးတွေဖွင့်လိုက်ကာ ဆုတောင်းရင်း ကားပေါ်က ကမန်းကတန်း ဆင်းလိုက်သည်။

ကားနဲ့ ပလက်ဖောင်းရဲ့ကြားမှာ ဖင်ထိုင်လျက် ရှုံ့မဲ့ညည်းနေသော အမျိုးသမီးကြီးတစ်ယောက် ...။

''အန်တီ .. အန်တီ .. ဘာဖြစ်သွားသေးလဲဟင် ..''

''ခြေထောက်ကျိုးသွားပြီ ထင်တယ် .. ကားနဲ့ပွတ်သွားတာ၊ ပခုံးတစ်ဖက်လည်း အောင့်သွားတယ် ..''





အမျိုးသမီးကြီးက သေချာပြောပြပြီးမှ သူမရှေ့မှာ ထူတွဲမလို့ ငုတ်တုတ်လေး ထိုင်ချလိုက်သည့် အတွက် ကို သေချာမြင်ကာ ...

''အံ့သြပါရဲ့အေ .. ညည်းတို့ ကားမောင်းတတ်ရဲ့လား ...၊ လမ်းဒီလောက် အကျယ်ကြီးကို ..''

''ဟုတ်ပါတယ် အန်တီရယ် .. အတွက် နောက်ကားကို လန့်ပြီးရှောင်လိုက်မိလို့ပါ၊ တောင်းပန်ပါတယ်နော် .. အန်တီ ကျေနပ်တဲ့အထိ အားလုံး လုပ်ပေးပါ့မယ်၊ ကျေနပ်ပေးပါ ..''

''အံမယ် .. လူကို အလျော်လိုချင်လို့ စကားခေါ်နေတယ်များ မှတ်လို့လား၊ ရုပ်ကို သေချာကြည့်ပြီးမှ ပြော ..''

တော်တော် ဒေါသကြီးတတ်ပုံရသည့်မျက်နှာကို သူမဘာသာ လက်ညှိုးပြ၏။ ထိုအခါ လက်ကောက်ဝတ်မှာရှိနေသော ရွှေလက်ကောက်တွေက တချွင်ချွင် အသံပြု၍ အတွက် စကားမှားသွားတာကို လှောင်ရယ်ပြနေသည့်နှယ် ...၊

''ဟုတ်ကဲ့ပါရှင် .. စကားမှားသွားရင် ခွင့်လွှတ်ပါ၊ အန်တီ့ကို အတွက် ထူပေးမယ်နော် ...၊ တစ်ခုခု ဖြစ်သွားလားလို့ပါ''

ဘယ်လောက် အောက်ကျ ခယပြီး တောင်းပန်ရပါစေ ကားနဲ့ တိုက်မိပြီး မသေမပျောက်ရှိနေတာနဲ့ပဲ အတွက် ဝမ်းသာလုံး ဆို့နေမိသည်။

ထို့ကြောင့် အတတ်နိုင်ဆုံး ချိုသာစွာတောင်းပန်နေမိကာ အောက်ကျလှသည်လည်း မထင်မိ ...။

အမျိုးသမီးကြီးက သိပ်ကျေနပ်ပုံမပေါ်ဘဲ စူပုတ် တင်းမာနေသည့် မျက်နှာနဲ့ပဲ အတွက် ထူပေးတဲ့အတိုင်း ရှုံ့မဲ့မဲ့ ထရပ်သည်။

''အား!... နာတယ် .. အရမ်းမဆွဲနဲ့ ..''

''ဟုတ်ကဲ့ .. ဟုတ်ကဲ့ အန်တီ .. ဆေးခန်းသွားရအောင်နော် ...၊ အတွက် လိုက်ပို့ပါရစေ ...''



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး .. ငါ့ဟာငါ ဆေးကုနိုင်တယ်၊ အိမ်ကိုပဲ ပြန်ပို့ပေး"

အတွက် က ပျာပျာသလဲ တောင်းပန်နေလေ အမျိုးသမီးကြီးက တင်းနေလေပါ။ ဒါမှမဟုတ် တကယ်ကို မာနကြီးလွန်းလို့ သည်းမခံတတ်တာလည်း ဖြစ်နိုင်၏။

အတွက် ကတော့ သည်းခံမှာပါ။ အကြီးအကျယ်ဖြစ်သွားပြီလို့ ထင်ပြီး ကမ္ဘာပျက်သလို ထိတ်လန့်သွားခဲ့တာမို့ ခုချိန်မှာ ဒီမိန်းမကြီး ပြောဆိုဆက်ဆံနေပုံ ဘယ်လိုဖြစ်ဖြစ် နားဝင်ချိုနေသေး၏။

"အိမ်က ဘယ်မှာလဲဟင် .."

"ဒီလမ်းထဲမှာပဲ .."

"ဟုတ်လား .. အတွက် တို့နဲ့ တစ်လမ်းတည်းပဲနော် .."

ကားပေါ်တွဲတင်ပြီး မောင်းထွက်လာခဲ့တဲ့အထိ ဘယ်အိမ်ကို ပို့ရမယ်မှန်း မမေးမိသေးသလို သူမကို ခေါင့် မေမေမှန်းလည်း မသိခဲ့ ..။

"ဒီခြံပဲ .. ရပ်တော့ .."

"ဒီခြံ .."

ကိုယ့်အိမ်ကိုကျော်၍ ဘယ်ထိဆက်သွားပေးရမှာလဲ စဉ်းစားလိုက်မိစဉ် ကားကို တုံ့ခနဲ ရပ်လိုက်မိကာ ...

"အန်တီက ဒီအိမ်ကလား .."

"ဩော် .. မဟုတ်ဘဲနဲ့ သူများအိမ်ကို လက်ညှိုးထိုးစရာလား .."

အတွက် ပျာပျာသလဲ ခေါင်းညိတ်လိုက်ကာ တံခါးပွင့်သွားသည့် ခြံထဲကို မောင်းဝင်ခဲ့လိုက်၏။ ထိုစဉ် အိမ်ထဲကထွက်လာကြတာ ခေါင်နဲ့ အမျိုးသမီးတစ်ယောက် ..၊

နှစ်ယောက်စလုံး တအံ့တဩတွေ ဖြစ်ကုန်ကြကာ အမျိုးသမီးက မိန်းမကြီးကို စိုးရိမ်တကြီး ကြည့်၏။ ခေါင် ကတော့ အတွက် ရဲ့ မျက်နှာလေးကိုသာ ..၊

"အတွက် .."





"မေမေ ဘာဖြစ်လို့လဲ .."

တုံ့ခနဲဖြစ်သွားကြသည့် ခြေလှမ်းတွေ ကားဆီ ခပ်သွက်သွက် ပြေးဆင်းလာကြ၏။

"မေမေ တစ်ခုခု ဖြစ်လာတာလား .."

"အတွက် နဲ့ မေမေ ဘယ်လိုတွေ့လာကြတာလဲ"

သံပြိုင်ထွက်လာတိုင်း မေးခွန်းတွေက တစ်ယောက်စီကို ဖြစ်နေသဖြင့် ပိုး က ကိုယ့်မောင်ကို ပြန်လှည့်ကြည့်၏။ ထိုအခါကျမှ သူ့မျက်လုံးကြီးကို လှူမိသွားသလိုဖြစ်ကာ ခေါင် ကြောင်အမ်းအမ်းဖြစ်သွားသည့် မျက်နှာနှင့် ...

"မမ မသိဘူးလား ..၊ အတွက် က ဟိုဘက်ခြံကလေ .."

"ဩော် .."

အတွက် က ကားထဲကနေ ဆင်းလိုက်ပြီး ပြုံးပြကာ ...

"မင်းအတွက် ပါ .."

"မင်းအတွက် တဲ့လား .."

သားသမီးတွေ တွဲထူလာကြသည့်ထဲကနေ ဒေါ်နှင်းနှင်း ကလည်း ခုမှသိလိုက်ရကာ အတွက် ဆိုသည့်ကောင်မလေးကို မသိမသာ ပြန်ကြည့်မိသည်။

လူကြီးပီပီ ကြည့်လိုက်ပြီဆိုတည်းက သူမရဲ့ ရုပ်ဆင်းရူပကာ၊ အခြေအနေအဆင့်အတန်းကို အကဲခတ်ပြီးသား။ အတွက် လည်ပင်းနဲ့ ခြေလက်တွေမှာ ပလက်တီနမ်ကြိုးပါး သေးသေးလေးတွေချည်းပဲ ဖြစ်သည်။ ဒါပေမယ့် စိန်ပွင့်လေးတွေ လက်နေတာကို ဒေါ်နှင်းနှင်း က မြင်အောင်ကြည့်နိုင်သည်။

ပြီးတော့ ပြစ်မျိုးမှဲ့မထင်အောင် ကြည်လှဲ့သန့်စင်နေသည့် အသားအရေနဲ့ ခြေချောင်းလက်ချောင်းလေးတွေက အစ ...၊

"မေမေ .."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. ရတယ် .."

မသိမသာ အကဲခတ်ကာမှ နည်းနည်းအာရုံစိုက်လွန်သွားကာ ဒဏ်ရာကို မေ့သွား၏။ အသည်းခိုက်အောင် နာသွားတော့မှ ကိုယ့်လမ်းကိုယ်သွားတာတောင် ကားနဲ့ကပ်တိုက်သွားသည့်အဖြစ်က ပြန်ပေါ်လာသည်။

"အန်တီ့ကို အတွက် ကားနဲ့ ပွတ်မိသွားလို့ပါ၊ အဲဒါလေ .."

"မသေကောင်း မပျောက်ကောင်းဟယ် .."

ပိုး မျက်စိမျက်နှာပျက်နှင့်ပြောတော့ အတွက် ကို ခေါင် အားနာသွားသည်။ ထို့ပြင် မေမေက ထပ်ဆင့်၍ ...

"ဘယ်ကလာပွတ်ရုံကမလဲအေ .. ကံကောင်းလို့ ငါ သူ့ကားဘီးအောက် ရောက်မသွားတာ .."

"မေမေရာ .. လမ်းတောင် လျှောက်နိုင်တဲ့ဟာကို .."

"အံမယ် .. မင်းက ငါ့ကို ပက်လက်ကြီးသယ်လာတာမြင်မှ စိတ်ပူမှာလား .."

"မေမေကလည်း .."

"ဟွန်း .. မပြောလိုက်ချင်ဘူး၊ သားတွေမွေးရတာ တကယ် ဝမ်းရေစပ်တယ် .."

ဝမ်းရေစပ်တယ်ဆိုတာ ဘာမှန်းတော့ မသိပေမယ့် ကြမ်းတမ်းသည့်စကားတွေမှန်းတော့ ခံစားမိကာ အားလုံးရှေ့မှာ အတွက် ကိုယ့်ကိုယ်ကိုယ် သေးကျုံ့သွားသလို ခံစားမိလာ၏။

တစ်သက်လုံးက အဆူအငေါက်မခံရဘဲ လူစိမ်းတွေက မျက်နှာထိမျက်နှာမောင်းနှင့် ဆက်ဆံနေကြသည်။ ကိုယ့်မှာလည်း ပြုမိထားသည့်အပြစ်ဂစ်ဖက်နဲ့မို့ ဘာပြန်ပြောရမှန်း မသိ ..။

"ညီမကိုတော့ တို့က အားနာပါတယ်၊ အိမ်နီးနားချင်းဖြစ်နေတော့လည်း ဘာပြဿနာမှ မဖြစ်ချင်ဘူး၊ ဒါပေမယ့် မေမေ့အခြေအနေ ဘယ်ထိဖြစ်သွားလဲဆိုတာ သိရပြီးမှ တို့ဘက် ဆုံးဖြတ်နိုင်မှာ .."





သူမ ဘယ်လိုတောင်းပန်ပေမယ့် ကျေအေးလိုက်ပါပြီလို့တော့ မပြောခဲ့ပေ။ ပိုးနှင်းဆီ ၏ အေးစက်သောအကြည့်တို့၏အောက်မှာ အတွက် ဘာမှလည်း ထပ်မပြောချင်တော့ဘဲ လှည့်ပြန်ခဲ့ရသည်။

အတွက် နောက်ကို ခေါင် က ပြေးထွက်လိုက်လာကာ ...

"အတွက် ဘာမှစိတ်မပူနဲ့နော် .. ကိုယ်တစ်ယောက်လုံး ရှိတယ်၊ မင်း ဘာမှမဖြစ်စေရဘူး .."

ရှင့်အမေ တစ်ခုခုဖြစ်တယ်ဆိုရင်ရော အတွက် ဘက်က ရှိဦးမှာလား ခေါင် ...၊

သူ့ကို ဘာမှမပြောဖြစ်ခဲ့ဘဲ ပီပြင်အောင်လည်း ပြုံးမပြနိုင်ခဲ့ပါ။ အမေရော အစ်မပါ တင်းတင်းမာမာဖြစ်နေကြသည့် အခြေအနေက သူတို့မျက်နှာတွေနဲ့အတူ အတွက် အာရုံထဲမှာ စွဲလာခဲ့၏။

နားထဲမှာ နူးညံ့မှုမရှိသည့်အကြည့်တွေ ...၊ ပြီးတော့ ကြမ်းတမ်းသည့် စကားလုံးတို့၏ ရိုက်ခတ်မှုများ ...၊

သူတို့နဲ့ သူမ ဘာတွေဆက်ဖြစ်လာဖို့တွေ ရှိသေးသလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း | ၁၆ |

"တွေ့လား .. ဘာမှ ကြီးကြီးကျယ်ကျယ်ဖြစ်သွားတာ မဟုတ်ဘဲ နဲ့ မမတို့က သူများစိတ်ဆင်းရဲအောင် သက်သက် .."

ထွက်လာသည့် ဆေးစစ်ချက်အဖြေတွေကို ဖတ်ပြီးတော့ ခေါင် က ရှုံ့မဲ့ ကဲ့ရဲ့သည်။

ပိုး က ဒေါ်နှင်းနှင်း ရှေ့ကနေ ခေါင့် လက်ကိုဆွဲ၍ အပြင်ထွက် လာကာ ...

"သူများစိတ်ဆင်းရဲအောင် သက်သက်လုပ်လိုက်တာက မင်း စိတ် ချမ်းသာအောင်ဆိုရင်ရော .."

"ဘာလဲ .. အဲဒါက .."

အခန်းထဲက ထွက်ခါနီးမှ သဏ္ဍာန် နောက်ပြန်ဆုတ်နေလိုက်၏။ ကိုယ့်အခန်းရှေ့မှာ ပြောနေကြတာမို့ အပြင်ထွက်ဖို့ တံခါးကိုကိုင်လိုက် သည့်လက်ကိုပါ ပြန်ရုတ်လိုက်မိသည်။

သူတို့ ဘာအကြောင်းပြောနေကြမှန်း မသိပေမယ့် ကိုယ် ထွက် လိုက်တာနဲ့ စကားအရှိန် ပျက်မည်။





အခန့်မသင့်လျှင် ရန်လိုစကား တစ်ခုခုလည်း ပြောလာနိုင်သေး သည်။ ထို့ကြောင့် စားပွဲမှာ သွားပြန်ထိုင်နေဖို့ အထဲကို ပြန်လှည့်လိုက် လျှင် ...

"အဲဒီ မင်းအတွက် ဆိုတဲ့ ကောင်မလေးအကြောင်း ငါတို့ စုံစမ်း ပြီးပြီ .."

"ဘာကိစ္စ မမတို့က စုံစမ်းတာလဲ .."

"မင်း သူ့ကို ကြိုက်နေတယ်မို့လား ..၊ အဲဒီနေ့တည်းက မေမေနဲ့ ငါ သိတယ် .."

"ဩော် .. သိလို့ ခြိမ်းလားခြောက်လား ပြောလိုက်ကြတာပေါ့၊ ပြီးတော့ အိမ်နီးနားချင်း မမတို့မို့လို့ပဲ မျက်နှာမပူတယ် .."

"မျက်နှာပူလိုက်ရင် ချက်ချင်း ငြိမ်းချမ်းရေးစာချုပ် ချုပ်သွားမှာ ပေါ့၊ အဲဒီလိုဆို မင်းကောင်မလေး ဒီအိမ်ထဲထိ နောက်ထပ် ရောက်လာ စရာအကြောင်း ရှိဦးမလား .."

ခေါင့် အသံ မကြားရတော့ပေ ...။

ထို့အတူ သဏ္ဍာန် နေရာမှာပဲ ရပ်နေမိကာ ပြောသမျှကို ဆက် လက် နားထောင်နေခဲ့မိ၏။

အတွက် ဒီထဲကို ဘယ်လိုပါဝင်ပတ်သက်ခဲ့လို့ မမပိုး ဘာကိုပြော နေတာလဲ ..၊

"မင်း ကြိုက်နေမှန်းသိလို့ သူ ဘယ်လိုမိန်းကလေးလဲဆိုတာ အရင် စုံစမ်းရတယ် .."

"သိလာတာ မြန်လှချေလား .."

"မေမေ့မှာ စပိုင်တွေရှိတယ်လေ .. နင် မသိဘူးလား .."

"စုံစမ်းတော့ အတွက် က အရမ်းချမ်းသာနေရောလား ..၊ အဲဒါ ကြောင့် ခေါင် ကြိုက်နေတယ်ဆိုရင် မဆိုးဘူးဆိုပြီးတော့ .."

"ဟုတ်တယ် .. အခု စာတ်မှန်ရိုက်ထားတာတွေ၊ ဆေးစာဝန် အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ထားတာတွေကို သူ တိတ်လန့်သွားအောင် လုပ်ထားဖို့ ငါတို့ စီစဉ်ထားတယ် ..''

"ဟာဗျာ ..''

"မဟာနဲ့ .. အဲဒါ မင်း စိတ်ချမ်းသာဖို့အတွက် ..''

"မဟုတ်တာကိုတော့ အဟုတ်မလုပ်ပါနဲ့ မမရာ .. သိသွားရင် မကောင်းပါဘူး ..''

"ဒါကွေ နင် ပူစရာမလိုပါဘူး.. ငါတို့မှာ မောင်လေးတစ်ယောက်ပဲရှိတာ၊ ပေါက်ကရလေးဆယ်မိန်းမတွေနဲ့ ငြိစွန်းမခံနိုင်ပါဘူး၊ မေမေ အဆင့်အတန်းခွဲတတ်တာ မင်းလည်း သိသားနဲ့ .. ငါရောပဲ..၊ ငါ ရလာမယ့် ယောက်မလေးက ချောရလှရမယ်၊ ဥစ္စာပေါ ရုပ်ချော ပညာတတ်၊ အထက်ပါအောက်ပါ အရည်အချင်းတွေအားလုံး ပြည့်စုံတဲ့ ပါဖက်ဂဲလ် ဖြစ်တာပဲ လိုချင်တာ .. ဒီကောင်မလေးက တအားလှတော့ စိတ်ပူလို့လေ၊ အဲဒါကြောင့် စုံစမ်းရတာ ..''

"စုံစမ်းတော့ ဘာတဲ့လဲ ..''

"မိုးကုတ်သူဌေးတွေလို့ သိရတယ်၊ အတိအကျတော့ မဟုတ်သေးဘူး၊ ဒါပေမယ့် ငါတို့ထက် အများကြီး ချမ်းသာတယ်ဆိုတာကတော့ ရှစ်ဆယ်ရာနှုန်း သေချာတယ်၊ အဲဒါကြောင့် ယုန်ကမတိုး ပိုက်က တိုးလာတုန်း ..''

"ဟာ .. သူ့ကားနဲ့တိုက်မိလာတာပါ၊ ခုချိန်ထိ ကျွန်တော့်ကို မီးစိမ်းပြသေးတာ မဟုတ်ဘူး၊ မမက လျှောက်ပြောနေ ..''

"လျှောက်ပြောနေတာ မဟုတ်ဘူး ခေါင် .. မင်းပဲ ဖြစ်နေတာ၊ ဘာမှရှည်မနေနဲ့ .. မင်းကောင်မလေးကိုလည်း ငါတို့က ဘုဘောက်ကျအောင် ပြောဆိုဆက်ဆံမှာ မဟုတ်ဘူး၊ အဓိကက မေမေ့ဒဏ်ရာ အခြေအနေကြောင့် သူ ဒီမှာ အနည်းဆုံး နှစ်ပတ် တစ်လလောက် ဝင်ထွက်သွားလာနေရမယ်၊ အဲဒီမှာ မင်း နေတတ်ဖို့ပဲ ..''





ခေါင် ဘာမှ ပြန်မပြောပါလား ..၊

နားစွင့်နေပေမယ့် ခေါင့် ဘက်က ဘာသံမှ ထွက်မလာတော့ပေ ..။

သဏ္ဍာန် နဖူးကနေ ဆံပင်တွေထဲထိ လက်ထိုးဖွရင်း စာကြည့်စားပွဲဆီ တစ်လှမ်းချင်း ပြန်လှည့်လာမိသည်။

အဖြစ်အပျက်က တကယ်ရှိခဲ့တာပေမယ့် ရှေ့ဆက်နိုင်ဖို့အတွက်က လုပ်ကြံမှုပဲ ဖြစ်သည်။ ခေါင် က ဒါကို ဘာဖြစ်လို့ သဘောတူ ကျေနပ်သွားတာလဲ ..၊

တစ်ခုခုတော့ လွဲနေပါပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

"အတွက် .."

"ဟင် .."

ခေါင် က ကားနားထိ လိုက်လာကာ ...

"စိတ်မပူနဲ့နော် .. အားလုံး ပြေလည်သွားမှာပါ"

"စိတ်မပူဘဲတော့ နေမလား ခေါင် ရယ် .. ညညဆို ဒါကိုဲ တွေးနေမိတာ တခြား ဘာမှ ခေါင်းထဲမတိုးတော့ဘူး .."

"မဟုတ်တာ အတွက် ရာ .."

သူမ မျက်နှာလေးညှိုးနေတော့ ခေါင် စိတ်မကောင်းဖြစ်သွားမိ၏။ မြန်မြန်အဆင်ပြေသွားလည်း ကောင်းတာပဲလို့ တွေးပြီး ဒီတိုင်း ရေလိုက် ငါးလိုက်နေဖို့ ဆုံးဖြတ်ခဲ့တာ မှားပြီလားလို့တောင် နောင်တရလာခဲ့သည်။

တကယ်ဆို မမကလည်း အတွက် အပေါ်မှာ ဆက်ဆံတာ ဒီ့ထက် ပျော့ပျောင်းသင့်တယ် မဟုတ်ဘူးလား ..။

"အန်တီက ခြေထောက်ဒဏ်ရာကို စောင့်ကြည့်ရဦးမယ့် အခြေ အနေဆိုတော့ ဒီဒဏ်ရာ နာနေတိုင်း စိတ်တိုနေမှာ ..၊ မမပိုး ကလည်း သူ့အမေအတွက် .."





"မဟုတ်ပါဘူး .. အဲဒါတွေကို မင်း ခဏလောက်ပဲ သည်းခံရမှာ ပါ၊ ကိုယ်ပြောချင်တာက ဒီပြဿနာ လုံးဝ အကျယ်တဝင့် ဖြစ်မလာစေ ဘူး၊ မေမေက ကိုယ့်အမေဖြစ်နေတဲ့အတွက် မေမေ့ကြောင့် မင်း ဘာမှ ထိခိုက်စေရပါဘူး အတွက် ရယ် .. စိတ်အေးအေး နေပါ .."

တစ်နေ့တစ်နေ့ ဒီအိမ်ကိုဝင်လာရတိုင်း ဘယ်မျက်နှာကို ဘယ်လို ရင်ဆိုင်ရမလဲဆိုတာပဲ ပူနေရတာ ဘယ်လိုလုပ် စိတ်အေးအေး နေနိုင် မလဲ ..။

ခက်နေတာက အန်တီ့ကိုလည်း မပြောရဲ ..၊ ပန်းချီ နဲ့ ဒေဝီ တို့က လည်း တစ်နေ့ရာစီ ခရီးထွက်နေကြသည်။ ညညဆို သူတို့နဲ့ ဖုန်းပြော ရပေမယ့် မျက်နှာချင်းဆိုင်ပြီး တီးတိုးတိုင်ပင်ကြရတာလောက် အဆင် မပြေ ..။

"ဒီကိစ္စကို အတွက် အိမ်က သိလားဟင် .."

"ဟင့်အင်း .. ဒါကြောင့် အပြင်သွားမယ်ဆိုပြီး လှည့်ပတ်ဝင်လာရ တာပေါ့ .."

"အိမ်ကနေ အခု လှမ်းမြင်သွားရင် ရှောခ်ရှိလား .."

အတွက် က ကားဘေးမှာရပ်ရင်း အိမ်ကိုလှမ်းကြည့်သည်။ ပြီးမှ ခေါင်းခါ၍ ...

"အန်တီက သူများခြံဝင်းထဲကို ဘယ်တော့မှ ရှာရှာဖွေဖွေ မကြည့် တတ်ဘူး၊ ကိုယ်နဲ့ပတ်သက်စရာ အကြောင်းတစ်စုံတစ်ရာ မရှိဘဲနဲ့ပေါ့ နော် .."

"အမှတ်တမဲ့ မျက်လုံးရောက်ရင်း မြင်သွားရင်ရော .."

"မျက်လုံးရောက်လာဖို့ ဖြစ်ရင်လည်း ဒီကားကို မြင်သွားလောက် တဲ့အထိ ကြည့်မှာ မဟုတ်ဘူး ..၊ ခေါင် ဘာဖြစ်လို့ စိတ်ဝင်စားနေ တာလဲ .."

"အတွက် ကို ဆူခံထိမှာ စိုးရိမ်လို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ..၊ အတွက် ကတော့ အန်တီ သိသွားလို့ ဆူမှာထက် ခေါင့် အစ်မမျက်နှာ တင်းနေတာကို ပိုစိုးရိမ်တယ် .."

"လာပြန်ပြီ .. ထပ်မပြောပါနဲ့တော့ အဲဒါကို .."

"ဟုတ်ပါပြီ ..၊ ကဲ .. အတွက် ပြန်မယ်"

"အိုခေ .."

အတွက် ကို သူကိုယ်တိုင် တံခါးဖွင့်ပေးပြီး ပြန်ပိတ်တဲ့အထိ အနားမှာပဲရှိနေကာ လက်ပြ၏။ ဒါပေမယ့် အတွက် ကားက စက်နှိုးလို့ မရတော့ပေ ..။

"ဒုက္ခပါပဲ ..ကား ဘာဖြစ်သွားလဲ မသိဘူး .."

"ဟုတ်လား .. နှိုးကြည့်ပါဦး .."

အတွက် ဘယ်လိုနှိုးနှိုး စက်က ပြန်နိုးမလာတော့ပေ ..။

"ဘာဖြစ်နေတာလဲ ခေါင် .."

ပိုး အပြင်ထွက်လာပြီး ကားဆီ ဆင်းလာ၏။

"စက် မနိုးတော့ဘူးလား .."

"မနိုးတော့ဘူး .."

ရှုံ့မဲ့မဲ့ ခေါင့် မျက်နှာကို ပိုး က မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာဖြစ်တာလဲ .. ကြည့်ပေးလိုက်လေ .."

"ဟာ .. မမကလည်း ကျွန်တော်မှ ကားမပြင်တတ်တာ .."

"ဟဲ့ .. မပြင်တတ်ရင်လည်း ဘာဖြစ်တယ်ဆိုတာတော့ သိမှာပေါ့၊ ဆီပျောက်မီးပျောက်လောက်နဲ့ နှိုးမရတာဆိုရင် .."

"မမက တစ်မျိုး .."

အတွက် ရှေ့မှာ ကိုယ် တစ်ခုမှကို မသိတဲ့အကြောင်း ဖွင့်ချပြသလို ဖြစ်နေသဖြင့် ခေါင့် မျက်နှာ ရှုပုတ်ပုတ် ဖြစ်နေပြီ ..။

"ရပါတယ် .. အတွက် နည်းနည်းတော့ ကြည့်တတ်ပါတယ်"

သွားပြီ ..၊





မိန်းကလေးက တတ်နေပြီး ကိုယ်က ဘာမှမသိရတဲ့အဖြစ် ..၊

ရှက်တော့ရှက်ပေမယ့် ကိုယ့်အိမ်မှာမို့ ဝတ္တရားကလည်း ကျေချင်မိကာ ...

"ခဏနေဦး .. သဏ္ဍာန့် ကို ခေါ်လိုက်မယ်၊ အဲဒီကောင် ပြင်တတ်တယ် .."

မောင်ဖြစ်သူကိုကြည့်၍ အံ့သြနေသည့် ပိုး မျက်နှာမှာ ဒေါသရိပ်တွေ ဖျန်းခနဲ ထင်သွား၏။

"ခေါ်မနေနဲ့ .. မရှိဘူး .."

"ဟုတ်လား .. ခုနက အိမ်ထဲမှာပါ"

"ဩော် .. မရှိပါဘူးလို့ဆိုနေမှ .. ညီမ ကြည့်တတ်ရဲ့လား၊ တို့ ဝပ်ခ်ရှော့ကို ဖုန်းဆက်ပေးမယ်"

"နေပါစေ .. အတွက် ဘာသာ ဆက်ပါ့မယ် မမ"

အတွက် က ဘောနက်ဖွင့်ကြည့်နေပြီး မော့မကြည့်ဘဲပြောသည်။ ပိုး ကတော့ ကိုယ့်မောင်ကိုပဲ ထုရိုက်ပစ်ချင်နေမိ၏။ ကားတော့ မောင်းနေပြီး ဒီလောက်တောင် အဖြစ်မရှိဘူးလား ..။

ကိုယ်မတတ်ရင်တောင် သဏ္ဍာန့် ကို ပွဲထုတ်ဖို့များ စိတ်ကူးလိုက်တာ အံ့သြလို့မဆုံးနိုင် ..။

သဏ္ဍာန့် နားမှာ တကပ်ကပ်ရှိနေပြီး ဒါမျိုးကျတော့ တတ်အောင် ကြည့်မထားဘဲ ဘာတွေတိုင်ပင်စရာရှိလို့ ပူးတွဲချန်ပီယံ လုပ်နေရတာလဲ..။

မရှိတာထက် မသိတာ ပိုခက်သည်ဆိုတာ ဒါမျိုးပဲထင်သည်။

နားရွက်ဆွဲခေါ်သွားပြီး လူကွယ်ရာမှာ ခေါင်းခေါက်ဆုံးမရမယ့် အရွယ်လည်း မဟုတ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၁၈ |

ဖြစ်ရတဲ့အကြောင်းရင်းကို ပြောမကြတာနှင့် ဒေဝီ နဲ့ ပန်းချီ တို့ ထုံးစံအတိုင်း မကျေနပ်တာတွေ၊ ဒေါသဖြစ်စရာတွေချည်း တန်းစီ ဆွဲထုတ်နေကြလျက် ...။

"နှင် အဲဒါ ကိုယ့်အဒေါ်ကို ဘာမှပြန်မပြောဘဲ တစ်ယောက်တည်း ကြိတ်လုပ်နေလို့ ဖြစ်တာ .."

"ဒါကတော့ အန်တီသက် အကြောင်း နှင် သိသားနဲ့ ပန်းချီ ရယ်.. အလိုလိုကာမှ အတွက် ရဲ့အဖေကို တုန်အောင်ကြောက်နေတဲ့ဟာ ..၊ သူ့လက်ထဲမှာ အတွက် ဒီလိုပြဿနာပေါ်ပြီဆိုတာနဲ့ ကားမမောင်းရ၊ လမ်းမထွက်ရ အမိန့်တွေ ထွက်လာမယ်၊ ဒါ့ထက်မက အစ်ကို့သမီးကို ပြန်ခေါ်ပါတော့ဆိုတာတွေတောင် ပါချင်ပါလာဦးမှာ .."

"အို .. ပါမှသာပါတော့ သူတို့တွေ အတွက် ကို ဒီလိုဆက်ဆံကြတာ ငါ လုံးဝ မခံနိုင်ဘူး .."

"အတွက် နှင် သူ့အမေရဲ့ကျန်းမာရေးကို သေချာရော သိရဲ့လား"

"ဩော် .. လျှော်ကြေးလိုချင်လို့ ပုံကြီးချဲ့ချင်တာလို့များ ပြောဦးမလို့လား .."





"ငါ အတွက် ကို မေးနေတာပါ .."

"မမေးနဲ့ .. ဟိုမှာ ကားမောင်းနေတာ၊ အလိုလိုကမှ စိတ်က စ်နေတာကို .."

"ငါကလည်း သူ့အတွက် ဝိုင်းညစ်ပေးမလို့ ပြောနေတာပဲ .."

ဘာဖြစ်ဖြစ် ပန်းချီ က ဒေဝီ့ ထက် ပိုပြီး စိတ်ဆတ်သည်။ အတွက် ပတ်သက်လာတိုင်းလည်း သူပဲ အကြံပေး၊ သူပဲ စိတ်ပူတတ်နေကာ...

"အစက လျှော်ကြေးမလိုချင်ခဲ့ပေမယ့် အတွက် က လူကြီးတွေကို ည်း ပြန်မပြောရဲဘူးဆိုတာ သိရင် .."

"ဟုတ်လား ..၊ သူတို့က အဲဒါကို သိကြသလား အတွက် .."

ဒေဝီ က နောက်ကနေ ပခုံးတို့မေးတော့ အတွက် ကားမောင်းရင်း ါင်းခါပြသည်။

"သူတို့နဲ့ အဲဒါတွေပြောဖို့ထိ စကားမစပ်ခဲ့ပါဘူး၊ ဒါပေမယ့် ါင် ကတော့ မေးတယ် .."

"နှင်က ဒီတိုင်း ပြောလိုက်ရောလား .."

"ဒီတိုင်းမပြောလို့ ဘယ်လိုပြောရမလဲ၊ အရေးဆိုရင် ငါ့ပါးစပ်က ာဖို့ကို သတိမရဘူး .."

လွှတ်ခနဲ ဦးဆုံးပြောလိုက်မိတာ အမှန်တရားပဲဖြစ်တတ်ကာ လူ စ်ယောက်ကို ယုတ္တိရှိရှိ အကြီးအကျယ်လိမ်ညာဖို့က ဖြစ်ကို မဖြစ် ်ပါ ...။

"အေး .. ဘာပဲဖြစ်ဖြစ် .. လူကိုနိုင်နေရတာကိုပဲ ကျေနပ်နေတာ ည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ရောဂါအကြီးအကျယ်ဖြစ်လာရင်တော့ း ကုခိုင်းရမှာပဲလို့ တွက်ရင်လည်း တွက်မှာ .."

"တောက် .. ငါ့ကားတော့ ရေဖွက်ထဲကျတော့မှာပဲ .."

"အေးလေ .. ဘာတွေမှောက်ကျထားတာတွေလဲ မသိဘူး"

ရေဖွက်ကြီးကိုရှောင်ဖို့က တစ်ဖက်မှာ ကားလာနေတာမို့ မရှောင်



www.burmeseclassic.com

www.burmeseclassic.com



သာတော့ပေ ..။

သူမတို့ စိတ်တွေအားလုံးက ရေဖွက်ဆီမှာပဲ ရောက်နေကာ ဘေးကို သတိမထားမိလိုက်ဘဲ ...

"ဒုန်း .."

"ဖျန်း .."

"အမေ့ရေ!..."

"အယ်!... ဟိုမှာ .."

ကားထဲမှာ သံစုံမြည်သွားသည်။

ရေဖွက်ကိုအဖြတ်မှာ ကားက ချိုင့်ဆောင့်မိသွားသဖြင့် ရေတွေဘေးကို ဖျန်းခနဲ စင်ထွက်ကုန်ကာ ...

"ရွှံ့တွေ မနည်းဘူး ပေကုန်တာ၊ ရပ် .. ရပ်လိုက်ပါဦး .. အားနာစရာကြီး .."

ကားကို ဂရုစိုက်နေရသဖြင့် အတွက် ဘာမှ မသိလိုက်ပေ။ ထို့ကြောင့် ရေအိုင်ကိုလွန်ကာမှ ကားရပ်လိုက်ရကာ ...

"ဘယ်မှာလဲ ..၊ လူကို စင်ကုန်တာလား .."

မိုးတွင်းဆိုလည်း တော်သေးသည်။ ခုလိုအချိန်မှာတော့ ရွှံ့ဖွက်စင်တာကို ဒီတိုင်းထားခဲ့ပြီး မောင်းပြေးဖို့က ဘယ်လိုမှ မသင့်တော်ပေ..။

နောက်မှာကျန်ခဲ့တာမို့ အတွက် ကားကို ခပ်ဖြည်းဖြည်း ပြန်ဆုတ်လိုက်၏။

"ဟယ်!... ဟိုမှာဟဲ့ .. ဖွက်တွေစင်ကုန်တာ .. ဖြူခြောက် .. ဖြူခြောက် ရယ် .."

"ဟယ်!... ဟုတ်ပ .."

အတွက် အားလုံးကို သိလိုက်ချိန်မှာ ကားက ရပ်သွားပြီဖြစ်ကာ ဘေးမှာ သူ ..၊

ပခုံးတစ်ဖက်ကနေ တစ်ခြမ်းလုံးမှာ ရွှံ့တွေ ပေကျံကုန်ကာ သူ့





လက်နှစ်ဖက်ထဲမှာ အထုပ်က တစ်ဖက်၊ စာအုပ်တွေက တစ်ဖက် ..။

"တောက်!..."

ကိုယ့်အဖြစ်ကို ပြန်ငုံ့ကြည့်နေသည့် မျက်နှာက တက်ခေါက်သံနှင့်အတူ ဆတ်ခနဲ မော့လာ၏။ သို့သော် ဒေါသနှင့်နီးနေသော မျက်နှာသည် ...

"ဟင်!..."

သူကိုယ်တိုင် အတွက် တို့ ကားမှန်း ခုမှ သိသွားခဲ့ပုံရှိလျက် ...

"ရှင် .."

ကောင်းကောင်းကန်းကန်း တောင်းပန်ဖို့မဟုတ်ပေမယ့် ရွှံ့တွေ မနည်းမနော ပေကျံနေတာကို မြင်လိုက်ရတော့ အတွက် ပြောမယ့်စကားတွေ နည်းနည်းတော့ တွန့်ဆုတ်သွားသည်။ သို့သော် ...

မျက်လုံးချင်းဆုံရင်း တိတ်ကျသွားသည့်ခဏမှာ သူ့မျက်ဝန်းများက ငေးမောရီဝေသွားတာတွေကို မြင်လိုက်ရတာနှင့် စိတ်ထဲမှာ ထောင်းခနဲ ..။

"ဟွန်း .."

"ဟဲ့ .. အတွက် .. အတွက် .. ဘာလုပ်နေတာလဲ .."

"မျက်နှာကို မကြည့်ချင်တာ .."

ကားလေးက ဝေါခနဲ တိုးထွက်သွားကာ မောင်းနေသည့် အတွက် နှုတ်ခမ်းတွေ မဲ့ရွဲ့နေလျက် ...

"သူကြည့်ဖို့ ငါက ကားရပ်ပေးတာ ကျနေတာပဲ .."

"အတွက် ရယ် .. သူလည်း နင်မှန်းမသိခဲ့လို့ မြင်လိုက်တော့ အံ့သြသွားတာနေမှာပါ .."

"အံ့သြတဲ့မျက်လုံးနဲ့ ငမ်းတဲ့မျက်လုံးတော့ ငါ ခွဲခြားတတ်သေးတယ်၊ လုပ်မနေနဲ့ .. ဟွန်း .."

"သနားပါတယ် အတွက် ရယ် .. သူ့ခမျာ လက်နှစ်ဖက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း မအားဘူး ..”

“အေးလေ .. ရက်ရက်နဲ့ ပွတ်သပ်ခါချဖို့တောင် မတတ်နိုင်တာကို ..”

“အဲဒါ ငါက ပြေးရှိခိုးပြီး တောင်းပန်ရမှာလား ..”

“မတောင်းပန်ရဘဲနဲ့တောင် ကျေနပ်နေတဲ့လူပါဟာ ..”

“အဲဒါကိုပဲ မုန်းတာ .. သူ့လိုလူက ငါ့ကို မရိုးသားနေတာ ခံရခက်တယ် ..”

“ဒါကတော့ ချောချောလှလှ မိန်းကလေးဆိုရင် အနုအဝဲ အကျိုးအကန်း ဘယ်လိုယောက်ျားဖြစ်ဖြစ် ကြည့်မှာ မေးမှာပဲ ..”

“သူက အခွင့်အရေးရဖို့ ကြိုးစားခဲ့တယ်လေ၊ အဲဒါကြောင့် ..”

“ဘာဖြစ်သွားတာလဲ ..”

“မသိဘူး ..”

စကားပြောနေရင်း ကားက ထိုးရပ်သွား၏။ အတွက် ဒေါသထွက်သွားကာ စတီယာရင်ကို ထုပစ်လိုက်မိသည်။

“လဲပစ်မယ် .. ဒီလောက်တောင် ချူချာတဲ့ကား ..”

အရောင်နဲ့ မျက်နှာလေးလှလို့ ဒီကားလေးကို သူမ မစွန့်ပစ်နိုင်ခဲ့တာပါ။ ပြီးတော့ နယ်ဝေးသွားလည်း ဒီကားလေးပဲဖြစ်ကာ ဘယ်တုန်းကမှလည်း အကြီးအကျယ် ဒုက္ခပေးခဲ့ဖူးတာ မရှိ ..။

ခုတော့ ကားအသစ်တွေ တစ်ခေတ်ဆန်းလာတာနဲ့ သင်းက အနားယူချင်နေပြီ ထင်သည်။

“ဒုက္ခပဲနော် .. လမ်းသွယ်ထဲ ချိုးဝင်လာကာမှပဲ ဖြစ်ရတယ်လို့”

“နင် နည်းနည်းပါးပါး မကြည့်တတ်ဘူးလား ..”

ဒီမေးခွန်း ထွက်လာတော့မယ်ဆိုတာ အတွက် က သိပြီးသား မျက်နှာနှင့် ...

“ကြည့်တတ်တော့ရော ဘာမှမလုပ်တတ်တာ ဘာထူးမှာလဲ ..”





“ဪ .. နင်ကလည်း ဘာဖြစ်မှန်းတော့ သိရတာပေါ့၊ လာပါ.. ဆင်းကြည့်ပါဦး ..”

အတွက် ခြေလေးဆောင့်၍ ရှေ့ရောက်လာသည်။ ဘောင်းဘီရှည်အဖြူ၊ ကိုယ်ကျပ်ခါးရှည်အဖြူနှင့် အဖြူရောင်ကိုင်းလေးနဲ့ မျက်မှန်ကို တပ်ထားသေးသည်။

အရပ်မြင့်မြင့် ကိုယ်လုံးပြည့်ပြည့်လေးနှင့် ဆံပင်ကျတော့ တိုတိုပျော့ပျော့လေးတွေ ဖြစ်နေသော်ငြား အတွက် ပုံစံလေးက ဘယ်အချိန်ကြည့်ကြည့် ချစ်ဖို့ကောင်းနေသည်။

ခါးရှည်အင်္ကျီတွေဝတ်တိုင်း အကျပ်ဖြစ်ဖြစ် အပွဖြစ်ဖြစ် ခါးပတ်လုံးသေးသေးလေးတွေကို တစ်ဖက်စောင်းလေးချပြီး ပတ်ထားတတ်တာလည်း သူမရဲ့ ပင်ကိုစတိုင်လ်လေး ဖြစ်သည်။

ပြီးတော့ ခါးပတ်ရဲ့တစ်ဖက်စမှာ ချိန်းကွင်းလေးတွေ၊ ပန်းဖွားလေးတွေ တစ်မျိုးမဟုတ် တစ်မျိုးတော့ ပါနေတတ်သေးသည်။

“လူကိုကြည့်ပြီး ဘာလဲ တရားမှတ်နေတာလား ..”

“ဟုတ်တယ် .. နင့်ဝတ်စုံကို ကြည့်ထားရတာလေ ..၊ ဝတ်စုံက အဖြူစွတ်စွတ်ဆိုကော့ ကားထဲမှာ နိုက်ချွတ်ပြီး အင်္ကျီ ဘောင်းဘီတွေကို သွားကိုင်လိုက်မိမှာ စိုးလို့ ..”

“ဟွန်း .. ပူမနေနဲ့ ..”

အတွက် က ဘောနက်ဖွင့်လိုက်ပြီးမှ ပြန်ဆက်ပြော၏။

“ဆင်းကြည့်ပါဦးဆိုလို့ လာကြည့်တာ ..၊ ဘယ်ကိုမှ နိုက်ချွတ်ကြည့်ဖို့ မပါဘူး”

“ဒါဆိုလည်း ကြည့်မနေပါနဲ့တော့ မယ်အတွက် ရယ် .. ဘေးလူမြင်ရင်း ပြင်တတ်လို့ကြည့်တာပဲဆိုပြီး ကူညီမယ့်လူတောင် ပြန်လှည့်သွားဦးမယ် ..”

ပန်းချီ ပြောလိုက်မှပဲ တစ်ခုကို သတိရသွားသည်။ အတွက် က



www.burmeseclassic.com

www.burmeseclassic.com



စက်ထဲကို တကယ်ကို ငုံ့မကြည့်တော့ဘဲ ဒီဘက်ကိုလှည့်၍ လက်လေး ပိုက်သည်။ ပြီးတော့ ခပ်နွဲ့နွဲ့ မှီလိုက်ပြီး ...

"ငါ တစ်နေ့တုန်းက ခေါင် တို့အိမ်မှာ ကားပျက်သေးတယ် သိလား .."

"ဟင်!... ဟုတ်လား .."

ကားထဲကနေ ဒေဝီ ကပါ ဆင်းထွက်လာပြီး ...

"အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြလို့လဲ ..၊ ခေါင် က ပြင်ပေးလိုက် ရောလား .."

"အေးလေ .. အခု ကားပျက်တော့ ခေါင့် ကို သတိရသွားတာ နေမှာပေါ့"

"မဟုတ်ပါဘူး .."

အတွက် က နှစ်ယောက်အသံကို ကြားဖြတ်ပြောလိုက်ကာ ...

"ခေါင် က ကားမပြင်တတ်ပါဘူး .."

"ဟုတ်လား ..၊ ဒါဆို ဘယ်လိုဖြစ်လာခဲ့လဲ .."

"သဏ္ဌာန် ဆိုတဲ့ တစ်ယောက်က ပြင်တတ်တယ်တဲ့ .."

"ဒရိုင်ဘာလား .."

"ဟဲ့ .. သဏ္ဌာန် ဆိုတဲ့ နာမည်လေးနဲ့ ဒရိုင်ဘာဖြစ်နိုင်ပါ့မလား"

ပန်းချီ က ဒေဝီ့ ကို ပြောပြီးမှ အတွက် ဘက်ကို ပြန်လှည့်၍ ...

"အဲဒီအိမ်မှာ မိသားစု ဘယ်နှစ်ယောက် ရှိနေလို့လဲ .."

"နင့်ကို သူ ပြင်ပေးလိုက်တာလား .."

"နင်တို့ကလည်း သိချင်ရင် ပြောတာကိုလည်း စောင့်ဦးလေ .."

"အေးပါ .. အေးပါ၊ ကဲ .. ပြော သဏ္ဌာန် ဆိုတာ .."

"ငါထင်တာတော့ ဖြူခြောက် ကို ပြောတာ ထင်တယ် .."

"ဟင်!... ဟုတ်တယ် .."

"အေး .. ဟုတ်တယ်နော် .. ဖြစ်နိုင်တယ် .."





"နာမည်လေးက ချစ်စရာလေး .."

"လူနဲ့တော့ တခြားစီပဲ .."

သူတို့ပြောနေကြသည့် စကားလုံးတွေကို အတွက် က တစ်ခွန်းတည်း ဝင်ပြောပြီး မဲ့၏။ ဒေဝီ က လှည့်ကြည့်ကာ ...

"နင်က ဘာဖြစ်လို့ သူလို့ ထင်ရတာလဲ .."

"မသိဘူး .. အဲဒီနာမည် ခေါ်သံကြားလိုက်တာနဲ့ သူပဲလို့ ထင် လိုက်တာ .."

"ဟုတ်တယ်နော် .. သူဖြစ် ..."

ပန်းချီ စကားလက်စနှင့် ထစ်ငေါ့သွားလျှင် သူမ ကြည့်လိုက်သည့် နေရာကို အတွက် တို့ပါ လှည့်ကြည့်မိကြ၏။

"အယ်!..."

ဒေဝီ က သဏ္ဌာန့် ကို မြင်လိုက်တာနှင့် လက်ညှိုးပုန်းလေး ထိုး ကာ ...

"ပြောနေတုန်း ကြည့်စမ်း .."

"ရေတွေစိုလို့တော့ ..၊ ရွှံ့တွေကို ဘယ်မှာဝင်ပြီး ဆော့ချလာလဲ မသိဘူး .."

ဒီလိုကျတော့လည်း ပန်းချီ စိတ်မကောင်းဖြစ်သွားသလိုလို၊ အားနာသလိုလိုနှင့် မျက်နှာလွှဲမိ၏။ သူက အနားရောက်လာပြီဖြစ်ကာ ...

"ကားပျက်နေတာလား .."

"ဟုတ်တယ် .. ရှင် ကြည့်တတ်လားဟင် ..၊ ပြင်တတ်ရင်လည်း ပြင်ပေးခဲ့ပါ၊ လမ်းထိပ်ပြန်ထွက်ပြီး တက္ကစီ စီးနေရမှာစိုးလို့ .."

ပန်းချီ က မြန်သည်။ ဒေဝီ က ပြောလို့မထွက်တဲ့သူမို့ ပန်းချီ ပြောလိုက်တော့ သဏ္ဌာန့် မျက်နှာကို ကြည့်မိ၏။ ဒီလူ ပြင်ပေးချင်လို့ မေးတာမှန်း မသိ ..၊ ကလဲ့စားချေချင်လို့လား မသိဘဲနဲ့ ..၊

တော်ကြာ "လူကို စော်ကားသွားပြီးမှ လာမပြောနဲ့ လှုပ်မပေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး''လို့ ပြောချသွားလျှင် ...

"ကြည့်ရအောင်လေ .. စက် တစ်ချက်နှိုးကြည့်ပါဦး .."

"လုပ်မနေနဲ့ .. ရတယ် .."

အတွက် မယုံကြည်နိုင်ပါ။ ကိုယ်က လူလယ်ခေါင်မှာ ပက်ပက်စက်စက်ကြီး ချန်ထားရစ်ခဲ့တာ ...။

ခုလည်း သူ့ကိုယ်မှာ စိုရွှဲနေဆဲ ...။

ဒီလူက စိတ်ထားကောင်းကောင်းနဲ့ ကြည့်ပေးမှာတဲ့လား...၊ ကြည့်ပေးရင်တောင်မှ ပြင်ပေးပြီးတာနဲ့ စကားကြီးစကားကျယ်တွေ တင်ကျ အောင် ပြောသွားဦးမှာ သေချာသည်။ ဒေဝီ လိုပဲ တွေးမိနေကာ ...

"ဖုန်းတစ်လုံးရှိရင် ဂျပန်က မက္ကန်းနစ်ကို လှမ်းခေါ်လည်း ရ တယ် .. မလိုဘူး .."

"ဘယ်လိုပြောလိုက်တာလဲ အတွက် ရယ် .."

သူ့မျက်နှာ အတွက် ဘက်ကို လှည့်လာသည်။ မျက်ဝန်းတွေမှာ သူမ မနှစ်မြို့ခဲ့သော ရယ်မြူးရိပ်တို့ ရှိမနေခဲ့ဘဲ လက်နက်ချ အရှုံးပေး နေသူတစ်ယောက်၏ ကြေကွဲရိပ်တို့ ခိုတွဲလျက် ...

"ဂျပန်ကဖြစ်ဖြစ် .. ရန်ကုန်ကဖြစ်ဖြစ် ဘယ်မက္ကန်းနစ်ကိုပဲ ခေါ်ခေါ် ကိုယ်လိုအပ်နေတဲ့အချိန် ကိုယ့်အနားရောက်လာဖို့ပဲ လိုတာ ပါ .."

"ဒါပေမယ့် ကျွန်မတို့က ရှင့်ကို မလိုအပ်ဘူးလေ၊ အပိုတွေ ပြော မနေပါနဲ့ .."

"ကောင်းပါပြီ .."

"အို .. နေပါဦး .."

"ဒေဝီ .. ဘာလို့ တားနေတာလဲ .."

အမြဲတမ်း ကိုယ့်စကားတစ်ခွန်းနဲ့ ပြီးခဲ့တာကို ခုကျမှ ဖွတ်ဖြစ်နေ သဖြင့် ဒေဝီ ကို စိတ်တိုတိုနဲ့ အော်ပစ်လိုက်မိသည်။





သဏ္ဍာန် က ထွက်ခွာနေကာမှ ခြေလှမ်းတုံ့သွား၏။ ပြီးတော့ ခပ်စောင်းစောင်း အတွက် ရဲ့မျက်နှာလေးကို ကျောနောက်ကနေ လှမ်းကြည့်ရင်း ...

"ဖြည်းဖြည်းအော်ပါ .. ကျွန်တော်က ခင်ဗျားကားကို ပိုင်ရှင်ခွင့်မပြုဘဲ ဖွင့်မကိုင်ပါဘူး၊ သူများပစ္စည်းကို မပြောနဲ့ ကိုယ့်ကို စားပါ သောက်ပါဆိုပြီး ကိုယ်တိုင် လက်နဲ့ကမ်းပေးရင်တောင် မျက်လုံးထဲက စာကို ဖတ်ပါသေးတယ် .."

အတွက် မျက်မှောင်လေးကုတ်သွား၏။ လှည့်မကြည့်ပေမယ့် နားတော့ စွင့်ထားမိသည်။

"သူများ မကြည်ဖြူရင် ကိုယ့်အတွက် အသက်ကယ်ဆေးဖြစ်နေ ပစေ မယူဘူး .."

ကြည့်စမ်း ...၊ ဒါ ဆိုင်လို့လား ...၊

အတွက် ထောင်းခနဲ စိတ်တိုသွားကာ လှည့်ကြည့်လိုက်တော့ သူက အတော်လှမ်းသွားပြီ ဖြစ်၏။

"လူပါးဝသွားတာ .. တောက် .."

"နင်ကလည်း ကိုယ့်ရှေ့မှာ ဒူးထောက်နေတာတောင် လက်အုပ်ချီ နိုင်းချင်တာကိုး .."

"ဘာ!... ငါက .."

"ဟုတ်တယ်လေ .. ဟိုကတောင်မှ နင်လုပ်ခဲ့တာကို စိတ်ဆိုးပုံမပြ ဘဲ ပြင်ပေးပါရစေဆိုတာကို .."

"အဲဒါ ပြင်ပေးပါပြောလာအောင် မာယာတွေ သုံးနေတာ ...၊ သူ ပြင်ပြီးရင် ငါ့ကို ကျကျနနကြီး ပြောဆိုတင်စီးသွားမှာ သိရဲ့လား .."

"မဟုတ်တာ အတွက် ရယ် .."

"မဟုတ်လောက်ပါဘူးဟယ် .. နင်က မုန်းနေတိုင်း သူများလည်း ဒီတိုင်းပဲလို့ ထင်နေတာပါ၊ မရှိ ခိုးနိုး၊ မလှ စုန်းပြိုး ဆိုတာမျိုးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာ ဖြူခြောက်ခြောက်နဲ့ မျက်လုံးတွေက မလှတော့ ကောင်းကောင်းကြည့်လည်း ကောင်းကောင်းကြည့်တယ် မထင်၊ ပြုံးပြလည်း မဲ့နေတယ်ပဲ ထင်တာ ..."

"ဟုတ်တယ် အတွက် ...၊ ငါတော့ ဖြူခြောက် .. အဲ .. သဏ္ဍာန် ရနော် .. သူ့ကို နင်မြင်နေသလိုကြီးတော့ မြင်လို့မရဘူး၊ သူ ဒီလောက် မသေးသိမ်ဘူးလို့ ထင်တယ် .."

"တော်ပြီ မပြောနဲ့တော့ .. ဝဝ်ချ်ရှော့ကို ဖုန်းဆက်မလို့ .."

မပြောနဲ့တော့ဆိုတော့လည်း အသံတွေ တိတ်ကုန်ကြ၏။ ဒါပေမယ့် မြင်နေရသေးသည့် သဏ္ဍာန့် ရဲ့အရိပ်ကိုတော့ လည်ပင်းလေး ရှည်ကြည့်မိကြ၏။

ဒီလူနဲ့ အတွက် ဘယ်လိုရေးရေစက်တွေ ပါခဲ့လို့လဲ ...။





အခန်း [ ၁၉ ]

ပိုး လုပ်လိုက်တဲ့အစီအစဉ်က တော်တော်အဆင်ပြေမှန်း ကြာလာလေ သိလာလေ ...၊ အတွက် နဲ့ မကြာမကြာ တွေ့ရသည့်အကြိမ်ရေတွေ တိုးတက်လာသလို ရင်းနှီးမှုတွေ ပိုလာခဲ့၏။

ထို့ပြင် ပိုး နဲ့ ဒေါ်နှင်းနှင်း ထံမှ ဖော်ရွေသောအပြုံးတွေ ရလာခဲ့ခြင်းဟာ ခေါင် နဲ့သာ ပတ်သက်သည်လို့ တွက်မိသည့် အတွက် က ခေါင့် အပေါ်မှာ ပိုရှိ လှိုက်လှဲ နွေးထွေးခဲ့၏။

"ကိုယ်ပြောသားပဲ .. မမက မေမေ့ကို စိတ်ပူနေလို့ပါ၊ ဒီလောက် ဆိုးပါဘူးလို့ .."

"ဘာပဲဖြစ်ဖြစ်ပါ အန်တီ့ခြေထောက်ဒဏ်ရာလည်း စိတ်ချရပြီဆိုတော့ အတွက် ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားသလိုပဲ၊ လူမမာစာ ပေးတာတောင် မမပိုး က လက်မခံတော့ အစကဆို အရမ်းကို လန့်သွားတာ.."

ပလက်ဖောင်းပေါ်မှာ လမ်းအတူလျှောက်ခဲ့ရင်း လေတိုက်သွားတော့ အတွက် ရဲ့ နဖူးဆံစလေးတွေ လှုလှုပပလေး လွင့်မျောသွား၏။

စကားပြောမပျက်ဘဲ အတွက် က ဆံစတွေကို လက်တစ်ဖက်နဲ့ သိမ်းတင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒင်နာစားဖို့ ဖိတ်တာကို အတွက် က ငြင်းခဲ့တော့ တစ်မျိုးများ ထင်မလားဟင် .."

"ကိုယ် ပြောပြလိုက်ပါ့မယ်"

"အပျွန်း .. ကျေးဇူးပဲ"

အတွက် ရဲ့ မျက်နှာလေး ငုံ့လျှောက်ရင်း နားကွင်းဝိုင်းလေးတွေ လှုပ်ခတ်နေတာကို ခေါင် က ငဲ့ကြည့်ရင်း ငေး၏။ ချစ်သူတွေ ထား ဖူးသမျှ အတွက် ဆိုသည့် မိန်းကလေးလောက် ဆွဲဆောင်မှုအပြည့် လှတာမျိုး သူ မတွေ့ခဲ့ဖူးပေ ..။

ခြေလှမ်းတာလေးက ခါးမတ်မတ်လေးနဲ့ နွဲ့သည်။ စကားပြော ရင်း ရယ်တာ .. ဆံပင်တွေသပ်တင်ပြီး ပြန်ငုံ့သွားတာ .. သူမ အမူအရာ လေးတွေအားလုံးက ကြည့်မိရင် မျက်ဝန်းတွေ မလွှဲချင် ..။

"အတွက် က သိပ်လှတာပဲနော် .."

"ဟော .. လုပ်ပြန်ပြီ၊ ဒါပဲ ပြောတတ်လား .."

"ဒါပဲပြောချင်နေအောင် လှနေလို့ပါ၊ ကိုယ့်ကို အဖြေမပေးသေး ဘူးလား အတွက် ရယ် .."

"အဖြေတောင်းတာကလည်း လမ်းပေါ်ကြီးမှာပါလား .."

"ဘယ်နေရာမှာဖြစ်ဖြစ် ဒါကိုပဲ လိုချင်နေခဲ့တာပါ၊ ဒါပေမယ့် မင်းမျက်နှာလေးကိုကြည့်ပြီး မပြောရဲခဲ့တာလေ ..၊ စိတ်ဆိုးသွားနိုင်လား လို့ .."

"ခုတော့ စိတ်မဆိုးလောက်ဘူးထင်လို့ ပြောတာလား .."

"အဲလိုလည်း မဟုတ်ဘူး .. ဒါပေမယ့် ပြောမိသွားတာ ဘာဖြစ် မှန်းလည်း မသိဘူးကွာ .."

"အပျွန်း .."

အတွက် က ရယ်ရင်း ဖုန်းရုံးရှေ့ရောက်တော့ ခြေလှမ်းတွေ ရပ် လိုက်၏။





"လမ်းက ဒီလောက်ပဲကြုံတာ ..သွားတော့လေ .."

"မသွားပါဘူး .. အတွက် ပြီးအောင် စောင့်မှာပေါ့"

"ဒါနဲ့ မမပိုး ချိုင်းလိုက်တာရှိလို့ဆို .."

"မင်း ထွက်သွားတာကိုမြင်လို့ လိုက်လာတာဆိုရင် စိတ်ဆိုးမှာ စိုးလို့.."

"ဟား .. ဟား ..."

အတွက် က ပခုံးလေးတွန့်၍ ရယ်သည်။ ပြီးတော့ ခေါင့် မျက်နှာ ကို စိုက်ကြည့်ကာ ...

"မရဘူး .. ကဗျာတွေ အလာကျဲသွားတဲ့အတွက် ဒဏ်ခတ်ထားဦး မှာ ..၊ ပြီးတော့ .."

အတွက် ရဲ့ပုံတူတွေ သူ ဆွဲမပေးခဲ့တာ ကြာပါပြီ။ ဒါပေမယ့် သိတော့ ပြောဖို့ မလိုဘူးထင်သည်။ အနုပညာဆိုတာ ခံစားခြင်းပဲမို့ ပါက စေခိုင်းသင့်တဲ့အရာလည်း မဟုတ် ..။

"ပြောလေ အတွက် ..၊ ပြီးတော့ ဘာဖြစ်လဲ .."

"ဘာမှမဖြစ်ဘူး .. စကားဆိုတာ ပြောလို့ရတိုင်း မပြောရဘူးလေ"

"ပြောပါ အတွက် ရယ် .. ကိုယ်က စကားများမခံအောင် သဘော ထားသေးတဲ့လူလည်း မဟုတ်ပါဘူး .."

"ဒါပေမယ့် ရှင် ညာတော့ ညာတတ်တယ်နော် .."

"ဟင် .. ကိုယ် ဘာညာမိလို့လဲ .."

"ရှင် ရည်းစားထားဖူးခဲ့တယ်လို့ ဝန်ခံထားတယ် .."

"အင်းလေ .. ကိုယ် မညာချင်လို့ပဲ .."

"ဟုတ်တယ် .. ဒါပေမယ့် မချစ်ဘူးလို့ ရူးတော့မယ်ထင်တယ် ဆိုတဲ့ စာသားတွေ ရှင့်ကဗျာထဲမှာ ပါတယ်လေ .."

"ဟင်!..."

ခေါင် မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွက် က ကြည့်နေတော့ မနေတတ်သလို နဖူးကို လက်မနဲ့ ခြစ်မိ၏။

"အဟွန်း .. ထားလိုက်ပါတော့၊ ကဗျာဆရာတွေက ဒီလိုပဲ အလွန်အကျူး ဖွဲ့တတ်ကြတာပဲ၊ တစ်ခုတော့ရှိတယ် ခေါင် .. ကဗျာတွေဖြစ်ဖို့ ခံစားနေတာလား .. ခံစားရလွန်းလို့ ကဗျာတွေဖြစ်လာတာလား၊ အဲဒါတော့ ခေါင် ခွဲခြားပေးဖို့ လိုလိမ့်မယ် .."

ကဗျာကိုခံစားရတာ ဝါသနာမပါခဲ့သည့် ခေါင့် နားထဲမှာ အတွက် ပြောချင်သည့် ဆိုလိုရင်းကိုလည်း မသိ ..။

"ဪ .. ကဗျာလေး ပိုလှသွားအောင် အလွန်အကျူးရေးဖွဲ့ သီကုံးလိုက်ရတာမျိုးဖြစ်နေရင် ပြောတာပါ"

သူ ဘယ်လိုပြောရမလဲ ..၊ ကိုယ် ဝန်ခံထားခဲ့တာ မှန်သည်။ မချစ်ခဲ့ဖူးဘူးလို့လည်း ညာဖို့ စိတ်ကူးမရှိခဲ့တာ အမှန်။ ဒါပေမယ့် ကဗျာကို ရေးခဲ့တာ ကိုယ် မဟုတ် ..။

ခေါင် ဘာမှမပြောနိုင်သေးခင်မှာ အတွက် က နှုတ်ဆက်ပြီး ဖုန်းရုံးထဲ ဝင်သွား၏။

သူ အကြာကြီးနေပြီးမှ ခပ်လှမ်းလှမ်းက လက်ဖက်ရည်ဆိုင်လေးဆီ လျှောက်သွားခဲ့မိသည်။ သူမ ပြန်ထွက်လာတဲ့အခါ ကိုယ် မဖြေနိုင်တဲ့ မေးခွန်းတွေ မေးဦးမှာလား ..။





အခန်း ( ၂၀ )

"ငါ ဘယ်လိုသိမလဲ ခေါင် ရာ .. အစကပြောတော့ မင်းအတွက် ဗြဲသနာမရှိဘူးဆို .."

"ဟုတ်တယ် .. ခု နည်းနည်းလန့်လာပြီ သဏ္ဍာန်၊ အတွက် က ကဗျာကို တော်တော် အာရုံစိုက်တာကွ .. ငါ တစ်ခါတစ်ခါ စိတ်ရှုပ်လို့ ကျွမ်းထိုးပစ်ချင်စိတ်တောင် ပေါက်တယ် .."

သဏ္ဍာန် က သီချင်းရေးနေရင်း သူ့ကိုလှည့်ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ စာအုပ်ပေါ် မျက်လုံးပြန်ရောက်၏။

"ဒီကြားထဲ ပုံတူဆွဲတာတွေက ပါသေးတယ်၊ ဘယ်သူတွေကို ဘယ်လိုအားကျနေသလဲ မသိပါဘူးကွာ .. တကယ့်ကွိုင်ပဲ .."

သဏ္ဍာန့် လက်တွေ စာအုပ်ပေါ်မှာ နားသွားလိုက် .. ဆက်ရေးလိုက် ..၊

"ငါ အစက လှလို့သဘောကျတာ တစ်ခုတည်းရယ်၊ အခု တကယ်ဆို .. ကျွတ်!... မရတော့ဘူး .."

စာရွက်ပေါ်မှာ ဘောလ်ပင်နိုက ဂျီးခနဲ နှစ်ချက်သုံးချက် ရှပ်တိုက်ပြေးသွားလျှင် ရေးပြီးသမျှအားလုံးကို ဖျက်ချလိုက်ပြီး ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိလင်အပြည့်နှင့် ပွားနေသည့် ခေါင့် အသံ တိခနဲ ရပ်သွားသည်။ စာလုံးတွေပေါ်မှာ ဖြစ်သလို ခြစ်ချ ဖျက်ပစ်လိုက်သော မျဉ်းဖြောင့် မျဉ်းကောက်တွေကို အံ့ဩသည့်မျက်ဝန်းတွေနှင့် ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ..၊ ငါ စကားလာပြောနေလို့လား .."

"ဟုတ်တယ် .. ဒါပေမယ့် မင်းပြောစရာတွေ မကုန်သေးဘူးမို့လား .. ပြောပါ .."

"ဒါဆိုလည်း ဂီတာဆွဲခဲ့ကွာ .. ခြံထဲမှာ နည်းနည်းပါးပါး မိုက်ခဲမယ် .."

"မသွားချင်ဘူး .."

"ဟား!... မင်းကလည်း .."

"ငါ ဘယ်မှာနေနေ မမပိုး နဲ့ အမြဲငြိတယ်ကွာ၊ မသွား မလာချင်တော့ဘူး .."

"မင်းကလည်း .. ဒီအိမ်မှာ ခုမှ နေတာကျနေတာပဲ .."

"မင်းပဲ သွားပါကွာ .. ပြောဖို့ကျန်သေးရင် ခုပြော .."

"မလိုချင်ဘူး .. ခုပဲထ ..၊ အိမ်ထဲမှာ ဘယ်သူမှလည်း မရှိဘူး"

ခေါင် က သူပဲ ဂီတာကိုဆွဲယူကာ သဏ္ဍာန့် လက်ကို ဖျတ်ခနဲ ရိုက်ပစ်သည်။

မထချင်ဘဲ ထလိုက်လာခဲ့ရကာ ညမှောင်မှောင်မှာ အတူထိုင်မိကြတော့လည်း မီးရောင်မရှိသည့် နေရာလေးမှာ ..၊

"ဘာလုပ်ဦးမှာလဲ ခေါင် ..၊ မင်း ကဗျာတွေနဲ့ ညာ .. ပန်းချီတွေနဲ့ ညာ .. သီချင်းဆိုပြီးတော့ ညာဦးမလို့လား .."

"အဲဒါ ငါ့အလုပ်ပါ သဏ္ဍာန် ရာ .. ချစ်သူအတွက် သီချင်းဆိုတာ ကိုယ်ဆိုတာ မဟုတ်လည်း သူ့အတွက် ဆိုပေးလို့ ရတယ် .."

"ဒါပေမယ့် မင်း ဆိုတယ်ပဲ ပြောမှာမို့လား .."

"ခက်တာက သူ နှစ်သက်ပါတယ်လို့ ပြောလာတာတွေကို ငါ





မဟုတ်ပါဘူးလို့ ခေါင်းမခါချင်ဘူး ဖြစ်နေတာ .."

"ခုနေ ခေါင်းညိတ်ခေါင်းခါလုပ်ရတာ ပြဿနာမဟုတ်သေးဘူး၊ မင်း ကြာလေ အရှုံးရင့်လေ ဖြစ်မှာနော် .."

"ဒီလောက်လည်း မဟုတ်သေးပါဘူးကွာ .. ချောတာလှတာ မမြင်ဘူးတာမှ မဟုတ်ဘဲ .."

"ဒါဆို မမြင်ဘူးတဲ့လူတွေဆို ရူးတတ်တယ်ပေါ့ .."

ရုတ်တရက် မေးလိုက်သဖြင့် ခေါင် ဘာမှပြန်မပြောနိုင် ..။

အလင်းရောင် မှုန်ပျပျမို့ မသဲကွဲပေမယ့် သဏ္ဍာန့် မျက်နှာကိုတော့ အမှောင်ထဲမှာ သူ မြင်နေရသည်။

အသားဖြူတယ်ဆိုတာထက် ပိုချင်နေသောမျက်နှာပြင်ဟာ နှာတံ မျက်ခုံး မျက်လုံးတွေကအစ ပေါ်လွင်ထင်ရှားခြင်းမရှိဘဲ အသားဖြူခြင်းရဲ့ အပေါ်မှာ ခပ်ဖျော့ဖျော့ ..။

ထို့ကြောင့် ရုပ်ဆိုးနေသလိုလို၊ မဆိုးပါဘူးလို့ ပြောရမလိုနှင့် ဘာ ကြည့်မကောင်းမှန်းလည်း မသိ၊ ကြည့်ကောင်းတာလည်း ဘာမှမရှိ ..။

ဒါပေမယ့် ထိုသူဟာ မိဘဆွေဂုဏ်မျိုးဂုဏ် မတင့်တယ်တာတစ်ခု မှလွဲလျှင် သူ့မှာမရှိသော အရည်အချင်းကောင်းများစွာနှင့် ရပ်တည်နေနိုင်တဲ့သူ ..၊

"မင်းနဲ့သူ ချစ်သူတွေ ဖြစ်သွားပြီလား .."

ခေါင် တွေးနေတာတွေ သဏ္ဍာန့် မေးခွန်း ကြားလိုက်ကာမှ ပြတ်တောက်သွားခဲ့ရကာ ...

"နီးနေပါပြီ ..၊ သူ ငါ့ကို စိတ်ဝင်စားနေသားနဲ့ အဲဒီကဗျာတွေနဲ့ ရုပ်နေတာ .."

"အစတည်းက မင်း ဝန်ခံလိုက်ရမှာ .."

"ဘာကိုလဲ .."

"ဝါသနာမပါဘူးဆိုတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဝါသနာတူမဟုတ်တဲ့ ပြစ်ချက်တစ်ခု ရသွားမှာပေါ့ ကွ .."

သဂျာန် က ပြုးလိုက်သည်။

"လုပ်ပါကွာ .. မဟုတ်တာတွေ ခေါင်းထဲထည့်ပြီး စိတ်ရှုပ်နေရတာ မခံနိုင်တော့ဘူး၊ တစ်ပုဒ်လောက် တီး .."

"ဘာတီးရမှာလဲ .."

ခေါင် က စဉ်းစားနေသေးသည်။ ဒါပေမယ့် သူကြိုက်တာတွေက hip hop တွေမို့ တစ်ယောက်တည်း အဆင်မပြေနိုင် ..။

"လုပ်ကွာ .. မင်းကြိုက်တာပဲ .."

"နေပါဦး .. မင်း သူ့ကို ကြားစေချင်တာလား .."

"အေးလေ .. ဒါကြောင့် ဒီနား ရွေးလိုက်တာပေါ့၊ အသံပဲ ရောက်စေ .. လူမမြင်စေနဲ့ .."

"ငါ ဘာဆိုဆို ဖြစ်တယ်နော် .."

"လုပ် .."

ခေါင် က အပေါ်ထပ်ကို မြင်နေရသည့် အတွက် တို့ အိမ်ဘက်ကို မျှော်ကြည့်ပြီး အာရုံတွေများနေသည်။ အတွက် ကလည်း သူ့အကြောင်းပဲ တွေးနေတာပါ။

မီဒီယိုဓာတ်လမ်း ထိုင်ကြည့်နေပြီး စိတ်က ဓာတ်လမ်းထဲမှာ မရှိ..။

"နင့်ရဲ့ ခေါင် က နင့်ထက် ပေါ်ပြူလာဖြစ်တယ် သိရဲ့လား ..၊ သူ့အကြောင်းဆို မသိတဲ့လူကို သိပ်မရှိဘူး"

"ရည်းစားထားခဲ့တာ တစ်ယောက်တည်းလည်းမကဘူး အတွက်၊ အဲဒါ မပြောပြနိုင်ပေမယ့် သေချာတယ် .."

"နင်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါဦး၊ ငါ့ပုံတူလေးတွေဆွဲနေလို့ သနားတာ .. ကဗျာလေးတွေကို ကြိုက်တာနဲ့ ကြာရင် လူကို မခွဲနိုင်တာ ဖြစ်လာတော့မယ် .."





"ခေါင် က စကားပြောတာ ရယ်တာ အရမ်းဆွဲဆောင်မှုရှိတာ၊ နင် လှသလို သူလည်းချောတာပဲ၊ ကြိုက်မှဖြင့်လည်း ပဲများမနေနဲ့ .."

"ငါဖြင့် သူ့အိမ်ကလူတွေ ပါးစပ်ကြမ်းတာကို မကြိုက်ပါဘူး"

ပြောခဲ့သမျှသော စကားလုံးတွေက ခုပဲ ရှေ့မှာလာပြောနေကြသလို နားထဲမှာ လတ်လတ်ဆတ်ဆတ်ကြီး ကြားနေရသည်။

သူမ ဘယ်လိုမှ ဓာတ်လမ်းထဲမှာ အာရုံမရောက်တော့ပါ။ ထို့ကြောင့် ပိတ်ပြီး အိပ်ရာဝင်ရခြင်းသို့ ရောက်လေသည်။ ထိုအခါကျမှ ခပ်သဲ့သဲ့သီချင်းသံက နားထဲကို တိုးဝင်လာ၏။

♫... သူလေး .. ခဏလောက်တော့ ရှင်းပြခွင့်ပေးပါဦး ...
... ချစ်တတ်တဲ့ ကိုယ့်ရဲ့စိတ် ထိန်းချုပ်လို့မရတော့ဘူး .. ဒါကို
သူလေး နားလည်ပါ ...
... သူလေး .. အစတည်းက မထိုက်မှန်းလည်း သိပါတယ် ..
... ပင်းနဲ့ကျမှ ကိုယ့်ရဲ့စိတ် ထိန်းချုပ်လို့ မရတော့ဘူး ...
... ဒါကို သူလေး သိရဲ့လား ... ♫

အတွက် လှဲနေရာက ထထိုင်လိုက်မိသည်။ ပြီးတော့ ပြတင်းတံခါးတစ်ဖက်ကိုတွန်းဖွင့်၍ ခန်းဆီးစလေးကို သိမ်းဖယ်လိုက်၏။

မြင်ရတာကတော့ မှောင်နဲ့မည်းမည်းပါ။ အဆောက်အဦးမှာရှိနေသည့် ပြတင်းပေါက်မီးရောင်တွေမှာလည်း လူရိပ်မမြင် ..၊ မြင်နေရသည့် ဝရန်တာမီးရောင်မှာလည်း သူ မရှိ ..။

ကိုယ့်အတွက် သီချင်းဆိုနေတယ်ဆိုရင်လည်း မြင်ရလောက်တဲ့နေရာမှာ ထိုင်ဆိုပါလား ..၊ ဒီက မုန်းနေတဲ့သူလည်း မဟုတ်၊ မရင်းနှီးကြတာလည်း မဟုတ်ဘဲနဲ့ ..၊

အတွက် စိတ်ထဲမှာ မချင့်မရဲ ဖြစ်လာမိသည်။ ကဗျာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ရောက်လာသေးသည်။ ဒါပေမယ့် ပြုံးကြည့်နေတဲ့ မျက်နှာပေါ်က ရယ်မြူးရိပ်တွေနဲ့ ကဗျာထဲမှာ ဖွဲ့နွဲ့သီကုံးသည့် အနုအရွတွေနဲ့က တခြားစီ ..။

အတွက် ကဗျာတွေကို ဝါသနာမကြီးခဲ့ပါ။ ကဗျာတစ်ပုဒ် ကောင်းမကောင်းလည်း အကဲဖြတ်နိုင်စွမ်း မရှိ။ သူ့ကဗျာလေးတွေကျမှ ဖတ်ကြည့်မိ၏။

ကြိုက်တာမကြိုက်တာထက် ကိုယ့်အတွက် ခံစားသီကုံးထားတာကို စိတ်ဝင်စားသည်။ တစ်ကြိမ်တစ်ခါ မြင်ရုံမျှဖြင့် ကိုယ့်ရဲ့ပုံတူလေးဖြစ်သွားအောင် ပုံဖော်နိုင်တာကို သဘောကျ၏။

ဘာမှမဟုတ်လောက်သော သတိထားမိခဲ့တာတွေမှာ ခေါင့် မျက်နှာက အာရုံထဲမှာ စွဲထင် နေရာယူခဲ့တာပါ။ ခုတော့ ကိုယ်တိုင် မခွဲခြားနိုင်သည့် ခံစားချက်တွေကြောင့် အတွေးတွေထဲမှာပဲ သံသရာလည်နေသည်။

ခေါင့် ကို သူမ စိတ်ဝင်စားခဲ့တာ ဒီကဗျာတွေနဲ့သက်ဆိုင်သလား..၊ မဆိုင်ဘူးလား ..။

ကဗျာတွေထဲမှာ ဖွဲ့နွဲ့ခံစားနေတာကို သူမ အမှတ်ပေးနေခဲ့တာလား .. ဒါမှမဟုတ် ရင်းနှီးခဲ့သည့်ကာလအတိုင်း တကယ့်သံယောဇဉ်တွေနဲ့ ရစ်ပတ်နေခဲ့တာလား ..၊

♫ ... သူလေး .. အစတည်းက မထိုက်မှန်းလည်း သိပါတယ် ..
... မင်းနဲ့ကျမှ ...♫

သီချင်း နားထောင်ရင်း အားမလိုအားမရဖြစ်ရခြင်းတွေပဲ ရင်ထဲမှာ ပြည့်နှက်လာသည်။ ထိုအချိန်မှာ ဖျတ်ခနဲ ကြားဝင်ပေါ်လာသည့်မျက်နှာတစ်ခုက သဏ္ဌာန် ဆိုသည့်လူ ..၊





ကိုယ်နဲ့ သေချာ မျက်နှာချင်းဆိုင် အငြင်းပွားခဲ့ဖူးသည်။ ဒီအိမ်က လူမှန်းလည်း သိခဲ့၏။ ဒါနဲ့တောင် ခေါင့် ကို သူမ မမေးဖြစ်ခဲ့ပေ ..။

မေးရအောင် ဘာမှလည်း ဆက်ဖြစ်မလာတာမို့ သတိလည်း မရ။

"သမီးရေ .."

"ရှင် .. အန်တီ .."

"မအိပ်သေးဘူးလား .."

"အိပ်တော့မှာ .. ခုပဲ .."

"ညဥ့်နက်နေပြီ .. မျက်လုံးကြောင်နေရင် မီးပိတ်လိုက် .."

"ဟုတ် .."

ဟိုဘက်က ဂီတာသံကို အန်တီ ကြားသွားပြီထင်၏။ အိပ်အိပ် မအိပ်အိပ် မီးပိတ်စေချင်တာမှန်း သိလိုက်ကာ အတွက် မီးပိတ်၍ အိပ်ရာထဲ ဝင်လိုက်သည်။

အိပ်မပျော်မှာတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၀ ]

"လာ .. ညီမလေးတို့ ထိုင်ကြ .."

"အန်တီ နေကောင်းသွားပြီလား .."

"အေး .. သက်သာပြီဆိုပါတော့ .."

ပိုး က အိမ်တံခါးဝမှာ ထွက်ကြိုသည်။ ဧည့်ခန်းမှာထိုင်နေသည့် ဒေါ်နှင်းနှင်း က မျက်နှာခပ်ရှည်ရှည်မှာ ဆံပင်တွေကို နောက်မြင့်မြင့် ထုံးထားသဖြင့် ခန့်ခန့်ကြီးလို့ ပြောရမလား ..၊ အပြောဆိုးသည့် မျက်နှာမျိုးလို့ ဆိုရမလား ..၊ ပြုံးတာတောင် နူးညံ့မှု သိပ်မထင် ..။

ထို့ပြင် တစ်ကိုယ်လုံးမှာ ညွှတ်ကျမတတ် ဝတ်ထားသည့် ရွှေတွေက လွှန်ကို လွှန်လွှန်းပါ၏။ လက်ချင်းထပ်ဆုပ်ထားသဖြင့် ဒေဝီ က ပန်းချို့ လက်ကို ဖျစ်ပစ်လိုက်လျှင် ရွှေတွေကို အမြင်ကတ်ဖို့ အဖော်ညှိတာမှန်း ပန်းချို က နားလည်သွားသည်။

ထို့ကြောင့် လက်ကိုပြန်ဖျစ်၍ ထောက်ခံပေးလိုက်သည်။ အတွက်ကတော့ သူငယ်ချင်းတွေ့ မျက်နှာကို တစ်ချက်ပဲ လှမ်းကြည့်လိုက်တာနှင့် သိနေသည်။





'ဒီမိန်းမကြီး ဆက်ဆံရေးကို ကြည့်ရဦးမယ်'ဆိုပြီး မောင်းတင်လာကြတာမို့ ပိုး တို့ ကောင်းကောင်းမွန်မွန် ကြိုဆိုလိုက်တော့ မဲ့ရတော့မလို ပြုံးရတော့မလိုလို ဖြစ်ကုန်ကြတာတွေ ..၊

"သမီးတို့ အေးဆေးနေကြနော်၊ ဟိုရက်ပိုင်းတုန်းက အန်တီကလည်း ဝေဒနာအရှိန်မသေတော့ စိတ်တွေတို ..၊ သမီးကြီးကလည်း ခပ်အေးအေးသမားလေ ..၊ အန်တီတို့အိမ်က ဖော်ရွေမှုမရှိသလို ဖြစ်ခဲ့ရတာတွေအတွက် စိတ်မရှိပါနဲ့ကွယ် .."

'ဖော်ရွေမှုမရှိတာ မဟုတ်ဘူး .. လူမှုရေးစိတ်ဓာတ်ကို မရှိတာ၊ ရိုင်းကိုရိုင်းတာ'လို့ ပန်းချို့ စိတ်ထဲက ပြောနေမိပြီး နှုတ်ခမ်းတွေကတော့ မရယ်ချင့် ရယ်ချင် ..၊

"မမေက အားနာနေတာ သိလား ..၊ ဒင်နာဖိတ်တော့လည်း မလာတော့လေ၊ အိမ်ချင်းနီးနီးလေးကို မလာဘူးဆိုတော့ မမတို့အပေါ်မှာ မကျေနပ်တာတွေ ရှိနေပြီဆိုပြီး ..."

'ကိုယ့်အပြစ်ကိုသိနေတော့ ဘယ်လုံမလဲ'လို့ ဒေဝီ စိတ်ထဲကပြောကာ ပန်းချို့ ခြေထောက်ကို ခုံအောက်ကနေ တို့၏။

ပန်းချို က မျက်နှာကို တည့်တည့်လှည့်ကြည့်ပြီး ပေါ်တင်ပဲ ခေါင်းညိတ်ပြလိုက်သည်။

ပိုး က စကားပြေရှင်း ဒေဝီ နဲ့ ပန်းချို ဘာတွေ သဘောတူနေကြမှန်း မသိဘဲ ကြောင်အမ်းအမ်း လှည့်ကြည့်၏။

"အဟွန်း .. ရပါတယ်၊ ဒေဝီ တို့ကလည်း ဒေဝီ တို့သူငယ်ချင်းအများနဲ့တစ်ယောက် ပြဿနာရှင်းနေရတဲ့အချိန်မှာ အဝေးကိုရောက်နေကြတော့လေ .. နော် .."

ပန်းချို့ ကို မေးဆတ်ပြတော့ ပန်းချိုက ခေါင်းညိတ်၍ ...

"သတင်းကြားတာနဲ့ ပြန်လှည့်ပြေးလာကြတာ မမရဲ့ .. ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်း ရင်ဆိုင်ရတော့ အားငယ်နေမှာပေါ့၊ အတွက်



www.burmeseclassic.com

www.burmeseclassic.com



က တခြားနေရာမှာသာ သတ္တိရှိတာ .. အဲဒီလို အမှုအခင်းဖြစ်ပြီဆို သူများ ဖြခြောက်တိုင်း ကြောက်တာ .."

"ဟဲ့ .. ဟဲ့ .. နင်ကလည်း မမတို့ကို ပြောနေသလိုပဲ .. အားနာစရာ .."

"ဩော် .. ဖြစ်ခဲ့ဖူးတာတွေကို ပြောတာပါ၊ မမတို့က လူကြီးလူကောင်းတွေဥစ္စာ .. ငါတို့က ပြောစရာလား၊ ဟုတ်တယ် မမရဲ့ .. တစ်ခါကလည်း ကားချင်းပွတ်မိတော့ ဟိုဘက်ကလည်း ပိုင်ရှင်ကိုယ်တိုင်ပဲလေ၊ ဒါနဲ့တောင် အတွက် ကို ဖိဟောက်တာများ တကယ်ကို အောက်တန်းကျတယ် သီလား .. မထင်ရဘူး၊ တက္ကစီသမားတွေတောင် သူ့လို ပြောတတ်ပါ့မလား မသိဘူး၊ တချို့လူတွေက ချမ်းသာပြီး အဆင့်အတန်း မရှိဘူး"

ပန်းချီ က ဒေဝီ တို့ကို မေးငေါ့ပြလိုက်၊ ပိုး တို့ကို တိုင်တည်ပြောလိုက်နှင့် တကယ်ပဲ ဒေါ်သအစစ်တွေ တစ်ကနေ ပြန်ဖြစ်နေတဲ့အတိုင်း။

ခုချိန်ထိ အတွက် ဘာမှဝင်မပြောရသေးဘဲ ပန်းချီ တို့ကို ကြည့်၍ ရယ်ချင်နေ၏။ ပိုး က ရှေ့တည့်တည့်မှာ ထိုင်နေသဖြင့် ဟန်ဆောင်ပြုံးထားနိုင်ပေမယ့် ဘေးအစွန် ခပ်ကွာကွာမှာရှိနေသည့် ဒေါ်နှင်းနှင်း ရဲ့ မျက်ခုံးအစုံ စုကျုံ့နေလေသည်။

စောစောကအပြုံးတွေလည်း မျက်နှာပေါ်မှာ မမြင်ရတော့ပါ။

"ဟော .. အတွက် တို့ ရောက်လာပြီလား .."

ခေါင် က အပေါ်ထပ်က တလွှားလွှားဆင်းလာရင်း မေး၏။ သူတို့ ခေါင့် ကို လှမ်းကြည့်လိုက်စဉ်မှာ လှေကားအောက်ကနေ သဏ္ဍာန် ကလည်း ထွက်လာ၏။

ခေါင့် ကို နှုတ်ဆက်မလို့ အကြည့်တွေက သဏ္ဍာန့် ဆီ ရောက်သွားကြကာ ...

"ဟော .. သူ .."





"သဏ္ဍာန် က ဒီမှာနေတာလား .."

ပန်းချီ နဲ့ ဒေဝီ တို့ သံပြိုင်ထွက်လျက် ပျာပျာသလဲဖြစ်သွားသည့် မျက်ဝန်းတွေကြောင့် ပိုး မျက်နှာ ညို့ခနဲ မှောင်သွား၏။

နှုတ်ဆက်လိုက်တာက ခေါင် ရယ် ..၊ သူတို့က ပြန်ပြီး အသိအမှတ်ပြုတော့ သဏ္ဍာန့် ကို ..။

"နင်က ကားသွားမဆေးသေးဘူးလား၊ ဒီမှာ အပြင်သွားမလို့လေ"

"အမလေး .. အဲဒါနဲ့ ခုမှ ပြေးဆေးနေဦးမယ်၊ ခိုင်းမနေနဲ့တော့"

"ကားရေဆေးပြီးပြီ မမပိုး ..၊ လေးလေး ခိုင်းခဲ့တာရှိလို့ သွားမလို့ပါ"

"ဘယ်သူခိုင်းခိုင်း သွားမယ်ဆိုလည်း ပြောဦးလေ၊ ကားရေဆေးပြီးတာလည်း ပြီးပြီ မပြောဘူး"

"ပြီးရင် နောက်တစ်ခု ခိုင်းမှာစိုးလို့ ဖြစ်မှာပေါ့၊ ကိုယ် လုပ်စရာရှိတာ သွားလုပ်ရင် ပြောရတဲ့လူလည်း သက်သာတယ်၊ အပြင်လူလည်း မကြားတော့ဘူး ..၊ သင်းတို့ အချိုးမပြေလို့ ပြောဆိုနေရတာ .."

"ဟဲ့ .. သွားမှာဆို သွားလေ ..၊ ဘာရပ်လုပ်နေတာလဲ .."

"ဟုတ်ကဲ့ပါ .."

သဏ္ဍာန် နဲ့ ဒီမိသားစုရဲ့ ပတ်သက်ဆက်နွှယ်မှုကို မြင်ရကာ အတွက် တို့ နှုတ်ဆိတ်နေမိ၏။ ထို့ပြင် ...

"အဲဒါလေ .. ခွေးမျိုးမကောင်းထဲကပါပဲ၊ ဒါပေမယ့် မသိတတ်တော့ ပြောနေရတာပဲ၊ ဘေးလူကြားရင် ကိုယ်ပဲ နှုတ်ကြမ်းတယ်၊ လက်ကြမ်းတယ် ဖြစ်ရဦးမယ် .."

ဒေါ်နှင်းနှင်း က အစပျိုးကာ ပိုး က ဆက်၍ ...

"ဟုတ်တယ်.. ယောကျ်ားလေးထိန်းရတာ ပိုတောင်ခက်သေးတယ်၊ ဘေးလူမြင်ရတော့ ခပ်အေးအေးသမားလိုပဲ၊ ပြီးတော့ ပြန်မပြော [illegible] မထောင်လေ .. ရိုက်နှက်ဆုံးမလို့ရော ဖြစ်မလား၊ ပုံစံကိုကြည့်ဦး .."



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်မယ်၊ ဘာကြံနေတယ်ဆိုတာ ဘယ်လိုမှ အကဲခတ်မလွယ်တဲ့ ရုပ် ..''

ပြောလိုက်တဲ့စကားတွေက ကျောက်ခဲသလဲတွေနဲ့ ကောက်ပေါက်နေတဲ့အတိုင်း ..၊

နားထောင်နေရင်း ပန်းချီ တို့ မျက်နှာတွေ မအီမသာတွေဖြစ်လာကြ၏။

"မမကလည်း ဧည့်သည်တွေကို ဘာတွေပြောနေတာလဲ .."

ခေါင် က အားနာသည့်မျက်နှာနှင့် အနားရောက်လာသည်။ စံကားဝါရောင် အော်တာလက်ရှည်ဖြင့်ဖြစ်ကာ ကြေးဥစိမ်းရောင် ဘောင်းဘီရှည်ကို ဝတ်ထား၏။

ဝင်းဖန့်ချောမွန်နေသည့် ခေါင့် ကို ကြည့်၍ စရိုက်ကြမ်းသည့် အမေနဲ့အစ်မတွေဆီ မျက်လုံးတွေ ထပ်ရောက်သွားသည်။

ဒီအပင်က သီးမှတော့ ဒီအသီးမျိုးပဲ နေမှာပေါ့ ..၊

နောက်ထပ် ပန်းချီ နဲ့ ဒေဝီ မျက်လုံးချင်းဆုံသွားကြသည်။ မျက်ဝန်းတွေထဲမှာလည်း သုံးသပ်ချက်တွေက အတူတူပဲဆိုတာ ပြိုင်တူသက်ပြင်းချမိကြရင်း သက်သေပြု၏။

အတွက် ကတော့ သူတို့လို မျက်နှာတွေစုံအောင် လိုက်ကြည့်မနေပါ။ ဒီအိမ်ကလူတွေ အပြောကြမ်းမှန်း သိထားပြီးသားမို့ ဘာတွေ ထင်ကြားရကြားရ မထူးဆန်းပေ ..။

ပြီးတော့ ပန်းချီ တို့ သဏ္ဍာန့် ကို တရင်းတနှီး လှမ်းခေါ်လိုက်ကြသည့်အပေါ်မှာ ပိုး မကျေနပ်စွာဖြစ်သွားတာမှန်း သိလိုက်သောကြောင့် မသိသလိုနေလိုက်တာ ဖြစ်သည်။

ဒီလူတွေ ဘယ်လိုစိတ်ဓာတ်မျိုးရှိရှိ စိတ်မဝင်စားသလို သဏ္ဍာန် ဆိုတာ ဘယ်လိုလူဖြစ်ဖြစ် ကိုယ်နဲ့မဆိုင် ..။

"ရောက်နေတာ ကြာပြီလား .. ကိုယ်က ဖုန်းတောင် လှမ်းဆက်





မလို့၊ အပေါ်ထပ်ကနေ အတွက် တို့ဘက်ကို လှမ်းကြည့်နေသေးတာ၊ မကြိုက်မှာလည်း စိုးနေတာနဲ့ ..''

"ဪ .. မမပိုး ညက ဖုန်းဆက်ထားတာပဲ၊ လာမယ်လို့ ပြောထားတဲ့ဟာ .."

"အဟွန်း .. ကျေးဇူးပဲ၊ အိမ်မှာ ဘာမှမလုပ်ခိုင်းထားဘူး၊ ကိုယ်တို့ အပြင်မှာပဲ သွားစားရအောင်လေ .."

"ဟင်!..."

အိမ်မှာပဲ နေ့လယ်စာစားဖို့ သူငယ်ချင်းတွေကိုပါ ဖိတ်ထားတာ ဖြစ်သည်။ အတွက် လှမ်းကြည့်တော့ ပိုး က ပြုံးကာ ...

"ဟုတ်တယ် ညီမလေးရေ .. အတွက် က သူငယ်ချင်းတွေမပါဘဲ လာမှာမဟုတ်ဘူးဆိုလို့ မမက အားလုံးကို ဖိတ်ပေးရတာလေ၊ ပြီးတော့ အိမ်မှာဆို ဖွယ်ဖွယ်ရာရာ မဖြစ်မှာစိုးလို့တဲ့ .."

"ဟိုလေ .. လူကြီးတွေရှေ့မှာဆိုတော့ အတွက် တို့ မလွတ်လပ်မှာစိုးလို့ပါ"

ခေါင် က ထပ်ရှင်းပြသေးသည်။

"မမပိုး ပါ လိုက်မှာပါ၊ ဘာဖြစ်လို့လဲ ညီမလေး .. အဆင်မပြေလို့လား .."

"ဟင် .. ဟို .. မဟုတ်ပါဘူး၊ အတွက် တို့က ခေါင် နဲ့ အပြင်မှာ ခဏခဏ ဆုံဖြစ်နေတာပဲ၊ ဒီလိုမျိုး အထူးတလည်ဆုံပြီး သွားကြဖို့မှ မလိုတာ .."

"ဪ ..."

ပိုး က ဒီနေ့ကျမှ လိုက်လိုသောအပြုံးတွေ အလျှုံကြီးပေးနေကာ...

"ဒါက မမ အစီအစဉ်နဲ့ စလိုက်တာမို့လို့ပါ၊ အစက တကယ်ပဲ အိမ်မှာ ဝိုင်းဖွဲ့ကြဖို့လေ၊ ဒါပေမယ့် အပြင်မှာက ပွဲတစ်ခုအဖြစ် ပိုပြင်သွားမလားလို့ .. တို့မိသားစုနဲ့ ညီမလေးတို့ကြားမှာ ဘာအဖုအထစ်မှမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဆင်ပြေသွားပြီဆိုတဲ့ အထိမ်းအမှတ်ပွဲလေးပေါ့ ..''

ဆက်ဆံရေးတွေ ပြောင်းလဲသွားပုံက မျက်စိလည်လောက်ပါ၏ ... လှည့်ကြည့်လိုက်တော့ ခြေထောက်ကောင်းကောင်းမထောက်နိုင်သေး ... ဘူးဆိုသည့် ဒေါ်နှင်းနှင်း မျက်နှာကလည်း ပြုံးချိုနေကာ ...

''သွားကြ .. သွားကြ၊ သမီးကြီးက မောင်လေးသူငယ်ချင်းတွေ ... အကောင်းဆုံးဆိုင်မှာ လိုက်ကျွေးနော် ..၊ ဆိုင်မရွေးတတ်ကြရင်လည်း ... ဟိုတယ်တစ်ခုခု သွားကြ ..''

အစတုန်းကတော့ ရောဂါအခြေအနေသာ ဆိုးခဲ့ရင် အတွက် ... ထောင်ချနိုင်အောင် ကင်းကင်းနေပြီး တင်းတင်းဆက်ဆံခဲ့ကြတာမျိုး ...

ခုကျမှ ရောဂါမကြီးကျယ်မှန်းသိသွားလို့ မျက်နှာလိုမျက်နှာရ ဖြ... လုပ်လာတာလား ..၊ ဒါမှမဟုတ် အတွက် မသိနိုင်တဲ့ လျှို့ဝှက်ချက် ... တစ်ခုခု ရှိနေတာလား ..။

ပန်းချီ က သူမလို အတွက် တွေးမိရဲ့လားလို့ အတွက် မျက်နှာ ... လေးကို လှမ်းကြည့်သည်။

ဒီမိန်းမမျက်နှာ ပြုံးနေတဲ့ပုံက ပေါ့ပေါ့ပါးပါးပါလား ..၊ ကိုယ့်ကို ... ဒီလောက်ထိ တင်းတင်းမာမာ ဆက်ဆံထားခဲ့တာများ ချက်ချင်းကြီး ... ကျေနပ်ပေးလိုက်ရောလား ..၊

''မောင်လေး .. ပြီးရင် သွားကြမယ်လေ ..''

''နေပါဦး မမရဲ့ .. အစီအစဉ်ပြောင်းသွားတော့ အတွက် တို့ ... အဆင်ပြေပါ့မလား ..''

''အစက အဲဒီလို စိုးရိမ်ရင်လည်း ဖုန်းဆက်ပြီး ပြောထားပါလား ... မောင်လေးရယ် ..''

ပိုး က အတွက် တို့ကို ပြန်လှည့်ပြုံးပြကာ ...

''မရတော့ဘူး .. တို့က အဆင်သင့်ပြင်ဆင်ပြီး စောင့်နေတာ ... လိုက်ခဲ့ရမှာနော် ..''





အတွက် ခေါင်းညိတ်လိုက်တော့ ဒေဝီ က နှာခေါင်းရှုံ့သည်။

... ဆို နောက်ပိုင်းတွေမှာ ဒီအိမ်မှာ လူမမာ လာမေးဖို့ မလိုဘူးပေါ့ ..။ ဒါဆိုလည်း ကောင်းတာပါပဲလို့ တွေးမိနေတုန်း ...

''လူမမာကိုတော့ ပစ်မထားနဲ့ဦးနော် .. ကုန်ကျစရိတ်တွေ ဘာညာ ... ည်း အားနာနာနဲ့ သွားမစလိုက်နဲ့ဦး၊ မေမေက အဲဒါမျိုးဆို သိပ်စိတ် ... တော ..''

တံခါးဆီကို အတူတူလျှောက်လာကြရင်း ပိုး ရဲ့တောင်းဆိုမှုတွေ ... င်လာ၏။

''ခုကျတော့ လူကိုခင်သွားပြန်ပြီ .. ညီမလေးက ခေါင် အခင်ဆုံး ... ငယ်ချင်းဆိုလို့ သူ အရမ်းသဘောကျသွားတာ၊ အဲဒါကြောင့်လည်း ... ဘက်က ရိုင်းသလို ဆက်ဆံခဲ့မိတာတွေအတွက် ကောင်မလေးကို ... ချာတောင်းပန်လိုက်ပါဦးဆိုပြီး ညက တို့ကို တာဝန်ပေးတာလေ၊ ... ဒါကြောင့် ဖုန်းဆက်ပြောရတာပေါ့၊ ဒါကြောင့် ဒီပွဲက အရေးကြီး ... ယ်၊ ဘယ်လိုလဲ .. တို့တွေအားလုံးကို ခင်မယ်မို့လား ..''

အတွက် က ခေါင်းညိတ်ဖို့ အဆင်သင့်ဖြစ်နေပုံ ပေါ်သည်။ ပန်းချီ ... အတွက် ခေါင်းမညိတ်ခင် ပိုး နဲ့ အတွက် အတူတူ လျှောက်နေသည့် ... ထဲ မသိမသာ တိုးဝင်လိုက်၏။

ဒီလိုဖြစ်သွားဖို့ မရည်ရွယ်ခဲ့ပါ။ ဒါပေမယ့် တံခါးဝရောက်နေပြီမို့ ... ကားထစ်တွေ အစွန်းဘက်ရောက်နေသည့် အတွက် ကိုယ်လေး ... တိုက် ယိုင်ကျသွား၏။

''အမေ့!...''

''ဟယ်!... အတွက် ..''

လှေကားသုံးထစ်ရဲ့ တစ်ဖက်အစွန်းမှာ ဆိုင်ကယ်လ်ကိုယ်ထည် ... င်းကြီးတစ်ခု ဖရိုဖရဲ စုပုံလဲကျနေတာရှိကာ အတွက် ၏ကိုယ်လုံး ... ဆီပေါ်သို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



"အတွက် .."

မျက်လုံးမှာ ရိပ်ခနဲ ပြုံကျလာတာမြင်သည်နှင့် ပစ္စည်းဟောင်းတွေ ဘေးမှာရှိနေသည့် သဏ္ဍာန် က ထရပ်လိုက်ပြီးဖြစ်ကာ အတွက် ကိုယ် လေးကို ဆီးပွေ့ထားလိုက်၏။

အဖြစ်အပျက်တွေက မျက်စိတစ်မှိတ်အတွင်းမှာပဲဖြစ်ကာ သဏ္ဍာန် သည် ပွေ့လိုက်မိသည့် ကိုယ်လေးကို ကမန်းကတန်း ပြန်ချပေးလိုက် သော်လည်း ...

"နင် .. .."

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း သိလိုက်သည်နှင့် အတွက် မျက်နှာလေး ရဲတွတ်သွား၏။ ထို့နောက် ...

"ကဲဟာ .."

"ဖြန်း .."

"အတွက် .. အတွက် ရယ် .."

လှမ်းဆွဲဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ဘဲ ပန်းချီ တို့ စိတ်မကောင်း စွာ ရေရွတ်မိလိုက်သည်။

"အတွက် ရယ် .. အားနာလိုက်တာ .."

အားလုံး ခဏတစ်ဖြုတ် ငေးငိုင်သွားကြစဉ် လေ့ကားထစ်တွေပေါ် ကနေ ပိုး က အပြေးတစ်ပိုင်းဆင်းသွားရင်း အတွက် လက်လေးတစ်ဖက် ကို သွားကိုင်ထားလိုက်၏။

"ကျေနပ်ပါတော့ နော် .. သူ့အစား တို့က တောင်းပန်ပါတယ်"

တစ်ဖက်ကို တောင်းပန်ကာ သဏ္ဍာန် ကို ဒေါသထကြီး လှည့် ကြည့်၏။

"နင်က ဒီမှာ ဘာလုပ်နေတာလဲ ..၊ ကွယ်ရာမှာ ကုပ်ချောင် ချောင်းနဲ့ .."

"ကျွန်တော် .."





နာကျင်သည့်ပါးပြင်တစ်ဖက်က အရှက်တရားနှင့် ဂူပေါင်းကာ သဏ္ဍာန့် မျက်နှာတစ်ပြင်လုံး ရဲချိတ်နေသည်။ မျက်ဝန်းတို့မှာ မျက်ရည် ကြည်တို့ ရစ်သိုင်းနေလျက် ဘာစကားမှ မဆိုနိုင်သည့်ရှေ့ကို ခေါင် က ကြားဝင် ရပ်လိုက်ပြီး ...

"သူ ဒီမှာ တစ်ခုခုအလုပ်ရှိလို့ နေမှာပါ၊ ကျွန်တော်တို့ အမှတ်တမဲ့ ကြောင်ကြည့်နေမိကြတုန်း သူ ဝင်ကယ်လိုက်တာပဲ .."

"ဝင်ကယ်တာ မဟုတ်ဘူး .. ဝင်ကပ်သလိုလုပ်ပြီး အခွင့်အရေးယူ တာ၊ သူ ဟိုဘက်မှာရှိနေတာကို ကမင်ပြေးပွေ့လိုက်တာလေ ..၊ အဲဒါကို သိလို့ အတွက် စိတ်ဆိုးသွားတာပေါ့ .."

မောင်နှမနှစ်ယောက် ရန်ဖြစ်နေကြတာက သပ်သပ် ..၊ သဏ္ဍာန့် မျက်နှာကို အတွက် ရှုံရှာသည့်မျက်ဝန်းတို့နှင့် ရူးရူးရဲရဲကြည့်နေခြင်းက ချက်ချင်းပဲ သတ်ပုတ် တိုက်ခိုက်တော့မလို ပြင်းထန်လျက် ...

"ဆောရီးပါ မမ၊ အတွက် မလိုက်ဖြစ်တော့ဘူး"

လှည့်မကြည့်ဘဲပြောကာ မျက်နှာလေးမော့၍ ဆံပင်တွေကို ခါ ထုတ်ပစ်သည်။ ပြီးတော့ ပန်းချီ့ လက်ကို လှည့်ဆွဲပြီး နေရာမှ ထွက်ခွာ သွားခဲ့၏။

"အတွက် .. အတွက် .. ကိုယ် တောင်းပန်ပါတယ် .."

ခေါင် က ပြေးလိုက်သွားပြီး ပြောသည်နှင့် အတွက် ခြေလှမ်းတုံ့ သွားကာ ...

"ဘာအတွက် တောင်းပန်တာလဲ .."

သူ ခုနက သဏ္ဍာန့် ဘက်က ကာကွယ်ပြောလိုက်မိသဖြင့် ခေါင် မျက်နှာပျက်သွားသည်။ ပြီးမှ ...

"ဖြစ်ခဲ့သမျှ အားလုံးအတွက်ပါ .. အားလုံးအတွက် ကိုယ် တောင်း ပန်တာပါ၊ သူ့ကိုလည်း မင်း တုံ့ပြန်လိုက်တာပဲ .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"ကျေနပ်ဖို့ ပြောချင်လို့ပါ ..၊ တစ်ဖက်က စေတနာသန့်သန့်နဲ့ ဆိုရင် ..."

"ရှင်က အဲဒီစေတနာတွေကို အတွက် အသိအမှတ်ပြုပေးဖို့ လာပြောတာလား .."

"မဟုတ်ပါဘူး .."

"မဟုတ်ရင် မပြောနဲ့တော့ ..၊ သူနဲ့ ရှင်နဲ့ ဘာတော်တာလဲ .."

ညီအစ်ကိုဝမ်းကွဲပါဆိုတာ ပြောဖို့ပေမယ့် အတွက် မျက်နှာထက်က ဒေါသအရိပ်ကို သိနေသဖြင့် သူ ဆံပင်တစ်ချက်သပ်၍ မျက်နှာငုံ့ကာ ...

"ညီအစ်ကိုတော်မယ် ထင်တယ် .. ကိုယ် သေချာမသိဘူး .."

"ဆွေနီးမျိုးစပ်အဆင့်ပဲပေါ့ .. အဲဒါဆို အားနာဖို့ မလိုတော့ဘူး၊ ရှင်နဲ့ ဆုံဖြစ်ခဲ့တဲ့အချိန်လောက်ကပဲ သူနဲ့ ကျွန်မ ငြိခဲ့တာ .."

"ဘယ်လို!..."

သူ့မျက်နှာ ဖြစ်ပျက်သွားတာကို အတွက် က ကြည့်ပြီး မဲ့သည်။ ပြီးတော့ နှုတ်ခမ်း စပ်စေ့စေ့နှင့် နောက်ကို တစ်ချက်ပြန်ကြည့်ကာ ...

"ဘယ်လိုပုံစံ ငြိခဲ့တာလဲဆိုတာကတော့ သူ့ကိုမြင်တိုင်း ပါးရိုက်ချင်နေတယ် .. အဲဒါပဲ"

လှည့်ထွက်လာခဲ့ရပေမယ့် ပြောချင်တာတွေက ကျန်နေသေးသည်။ 'ရှင့်ရဲ့ကဗျာတွေကို သူ ပြန်ခိုးဖို့ ကြိုးစားခဲ့သေးတာ သိရဲ့လား' လို့ မေးချင်သည်။

"အဲဒီလူက ကျွန်မကို ချစ်ခွင့်ရချင်နေတဲ့လူ ..၊ ရှင်နဲ့ ပုံမှားရိုက်ဖို့တောင် ကြိုးစားခဲ့တာ" စသဖြင့်သော ပြောစရာတွေ ရင်ထဲမှာ အပြည့်အသိပ်နှင့် ပြန်လာခဲ့ရ၏။

အိမ်ပြန်ရောက်တာတောင် အထဲမဝင်နိုင်ဘဲ အိမ်ရှေ့ ခန်းပေါ်မှာပဲ ဆောင့်ခနဲ ထိုင်ချမိသည်။ ပန်းချီ နဲ့ ဒေဗီ က သူမရဲ့ တစ်ဖက်တစ်ချက်





မှာ ထိုင်လိုက်ကြကာ ...

"မြန်လိုက်တဲ့ လက်ကလည်း .. အတွက် ရယ် .."

"ဘာ!..."

"ဖြည်းဖြည်းအော်ပါ .. သဏ္ဍာန် က ဟိုဘက်မှာကျန်ခဲ့ပါပြီ၊ တော်ကြာ အထဲက အန်တီ ကြားသွားဦးမယ်"

"မကြားလည်း သိမှာပဲ .. ကားက ကျန်နေခဲ့တဲ့ဥစ္စာ .."

"ငါ့ကား ကျန်ခဲ့တာ ငါ့ဘာသာ အေးအေးပါ"

ဒေဗီ က ပြောချင်သည့်လိုရင်းကို မြန်မြန်ရောက်ချင်နေသည် ဖြစ်ရာ ...

"သူ တမင်အခွင့်အရေးယူတယ်ဆိုတာ မမပိုး သက်သက်ထောင်ပေးလိုက်တဲ့စကားပါ အတွက် ရယ် .."

"ဒေဗီ နော် .. ငါ စိတ်တိုရုံတင်မဟုတ်ဘူး သိလား ..၊ ငါ တကယ် အရှမ်းရှက်တာပဲ .."

"ဟောတော့ .."

အတွက် က မျက်ရည်ပေါက်ကြီးတွေ ချက်ချင်း ပိုးပိုးပေါက်ပေါက် ကျလာခဲ့လျက် ...

"ဖြုန်းခနဲ ထဖမ်းလိုက်တာနဲ့ မတူဘူး၊ ငါ့တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲကို လုံးထွေးပစ်ကျသွားတာ သိလား .."

"အေးပါ .. သိပါတယ် .."

"ဘာ!..."

"မြင်တယ်လေ .. မြင်တယ်လို့ပြောတာ၊ ဒါပေမယ့် သူ အဲဒီလိုဖမ်းမထားလိုက်ရင်လည်း အောက်က သံလုံးတွေ သံချောင်းတွေနဲ့ နင့်အဖြစ်ကို မတွေးရဲဘူး အတွက် ..၊ အဲဒါ မဖြစ်သေးလို့ နင် မကြောက်တာ၊ သူ အဲဒါကို စိုးရိမ်လို့ ဖြစ်သလို သိမ်းကျုံးဖမ်းထား ..."

"တော်တော့ ဒေဗီ၊ နင့်ကိုငါ သူငယ်ချင်းစာရင်းက ဖြုတ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ..''

''အဲလောက်တောင်လား ..''

ခပ်တိုးတိုးပြောကာ ဒေဝီ မျက်တောင်လေး တဖျတ်ဖျတ်ခတ်ရင်း တိတ်သွားရှာသည်။ ပန်းချီ က ဒေဝီ ကို အားပေးသလို အသာလေးကုတ်ပြီး တိတ်တိတ်နေဖို့ သတိပေးကာ ...

''အေးပါ .. ခုဖြစ်ခဲ့တာကို ထားလိုက်ပါတော့၊ လူနာကိစ္စလည်း အေးချမ်းသွားပြီဆိုတော့ သဏ္ဍာန် ရှိတဲ့နေရာ နင် မသွားချင် မသွားနဲ့ပေါ့ ..''

''ဟဲ့ .. သူတို့က အဲဒီလိုဖြစ်မှာစိုးလို့ ဒင်နာလာဖိတ်လိုက်၊ လန့်ချ်ကျွေးပါရစေပြောလိုက်နဲ့ အိမ်ချင်းကလည်း ကပ်နေတာ .. အသွားအလာဆိုတာတော့ ရှိလာမှာပဲ ..''

အတွက် နှပ်ညှစ်မလို့ ပြင်လိုက်တာနှင့် ဒေဝီ က ထုတ်ကိုင်ထားပြီးသား တစ်သျှူးစလေးကို ကမန်းကတန်း ထိုးပေး၏။

အတွက် က ယူမယ့်ဟာတောင် ဒေဝီ မျက်နှာကို ကြည့်လိုက်သေးသည်။ ပါးစပ်လေးပိတ်ထားရင်း ပြုံးပြမှ ဆွဲယူပြီး ဖိခနဲ ညှစ်ပစ်သည်။

ပြီးတော့ ပြန်ဖြန့်ပြီး နောက်ထပ်သုတ်လို့ရအောင် ခေါက်နေလျှင်...

''ဒီမှာ ..''

ဒေဝီ က နောက်တစ်စ ကမ်းပေးပြီး ...

''အဲဒါ လွှင့်ပစ်လိုက်တော့ ..''

''ဟွန်း .. ဒီ့ထက် ပိုမပြောနဲ့ ..''

သတိပေးပြီးမှ တစ်စကိုလွှင့်ပစ်၍ တစ်စကို ယူသည်။ နှစ်ယောက်ဖြစ်နေကြတာကို ပန်းချီ က ပြီးဆုံးတဲ့အထိ ကြည့်နေခဲ့၏။ ပြီးမှ ...

''အင်း .. အတွက် နဲ့ နောက်ကျမှ ဆုံခဲ့လို့ပဲနော် ...၊ ငယ်ပေါင်းကြီးဖော်တွေသာဆိုရင် အတွက် တစ်နေ့ကို မျက်တောင် ဘယ်နှစ်ကြိမ်ခတ်လဲဆိုတာထိ ဒေဝီ သိနေနိုင်တယ် ..''





လို့ စိတ်မရှည်စွာ ငေါ့ပြော၏။ ဟုတ်တော့လည်း ဟုတ်သည်။

အတွက် စားသောက်ရင်း ငရုတ်သီးစပ်လို့ မျက်ရည်ကျ ...၊ ဖအေဆီက ဆူသံကြိမ်းသံတွေ ရောက်လာလို့ ငို ...၊ ခုလိုမျိုး မျက်ရည်တွေကျရတဲ့အကြောင်းက အစ ...၊

ဘယ်လိုအကြောင်းတွေပဲ မျက်ရည်ကျပါစေ၊ ဒေဝီ တို့လက်ထဲမှာ အတွက် မျက်ရည်သုတ်ဖို့ လုံလောက်သော တစ်သျှူးထုပ်တွေ အထပ်လိုက် ...။

''နင် သူ့မွေးနေ့ကျရင် တစ်သျှူးထုပ်တွေ လက်ဆောင်ပေးရမှာ အတွက် ရဲ့ ..''

''အံမာ .. ငါ့ကိုပေးရမှာ မဟုတ်ဘူး၊ သူ ဆောင်ဖို့ပဲ သတိပေးစမ်းပါ၊ ငိုသာ ငိုတတ်တယ်၊ လက်ထဲမှာ ဘယ်တော့မှ ဘာမှမပါဘူး''

ဒေဝီ က မဲ့ရွဲ့ပြောကြား၏။

''ဟုတ်တယ်လေ .. သူက တစ်သျှူးဆောင်ဖို့ အမြဲမေ့တော့ နင်ပဲ အမြဲပေးနေတာမို့လား ...၊ နင်ပဲ ဆောင်ထားလိုက်တော့ ..''

''ပြောပေါ့ .. ဒီမိန်းမကပဲ မေးနေရတာကိုး ..''

ပန်းချီ နဲ့ ဒေဝီ မျက်စောင်းနှစ်စင်း အပြိုင်လင်း၏။ ပြီးတော့မှ ပန်းချီ က ပြောလက်စကို ပြန်ဆက်သည်။

''ငါက မသွားနဲ့လို့ပြောတာ နင့်ရဲ့ မကောင်းတတ်တွေကြောင့်ပဲ အတွက်၊ သေချာ ပြန်တွေးကြည့်ဦး ..''

''ဘာကိုလဲ ..''

''ခေါင့် ကိုတော့ ငါ မပြောချင်ဘူး၊ ဒါပေမယ့် သူ့အိမ်ကလူတွေ စိတ်ဓာတ်မကောင်းဘူးနော် ..''

''ကောင်းကောင်း မကောင်းကောင်းပေါ့၊ အနှိတီနှင်း လုံးဝ သက်သာသွားတဲ့အထိတော့ သွားရမှာပဲ၊ သူတို့က ငါ့ဆီက ဘာတစ်ခုမှ တောင်းဆိုခဲ့တာ မရှိဘူး၊ ဘာပေးလို့မှလည်း မယူဘူး၊ အခုလည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြောတင်းတင်းနဲ့ နေခဲ့တာတွေအပေါ်မှာ ငါ မကျေနပ်မချင်း တောင်းပန်နေကြတာ .."

"အပြောင်းအလဲက မြန်လွန်းတယ်၊ နောက်ပြီးတော့ သူတို့မျက်နှာတွေမှာ ငါဖြင့် ဖြူစင်တာ တစ်ခုမှ ရှာမတွေ့သလိုပဲ .."

"ဟဲ့ .. ပန်းချီ ရယ် .."

အတွက် က မျက်နှာကို လက်ဖဝါးတစ်ဖက်နဲ့ ခပ်ဖွဖွ သုတ်လိုက်ကာ ပန်းချီ့ ဘက်ကို သေချာလှည့်၍ ...

"နင် ဘာဖြစ်လို့ အကြီးကြီး တွေးနေတာလဲ ...၊ ထားလိုက်စမ်းပါ.. အဲဒီအိမ်အကြောင်း .. လောလောဆယ် မပြောဘဲ နေလို့ မရဘူးလား"

"မဟုတ်ပါဘူး၊ ငါက ..."

ပြောချင်ပေမယ့် ဒေဝီ လို အော်ခံရမှာစိုးသည်မို့ စကားလုံးရွေးနေရသေးသည်။

"ဘာလဲ .. ငါက ဆိုတာ .."

"ပြောလည်း နင် ကြိုက်မှာမှ မဟုတ်တာ .."

"အမလေး .. တိုးတိုးတိတ်တိတ်လေး ပြောလိုက်ပြီးမှပဲ .. ဟွန်း"

အတွက် က မျက်တောင်ဖျားတို့က မျက်ရည်လက်ကျန်ကို သုတ်ပစ်သည်။ ပြီးမှ ...

"ပြောလေ ဘာလဲ .."

"ဒီတစ်ခါ ကဗျာတစ်ပုဒ်နဲ့ ပုံတူ ထပ်ရောက်လာရင် ခေါင့် ကို နင် အဖြေပေးတော့မှာမို့လား .."

"အဲလိုလည်း မဟုတ်သေးပါဘူး .. သူ့ပုံစံကို သိပ်မကြိုက်သေးလို့၊ ဆုံးဖြတ်ဖို့ကလည်း မဝံ့ပြင်ဘူးဖြစ်နေတာ .."

အတွက် မျက်နှာလေးက ခုနက ကလေးဆန်စွာ ငိုချပစ်လိုက်တာမျိုး မဟုတ်တော့ဘဲ စိတ်ရှုပ်ထွေးနေသည့် မျက်နှာမျိုးလေး ဖြစ်သွားပြန်ကာ ...





"သူ ငါ့ကို ပုံတူဆွဲမပို့နိုင်တာ ကြာပြီ .."

"ဟုတ်မှာပေါ့ .. အစတုန်းက ခိုးစားတဲ့အသီးလေ၊ ပိုချိုမှာပေါ့"

"ဘာ!... ဘယ်လို .."

"ဥပမာပြောပြတာပါ .. နင် သူ့ကို ကြည်တာ ဟုတ်ရဲ့လား မဟုတ်ဘူးလား မသိလို့ မရဲတရဲနဲ့ သွေးတိုးစမ်းတဲ့ကာလလေ ..၊ ခုကျတော့ နင့်ရဲ့ဘေးမှာ သူ နေရာရသွားပြီ .."

"အံမယ် .. ဘာနေရာလဲ .."

"ရင်းနှီးခွင့်လေ .. နောက်ထပ် ချစ်ခွင့်ပန်ဖို့ပဲ လိုတော့တာ၊ ဒါက တစ်ဝက်သေချာပြီးသားလို့ သတ်မှတ်ရင်လည်း ရတယ် .."

ပန်းချီ ပြောပြနေတာကို ဒေဝီ ကလည်း တစ်ခွန်းမှဝင်မမေးဘဲ နားထောင်နေခဲ့၏။

"နင့်ကိုယ်နင် သေချာအောင် မေးဖို့ ငါ ထောက်ပြတာ အတွက်...၊ သူ နင့်ရဲ့ပုံတူတွေ ဆွဲတာ၊ ကဗျာတွေ အလာကျဲသွားတာ အဲဒါတွေကို နင် ရိုးမယ်ဖွဲ့နေရမယ့်အချိန် မဟုတ်တော့ဘူး၊ ကဗျာဆရာ ကိုယ့်အနားရောက်နေကာမှတော့ .."

"ဟာ!... ဘာဆိုင်လို့လဲ .."

"အဲဒါကိုပဲ ငါ ပြောနေတာ ..၊ နင် သူ ဖန်တီးတဲ့ အနုပညာလေးကိုပဲ သဘောကျ မြတ်နိုးနေတာ၊ နင့်အတွက် သူ အဲဒီလောက် ဂရုစိုက် ခံစားနေခဲ့တယ်ဆိုတာကို သာယာတာ .."

"အဲလိုလည်း မဟုတ်ပါဘူး ပန်းချီ ရယ် .."

"ဟုတ်ပါတယ်လို့လည်း ငါ မပြောသေးပါဘူး၊ နင် အဲဒီလိုလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဖို့ပဲ ပြောပြတာ ..၊ သူ နင့်ရှေ့ကိုရောက်လာတာထက် ပုံတူရေးထားတဲ့စာရွက်လေး ရောက်လာတာကိုပဲ မြင်ချင်နေတာဆိုရင်တော့ သွားပြီ .."

"ဘာဖြစ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် ကိုယ့်ဘာသာ မသိဘဲ ရောထွေးနေပြီ .."

အတွက် က ချက်ချင်း ခေါင်းခါသည်။

"ကဗျာတွေ လှမလှ ငါ မမြင်နိုင်ပေမယ့် သူ အရမ်းချော်တာကို ငါ မြင်နေရတယ်လေ ..၊ ငါ အဲဒါကို ကြိုက်တယ် .."

"ချော်တာလှတာကို သဘောကျတာက အချစ် ဟုတ်သလား မဟုတ်ဘူးလား ..၊ ငါလည်း အဲလောက်ထိတော့ မသိတော့ဘူး၊ ငါ အခု စိတ်ထဲမှာ ခံစားမိနေတာ ပြောရရင်တော့ မကောင်းဘူး .."

"ဘာမကောင်းတာလဲ .."

"ခေါင် တို့ တစ်အုပ်စုလုံး .."

"ငါ ပါးရိုက်ခဲ့တဲ့သတ္တဝါတော့ မပါဘူးမို့လား ..."

"မပါဘူးလို့တော့ မပြောနိုင်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ပတ်သက်နေကြတာတွေ ငါတို့မှ သေချာမသိတာ၊ နင် စိတ်မဆိုးဘူးဆိုရင် တစ်ခုပဲ ထပ်ပြောချင်တယ် .."

ခဏတော့ စောင့်လိုက်ပေမယ့် ပန်းချီ က အတွက် ခေါင်းညိတ်တာကို မစောင့်ဘဲ ဆက်ပြော၏။

"သူတို့တွေ သဏ္ဍာန် ကို တော်တော်မုန်းတီးနေကြတာတော့ လုံးဝ အတိအကျ သေချာတယ်"

"ငါ ခဏပဲမြင်ရတာတောင် မုန်းသေးတာ၊ အမြဲ နေနေကြတာ ဆိုတော့ ရိုက်သတ်မပစ်ကြတာ ကံကောင်း .."

အတွက် က ပြန်လာကာစက မျက်နှာအတိုင်း တင်းတင်းမာမာ ပြန်ဖြစ်လာခဲ့လျက် ...

"သင်းနဲ့ဆုံလိုက်ရတိုင်း ပစ်စလက်ခတ် ဖြစ်ခဲ့တာတွေချည်းပဲ၊ တောက် .."

"အဲဒါလည်း ထူးဆန်းတာပဲ .."

"ဘာမှမထူးဆန်းဘူး၊ ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး





မတန်မရာ ချောင်းနေတာ ..၊ သူ့ရုပ် ပုံဆိုးပန်းဆိုးနဲ့ .."

"နင် အစက အဆင့်အတန်းမခွဲခြားတတ်ပါဘူး၊ ခုကျမှ သူများကိုပြောတာ မှိုချိုးမျှစ်ချိုး"

"အေးလေဟာ .. မောက်မာတာ မစားနာတာတွေက ဝင့်လိုက်တတ်တယ် .."

"နင်တို့နှစ်ယောက် တစ်လေသံတည်း ထွက်နေကြတာ ငါ သိသားပဲ .."

ပန်းချီ က ခေါင်းခါလိုက်ကာ ...

"နင် အထင်လွဲတာပဲ အတွက်၊ ငါတို့က ခေါင့် ကို နင် စိတ်ဝင်စားတယ်ဆိုတည်းက သူ့အကြောင်းကို အပူတပြင်း စုံစမ်းပေးခဲ့ကြတဲ့လူတွေပါ၊ ခေါင့် အကြောင်း ဆန်းစစ်နေတဲ့ကာလမှာ သဏ္ဍာန် က သူနဲ့ အနီးဆုံးလူ ဖြစ်နေလို့ .."

"မဟုတ်ဘူး .. အဲ့တစ်ယောက်ကို စတွေ့ကတည်းက ပန်းချီ ဆိုတဲ့ မိန်းမရင်ထဲမှာ သနားတာတွေ၊ နေပါစေတွေ့နဲ့ ကာကွယ်ချင်တဲ့ စေတနာတွေ တဖွားဖွားဖြစ်နေတာ .."

"ဟယ် .. မဟုတ်ဘဲနဲ့ .."

ပန်းချီ မျက်နှာလေးငယ်သွားပြီး ဒေဝီ ကို အကူအညီတောင်းသလို လှမ်းကြည့်သည်။ ဒေဝီ က မျက်ခုံးလေးနှစ်ဖက် ပင့်ပြပေမယ့် ဘာမှ ဝင်မပြော ..။

"မဟုတ်ပါဘူး အတွက် ရယ် ..၊ ဒေဝီ ရယ် .. နင် စဉ်းစားကြည့်ပါဦး .. သူ့ အမှတ်တမဲ့ ဖြတ်လျှောက်သွားလို့ မျက်နှာနှစ်ခု ပါသွားတာဟာ .."

"ဘယ်လိုပုံစံကြီး ပါသွားတယ်ဆိုတာလည်း ထပ်ပြောဦးလေ"

"ဩော် .. သိပြီးသားပဲဟာကို၊ နင် အဲဒါတွေးကြည့်လေ .. သူ တမင် ခတ်ပုံထဲပါအောင် ဖြတ်လျှောက်တာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက တမင်တကာ ဖြစ်နိုင်နေတာ .."

ပန်းချီ က ဒေဝီ ကို လှမ်းပြောသည်။ အတွက် က ဘာမှ ရှေ့ဆက် မပေါက်အောင် ဒါပဲ ဖွတ်ပြောနေ၏။

"သူ ငါ့ကို မြင်သိနေတယ်၊ အဲဒါကြောင့် ငါ့ကိုမြင်တိုင်း ငေးငေး နေတာ၊ ဘယ်ဘဝက အငြိုးအတေးတွေမှန်း မသိဘူး၊ အဲဒီလူမျက်နှာကို မြင်လိုက်တည်းက ကြည့်လို့မရတာ .."

"ဟုတ်တယ် .. အဲဒီါကြောင့် မတော်တဆ တိုက်မိတော့လည်း ဖုန်းကို ရေငုပ်ရှာခိုင်း၊ ပြန်လွှင့်ပစ်နဲ့လေ .."

"အဲဒီက စခဲ့တာလား .."

"ဘာ!..."

"သနားကရုဏာတွေလေ .."

"စလည်း မစဘူး .. ဆုံးလည်း မဆုံးဘူး၊ နင်တို့နှစ်ယောက် စပြီး ဆုံကြကတည်းက သုံးယောက်ဖြစ်နေတာ .."

"ပန်းချီ နော် .."

"ပြောပြတာလေ .. မုန်းတဲ့လူဖြစ်ဖြစ် ချစ်တဲ့လူဖြစ်ဖြစ် နင် ခေါင့် ကို တွေ့ရင် ပြုံးနိုင်မယ်၊ သူ့မျက်နှာမြင်ရင် ဒေါသဖြစ်မယ်၊ ဘာပဲဖြစ် ဖြစ် သုံးယောက်ပဲ၊ စကားပြောတိုင်း သူ့အကြောင်း ပါလာတတ်တာက ပြောချင်လို့မဟုတ်ပါဘူး အတွက် ရယ် .."

"ဟုတ်တယ် မပြောနဲ့ .. ငါ့စိတ်ထဲမှာ အဆင့်အတန်းတွေ ခွဲတတ် တဲ့အကျင့် ရှိရှိ မရှိရှိ အဲဒီလူတစ်ယောက်အတွက် ငါ့စိတ် ငါ့စကားလုံး တွေက အမြဲတမ်း ကြမ်းနေမှာပဲ၊ ခုလည်း အဲဒီပေါ်က ကျရင် ငါ ရုပ်ပျက်ဆင်းပျက် ထိခိုက်ဒဏ်ရာ ရနိုင်တာ သိတယ်၊ အခန့်မသင့်ရင် သေလည်း သေနိုင်တယ်၊ ဒါပေမယ့် ကျားချောင်းသလိုချောင်းနေတဲ့လူရဲ့ ရင်ခွင်ထဲ ရောက်သွားခဲ့ရတာ သေသွားတာထက်တောင် ခံရခက်သေး တယ် .."





နင် မသေသေးလို့ပြောနိုင်တာပဲ အတွက် ရယ် ..၊

ပန်းချီ လက်လျှော့လိုက်ပါပြီ။

သဏ္ဍာန် ဆိုတဲ့လူ မျက်လုံးတွေထဲမှာ အတွက် နဲ့ပတ်သက်ပြီး ညစ်နွမ်းတဲ့ဝေဒနာတွေ ဘယ်တုန်းကမှ မမြင်ခဲ့ဖူးဘူးဆိုတာ စိတ်က ယုံကြည်မိသလောက် ရှေ့ဆက် အတိုက်အခံပြောနေလျှင် သူငယ်ချင်း ချင်း အဆင်မပြေဖြစ်ကြရဖို့သာ ရှိတော့သည်။

ထို့ကြောင့် သက်ပြင်းချလိုက်ရင်း ထားလိုက်တော့ဖို့ပဲ ဆုံးဖြတ် မိ၏။

စိတ်အာရုံထဲမှာ အတွက် နဲ့ မျက်နှာချင်းဆိုင် ဆုံမိလိုက်တိုင်း တစ် ချိုးမျိုးသော ဖိနှိပ် နှိမ်ချခံရခြင်းဖြင့် ဒုက္ခတွေ့သွားတတ်သည့် သဏ္ဍာန့် ပုံစံကို မြင်ယောင်နေမိသည်။

ရှင်ကိုက မျက်နှာမြင် ဖနောင့်နဲ့ပေါက်ချင်ပါစေ ဆိုတဲ့ ဆုတောင်း ပါလာခဲ့တာ သဏ္ဍာန် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၂]

"ကိုယ့်မှာ ဘာချို့ယွင်းချက်တွေရှိသေးလို့လဲ အတွက် ရယ် ... ဘာဖြစ်လို့ ခုချိန်ထိ အဖြေမပေးသေးတာလဲ .."

"ခေါင် ကရော ဘာဖြစ်လို့ မေးလာနေတာလဲ ..၊ ခုချိန်ထိလို့ ပြော လောက်အောင် ဘယ်လောက်များ ကြာသေးလို့လဲ .."

အဖြူနဲ့အနက် နှစ်ထပ်ကွင်းပါသည့် နားဆွဲဝိုင်းလေး လှုပ်ခတ် ကာ ခပ်စောင်းစောင်းမျက်နှာလေးနှင့် မေးနေသဖြင့် အတွက် ရဲ့ မျ ဝန်းလေးတွေကိုကြည့်၍ ခေါင် အသည်းယားနေမိသည်။

ဒါပေမယ့် ချစ်တဲ့အဖြေကို မရသေးတော့လည်း သူ့မှာ မြတ် ကြင်နာခွင့်နှင့် လက်တစ်ကမ်းအကွာမှာပဲ ရှိနေရကာ ...

"မမကလည်း မေးနေလို့ပါ၊ ခြံချင်းကပ်နေပြီး နှစ်အိမ်တစ်အိမ် ရင်းနှီးနေသင့်တယ်တဲ့၊ ကိုယ်တို့နဲ့ အတွက် ဒီလိုရင်းနှီးနေတာတော် အတွက် က အိမ်ကိုမပြောရသေးဘူးဆိုတော့ .."

"အဲဒါလည်း သဘောမကျတာ ဘာရှိလို့ ခေါင် ..၊ အတွက် ယောက်ျားလေးသူငယ်ချင်း ထားခဲ့တာမှ မဟုတ်တာ၊ သူငယ်ချင်း





အတူ ခေါင့် ကို ခေါ်သွားပြီး ဒါလည်း သူငယ်ချင်းပဲလို့ ဘယ်လိုလုပ် ပြောရမလဲ .."

"ကိုယ်ကတော့ အတွက် ကို ချစ်ကြည့်ရုံလေး တွဲခဲ့တာမဟုတ်ဘူး နော် ..၊ ကိုယ့်ကို အတွက် ဘယ်လိုစဉ်းစားထားသလဲ ဆိုတာပဲ လိုတော့ တာ .."

အတွက် က သူ့မျက်နှာကို ငဲ့ကြည့်ပြီး ရယ်သည်။ ခေါင် အသည်း ယားသွားကာ အတွက် ပခုံးလေးကို ပခုံးနဲ့ တိုက်ပစ်လိုက်၏။ အတွက် ယိုင်သွားတော့မှ ပြန်ဆွဲထားလိုက်ကာ ...

"ဆောရီး .."

"ရတယ် ..၊ ပါးစပ်ကပဲ ဆောရီးရင် ရပြီ .."

ကိုင်သည့်လက်ကို အတွက် က ဖယ်ချပစ်လိုက်၏။ သူတို့ နှစ် ယောက် အတူတူလျှောက်လာကြတာကို အကြော်ဆိုင်မှာ ထိုင်ကျန်နေခဲ့ သည့် ပန်းချီ တို့က လှမ်းကြည့်နေကြ၏။

"ဒီမှာ ခဏထိုင်ရအောင် .."

"မထိုင်တော့ဘူး ..၊ ဟိုးမှာ အတွဲတွေနဲ့ မျက်နှာပူစရာကြီး"

"အတွက် တစ်ခါမှ ချစ်သူမထားခဲ့ဘူးပေါ့"

"ခေါင် က ဘယ်လိုထင်လို့လဲ .."

"မထားခဲ့ဘူးလို့လည်း ထင်တယ်၊ ဒါပေမယ့် မင်းက အရမ်းချော အားနေတော့ အံ့ဩတယ်"

"ဟုတ်လား .. ဒါဆို ရည်းစားမထားခဲ့ဘူးရင် သွေးမအေးဘူးပေါ့"

"အဲလိုလည်း မဟုတ်ဘူး ထင်တယ်၊ ဒါပေမယ့် ဘယ်လိုပြောရ မလဲကွာ .."

"ခေါင် မပြောတတ်ရင် တို့ ပြောရမလား .."

"ပြောလေ .."

အတူတူလျှောက်ခဲ့ရင်း ခေါင် ထိုင်မယ်ပြောခဲ့သည့် ခုံတန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ဖြတ်လာခဲ့ကြသည်။

ခေါင် က ခုံတန်းကို ပြန်ငုံ့ကြည့်ပေမယ့် အတွက် က ရှေ့ကိုပဲ ကြည့်နေကာ ...

"အတွက် ချစ်သူမရှိခဲ့ဘူးဆိုတာကို ခေါင် တကယ်ယုံတယ်ဆိုရင် တွေးကြည့်လေ .."

"ဟင် .. ဘယ်လို .."

"အဟွန်း .. အစကနေ ခုချိန်ထိ အတွက် ကို ရင်ခုန်လှုပ်ရှားမယ့် လူ မပေါ်သေးလို့လို့ အဖြေမထွက်ဘူးလား .."

"ဟာ!... အတွက် အဲလိုတော့ မလုပ်နဲ့လေ ..၊ ရင်ခုန်သံကိုတောင် ကြားခွင့်မရှိသေးဘူးဆိုရင် မျှော်လင့်ချက် ပိုဝေးသွားပြီပေါ့ .."

"ဟေ့ .. ဟေ့ ..."

သူ့ပုံစံကိုကြည့်ပြီး အတွက် ရယ်လိုက်မိစဉ် အင်္ကျီတွေ စုတ်ပြတ် ပေပွနေသော အရူးတစ်ယောက်က နောက်ကနေ ရှေ့ကိုပြေးတက်လာသည်။

ပြီးတော့ ခေါင် နဲ့ အတွက် တို့ကို တစ်လှည့်စီကြည့် လက်ညှိုးထိုးကာ ...

"ဟောဒီမှာ .. ဟောဒီမှာ သိပ်လှတဲ့ မင်း .. အရိပ်မလှတဲ့ ကိုယ့်ရဲ့ ရင်ခွင်အိုမှာ ခဏတစ်ဖြုတ်မျှ မေးစက်မပျော်လေနဲ့တော့ .. သွားရော့ သွားရော့ .. သွားလေတော့ .. အလှူအိမ်မှာ မုန့်ဟင်းခါး စား ..."

ရင်ဘတ်ကို တဖြန်းဖြန်းပုတ်၍ လက်ညှိုးက တောင်ထိုးမြောက်ထိုး နှင့် ခုန်ပေါက်ထွက်သွားလေသည်။

ခေါင် နဲ့ အတွက် ဒီတိုင်း ရပ်ကျန်ခဲ့ကြပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ပြီးတော့ အတွက် ပါးစပ်လေးပိတ် ရယ်ရင်း အရူး ထွက်သွားရာ ကို ကြည့်၍ ...





"ရူးသာရူးနေတာ မဆိုးဘူးနော် ..၊ ကဗျာတွေ .. ကာရန်တွေနဲ့.."

"ဟုတ်တယ် .. တစ်ခုခုလုပ်လိုက်မှာစိုးလို့ ကိုယ်တောင် လန့်သွားတယ်၊ အဟွန်း .. ဒီလူ မဆိုးဘူး၊ ကိုယ့်ထက် သာတယ် .."

"ဘာဖြစ်လို့လဲ .."

"ကိုယ်ဆို စာကျက်တာတောင် ကဗျာတွေဆို ကျက်လို့ကို မရဘူး၊ သူက ရူးနေတာတောင် ကဗျာတွေ ရွတ်နေတာလေ .."

"ဝါသနာပါတဲ့လူကတော့ မြင်မြင်ရာ ကဗျာတွေဖြစ်နေမှာပေါ့ ခေါင် ရဲ့ ..၊ သူလည်း ကျောင်းစာတွေ ရွတ်နေတာမှ မဟုတ်တာ .."

"ဟုတ်တယ်လေ .. အဲဒါကိုက ကိုယ့်ထက်သာတာ .."

လှမ်းနေသည့်ခြေလှမ်းတွေ မသိမသာ နှေးကျသွားသည်။ ဒါပေမယ့် ချက်ချင်းပဲ ပုံမှန်ပြန်ဖြစ်သွားခဲ့ပြီး ...

"ဒါဆို ပန်းချီဆွဲတာကျတော့ရော .."

"အဲဒါလည်း ..."

ခေါင် ဘာမှဆက်မပြောရသေးခင် ခုံတန်းပေါ်မှာ ပြဿနာတစ်ရပ် အုန်းခနဲ ထဖြစ်လေသည်။

"ရှင် လိမ်ထားတာတွေကို ခုကျတော့ ပိပိရိရိ ဖုံးဖိထားဖို့ မေ့သွားပြီလား .."

"တိုးတိုးပြောပါ မိန်းမရာ .. လင်မယား လေညှင်းခံထွက်ဖို့ ကန်ဘောင်လာတာ၊ ပြဿနာရှင်းဖို့ ကျနေတာပဲ .."

"ကန်ဘောင်ကျမှ ရှင့်ဖုန်းက ဝင်လာပြီး ဒီပြဿနာ ပေါ်တာကိုး၊ ပြော .. ခု ပြောပြ ..၊ ညာချင်ရင်လည်း ယုံလောက်အောင် ညာနော် .. ဟောတ်ရင်တော့ မလွယ်ဘူး မှတ် .."

သူများရန်ဖြစ်သည့် စကားလုံးတွေ နားထဲ ရှူးခနဲ ဝင်လာသည်နှင့် ခေါင် ထိတ်ခနဲ သတိဝင်လာ၏။ အတွက် ကို သူ ဘာတွေပြောလိုက်မိသလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောလေ ခေါင် .. မြန်မြန်လည်း လျှောက်ဦး ..၊ သူများ ရန်ဖြစ်တာကို စပ်စုချင်လို့ ဖြည်းဖြည်းလျှောက်နေတယ် ထင်သွား လိမ့်မယ်"

အတွက် သတိပေးလိုက်မှ ပူထူပျက်ယွင်းသွားသည့် ကိုယ့်မျက်နှာကို ကမန်းကတန်း ပြင်ဆင်ရသည်။

"အတွက် ဘာပြောလိုက်တာလဲ .."

"ရှင် ပန်းချီဆွဲတဲ့အကြောင်း .."

"သြော် .. ဟို .. ဘာဖြစ်ဖြစ် ကျွမ်းကျွမ်းကျင်ကျင်အဆင့်ရောက်အောင် တစ်ဆုံးထိ ကိုယ် လိုက်စားခဲ့တာ မရှိဘူး၊ အဟွန်း .. အဲဒါကို ပြောချင်တာပါ၊ မလုပ်တတ်တာတော့ မရှိဘူးကွာ .. ဟုတ်တိပတ္တိလည်း မဟုတ်ဘူး"

အတွက် က သူ့မျက်နှာကို စိုက်ကြည့်နေပြီးမှ ရှေ့ပြန်လှည့်ပြီး ပြုံးသည်။

တစ်ခုခုကို နားလည်သွားတာတော့ သေချာပါသည်။





## အခန်း | ၂၃ |

"တကယ်လား အန်တီ .."

"ဟုတ်တယ် .. ဘယ်တော့လဲတော့ မသိဘူး၊ အဲဒါကြောင့် အန်တီ ပြောသားပဲ သမီး၊ ဒီတိုင်း လွတ်လွတ်လပ်လပ်နေချင်ရင် ကိုယ့်အဖေ ကြိုက်တာကို ဘာမှမလုပ်ပါနဲ့လို့ .."

ထင်ပေါ်လို့ စင်တော်က ကောက်သည်။ ကိုယ့်ရဲ့မျက်နှာဖုံးခေတ်ပုံ ကြောင့် ဟိုကြော်ငြာ ဒီကြော်ငြာတွေက ကမ်းလှမ်းလာကြတာပဲ။

ဒါတောင်မှ ကြော်ငြာဆိုင်းဘုတ်တွေပဲ အတွက် လက်ခံခဲ့တာ၊ သီချင်းဗီစီဒီတွေ၊ တီဗွီကြော်ငြာတွေ ဘာတစ်ခုမှ မရိုက်ခဲ့သေးပါ ..။

"ဖေဖေက တကယ်လွန်တယ် သိလား .."

"မလွန်ဘူး သမီး ..၊ မျက်စိအောက်မှာ ရှိနေတာတောင်မှ သမီးကို အန်တီ စိတ်မချတာ၊ သူ့သမီး ချောချောလှလှလေးကို အဝေးကြီးမှာ ပေးထားရတာ .. ဘယ်အဖေက စိတ်ချလက်ချ နေနိုင်မှာလဲ"

"စိတ်မချလို့ အိမ်ထောင်ချပေးတယ်ဆိုတဲ့ အကြောင်းပြချက်က တော့ လုံးဝ အဓိပ္ပာယ်မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. အို .. မိဘကို ဒီလိုပြောရသလား သမီး .."

"အတွက် အရမ်းစိတ်ဆင်းရဲသွားလို့လေ ..၊ ဒီလပိုင်းတွေကျမှ အတွက် ဘာဖြစ်လို့ ကံဆိုးမိုးမှောင်ကျနေရတာလဲ၊ သူများကို ကားတိုက်မိလို့ တောင်းပန်ရ .. အောက်ကျရ၊ မချစ်မနှစ်သက်တဲ့လူကို လက်ထပ်ရဖို့ ပြဿနာတွေနဲ့ ရင်ဆိုင်ရ .."

ဟိုဘက်မှာ အားလုံး အေးချမ်းပြေလည်သွားပြီဆိုမှ ကားတိုက်မှု ဖြစ်ခဲ့တဲ့အကြောင်းကို အန်တီ့ကို ပြန်ပြောပြခဲ့တာပါ။

ပြီးတော့ ဒေါ်နှင်းနှင်း တို့ သားအမိ ဒီအိမ်နဲ့ မိတ်ဆွေရင်းချာလို နေထိုင်သွားလိုကြောင်း ဆန္ဒရှိနေကြတာကအစ အားလုံး အန်တီ သိနေပြီ ဖြစ်သည်။

"အန်တီ အတွက် ကိုတော့ ကောင်းရာကောင်းကြောင်းလေးတွေ ပြောနေပြီး ခေါင် နဲ့ ဒီ့ထက် မရင်းနှီးစေချင်လို့ ဖေဖေ့ကို ဖုန်းဆက်လိုက်တာလား .."

"အလိုတော် .. ရှုပ်ရှုပ်ရွှဲရွှဲ .."

"ရှုပ်ရွဲကြည့်တာ .."

အတွက် က ရှုရှုပုတ်ပုတ်လေးနဲ့ပဲ ဝန်ခံ၏။ အန်တီ မျက်နှာက ညာနေတာဆိုရင် ဒီလိုမေးချလိုက်တာနဲ့ မဖုံးနိုင်မဖိနိုင် ပျက်ပြားသွားမှာကို သိပြီးသား ..။

"ပြန်လာခဲ့ဦးလို့ ခေါ်တာလည်း သမီးက ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မပြန်ခဲ့ဘူးလေ ..၊ အဲဒါကြောင့် သမီးဖေဖေကိုယ်တိုင် လာရတဲ့အထိ ဖြစ်သွားတာ .."

"သတို့သားပါ ပါလာမှာဆိုတာ တကယ်လား အန်တီ"

"ဟုတ်တယ် .. အန်တီတို့က သမီးကို ယုံကြည်လို့ ကြိုပြောပြထားတာ၊ မချစ်တာကိုတော့ မယူနိုင်ဘူးဆိုပြီး ယောကျ်ားကောက်ယူ ပစ်လိုက်ဖို့တွေ ဘာတွေ မကြံစည်နဲ့နော် ..၊ တစ်သက်မှာ တစ်မင်္ဂလာပဲ





ပြုခွင့်ရတဲ့ မိန်းမတို့ရဲ့ အိမ်ထောင်ဦးမင်္ဂလာကို အညွန့်ကျိုးအောင် မလုပ်ရဘူး .."

ဒေါ်သက်မာ က အတွက် ထိုင်နေသည့်ဘေးမှာ ပြောင်းထိုင်လိုက်ပြီး ပခုံးလေးကို ဖက်သည်။

"ခိုးရာလိုက်ပြေးတဲ့ မိန်းမတစ်ယောက်ရဲ့တန်ဖိုး ဘယ်လောက်ယုတ်သလဲ သမီးလေး နားလည်မှာ မဟုတ်ဘူး၊ ဒီလိုအမှားမျိုးက ကိုယ်တိုင်ကြုံရပြီဆိုမှ သိကြတာလေ ..၊ လူကြီးတွေက ဥပမာ သာဓကတွေနဲ့ ပြောလည်း ကြောက်အောင် တမင်ခြောက်တယ်လို့ ထင်တာ .."

"ကိုယ်ချစ်တဲ့လူနဲ့မှ သဘောမတူတာ ..၊ လိုက်မပြေးဘဲနေတော့ရော ငါ့သမီးလေး လိမ္မာတယ်ဆိုပြီး ပေးစားမှာမို့လို့လား"

ဒေါ်သက်မာ က သက်ပြင်းချ၏။

"လိမ္မာတော့လည်း မိဘသဘောတူတဲ့လူကိုပဲ လက်ထပ်ရတာ ဘာများကောင်းလို့လဲ .."

"မိဘစကား နားထောင်ခဲ့တဲ့ ဂုဏ်ကျက်သရေတွေ တိုးတာပေါ့ သမီးရယ် .. မချစ်တဲ့လူကိုတော့ မယူနိုင်ပါဘူးဆိုပြီး ကိုယ်ချစ်တဲ့လူနဲ့ လိုက်သွားရင်ရော သမီး တစ်သက်လုံး သာယာသွားမှာတဲ့လား၊ ကိုယ့်ကို ချစ်ခင်လိုလားကြတဲ့ နှစ်ဖက်မိဘတွေကို စုံကန်ပြီး ချစ်တဲ့သူ တစ်မျက်နှာတည်းနဲ့ ဘာမှန်းမသိတဲ့ လူစိမ်းတွေကြားထဲမှာ သမီး ပျော်နေနိုင်မလား .. စဉ်းစားလေ .."

အတွက် က ဘာမှမပြောဘဲ ဒေါ်သက်မာ ဘက်ကို တည့်တည့် ကြည့်လာ၏။

"သမီးချစ်တဲ့ ယောကျ်ားလေးဘက်မှာလည်း သူ့သားနဲ့ တခြားသဘောတူထားတဲ့မိန်းကလေး ရှိနေနိုင်တာပဲ၊ ဒါမှမဟုတ်ရင်လည်း သူ့သားလေးကို လက်ထပ်မပေးချင်သေးတဲ့အချိန်မျိုးလည်း ဖြစ်နိုင်တာပဲ၊ အဲဒီအချိန်မှာ သမီးကို သူတို့ လိုလိုလားလား ကြိုဆိုပါ့မလား ..၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ခိုးရာလိုက်သွားပြီဆိုတည်းက ကိုယ့်ကိုယ်ကိုယ် ပန်းကောင်း အညွန့်ချိုး သွားခဲ့တာပဲ ..၊ လူစိမ်းတွေကြားထဲမှာ သမီး ဘာမှ တောင်းဆိုခွင့် မရှိတော့ဘူး ..''

အန်တီ ပြောနေတာတွေလည်း သျှမ တစ်ခါမှတွေးမကြည့်ခဲ့၊ မြင်လည်း မမြင်ခဲ့၊ ကြားလည်း မကြားခဲ့ဖူးသော အိမ်ထောင်တစ်ခုရဲ့ အမျိုးမျိုးသော အစပျိုးခြင်းများထဲက တစ်ခုလား ..၊

သျှမမှာ အိမ်ထောင်သည်သူငယ်ချင်းလည်း မရှိ၊ ကိုယ့်ရှေ့မှာ အိမ်ထောင်ကျသွားတဲ့ အစ်ကို၊ အစ်မဆိုတာလည်း မရှိခဲ့ပေ။ ထို့ပြင် သျှမ နေထိုင်ရာ အနီးအနားမှာလည်း ဤသို့သော ဒုက္ခမျိုးနဲ့ အိမ်ထောင်ရေး မျိုး မရှိခဲ့ဘူးတာ အမှန် ..၊

ယောက္ခမ၊ ယောက်မတို့၏ လိုလားခြင်း၊ မလိုလားခြင်းတွေ ဘယ်လိုရှိသလဲဆိုတာ သျှမအနေနဲ့ ဘယ်လိုနည်းနဲ့ သိနိုင်မှာလဲ ..။

''အထူးသဖြင့် မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရတယ် ..၊ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ လက်တွေ့သင်ခန်းစာတွေကို ပြောရရင် ပြီးဆုံးမှာတောင် မဟုတ်ဘူး သမီး၊ ဒါပေမယ့် စကားတစ်ခုကို ငြီးငွေ့အောင် ပြောလို့ မကောင်းဘူး၊ အန်တီ ပြောနေတဲ့ အကြောင်းအရာတွေပေါ်မှာ သမီး တကယ် အလေးအနက် နားထောင်နေတာလား၊ စိတ်မဝင်စားဘဲနဲ့လားဆိုတာလည်း မသိတော့ ဒီလောက်နဲ့ပဲတော်တာ ကောင်းပါတယ် ..''

''အတွက် စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် အန်တီ ပြောနေတာတွေကို သိသလို မသိသလိုပဲ၊ အိမ်ထောင်ပြုကြတာမှာ အဲဒီလောက်ထိ ဆိုးဝါးကြတာတွေ ရှိလို့လားဟင် ..''

''ရှိပြီကော သမီးရယ် .. အန်တီ့သူငယ်ချင်းတစ်ယောက်ဆိုရင် မန္တလေးနည်းပညာတက္ကသိုလ်မှာလေ ..၊ ကျောင်းသားချင်းပဲ ချစ်ကြိုက်တယ်ပေါ့၊ တကယ်တော့ 'အဲဒီလူက ကျောင်းသားလိုလို ဘာလိုလိုနဲ့





သစင့် ကို အရချိုင်တာ ..''

''ကျောင်းသား မဟုတ်ဘူးပေါ့ ..''

''မဟုတ်ပါဘူးကွယ် .. ဆယ်တန်းတောင်မအောင်တဲ့ အထည်ကြီးပျက် မိသားစုပေါ့၊ အပြောကလည်း ကောင်း .. ရုပ်လေးကလည်း ချောချောဆိုတော့ ကျောင်းမပြီးသေးဘဲ ခိုးရာလိုက်ပြေးသွားတာယ်လေ၊ ဘီအီးလည်း မရောက် .. ဘာမှလည်း လုပ်မရ ..''

''သူက ဘာဖြစ်သွားလို့လဲဟင် ..''

''သူ့မှာပါတဲ့ ပစ္စည်းလေးတွေ ထုခွဲရောင်းချပြီး မိဘဆီ ပြန်အပ်ပေးပါဆိုတာတောင် ဟိုက အပ်မပေးဘူး ..''

''အပ်တယ်ဆိုတာက သူ့ကို မိဘဆီ ပြန်ပို့နိုင်းတာလား ..''

''မြန်မာ့ဓလေ့ထုံးစံပဲလေ သမီးရဲ့ .. ခိုးရာလိုက်ပြေးကြရင် ယောကျ်ားလေးရှင်ဘက်က မိန်းကလေးကို ပြန်အပ်ပေးရတယ်၊ ပြီးမှ မိဘဆီက ပြန်တောင်းယူပြီး တင့်တင့်တယ်တယ် မင်္ဂလာဆောင်ပေးကြတာမျိုးပေါ့ ..''

''ဪ .. ဒါဆို ...''

''ဘာမှလုပ်မပေးကြဘူးလေ .. အန်တီတို့ကလည်း ကိုယ့်သူငယ်ချင်းဆိုတော့ သူ့မိဘနဲ့ အဆင်ပြေအောင် ကြားဝင်ဖေ့စပ်ပေးဖို့ သွားသေးတယ်၊ အရမ်းကိုရိုင်းတဲ့လူတွေပါကွယ် .. အန်တီတို့ရှေ့မှာပဲ ဘာပြောတယ် မှတ်လဲ ..၊ ပေါင်းချင်လွန်းလို့ သူ့ဟာသူ မနေနိုင်မထိုင်နိုင် လိုက်လာတာ .. ညားပဲညားနေပြီမှ ဘာအရေးကြီးတာလဲတဲ့ ..''

''ဟင်!...''

''သူတို့ရဲ့သမီးက လိုက်လာလို့ ဒီထိ ပါလာတာကို ပြန်သွားအပ်ကာမှ ဘယ်လိုကြီးကြီးကျယ်ကျယ်လုပ်ပေးရမယ်၊ ဘာညာတွေ အလေးတင်းလာရင် ငါတို့က ငြိမ်ခံနေမှာ မဟုတ်ဘူးတဲ့၊ မင်္ဂလာဆောင်ရေတ်ထုတ်ဖို့လည်း အဆင်သင့်မရှိသေးဘူး၊ အဲဒီတော့ သမီးတို့ပဲ ပြေပြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကန်တော့တောင်း တောင်းပေးမယ်၊ အဲဒါနဲ့ပဲ ကျေနပ်မလား၊ ကျေနပ်မယ်ဆိုရင်တော့ လာပြန်ပေးမယ်တဲ့ ..”

အန်တီက ဟိုကစကားလုံးတွေကို သေချာပေါ်လွင်အောင် ပြောပြသည်။

အတွက် ကြက်သီးတွေတောင် ထသွားမိ၏။

ဒါတွေကြားပြီး မျက်လုံးထဲမှာ မြင်ယောင်လာတာက ခေါင် တို့ မိသားစု ..၊

ဘာဆိုင်လို့လဲ ..၊

ထိတ်ခနဲဖြစ်သွားကာ ခေါင်းခါပစ်လိုက်၏။ ကိုယ့်ချစ်သူတောင် မဟုတ်သေးဘဲနဲ့ ဘာလို့ သတိရသွားတာလဲ ..။

“အဲဒီအချိန်မှာ မိန်းကလေးရှင်ဘက်က မိဘရဲ့ဂုဏ်သရေ ညှိုးမှိန်မှုကိုသာ သမီး စဉ်းစားကြည့်စမ်း၊ ကိုယ့်ရဲ့ခြေတစ်လှမ်းအမှားဟာ ကိုယ့်ဘဝတစ်ခုတည်း ပေးဆပ်လိုက်ရတာ မဟုတ်ဘူး၊ ဒီအချိန်ကျမှ ငါ့ကြောင့် ငါ့မိဘ မျက်နှာငယ် အရှက်ရနေပါလားဆိုတာ သိတော့ရော ဘာလုပ်ပေးနိုင်မှာလဲ ..”

“အတွက် နားလည်ပါပြီ အန်တီ၊ နားမလည်ခင်တည်းကလည်း ယောကျ်ားနောက်ကို လိုက်ပြေးရတဲ့အထိ စွန့်စားရဲလောက်အောင် မိုက်မဲဖို့ တစ်ခါမှမတွေးခဲ့ဖူးဘူး၊ အခု ပိုပြီးခိုင်မာသွားပြီ၊ အဲဒီလို အတွက် ဘယ်တော့မှမလုပ်ဘူး ..”

“အရမ်းကိုဝမ်းသာပါတယ် သမီးရယ် .. သမီးဖေဖေ ရောက်လာခဲ့ရင်လည်း သတို့သားလောင်း ပါလာခဲ့သည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မင်္ဂလာဆောင်ကိစ္စကိုတော့ ပြောမှာပဲ၊ မိဘ စိတ်ဆင်းရဲ ဒေါသထွက်အောင် သမီး အတိုက်အခံမပြောနဲ့နော် ..၊ သမီး ဘာဖြစ်ချင်သလဲဆိုတာ အန်တီ့ကို ပြော ..၊ အန်တီ တတ်နိုင်သမျှ ပြောပေးမယ် ..”

“အန်တီ ..”





“ဟင် .. ပြောလေ ..”

“ဟိုတစ်ခါ မီးပွိုင့်မှာ ကားရပ်နေတုန်းက အတွက် ပြတဲ့ မြင့်ခေါင်ဆိုတာလေ ...”

“ဟိုဘက်ခြံကလူတွေလား ..”

“ဟုတ်”

“သမီး ဖြစ်ခဲ့တာတွေ ပြောပြပြီးတည်းက အန်တီ သတိထားကြည့်နေတာပါ၊ ဘာဖြစ်လို့လဲ သမီးတို့ ..”

“ဘာမှမဟုတ်သေးပါဘူး၊ သူကတော့ ပရိုပို့စ်လုပ်ထားတာပေါ့”

“သူ့မိဘတွေကလည်း သမီးကို သဘောကျနေပုံပဲ ..”

“ဟင်!...”

အံ့သြသွားသည့်မျက်နှာလေးကို ပြုံးကြည့်ကာ ဒေါ်သက်မာ နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ဆိုဖာတွေကြားထဲကနေ ခပ်ဖြည်းဖြည်း လျှောက်သွားရင်း ...

“သမီးက သေချာပြောပြခဲ့တာပဲလေ ..၊ ကားတိုက်မှုဖြစ်တာက စပြီး ကြည့်ရင် သူ့သားနဲ့ ရည်ငံနေတဲ့ မိန်းကလေးဆိုပြီး သမီးကို လျှော့ပေးလိုက်ကြတာပဲ၊ ခု ဖြစ်ပြီးတော့လည်း အိမ်လာလည်ပါရစေ၊ ခင်မင်ပါရစေ ဖြစ်လာတယ်လေ ..”

“ဘာဖြစ်လဲ အန်တီ ..၊ အတွက် က မိဘသဘောတူတာနဲ့ လက်ထပ်ရမှာပဲ၊ သူတို့က ခင်ခင်မင်မင်ရှိနေရင် အန်တီ လက်ခံပေးပါလား၊ အတွက် က သူတို့ကို အားနာနေရတာကြီး ပျောက်သွားချင်တာ ..”

“အားနာတာက လူကြီးတွေကိုလား .. မောင်မြင့်ခေါင် ကိုလား သမီး ..”

“ဟို ...”

“မောင်မြင့်ခေါင် က ပိုးပန်းနေတာကို သိနေလို့ ဒီကိစ္စ လျှော့လိုက်တာကို အားနာတယ်ဆိုရင် သူတို့မိသားစုနဲ့ အန်တီ ရင်းနှီးဖို့မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နောင် ပြောရဆိုရခက်တာတွေ ရှိလာရင် မျက်နှာပျက်ကြရမှာပဲ..''

''ဒါပေမယ့် ခဏခဏ ပြောလာလွန်းတော့ အတွက် ငြင်းရတာ အားနာနေပြီ၊ တစ်နေ့နေ့တော့ ထမင်းစားဖိတ်ရရင် ကောင်းမလားလို့''

''မကောင်းဘူး သမီး .. အိမ်ကို တရင်းတနှီး ဝင်ပါထွက်ပါလို့ပဲ အန်တီ ခွင့်ပြုတဲ့အကြောင်း ပြောလိုက်ပါ၊ နှစ်ဖက်မိဘ သူ့အိမ်ကိုယ့်အိမ် ကူးလူးပြီး ထမင်းစားဖိတ်ကြတယ်ဆိုတာ အဓိပ္ပာယ်တွေ အများကြီးရှိတယ် ..''

နောက်ထပ်ပြောမှာ စိုးတာလား မသိ ..၊ အန်တီက အထဲကို တန်းဝင်သွားတော့သည်။ ခဏကြာသည်နှင့် ဖုန်းဝင်လာလို့ ကြည့်လိုက်တော့ ခေါင် တို့ အိမ်က ဖုန်း ..။

''ဟလို ..''

''ညီမလေးရေ .. ဒီတစ်ခါတော့ မငြင်းရဘူးနော်၊ ဒီည ဒင်နာ လာစားရမယ်၊ တို့တွေ ခုပဲ ချက်ပြုတ်ဖို့တွေ အားပါးတရ ဝယ်ခြမ်းပြန်လာတာ၊ ညီမလေးရဲ့အန်တီကို သေချာ ကြိုပြောထားဦး ..''

မမပိုး အသံက လူနာကို အတွက် အိမ်ပြန်လိုက်ပို့တုန်းကနဲ့ ဘာမှ မဆိုင် ..။ အိမ်နီးချင်း ငယ်ပေါင်းကြီးဖော်တွေလို အရမ်းကို တရင်းတနှီးကြီးဖြစ်နေကာ အန်တီ ပြောသလိုပဲ ဖြစ်နိုင်နေတာကို သူမ တွေးမိလိုက်၏။

ဖုန်းကိုင်ရင်း အိမ်ရှေ့ကိုထွက်လာမိကာ တစ်နေရာရာကို ဖုန်းဆက်ချင်နေသည့်စိတ်တွေ ဖြစ်လာမိ၏။ ပန်းချီ တို့ဆီ ဆက်ရမလား၊ ခေါင် နဲ့ပြောဖို့ လိုမလား ..၊

ခြေလှမ်းတွေက ခြံထဲထိ တရွေ့ရွေ့ ဆင်းယွက်လာမိကာ စိတ်တွေက အန်တီပြောခဲ့သည့် အကြောင်းရာတွေဆီမှာပဲ ဖြစ်နေသည်။

အိမ်ထောင်ရေးဆိုတာကြီးက ကြောက်စရာကြီးပါလား၊ မကြောက်မရွံ့ စွန့်စားခဲ့ကြတဲ့ချစ်သူတွေမှာ ဘယ်လိုခွန်အားမျိုးတွေ ရှိခဲ့လို့လဲ..။

ဒါဆို ကိုယ့်မှာ အသည်းနှင့်အောင် ချစ်ရတဲ့သူ ရှိလာခဲ့ရင်ရော..၊





''အတွက် .. အတွက် .. နောက်ပြန်ဆုတ် ..''

အော်သံသည် ရုတ်တရက် ရေးကြီးသုတ်ပျာ ထွက်လာခဲ့၏။ အတွက် အသံလာရာကို လှည့်မကြည့်နိုင်မီ သူမရှေ့မှာ ပါးပျဉ်းထောင်နေသည့် မြွေတစ်ကောင် ..၊

''အမလေး!...''

ထိတ်ခနဲ ဖြစ်သွားသည်နှင့် နောက်ပြန်ဆုတ်လိုက်မိလျှင် ဒေါက်ဖိနပ်အချွန်က ငြိသွား၏။ မြွေနဲ့ လက်တစ်ကမ်းအလိုမှာပဲ အတွက် ဖင်ထိုင်လျက် လဲကျသွား၏။

မြွေကလည်း ဒီဘက်ကလှုပ်ရှားမှုကို လန့်ကာ ရှုးခနဲ တွန့်ခါသွား၏။ အတွက် ဘာမှမတတ်နိုင်တော့သည့်အဖြစ်မှာ မျက်နှာကို လက်ဖဝါးတွေနဲ့အုပ်၍ အသက်အောင့်နေလိုက်၏။

ကိုယ့်ကိုယ့်ကိုယ် သေပြီလို့ သတ်မှတ်ကာ ဘယ်ခြေထောက်ကို မြွေလာပေါက်မလဲဆိုတာသာ အသိစိတ်မှာ ရှိတော့သည်။

''ဘုန်း ..''

လှုပ်ရှားသံတချို့နှင့်အတူ မြေပြင်မှာ ထုနှက်သံပါ ထွက်လာ၏။ အတွက် မျက်လုံးတွေဖွင့်ကြည့်လိုက်မိလျှင် ပန်းအိုးအောက်မှာ မြွေခေါင်းက ပိပြားနေကာ ဒေါသကြီးနေသည့်မာန်ဟုန်ကြောင့် အမြီးဖျားက ပန်းအိုးကို မနားမနေ ရိုက်ပုတ်နေ၏။

''သေသွားပြီ ..''

အသံကြားမှ သူ့ကို ပြန်မော့ကြည့်မိ၏။ သဏ္ဍာန် သည် အဖြူအနက်ကွက် ရှပ်အင်္ကျီလက်တိုအဟောင်းနှင့် ပုဆိုးတိုတိုက ခြေသလုံး တစ်ဝက်ထိ တက်နေ၏။

သူက အတွက် ကြည့်နေတာကို ပြန်ငုံ့ကြည့်ကာ ...

''ခြံကျော်ဝင်လာမိတာ တောင်းပန်ပါတယ်၊ မင်းကို ဒီကောင် ပေါက်မိမှာစိုးလို့ ..''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် ချာခနဲ ပြန်လှည့်သွားသည်။

"ဟင်!..."

ကျောပြင်မှာ အင်္ကျီတစ်ထည်လုံး စုတ်ပြဲနေကာ သူ ကုန်းကွ ပြန်ဝင်သွားမှ သဘောပေါက်သည်။ လူမဝင်သာသည့် ခြံအပေါက်အပြကနေ အတင်းတိုးဝင်လာသဖြင့် သံဆူးတွေနှင့် ခြစ်မိထားတာဖြစ်၏။

မြွေက မသေသေးပေ ..။ ဒါပေမယ့် တဖတ်ဖတ်ရိုက်ပုတ်နေသည့် အမြီးဖျားကတော့ ခပ်လွန့်လွန့်သာ ကျန်လေသည်။

အတွက် ကြောက်သည့်စိတ်ကြောင့် ရင်ခုန်သံတွေက တဒိန်းဒိန်းမြည်နေဆဲဖြစ်ကာ မြွေသေကောင်ကို ငေးကြည့်ရင်း မြွေကိုမမြင်ဘဲ စုတ်ပြဲနေသည့်ကျောပြင်ကို မြင်နေ၏။

အင်္ကျီပြဲသွားသည်ဆိုလျှင် အသားတွေပေါ်မှာလည်း ခြစ်မိကုန်မှာဖြစ်သည်။ သူ ဘာဖြစ်လို့ ဒီနားမှာရှိနေတာလဲ၊ သူရှိနေတဲ့အနီးအနားကို ကိုယ်က လျှောက်လာမိတာလား ..၊ ဒါမှမဟုတ် ကိုယ်ထင်ထားခဲ့သလို ကိုယ့်အရိပ်ကိုမြင်တိုင်း သူက လိုက်လိုက်ကြည့်နေတာလား ..။

ဒီတစ်ခါ သူ လိုက်ကြည့်နေပါလားဆိုသည့် အတွေးနှင့် ဒေါသဖြစ်လို့ မရသလို ကိုယ့်အသက်ကို ကယ်တင်သွားသည့်အတွက် ကျေးဇူးတင်မိခြင်းလည်း မဖြစ် ..။

စိတ်ထဲမှာရှိနေတာက သူနဲ့သူမ ဒီနေရာမှာ ခြံစည်းရိုးလေး တစ်ဖက်ခြား၍ နီးကပ်စွာရှိနေခဲ့သည့်အဖြစ် ..။

ကြောက်စိတ်တို့ ငြိမ်ဝပ်သွားသည့်အခါ နေရာကို ပြန်ကြည့်မိသည်။ ဟိုအစတုန်းက ခေါင် ဒီနေရာမှာ ပုံတူပန်းချီလေးတွေ လာလာချထားခဲ့သည်။

ကဗျာလေးတွေလည်း ပါခဲ့၏။ သူမ ဒီနေရာကိုပဲလျှောက်လာခဲ့မိကာ ဟိုဘက်မှာရှိနေတဲ့သူကတော့ သဏ္ဌာန် ဖြစ်နေခဲ့၏။

မဆီမဆိုင် ဟိုအရင်အဖြစ်တွေကိုပါ တွေးမိနေပြန်သည်။ ဒီနားမှာ





ပဲ သွေးတွေပေနေတဲ့လက်နဲ့ သူမ မြတ်နိုးသည့် ပုံတူလေးတစ်ချပ်ကို သူ လာခိုးယူခဲ့သည်။

ခေါင် နဲ့ သူမကြားက အမှတ်တရတွေကို တစ်နည်းနည်းနဲ့ ဖျက်ဆီးဖို့ပဲ ဖြစ်၏။ ခု ဒီနားမှာ သူ့ကို ထပ်ဆုံလိုက်ရခြင်းအတွက် စိတ်ထဲမှာ ဘယ်လိုကြီး ခံစားနေရမှန်း မသိဘဲ လဲကျနေရာက ပြန်ထဖို့တောင် မေ့နေခဲ့မိသည်။

ခုဆို အတွက် သူ့အိမ်ကလူကြီးတွေနဲ့ ရွှေလမ်းငွေလမ်းဖြစ်နေပြီး ခေါင် နဲ့ပတ်သက်နေသည့်မိန်းကလေးဆိုတာလည်း သူ မသိချင်ယောင်ဆောင်နေလို့ကို မရတော့တာ ဖြစ်သည်။

ဒါတောင်မှ ဘာဖြစ်လို့ ခုချိန်ထိ ဖွဲမလျှော့နိုင်ဘဲ လိုက်ကြည့်ချောင်းမြောင်းနေသေးတာလဲ ..၊ ဘေးမှာလွင့်ကျနေသည့်ဖုန်းကို လှမ်းကောက်လိုက်ပြီး နေရာမှ တဖြည်းဖြည်း ထရပ်မိသည်။

ထိုအခါ ပေါင်တစ်ဖက်မှာ ရှူးခနဲ အောင့်သွား၏။ ခြေထောက်ခပ်ထော့ထော့လျှောက်ခဲ့ရင်း အိမ်ပေါ်ထိ ပြန်မတက်နိုင်သေးဘဲ အရိပ်အောက်မှာ ရပ်လိုက်ကာ ...

"ဟလို .. ခေါင် လား .."

"ဟုတ်တယ် .. အတွက် လား၊ ဖုန်းမခေါ်စဖူး အခု ဘယ်မှာလဲ"

"အိမ်မှာပဲ .. ရှင်ကရော .."

"ခေါင် လို့ပဲ ဆက်လက်ခေါ်ပါကွာ .. ရှင် ဆိုတာကြီး တစ်ခါတစ်ခါ ပါလာတော့ ကိုယ်တို့ မရင်းနှီးသေးသလိုပဲ .."

"မေးတာကို ဖြေစမ်းပါ ..၊ ရှင် ဘယ်မှာလဲလို့ .."

"ကိုယ်လား ..၊ ကိုယ်က ..."

သူ့အဖြေ ခပ်တုံ့တုံ့ဖြစ်သွားသဖြင့် အတွက် မျက်မှောင်ကုတ်သွားမိသည်။

"ဘာလဲ .. ရောက်တဲ့နေရာကို ခုမှ လိပ်စာ စုံစမ်းနေရတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ .. ဘယ့်နှယ် စိတ်တိုနေရတာလဲ .."

"မိန်းကလေးအသံ ကြားသလိုပဲ၊ အနားမှာ ဘယ်သူရှိနေတာလဲ"

"လုပ်ပြီ ..၊ အဟွန်းဟွန်း .. မိန်းကလေးတွေက အများကြီးပဲ၊ မမ မှာလိုက်တာရှိလို့ ပိုးထည်ဆိုင်မှာ ထိုင်စောင့်နေရတာ၊ အဲ .. အနော် ရထာလမ်း ထင်တယ် .."

"တော်ပြီ ..၊ ရှင် အိမ်မှာရှိသလားလို့ ပြောစရာရှိလို့"

"အခု အပြင်မှာလည်း ပြောလို့ရပါတယ်၊ ပြောလေ .."

"မပြောတော့ဘူး ..၊ ဒီမှာ ခြေထောက်လဲထားတာလည်း နာလာပြီ၊ ဒါပဲနော် .."

"အတွက် .."

ဖုန်းပိတ်လိုက်ပေမယ့် ခဏတော့ စောင့်ကြည့်နေမိသေးသည်။ ခြေထောက်နာနေတယ်ဆိုတာ ကြားသွားပြီမို့ ချက်ချင်း ဖုန်းပြန်ဆက်မလားလို့ပါ ..။

ဒါပေမယ့် ဒီမှာတင်ပဲ ပြီးခဲ့လေသည်။





အခန်း [ ၂၄ ]

"ကြွပါရှင် .. ကြွပါ၊ အဟွန်း .. စုမှ ပြောဆိုဖြစ်ကြပေမယ့် တကယ်ရင်းနှီးသင့်နေတာ ကြာပါပြီ .."

"ဟုတ်ကဲ့ .."

ဒေါ်နှင်းနှင်း လို့ သူ့ကိုယ်သူ မိတ်ဆက်လာသည့် အမျိုးသမီးကို ဒေါ်သက်မာ က ပြုံးပြရင်း ပြန်နှုတ်ဆက်သည်။ အိမ်ထဲမှာ နာမည်ကျော် မင်းသမီးနှင့် ရွှေဆိုင်ကြော်ငြာရိုက်ထားသည့် ပိုစတာတွေကို တခမ်းတနား ချိတ်ထားသည်။

အိမ်ရှင်တွေကိုယ်မှာလည်း ဝတ်ဆင်ထားတာတွေ ညွတ်ကျမတတ်ပါ။ ဒေါ်နှင်းနှင်း ကလည်း ဒေါ်သက်မာ ကို ပြန်ကြည့်ပြီး အကဲခတ်နေတာပဲ ဖြစ်၏။

တော်တော်ချမ်းသာသည်လို့ကြားပေမယ့် ကိုယ်ပေါ်မှာ လက်ဝတ်လက်စား ဘာမှလည်း မမြင်။ နားမှာ ပုလဲနားကပ်လေးတစ်ရံနှင့် စိန်လော့ကက်သေးသေးလေးပါသည့် ဆွဲကြိုးတစ်ကုံး ဒေါ့ပဲဝတ်ထား၏။

အပြန်အလှန် အကဲခတ်ကြရင်း ထမင်းစားခန်းထဲ ရောက်သတဲ့အထိ ပြောတာတွေက တခြား၊ မျက်လုံးတွေကြည့်တာက ဖြစ်နေရာ။



www.burmeseclassic.com

www.burmeseclassic.com



"လာ .. ညီမလေးက ဒီမှာ ထိုင် .."

ပိုး ကလည်း ပျာပျာသလဲဖြစ်နေကာ လူကြီးတွေ ဘာမှပြောစရာ မလိုအောင် ဧည့်ဝတ်ကျေ၏။

"ဖေဖေနဲ့ မောင်လေး ခုပဲ ပြန်လာတော့မှာ၊ ထမင်းမစားခင် အချိုပွဲလေးနဲ့ ခဏ စကားပြောတာပေါ့နော် .."

ကိုယ့်ကိုယ်ကိုယ် ထပ်ပြီး မိတ်ဆက်ကြကာ ဒေါ်နှင်းနှင်း ကလည်း သူမကိုယ်တိုင် ကော်ဖီထည့်ပေး၏။

"အိမ်နီးချင်းတွေဆိုတော့ ခင်ခင်မင်မင် ရှိထားရမှာလေ၊ ဟိုတစ်လောလေးက သမီးရဲ့ကားနဲ့ နည်းနည်းပွတ်မိသွားတော့ တခြားမိန်းကလေးမှတ်ပြီး တအားပြောပစ်လိုက်ဖို့ သိလား ..၊ နောက်ကို ကားမောင်းမကြမ်းရဲအောင် ကောင်းကောင်းပညာပေးဖို့ထိ တစ်ဆုံး တွေးပစ်လိုက်တာ၊ နောက်တော့မှ ကိုယ့်ရဲ့အိမ်နီးချင်းမှန်း သိတယ်၊ နောက်ပြီး သားရဲ့သူငယ်ချင်းမှန်းလည်း အဲကျမှ သိရတာလေ .."

"ဟုတ်ကဲ့ .. သမီးက အားလုံး ပြောပြပါတယ်၊ အစစအရာရာ ကျေနပ်ခွင့်လွှတ်ပေးခဲ့တဲ့အတွက်လည်း သမီးကိုယ်စား အရမ်းကို ကျေးဇူးတင်မိပါတယ်ရှင် ..၊ သမီးက စိုးရိမ်ကြီးပြီး ကိစ္စတွေပြီးသွားမှ ပြောပြလို့ပါ၊ မဟုတ်ရင် ကျွန်မ စောစောတည်းက ရောက်လာခဲ့မှာ .."

"ဩော် .. အားလုံး ပြီးပြီပဲဟာ .. ရပါတယ်၊ သမီး အတွက် ကိုသာ ဒီပြဿနာ ပုံကြီးချဲ့မိရင် ကျွန်မသား မြင့်ခေါင် နဲ့ အရင်ဆုံး ရင်ဆိုင်ရမှာ သေချာတယ်၊ အဟွန်း .. ဟွန်း .."

ဒေါ်နှင်းနှင်း က အတွက် ကို မသိမသာ လှမ်းကြည့်သည်။ အတွက် မျက်နှာပူသလို ဖြစ်မိကာ ကိတ်မုန့်ကိုင်လိုက်သည့်လက်က ဘယ်လိုဖြစ်သွားသည် မသိ ..၊

"အို!..."

"ဟယ် .. ညီမလေး .."





"ပေကုန်ပြီလား သမီး .."

ဒေါ်နှင်းနှင်း မျက်နှာပျက်ပျက်နှင့် ထရပ်ဖို့ပြင်တော့ အတွက် က လက်ကာပြလိုက်ကာ ...

"နည်းနည်းလေးပါ အန်တီကလည်း .. အိမ်ခဏပြန်ပြီး အင်္ကျီလဲလိုက်မယ်လေ .."

"အို .. မပြန်ပါနဲ့၊ ချိစ်လေး နည်းနည်းပေသွားတာကို ရေချိုးခန်းထဲ ခဏဝင်ဆေးလိုက် ရတာပဲ .."

"အတွက် မနေတတ်လို့ပါ .."

လူစိမ်းတွေရှေ့မှာမှ ဖရိုဖရဲဖြစ်ရတာကို အိမ်ပြန်ရောက်ရင် အန်တီကတော့ ဆူတော့မှာပါ။ ဗိုက်နဲ့ ပေါင်နားမှာ ပေနေသည့် ကိတ်ရဲ့အပေါ်ယံချိစ်တွေကို ပြန်ငုံ့ကြည့်ကာ ဧည့်ခန်းဘက်ကို ထွက်လိုက်လျှင် ...

"ဟင်!..."

အတွက် ခြေလှမ်းတုံ့သွားသည်။ အိမ်ရှေ့ကနေ ဝင်လာသည့် သဏ္ဍာန် နှင့် သိပ်မနီးသော အကွာအဝေးဖြင့် မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့သည်။

သူကလည်း ခြေလှမ်းတုံ့သွားလျက် အတွက် ကို ငေးခနဲ ကြည့်သည်။ ဒါပေမယ့် ချက်ချင်းပဲ တစ်ဖက်ကို လှည့်ဝင်သွား၏။ အတွက် အိမ်ပြန်ပြီး အနီရောင်တီရှပ်လေးပဲ လဲဝတ်ခဲ့သည်။

အင်္ကျီလဲတော့ စကတ်အရောင်တူတာကိုပါ အားလုံး လဲလိုက်ရသာ မြန်မြန်ပြန်လာခဲ့ရတာတောင် အန်တီ ဆူမှာစိုးသည့်စိတ်က ဖိစီးနေခဲ့ကာ ...

"ဧည့်သည်တွေရှေ့ကို မင်း လတ်လျားလတ်လျား လုပ်ပြစရာမလိုဘူး သဏ္ဍာန် .."

အတွက် ဧည့်ခန်းမရောက်ခင် ကိုယ်ရှိန်သတ်လိုက်ရသည်။ အသံမှာ ခပ်ကြိတ်ကြိတ်ပြောနေသံကြောင့် ဆက်ဝင်သွားလို့လည်း မကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်သွားလည်းမရ ဖြစ်နေစဉ် ...

"မိန်းကလေးတွေရှိနေပြီဆို မလှမ်းမကမ်းမှာ မင်း ကုပ်ချောင်းချောင်းနဲ့ အမြဲရှိနေတယ်၊ အိမ်မှာ လူကြီးလူကောင်းဧည့်သည်ရှိပြီဆို ဘယ်လို'ပ'ထုတ်ထုတ် ပြန်ရောက်လာတာပဲ"

"အဲလိုမဟုတ်ဘူး မမပိုး .."

"ဘာမဟုတ်တာလဲ ..၊ နင် ငါ့ဒေါသကို ဆွမပေးနဲ့နော် ..၊ နင့်ကိုယ်နင် မိမရှိ ဖမရှိ ခိုကပ်နေရတဲ့ ကလေကချေဆိုတာ ဘယ်လိုလူ ရှေ့မှာဖြစ်ဖြစ် ကြော်ငြာပြရဲတာ သိတယ်၊ ဒါပေမယ့် ငါတို့က ဂုဏ်နဲ့ ဒြပ်နဲ့နေတာ ..၊ ဒီလောက်ထိ စုတ်ပြတ်မွဲတေနေတဲ့ ဆွေမျိုးရင်းချာတွေ ရှိနေတာ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ .."

"ကျွန်တော် အဲသလောက် အောက်တန်းမကျဘူး မမပိုး၊ ဒီညနေ ဧည့်သည်လာမှာမို့လို့ ကျွန်တော့်ကို အပြင်ထုတ်ထားတယ်ဆိုတာလည်း မသိဘူး၊ အဲဒါကြောင့် အလုပ်နိုင်းထားတာ ပြီးသွားလို့ ပြန်လာတာ"

"ဘာဖြစ်ဖြစ် မလိုချင်ဘူး၊ သွား .. အခု ပြန်ထွက်သွား၊ ည မိုးမချုပ်မချင်း အိမ် လုံးဝ ပြန်မလာနဲ့ .."

အတွက် ရင်ထဲမှာ ဘယ်လိုကြီးမှန်း မသိပါ။ ဒါပေမယ့် ကြာကြာလည်း တွေးချိန်မရဘဲ သူ ထွက်လာလျှင် မြင်သွားမှာစိုးသည်မို့ နံရံထောင့်ထိ ပြေးကွယ်နေလိုက်ရသည်။

ထင်သည့်အတိုင်း သဏ္ဍာန် အထဲကနေ ထွက်သွားတာကို အတွက် ဒီတိုင်း မြင်နေရ၏။ ယောကျ်ားတစ်ယောက်ဖြစ်နေပြီး ဒီလိုအိမ်မှာ ခိုကပ်နေရမှ ဘဝရပ်တည်ခွင့် ရမှာတဲ့လား ..၊

မွေးလာခဲ့သည့် မိဘနှစ်ပါးမှ ရှိခဲ့သေးသည်ဆိုလျှင် ဒီမိဘရဲ့ အရှေ့ အနှစ်ကို မခံစားရဘူးဆိုရင်တောင် နေစရာအိမ်တော့ ကျန်ရမှာပေါ့။

မိဘ မရှိသည့်ပြင် နေစရာမရှိ၊ စားစရာမရှိဖြစ်ရတဲ့ ဘဝမျိုးရွေ ကို တကယ်ကြားရမှ အံ့ဩမိသည်။





"ဟဲ့ .. မိဖြူ .. မိဖြူ လာစမ်း .."

နောက်ထပ် ဆူညံသံကြောင့် နားစွင့်ထားမိလျှင် ...

"နင်က ဘယ်ခွေးခါးထစ်မှာ သွားသေနေလို့ ဒီတံခါးကနေ လူဘကာ ဝင်ထွက်နေတာကို မသိရတာလဲ .."

"မမကြီး .."

"တော်စမ်း .. နင့်ကို ငါ ဟိုကောင် မဝင်စေနဲ့လို့ သေချာစောင့်နိုင်းထားတာ၊ ငါ .. တယ် .. ပါးရိုက်လိုက်ရရင် .. ဧည့်သည်တွေရှေ့မှာ အမေးခံရမှာ စိုးလို့၊ ဟွန်း .."

"မမကြီး ကျွန်မ .. ကျွန်မ စောင့်နေတာပါ၊ ခုနကပဲ ◌ို .."

"ထပ်မရှည်နဲ့ .. အခု ဒီမှာ ငုတ်တုတ်ထိုင်စောင့်၊ အတွက် ပြန်ဝင်လာပြီးရင် တစ်ခါတည်း သော့ခတ်ထားလိုက် .."

"ဟုတ်ကဲ့ပါ .."

အိမ်ထဲနဲ့အိမ်ပြင် မကြားလောက်ဘူးဆိုတာ သိလို့ ပိုး ဒီမှာလာပြီး ဆူပူသောင်းကျန်းနေတာ ထင်သည်။

ဒါကို သူမနဲ့မှ ဘာဖြစ်လို့ တည့်တည့် လာတိုးနေတာလဲ ..၊

အဖြစ်သနစ်အားလုံးဟာ သဏ္ဍာန် ဆိုသူနဲ့ သက်ဆိုင်နေသည်သာ ဖြစ်လျက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"ခဏလောက်ဖြစ်ဖြစ် ထိုင်ပါဦး အတွက် ရယ် .. စကားမှ မပြတ်သေးတာ .."

"ထပ်ပြောကြရရင်လည်း ဒီစကားပဲရှိတာ ခေါင်၊ အရင်လို လူနာလာမေးတာလည်း မဟုတ်ဘူး၊ ခေါင် တို့အိမ်မှာ အေးဆေး ထိုင်စကားပြောနေရင် အန်တီ ဆူလိမ့်မယ် .."

ဘယ်လိုထိုင်ခိုင်းခိုင်း အတွက် က မထိုင်ပါ။ ထို့ကြောင့် ခြံထဲမှာပေမယ့် မတ်တတ်ရပ်နေရင်း ကိုယ်ပြောချင်တာကို ပြီးဆုံးအောင် ပြောရတော့သည်။

"ကိုယ့်ကိုငြင်းတာ မိဘသဘောမကျလို့ဆိုတာ သိပ်မခိုင်လုံပါဘူး အတွက် ရာ .. မင်း ကိုယ့်ကို အဖြေပေးဖို့လည်း စဉ်းစားထားတာပဲ၊ ကိုယ်တို့ ချစ်သူတွေဖြစ်ကြဖို့ပဲ စဉ်းစားခဲ့တာမှ မဟုတ်ဘဲ၊ ချစ်ပြီးရင် လက်ထပ်မှာပဲလေ .."

"ဒါဖြင့် အခု ခေါင် ဘာဖြစ်လို့ လက်ထပ်ခွင့်ကို ကျော်ပြီး လှမ်းတာလဲ .."





"ဒီတိုင်းဆို အတွက် နဲ့ ဒီထက်ပိုရင်းနှီးဖို့ မလွယ်ဘူးလေ၊ အခု ထပ်ပြီး လူကြီးသဘောတူထားတာရှိတယ်လို့ ကြားရပြန်ပြီ .."

"ရင်းနှီးခွင့်ဆိုတာ လူချင်းတွေ့နေကြဖို့ လိုသလို ဖုန်း ဒါမှမဟုတ်..."

"ကဗျာတွေ စာတွေလား အတွက် ..၊ ခုတစ်လော ကိုယ် ဒါတွေ မပို့ဖြစ်လို့ အတွက် စိတ်ခုတာလား .."

အတွက် ဘာမှမပြောတော့ သူက စိုက်ကြည့်ကာ ...

"အတွက် ရယ် .. ရည်းစားစာပေးတဲ့ခေတ်တုန်းကလည်း ချစ်သူတွေဖြစ်သွားတဲ့အထိတော့ ရည်းစားစာ ပေးမနေကြပါဘူး၊ ပန်းတွေတောင်မှ ပွင့်ပြီးပြီဆိုရင် ပြန်ငုံသွားတတ်လို့လား၊ အတွက် နဲ့ ရင်းနှီးခွင့်ရခဲ့တဲ့နောက်မှာ ကိုယ်တိုင် ပြောခွင့် .. တောင်းဆိုခွင့်တွေ ရနေကာမှ ဒီအတွက် ကိုယ့် ဝတ္တရားပျက်ကွက်မိတာ ကိုယ့်အပြစ် အဲဒီလောက်ကြီးသွားသလား .."

"မကြီးပါဘူး .."

အတွက် မျက်နှာလေးက တည်တည်ငြိမ်ငြိမ်လေးပဲ ဖြစ်ကာ ...

"ခေါင် ဆန္ဒရှိမှ တွေးလို့ရေးလို့ရတာကို အတွက် က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ ..၊ ခေါင် ပြောသလို ကြီးမားတဲ့အပြစ်ကြီးတစ်ခုလည်း မဟုတ်ဘူး၊ ဒါကြောင့်ပါလို့ ခေါင် ဘာဖြစ်လို့ တွေးမိရတာလဲဆိုတာ တောင် အတွက် က ပြန်မေးရဦးမှာ .."

မျက်လုံးချင်းဆုံပြီး စူးစိုက် အကဲခတ်ပေမယ့် အတွက် မျက်ဝန်းထဲက စာတွေကို သူ နားလည်အောင် မဖတ်နိုင်ခဲ့ပေ။ ဒါပေမယ့် ...

ခံစားမိနေတာက ဒါပဲဖြစ်သဖြင့် အတွက် ဆင်ခြေ့ရန်ရှောင်တွေ ပြောနေသည်လို့သာ တွက်ခဲ့မိပြီး ...

"ဒီခေတ်ထဲမှာ မိဘသဘောကျလို့ ချစ်သူကို ငြင်းရတယ်ဆိုတာ သိပ်မရှိတော့ပါဘူး .."

"အတွက် မှာ ချစ်သူမရှိသေးဘူး ခေါင် .."



www.burmeseclassic.com

www.burmeseclassic.com



"အတွက် ဒါတော့ ကိုယ့်ကို ရက်စက်တာပဲ .."

ခေါင့် မျက်နှာ အနီရောင်သမ်း၏။

"အချစ်ကို မပိုင်ရသေးပေမယ့် ကိုယ်တို့ချင်း နားလည်နေပြီးသားပါ၊ အဲဒါကြောင့် လူကြီးချင်း အဆင်ပြေနေတုန်း ကိုယ် လက်ထပ်ထားချင်တာ .."

"အဆင်ပြေနေတုန်းဆိုတာ ဘာကိုပြောတာလဲ .."

"ကိုယ့်ဘက်က မသေချာတာကို သိနေလို့ပါ၊ ကိုယ့်မိသားစု နည်းနည်းစရိုက်ဆန်တယ်ဆိုတာ အတွက် သိပါတယ်၊ ဒါက ချက်ချင်း ကောက်ဖျက် ပြင်ဆင်လိုက်လို့ရတဲ့ကိစ္စလည်း မဟုတ်ဘူး၊ မင်းအဒေါ်နဲ့ ကိုယ့်မိဘတွေ ဆက်ဆံရေး .. ဒါမှမဟုတ် မင်းကိုယ်တိုင် တစ်ခုခုကြောင့် စိတ်တိုင်းမကျ ဖြစ်လာမယ့်နေ့ .."

"အဲဒီလို လေ့လာစုံစမ်းဖို့တွေ တမင်တောင် လုပ်ရဦးမှာ ခေါင်..၊ ဒီအဆင်မပြေမှုတွေ နောက်မှရှိလာခဲ့ရင် အတွက် က မိန်းကလေး .."

"မင်းဘက်မှာ ကိုယ် အမြဲရှိနေမှာပါ၊ အိမ်ထောင်တစ်ခုမှာ နှစ်ဖက်မိဘနဲ့ ဝေးဝေးနေနိုင်ရင် လင်နဲ့မယားက ပြဿနာကြီးမားစရာ ဘာမှ မရှိဘူး၊ မင်းနဲ့ကိုယ် နားလည်နေရင် ပြီးပြီ .."

"မဟုတ်သေးဘူး .. ရှင် လွဲနေပြီ ခေါင်၊ အိမ်ထောင်တစ်ခုက ရှင် ထင်နေသလို မလွယ်ဘူး၊ ဒါပေမယ့် ခုချိန်မှာ ခေါင် နဲ့ ကျွန်မ ဒါတွေပဲ အကြိတ်အနယ် ဆွေးနွေးနေစရာ မလိုသေးပါဘူး၊ အတွက် ခေါင်းရှုပ်လည်း မခံချင်သေးဘူး .. ပြန်ခွင့်ပြုပါ .."

"နေပါဦး အတွက် ရယ် .."

ခေါင် က အတွက် လက်ကလေးတစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီးမှ ချက်ချင်း ပြန်လွှတ်၏။

"ဆောရီး .."

"အဟွန့် .."





"အတွက် .. အတွက် .. စိတ်ဆိုးသွားတာလား ..၊ ကိုယ် စိတ်လောသွားလို့ပါ .."

အတွက် လျှောက်ထွက်သွားရင်း ပြန်ငဲ့ကြည့်ကာ ...

"နောက်ကို စိတ်လောမကြီးမိအောင် ဆင်ခြင်ပေါ့ ခေါင် ..၊ ခဏခဏ ဆောရီးဆိုရင် မကောင်းဘူး"

သူပဲ မချင့်မရဲ ကျန်ရစ်ခဲ့၏။

သူမအပေါ်မှာ ဒီလောက်ထိ မက်မောလာခဲ့လိမ့်မည်လို့ ကိုယ့်ကိုယ်ကိုယ်တောင် မထင်ခဲ့မိပေ ..။

ခုကျမှ ဘာကို နှောင်တရမိမှန်း မသိ ..။

အတွက် ရဲ့ ကျောပြင်လေး ကွယ်ပျောက်သွားတာနှင့် သူ လှည့်ဝင်လာခဲ့တာ သဏ္ဌာန် ရှိနေတဲ့နေရာကို ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၆ ]

"မင်း ဘယ်သွားမလို့လဲ .."

"ပြည် .."

"ဘာ .. ဒါ ပြည်သွားမယ့်ပုံစံလား ..၊ ဘာသွားလုပ်ဖို့လဲ .."

ခေါင် က လွယ်အိတ်ကြိုးကို ဖမ်းဆုပ်လိုက်သဖြင့် သဇ္ဈာန် က လက်ကို အသာလေး ဖယ်ချပစ်ကာ ...

"မဆွဲနဲ့ .. ကြိုးက သိပ်ခိုင်တာ မဟုတ်ဘူး"

"အေးလေ .. အဲဒါကြိုးလွယ်ပြီး ပြည်ထိသွားဦးမှာကို အံ့သြလို့ပါ၊ ငါ လွယ်အိတ်ပေးပါ့မယ်ကွာ .. လွှင့်ပစ်လိုက်စမ်းပါ"

"မလိုချင်ဘူး .."

တစ်ခါတစ်ခါ သဇ္ဈာန် က ခေါင်းမာသည်။ ပခုံးမှာ ချိတ်ထားသည့် ဘေးလွယ်အိတ်အညိုရောင်ဟာ ကြိုးတစ်ဖက်စမှာ ချုပ်ရာ ဖာရာတွေ မြင်တောင် မြင်နေရသည်။

ဒါနဲ့တောင် ပြတ်ကျဖို့လည်း နီးစပ်နေသည့်အဖြစ်မျိုးနဲ့ ပြည်ထိ လွယ်သွားဖို့ ပခုံးပေါ် ရောက်နေပြီ ...။





"မင်းကို ဖေဖေ ခိုင်းတာလား .."

"မဟုတ်ပါဘူး .. မမပိုး ခိုင်းတာ .."

ခုတစ်လော နယ်စပ်ကိုချည်း ခရီးထွက်တာများနေသည့် ဖေဖေ က အိမ်မှာရှိတဲ့အချိန် သိပ်မရှိပေ ..။ ပြည်ထိ ဘာကိစ္စရှိလို့ မမက ခိုင်းတာလဲ ..။

"မင်းကို ငါ ပြောစရာတွေ ရှိသေးတယ် ..၊ အပြင်မှာ တစ်ခုခု စားရင်း ဆိုင်ထိုင်ရအောင် .."

"မရလောက်ဘူး .. ကားထွက်သွားလိမ့်မယ် .."

သဇ္ဈာန် က သူ့အတွက် လိုအပ်တာလေးတွေ လိုက်ကောက်ထည့် သိမ်းရင်း ဘေးမှာချထားသည့် ပိုက်ဆံအလိပ်လေးကို အိတ်ပြားလေးထဲမှာ သေချာဖြန့်ထည့်သည်။

ပြည်ကို ဘာကိစ္စခိုင်းမှန်း မသိပေမယ့် ပိုက်ဆံအင်အားကိုကြည့်ရတာ သုံးသောင်းလောက်ပဲ ရှိမည်ထင်သည်။ ဒီပိုက်ဆံလောက်နဲ့ ဒီခရီးမျိုးကို ဘယ်လိုသွားမလဲ ..။

ပုဆိုးအညိုကွက်စိပ်၊ စပို့ရှပ်အနီရောင်ဖျော့ဖျော့နှင့် သဇ္ဈာန့် ပုံစံကို ဘေးကကြည့်နေရင်း ခေါင် စိတ်မကောင်းဖြစ်နေမိသည်။ အင်္ကျီ အဝတ်အစား ယူဝတ်ပါဆိုလည်း မဝတ်၊ ပေးတော့လည်း မယူ။

ဖေဖေ ဝယ်ပေးထားတာ တစ်ထည်တည်းရှိလျှင် အဲဒီတစ်ထည်ကို ပါးအောင်ပေါက်အောင် ဝတ်သည်။ ဘယ်လောက်မှိန်မှိန် .. ဘယ်လောက်စုတ်စုတ် ..၊

သူ မဝတ်တော့လည်း အပြစ်တော့ မဆိုသာပါ။ ညီအစ်ကိုချင်းမို့ တစ်ခါတလေ ခေါင့် အင်္ကျီတွေ ပေးဝတ်ခိုင်းခဲ့သည်။ ဝတ်လိုက်တာမြင်တာနှင့် မမက တစ်မျိုး .. မေမေက တစ်မျိုး ..။

ထိုအခါမှစ၍ သူ့အဝတ်တွေဆို သဇ္ဈာန် ဘယ်တော့မှ ယူမဝတ်တော့ပေ။ ဘယ်လိုပေးပေးလည်း မယူ ..။



www.burmeseclassic.com

www.burmeseclassic.com



"သဏ္ဍာန် .."

"ဟင် .."

"မင်း အချိန်မရလည်း ငါ ပြောစရာရှိတယ်ကွာ .. မင်း ငါ့ကို ကဗျာတစ်ပုဒ်လောက် ကောက်ကပ်ရေးပေးခဲ့စမ်းပါ .."

"ဘာ!..."

"လုပ်ပါကွာ .. နည်းနည်းပါးပါးလန်းရင် ရပြီ၊ ငါ့အတွက် အရမ်း အရေးကြီးနေလို့ .."

"ကဗျာတစ်ပုဒ် ကောက်ကပ်ရေးလို့ ရတယ်၊ အဲဒါကို မင်း ရေးရမှာ .."

"ငါမှ မရေးတတ်တာ .."

"ငါရေးတတ်ပေမယ့် သူများခံစားချက်ကိုတော့ ငှားရေးလို့ မရဘူး ခေါင် ..၊ မင်းအတွက် ကောက်ကပ်ရေးလိုက်ဖို့ လုံးဝ မဖြစ်နိုင်တာကို ပြောတာ .."

"ဟား .. မင်းကလည်း ရေးတုန်းက ရေးပေးခဲ့ပြီးတော့ .."

"ဟုတ်တယ် .. အဲဒါတွေက ကောက်ကပ်ရေးခဲ့တာ မဟုတ်ဘူး။ ဒီမှာ ခေါင် .. ကဗျာတစ်ပုဒ်မှာ ရေးသူကို တင်ပြချင်လည်း ရတယ်၊ မပြလို့လည်း ရတယ်၊ ဒါပေမယ့် အဲဒီကဗျာမှာ ထည့်ထားတာကတော့ ရေးသူရဲ့နှလုံးသားတစ်စုံပဲ ..၊ ဘယ်သူကိုင်သွားသွား ဘယ်သူ့လက်ထဲ ရောက်ရောက် အဲဒီမှာရှိနေတာက ရေးသူရဲ့နှလုံးသား .."

အဲဒါကြောင့် မင်းပေးမယ့်သူအတွက် ငါ့နှလုံးသားကို ကြည်ဖြူစွာ ပေးစေခဲ့တာပါ။ မင်းချစ်တဲ့သူကို ငါ အရမ်းချစ်နေခဲ့လို့ ..၊ ချစ်ခွင့်မရနိုင်ပေမယ့် ငါ့နှလုံးသားကိုတော့ သူ့လက်ထဲ ထည့်ပေးချင်လို့ ..၊

အသံတိတ်ပြောသော စကားတို့နဲ့အတူ မမိုတ်မသုန်ကြည့်နေသည့် စူးရှသောမျက်ဝန်းတွေကို ခေါင် နားမလည်နိုင် ...။

"မင်းပြောတဲ့ နှလုံးသားအကြောင်းတွေကို ငါ နားလည်တယ်၊





ကဗျာဆရာရဲ့နှလုံးသား ဘယ်မှာရှိတယ်ဆိုတာတော့ မသိဘူးပေါ့၊ ဒါပေမယ့် မင်းလည်း ကဗျာဆရာ မဟုတ်သလို ငါကလည်း ပြိုင်ပွဲဝင် ကဗျာတစ်ပုဒ် တောင်းဆိုနေတာ မဟုတ်ပါဘူး .."

"မိန်းကလေးတစ်ယောက်ဆီက အချစ်ကို ကိုယ်ရေးတာမဟုတ်တဲ့ ကဗျာတွေနဲ့ မစည်းရုံးပါနဲ့ ခေါင် ရာ ..၊ ပြီးတော့ မိဘအသိုင်းအဝိုင်း အားကိုးနဲ့ ပိုင်ဆိုင်ဖို့ ကြိုးစားတာလည်း မကောင်းဘူး .."

"မင်း ဘာပြောတာလဲ သဏ္ဍာန် .."

"ငါ့မှာ ပြောခွင့်မရှိပါဘူး .. ဒါပေမယ့် မင်း နောက်ပိုင်းမှာ ရင်ဆိုင်ရမှာတွေကိုတော့ ကြိုသိနေတယ်၊ မင်း ကြိုးစားနေတဲ့နည်းတွေနဲ့ အတွက် ကို ရဖို့ မင်း မလွယ်ဘူး .."

ခေါင် ဘာမှမပြောနိုင်ဘဲ ငိုင်သွားသည်။ ဒီအိမ်မှာ သဏ္ဍာန် က ဘာမှမဟုတ်တဲ့ ကလေးကချေလူငယ်တစ်ယောက် ဖြစ်ချင်ဖြစ်လိမ့်မည်။ သူ့အတွက်ကတော့ အရည်အချင်းတွေ အများကြီးရှိနေတဲ့ သူ့ထက်သာ သူတစ်ယောက်ပဲ ဖြစ်လေသည်။

ထို့ကြောင့် သဏ္ဍာန့် ကို သူ ခင်ခဲ့သည်။ သဏ္ဍာန် ပြောသမျှကိုလည်း အလေးအနက်ထားခဲ့တာလည်း ဒီတုန်းတည်းကပါ။

"မင်း သိနေတာလား သဏ္ဍာန် .."

"သိတယ်၊ မင်း ချော်လဲရောထိုင်မှာ မဟုတ်ဘူးလို့ ထင်ခဲ့တာ"

"မေမေ့ဒဏ်ရာ တော်တော် ထိချက်ပြင်းခဲ့တာကတော့ အမှန်ပဲလေ .."

"သူ့ဆီက မင်း ရခဲ့သမျှ ခုချိန်ထိ အစစ်အမှန် ဘာမှမရှိသေးဘူး ခေါင်၊ မိဘချင်း ရင်းနှီးခဲ့တာတွေ၊ မင်း သူ့ရဲ့ချစ်သူဖြစ်ဖို့ ရှိနေတာတွေ.."

"ငါ သူ့ကို တကယ်ချစ်ခဲ့တာ .."

"ငါ သိပါတယ် .. မင်းလိုလူက တကယ်မချစ်ဘဲ ဒီလောက် ကြိုးစားမှာမဟုတ်ဘူးဆိုတာ..၊ ဒါပေမယ့် မင်းကြိုးစားတာ ကွဲနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"မလွဲဘူး သဏ္ဍာန် .. သူ့အချစ်နဲ့ထိုက်တန်သူကို ကဗျာနဲ့ စာမေးပွဲစစ်နေတဲ့သူပဲ လွဲနေတာ၊ ငါနဲ့ သူ ရင်းနှီးပြီဆိုတည်းက ကဗျာတွေအကြောင်း သူပဲ စတာ၊ တကယ်စုံစမ်းကြည့်တော့ ကဗျာမှကဗျာ ခရေစီဖြစ်နေတဲ့သူလည်း မဟုတ်ဘူး .."

"အခု မင်းကို ကဗျာရေးလာမှ အဖြေပေးမယ် ပြောလို့လား .."

"အဲဒီလိုလည်း မဟုတ်ဘူး .."

"ဒါဆို ငါ တစ်ခု အကြံပေးမယ်၊ မင်း လက်ခံမလား .."

"ဘာလဲ .."

သဏ္ဍာန် က လွယ်အိတ်နှင့် အပြင်ထွက်လာတော့ ဒီ့ပါ အတူလိုက်ထွက်ခဲ့၏။

ခြံထဲရောက်မှ ပြန်ပြီး မျက်နှာချင်းဆိုင်ဖြစ်ကြလျက် ...

"မင်း မဟုတ်ခဲ့တဲ့ကိစ္စအားလုံးကို ဝန်ခံလိုက် .."

"ဘာ၊..."

မထင်မှတ်တဲ့စကားမို့ မျက်မှောင်ကုတ်သွားခဲ့ကာ ...

"ဘယ်လိုပြောလိုက်တာလဲ သဏ္ဍာန် ..၊ ဒီအချိန်က ငါ့အတွက် အမှားမခံနိုင်တဲ့အချိန် .."

"ငါထင်တာတော့ မင်း အစတည်းက မှားခဲ့တာပဲ၊ အဲဒီတုန်းက ပေါ့ပေါ့ပါးပါးစိတ်နဲ့ဆိုရင် အခု လေးနက်လာပြီဆိုတော့ အမှားတွေကို စွန့်လွှတ်လိုက်တော့ .."

"ဟာကွာ .. မင်း ပြောမှပဲ .."

ခေါင့် မျက်နှာ ဖြစ်သွားတာကိုကြည့်ပြီး သဏ္ဍာန် က ခေါင်းခါလိုက်၏။

"သူ မင်းကို ကဗျာတွေကြောင့် စိတ်ဝင်စားခဲ့တာ မဟုတ်ဘူး .. မင်း ကဗျာမရေးတတ်ဘူးဆိုတာ သိသွားလည်း ခွင့်လွှတ်မှာပဲ၊ ဒါပေမယ့် နောင်တစ်ချိန်မှဆိုရင်တော့ မပြောတတ်ဘူး .."





"သဏ္ဍာန် နေဦး .. ဟော့ကောင်၊ ဒါတွေက မင်းပြောသလောက် ခလွယ်ဘူး၊ ငါလည်း သူ့အဖြေကို ရခါနီးမှ ဘာအကြောင်းနဲ့မှ အလွဲမခံနိုင်ဘူး၊ ကဗျာတစ်ပုဒ်ရေးပေးဖို့အတွက် မင်း ဒီလောက်ထိ လျှောက်တွေးမနေပါနဲ့ .."

"ငါတွေးနေတာ မင်းအတွက်ပဲ ခေါင် ..၊ ဒီကိစ္စ မင်းထင်သလို လိုအပ်တဲ့အချိန်ကျမှဖော်ရင် ရမယ်လို့ မတွက်နဲ့၊ မင်း မဖော်ရသေးခင် သူ သိသွားမယ်ဆို ရှုပ်ကုန်မှာ .."

သဏ္ဍာန် က ခေါင့် မျက်နှာ အမူအရာကို အကဲခတ်၍ နားလည်သွားကာ ...

"ကောင်းပြီ ..၊ ငါ ပြန်လာရင် ရေးပေးမယ်"

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွား၏။ ခေါင့် မျက်ခုံးတွေ တွန့်ကုတ်လျက် ခေါင်းမညိတ် ခေါင်းမခါ ကျန်ရစ်ခဲ့၏။

သဏ္ဍာန် ပြောသွားတာ ဖြစ်နိုင်လို့လား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၅ ]

"တောက် .. ဘာလဲကွာ .."

ဖုန်းကို ဒေါက်ခနဲ ချပစ်လိုက်ပြီး ဦးထွန်းဝေ စိတ်တိုနေမိသည်၊ ဒေါ်နှင်းနှင်း က သဘော်သီးစိပ်တွေပါသော ပန်းကန်ပြားလေးနှင့် ရောက်လာကာ ...

"ဘာတွေဖြစ်လို့လဲ အစ်ကို"

"ဘာရမှာလဲကွာ .. ဒီလူတွေ ဒီရက်ပိုင်းကျမှ ခရီးထွက်ဖို့အစုံစုထဲ ငါ့ကို လာထည့်ထားကြတယ်၊ ရှယ်ယာလေး နည်းနည်းပါးပါးဝင်ပြီး အလုပ်လုပ်ကြည့်ပါတယ်၊ ခရီးထွက်ရဖို့ရှိရင် ငါချည်းပဲ ဖြစ်နေတာ သိပ်မဟုတ်တော့ဘူး .."

ဒေါ်နှင်းနှင်း က ပန်းကန်ကို စားပွဲပေါ်မှာချထားလိုက်ပြီး ဦးထွန်းဝေ ရှိရာကို လျှောက်လာ၏။

"ရှင့်ကိုပြောသားပဲ .. ကိုယ့်အိမ်အလုပ်ကိုပဲ ဖိဖိစီးစီး အတူကြိုးစားမယ်လို့ ..၊ ရှင်ပဲ ဒီကုမ္ပဏီအလုပ်တွေကို အရမ်းအားကျနေတာ .."

"ဖြစ်မြောက်သွားခဲ့ရင် လုပ်ငန်းပိုင်လေးတစ်ခုနဲ့ တန်းဝင်တာပေါ့ကွ ..၊ ရွှေဆိုင်က မင်းနဲ့ပဲဖြစ်နေတဲ့ဥစ္စာ .. ငါက ဘာလုပ်ရမှာလဲ"





"ဒါဆိုလည်း မညည်းနဲ့ပေါ့၊ လာ .. ရင်အေးသွားအောင် သဘော်သီးစိပ်လေး စားလိုက် .."

"သဘော်သီးစားလည်း ရင်အေးမှာ မဟုတ်ဘူး၊ ဒါနဲ့ နေပါဦး .. ဒီရက်ပိုင်းကျမှ မင်းက သဏ္ဍာန့် ကို ဘာဖြစ်လို့ ခရီးထွက်ခိုင်းလိုက်တာလဲ .."

"ဩော် .. အစ်ကိုပြောတဲ့ ဒီရက်ပိုင်းဆိုတာကို ကျွန်မက ဘယ်လိုလုပ် သိမှာလဲ၊ သဏ္ဍာန် နဲ့ပတ်သက်တဲ့ကိစ္စတွေ မမေးနဲ့ .. ဝင်မပါနဲ့ဆိုလို့ ကျွန်မ မမေးဘူးလေ၊ အစ်ကိုကရော ပြောလို့လား .."

ဦးထွန်းဝေ ဘာမှမပြောနိုင်ဘဲ ဖြစ်သွားသဲဖြင့် ဘေးကနေ စိုက်ကြည့်ပြီး ဒေါ်နှင်းနှင်း က လှို့ဝှက်စွာ ပြုံးသည်။

ဦးထွန်းဝေ က ဆတ်ခနဲ လှည့်လာကာ ...

"မပြောဖြစ်ကြပေမယ့် ငါ ဟိုလူတွေနဲ့ ဖုန်းပြောတာတွေ၊ ဘယ်လိုစီစဉ်မှာတွေ မင်းရှေ့မှာပဲ အားလုံးဖြစ်ခဲ့တာပါ၊ ဒီလကုန်ပိုင်းမှာ သူတို့လာကြဖို့ရှိတယ်ဆိုတာ မင်း သိနေပါတယ် .."

"အို .. ဖြစ်ရလေ အစ်ကိုရယ် .. စွပ်စွပ်စွဲစွဲ .."

ဒေါ်နှင်းနှင်း တို့က ကိုယ့်အပြစ်ကို သူများအပြစ်လုပ်ရမယ်ဆိုရင် မှင်မောင်းကောင်းပြီးသား ..၊ ပြီးတော့ ဒါမျိုးကို ဝန်ခံလိုက်ရရင် ရာဇဝင်ရိုင်းသွားလိမ့်မည်။

ဖခင် အတော်များများဟာ သူများအကျိုးအတွက် မိသားစုအရေးကို စတေးကြတာတွေရှိတတ်ပေမယ့် မိခင်တွေကတော့ ကိုယ့်မိသားစုဟာ ကိုယ့်ဘဝလို ဖက်တွယ်ထားကြတာပဲ များပါသည်။

ထို့ကြောင့် ဒေါ်နှင်းနှင်း ဒီနေရာမှာ ခြေတစ်လှမ်းစာမျှ နောက်ကျမကျန်ခဲ့နိုင် ..။

သဏ္ဍာန့် ကို စုံစမ်းရှာဖွေနေကြတာ ဘယ်လိုလူတွေလဲဆိုတာ ဦးထွန်းဝေ သေချာသိချင်မှသိမှာပေမယ့် သူမကတော့ သိနေသည်မို့...



www.burmeseclassic.com

www.burmeseclassic.com



"သိချင်တာတွေရှိတာတောင် နောက်ထပ်စော်ကားမခံနိုင်လို့ ဘာမှကို မမေးဘဲနေခဲ့တာ၊ အစ်ကိုမို့လို့ပဲ မင်း သိနေပါတယ်လို့ ပြောထွက်သေးတယ် .."

အပိုင်ကြီးပြောလိုက်ပြီးမှ ဒေါ်နှင်းနှင်း ၏ နာကျင်သံကြောင့် ဦးထွန်းဝေ ပြန်တောင်းပန်ရသည့်အဖြစ်သို့ ရောက်သွား၏။

"အဲလိုလည်းမဟုတ်ပါဘူးကွာ၊ ငါ စိတ်အခန့်မသင့်လို့ ဟိုလို ဒီလိုတွေ ပြောခဲ့မိပေမယ့် မင်း မသိအောင် တမင်တကာ လျှို့ဝှက်လုပ်နေတာ ဘာမှမရှိဘူး .. အဲဒါကို ပြောချင်တာပါ"

ကျွန်မကတော့ ရှိတယ် ကိုထွန်းဝေ ..၊ ရှင့်ရဲ့တူ ကျွန်မသားထက်သာလွန်ကောင်းမွန်သွားမှာကို ဒီတိုင်းကြည့်မနေနိုင်ဘူး ..၊ အဲဒါကြောင့် လျှို့ဝှက်တယ်၊ နောက်ထပ် လျှို့ဝှက်လုပ်ကိုင်ဖို့တွေလည်း ရှိသေးတယ်။

စိတ်ထဲက ကြိမ်းဝါးရင်း ဦးထွန်းဝေ ကို ကျောခိုင်း၍ ဆိုဖာမှာ ဆောင့်ခနဲ ဝင်ထိုင်သည်။

ဦးထွန်းဝေ က ဇနီးဖြစ်သူမျက်နှာကို တကြည့်ကြည့်နှင့် ဘေးမှာ ထိုင်လိုက်ကာ ...

"ဟိုလူတွေ သဏ္ဍာန့် ဆီကို လာကြလိမ့်မယ်၊ အဲဒါ အခု အကုန်လုံး အိုးနင်းခွက်နင်းဖြစ်ကုန်ပြီ၊ ဟိုကလာမယ့်ရက်ကို အတိအကျမပြောသေးဘူး၊ ငါလည်း ခရီးထွက်ရတော့မယ် .. သဏ္ဍာန် က မရှိဘူး"

"အဲဒါ ဘယ်သူမှ ကြိုတင်စီစဉ်ထားတာ မဟုတ်ဘူးလေ၊ သမီးကြီးက ပြည်မှာ ဟိုတယ်ဖွင့်မယ့် သူငယ်ချင်းတွေနဲ့ ရှယ်ယာလုပ်ချင်နေတာ .."

"ကိုယ့်မှာလည်း အရင်းအနှီး ဒီလောက်မရှိသေးဘူး၊ ငါ ရှယ်ယာဝင်လိုက်တာတောင် ခုချိန်ထိ အကျိုးခံစားခွင့် ဘာမှထွက်မလာသေးဘူး"

"အဲဒီတော့ သားသမီးက လုပ်ချင်ကိုင်ချင်စိတ် ရှိနေတာကို ငါတို့မှာ ဘာမှ ရင်းနှီးပေးဖို့ မရှိပါဘူးဆိုပြီး ဘာမှမလုပ်ခိုင်းဘဲ နေရမှာလား"





"ငါပြောတာ မဆုံးသေးဘူးလေ ..၊ ခုဟာက ဒီလောက်ကြီးကျယ်တဲ့လုပ်ငန်းကိစ္စကို သဏ္ဍာန့် ကို ဘာလို့ခိုင်းလိုက်တာလဲ .."

"ဘယ်သူက ခိုင်းလို့လဲ ..၊ သူ့ကို သူနဲ့တန်တာပဲ ခိုင်းလိုက်တာ"

"ဟင်း .."

"ဘာလို့ သက်ပြင်းမောကြီး ချနေတာလဲ အစ်ကို ..၊ အစ်ကို့တူကို တမင်ခိုင်းလိုက်တယ် ထင်လို့လား .."

"မင်းကိုက ငါ့ကို တလွဲတွေချည်း ထင်နေတာ၊ ဘာကြောင့်ပဲခိုင်းခိုင်း လိုအပ်တဲ့အခါ ဆက်သွယ်လို့ရရင် တော်သေးတယ်လေ ..၊ အခုသူက မဆက်သွယ်ဘဲ ငါတို့ ဘယ်လိုက်ခေါ်ရမလဲ .."

"အစ်ကို့တူကို ခိုင်းဖို့အတွက် အဲဒီလောက်ထိ ရှေ့ရေးနောက်ရေး မတွေးမိဘူးလေ၊ အခု ဘာလုပ်ပေးရမလဲ .. သွားလိုက်ခေါ်ပေးရမလား"

"ခက်ပါလားကွာ .."

ဦးထွန်းဝေ စိတ်ရှုပ်ထွေးသံကြီးနှင့်ဆိုကာ နေရာမှ ထထွက်သွား၏။ ဒေါ်နှင်းနှင်း ဆိုဖာမှာ လက်ပိုက်မှီရင်း ပခုံးတွန့် မဲ့သည်။

ဒါတောင် ကျွန်မ အကွက်မရွှေ့သေးဘူး ကိုထွန်းဝေ ..၊

အပိုင်ကွက်နင်းမလို့ ခုမှ ကြည့်နေတုန်း ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၈ ]

"ဒီကောင်ဆိုရင် နှစ်ထောင့်တစ်ဆယ်မော်ဒယ်လေ၊ အမျိုးအစားတူချင်းထဲမှာ ရုပ်ပြောင်းဆိုတော့ အရမ်းလှတယ်"

နို့နှစ်ရောင်ကို မကြိုက်ပေမယ့် အတွင်းဂရိတ်ကောင်းနေတော့ အတွက် တွေဝေနေမိသည်။

"အန်တီ ကြိုက်လားဟင် .."

"သမီး သဘောလေ ..၊ အန်တီကတော့ မာလေ ကြိုက်လေပဲ၊ သမီးပဲ သွားလာနေတာဆိုတော့ ကားမကောင်းရင် လမ်းခရီး အန္တရာယ်ရှိတယ် .."

"အတွက် လျှောက်ရွေးနေလို့ အန်တီ စိတ်ပျက်နေပြီလားလို့.."

"မပျက်ပါဘူး .. နားနားနေနေ သွားနေရတဲ့ဟာ ..၊ ဈေးပွဲတော်ဆိုတော့ ကြည့်စရာတွေလည်း အများကြီးပဲ .."

"အစ်မတို့ ကားကောင်းကြိုက်ရင် ဈေးမကြည့်နဲ့ ..၊ ဒီကောင်တွေက လေးစီးပဲ ဝင်တာ ..၊ ဒီတစ်စီးပဲ ရှိတော့တယ် .."

အရောင်းဝန်ထမ်းက အတွက် တို့ကို ပြနေရင်း နောက်ထပ် ဝင်လာသည့် ကာက်စတန်မာတွေကို လှမ်းကြည့်ကာ ...





"သဗ္ဗာန် ရေ .. ဒီမှာ ခဏလာပြပေးပါဦး"

နာမည်ခေါ်သံကြောင့် အတွက် ဆတ်ခနဲ ဖြစ်သွားသည်။ ဒီနာမည်မျိုးက တူနေတာ သိပ်မရှိနိုင် ...။

လှည့်ကြည့်လိုက်တော့ သဗ္ဗာန် ပဲ ဖြစ်နေကာ အတွက် တို့ကို မြင်တော့ သူကလည်း အံ့သြသွား၏။

"ငါ ဟိုသွားလိုက်မယ် ..၊ မင်း ဒီမှာ နေလိုက်ဦး .."

"ဟုတ်ကဲ့ .. ကြည့်လေ အန်တီ၊ ဘယ်လိုကားမျိုး စိတ်ကူးထားလို့လဲ .."

ငေးခနဲ ဖြစ်သွားပေမယ့် သူ အတွက် ကို နောက်ထပ် မကြည့်တော့ပါ။ ခေါ်သက်မှာ ကတော့ ပတ်ဝန်းကျင် ဘယ်သူဘယ်ဝါတွေဆိုတာ သိပ်မသိသည်မို့ ဘာမှ ထူးခြားပုံမရှိဘဲ ...

"အန်တီ မဟုတ်ပါဘူး .. သမီး မောင်းမှာလေ၊ ကားကိုတော့ ကြိုက်တယ်၊ အရောင် သိပ်မကြိုက်တာ ထင်တယ် .."

အန်တီ မေးငေါ့ပြလိုက်မှ အတွက် ဘက်ကို သူ လှည့်၍ ...

"ဘယ်လိုအရောင် မှန်းထားလို့လဲ၊ ဒီမော်ဒယ်လ်မျိုး အတွင်းဂရိတ် တူမယ့် တိုယိုတာအုပ်စုထဲက တစ်စီးရှိတယ် .."

"အနက် .."

"အနက်မရှိဘူး .. ဒါပေမယ့် ဆီးရောင်ဖောက်အနက်ပဲ၊ လိုက်ကြည့်မလား .."

"ကြည့်လိုက်လေ သမီး .. ဘယ်မှာလဲ ငါ့တူ .. ဝေးလို့လား .."

"မဝေးပါဘူး .. ဟိုဘက်ခြမ်းထိပ်မှာ .."

ကားလေးက တော်တော်လှသည်။

ဒါပေမယ့် အတွက် စိတ်ထဲမှာ ကားက အဓိကမဟုတ်တော့ဘဲ ဒီလူနဲ့ နေရာတကာမှာ လာဆုံနေရခြင်းအတွက် စိတ်တွေ စနိုးစနောင့် ဖြစ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာသာမကဘဲ နေပြည်တော်ထိ လာဆုံမိတာကတော့ သာမန်ထက်ပိုသော တိုက်ဆိုင်မှုမျိုး ဖြစ်နေပါပြီ ..။

"ဒီကောင်က ဘက်ခ်ကင်မရာပါတယ်၊ ထိုင်ခုံမော်တာ နှစ်လုံးပါတယ်၊ ကျွန်းကွက်တွေများတော့ ပိုလှတယ်၊ ဈေးနည်းနည်းကွာပေမယ့် ဒီဂရိတ်မျိုးက အဝင်နည်းတယ် .."

"မိုင်းလစ် ဘယ်လောက်လောက်ရှိလဲ .."

"ငါးသောင်းကျော်လေးပဲ ရှိတယ်၊ ဒီမှာ အားလုံး ဖွင့်ပြလို့ ရတယ်လေ .."

ကားထဲမှာထိုင်ပြီး သူပဲ့အားလုံး ကိုင်တွယ်ပြသွားသဖြင့် ဒေါ်သက်မှာ ကတော့ ကားကို သဘောကျနေပြီ ဖြစ်သည်။

"ဘက်ခ်ကင်မရာ ပါတော့ ပါကင်အဝင်အထွက် စိတ်ချရတယ် သမီးရဲ့ .. အရောင်လည်း အတူတူပဲဟာ .. မကြိုက်သေးဘူးလား၊ ဒါနဲ့ ငါ့တူတို့ အရောင်းအဝယ်က အရစ်ကျစနစ်နဲ့ ကဲ့ရှိုဒေါင်း အတူတူပဲလား၊ ဟိုဘက်မှာ ပြောနေသံ ကြားလိုက်လို့ .."

"ဟုတ်ပါတယ် အန်တီ .. တစ်ဈေးတည်းပါပဲ၊ အရစ်ကျသမားတွေကျတော့ ကုမ္ပဏီက အဲဒီအတွက် အစစအရာရာ အဆင်ပြေအောင် ဝန်ဆောင်မှု လုပ်ပေးတာပါ"

"ဩော် .. မသိပါဘူး၊ လက်ငင်းဆိုရင် နည်းနည်းများ သက်သာသလားလို့ .."

"စိတ်ချပါ အန်တီ၊ ကားတွေ ဒီလောက်အပြိုင်အဆိုင်ရောင်းနေကြတဲ့ထဲမှာ ကျွန်တော်တို့ကုမ္ပဏီက ပိုရောင်းရင် ကာက်စတန်မာ သိပါတယ်၊ စိတ်ချလက်ချဝယ်ပါ၊ H.P စနစ်နဲ့ဖြစ်ဖြစ် .. လက်ငင်းပဲဖြစ်ဖြစ် လုံးဝ မှန်ကန်စေရပါ့မယ်"

ထိုနေ့က ကားဝယ်ဖြစ်ခဲ့ပြီး အန်တီ့ပါးစပ်ထဲမှာ 'ဒီကောင်လေး' မဆိုးဘူး ဆိုသည့်စကားကို ခဏခဏ ကြားနေရလေသည်။





ကြာတော့လည်း စိတ်တိုလာမိကာ ..

"အန်တီ အဲဒီလူကို မသိဘူးလား ..၊ ခေါင် တို့အိမ်မှာ နေတာ"

"ဟင် .. ဘယ်လို .. မနှင်းနှင်း တို့အိမ်က ဟုတ်လား၊ အန်တီလည်း မမြင်ဘူးပါလား၊ ဘာတော်ကြတာလဲ .. ညီအစ်ကိုလား၊ တူလည်း မတူပါဘူး"

ခေါင် က အသားဖြူဖြူဝင်းဝင်းနှင့် အားလုံး ချောမွေ့နေတဲ့သူ၊ ဒေါ်နှင်းနှင်း တို့ သားအမိကလည်း အသားလတ်ရုံပဲဖြစ်ကာ မျက်ခုံးတွေ နှာတံတွေ ကောင်းကြသည်။

သဏ္ဌာန် ဆိုတဲ့ယောက်ျားက အရပ်က ရှည်မျောမျော၊ အသားက ဖြူခြောက်ခြောက်နှင့် မြန်မာမပီသသောမျက်နှာက ဖြူလွန်းသည့်အသားရောင်ကြောင့် ကြည့်ရဆိုးသေးသည်။

"ဘာလဲ .. ခေါင် တို့ဆွေမျိုးလား .."

"ဆွေမျိုးလို့ပြောတာပဲ .. ဒါပေမယ့် အဲဒီအိမ်က သူ့ကို မကြည်ပါဘူး၊ မိဘ မရှိတော့လို့ ခေါ်ကြည့်ထားရတာမျိုး .."

"ဩော် .. သနားပါတယ်၊ ကောင်လေးက သန့်သန့်ပြန့်ပြန့်လေးပါ၊ ခေါင့် လောက် မချောပေမယ့် လူရည်သန့်လေး .."

ဖြစ်ရလေလို့ စိတ်ထဲကပြောရင်း သက်ပြင်းချမိသည်။

"သမီးနဲ့တော့ ဘာဖြစ်လို့ မသိတာလဲ ..၊ သမီးက သိနေပြီး သူက တစ်ခါမှ မသိခဲ့သလိုပဲ .."

"ခင်မှမခင်တာ ..၊ အပြင်မှာ တစ်ခါဆုံလို့ ဘုဘောက်ကျပြီးတည်းက မျက်နှာချင်းကို မဆိုင်တာ .."

ဟိုတယ်လ်မှာ နှစ်ယောက်အတူ တစ်ခန်းတည်းအိပ်တာမို့ အတွက်က မွေ့ရာပေါ်မှာ ပက်လက်လေးက မထဘဲ ဒေါ်သက်မာ က ကော်မီ ဖျော်နေရင်း ...

"ဟုတ်လား.. သူ့အိမ်ကလည်း မကြည်ဘူးဆိုတော့ ဒီကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကံဆိုးတာပဲ .."

"ဟင် .. ဘာဆိုင်လို့လဲ .."

"ကံကောင်းလာရင် ဆေးစက်ကျရာ အရုပ်ထင်တယ်တဲ့ သမီးရဲ့ ကံဇာတာစန်းထနေချိန်မှာ သူများအိမ်ရှေ့က သွားထိုင်ဆဲနေ လည်း ပြဿနာဖြစ်မှာ မဟုတ်ပေမယ့် ကံဆိုးနေတဲ့အချိန်ဆိုရင် ကိုယ့် ဟာကို ထွီခနဲ တံတွေးထွေးတာတောင် စောင်းပါတယ် မြောင်းပါတယ် လို့ စွပ်စွဲခံရတတ်တာ .."

"အန်တီက သူ့ကို အဲဒီလိုလူစား ထင်လို့လား .."

"ရှိတတ်တာကို ပြောတာပါ.. သူတို့အတွင်းရေးကိုတော့ ဘယ်သိမလဲ၊ ဒါပေမယ့် ကောင်လေးပုံစံက ရည်ရည်မွန်မွန် ပညာတတ်လေး ဥစ္စာ၊ ဒီလောက်ထိ လူမှုဆက်ဆံရေး နားလည်နေရင် ဒီလိုလူမှာ သိတတ်မှုတရားတော့ ရှိတတ်ပါတယ်၊ အန်တီ ကြည့်ရတာတော့ ဒေါ်နှင်းနှင်းတို့သားအမိတွေ သဘောထား သိပ်ပြည့်ပုံမရဘူး .."

အန်တီ ခဏတစ်ဖြုတ် သွားလိုက်တာနှင့် အကဲခတ်မိသွားပြီ ဖြစ်၏။ ကားတိုက်မှုဖြစ်စဉ်ကာလတုန်းက ဆက်ဆံရေးတွေကိုသာ သိခဲ့လျှင် ...

"သမီးကိုဆက်ဆံတဲ့ ပုံစံတွေကလည်း လူကိုချစ်ခင်မြတ်နိုးတာ မဟုတ်ဘဲ တမင် ဓောင်းပေးဆက်ဆံနေတာနဲ့ တူတယ် .."

"အန်တီက ခဏလေးပဲ သွားပြီးတော့ ဝေဖန်လိုက်တာ .."

"ဒါကတော့ သူတို့က အန်တီ့တူမကို လိုချင်နေတာလေ ..၊ အကဲခတ်ချင်လို့ သွားတာပဲဥစ္စာ .."

"အတွက် ကရော သူ့ကိုမှမရရင် ယောက်ျားမယူတော့ပါဘူးဆိုတဲ့ အခြေအနေမျိုး ရောက်နေလို့လား .."

"ဒါကတော့ သမီးရင်ထဲ ဝင်ကြည့်လို့ရတာမှ မဟုတ်တာ၊ ဘယ်လိုလုပ် သိမှာလဲ .."





"အန်တီနော် .. ဒီက လိမ္မာဖို့ ကြိုးစားနေတာ .."

ဒေါ်သက်မာ က ရယ်နေပြီး လှည့်ကြည့်သည်။ ပြီးတော့ ကော်ဖီခွက် လှမ်းပေးကာ ...

"ကောင်းပါပြီ၊ ရော့ .. အမှားပါရင် ခွင့်လွှတ်ပါ အလိမ္မာတုံးလေး ရယ် ..၊ အမြဲတမ်း လိမ္မာနိုင်ပါစေ .."

အတွက် က ရယ်သည်။ ပြီးတော့ စိတ်ထဲမှာ ခေါင့် မျက်နှာကို ပြေးမြင်၏။

နေပြည်တော်က ပြန်လာရင် အဖြေပေးပါတဲ့ ..၊

ဘယ်လိုလုပ်မလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၉ ]

"ဟော .. ကားပျက်နေတာလား မနှင်းနှင်း .."

ဘေးမှာလာရပ်သည့်ကားက ဖိတ်ဖိတ်လက်နေသည်။

ရုတ်တရက်မို့ ဘယ်သူမှန်းမသိဘဲ မှန်ကျသွားသည့်နောက်က မျက်နှာပေါ်လာမှ ...

"ဩော် .. မသက် ပါလား ...၊ ဟုတ်ပါတယ် မသက် ရယ် .. ဒီကား ခုတစ်လော ဘာဖြစ်နေမှန်းကို မသိဘူး .."

"အဲဒါကြောင့် မေမေ့ကို ပြောတာပေါ့ .. ကားလဲလိုက်ပါဆိုတာ၊ ဟိုမှာ အန်တီတို့ရဲ့ကားကို ကြည့်ပါဦး .. အရမ်းလှတာပဲ"

ဘောနက်ဖုံး ပြန်ပိတ်၍ ပိုး က ဒီဘက်လျှောက်လာသည်။ ဒေါ်သက်မှာ ကိုရော ဒရိုင်ဘာကိုပါ ငုံ့ကြည့်ကာ ...

"အန်တီတို့ တူဝရီး မှတ်နေတာ ...၊ ဒရိုင်ဘာလား .."

"အင်း .. သမီးရယ် ဒရိုင်ဘာလည်း ဟုတ် .. မာလီလည်း ဟုတ်...၊ ခြံထဲမှာတော့ ယောကျ်ားသားဆိုရင် သူ့ကိုပဲ ယုံကြည်ရတာလေ .."

ယောကျ်ားတစ်ယောက်ကို ယုံကြည်တယ်ဆိုတော့ မယုံချင်သည့် မျက်နှာမှာ ပိုး ရဲ့မျက်ဝန်းတွေက သက်သေပြုနေကြ၏။





ထို့ကြောင့် ကားပြင်ဖို့ ဝပ်ခ်ရှော့ကို ဖုန်းဆက်၍ ကိုယ့်ဒရိုင်ဘာကိုပဲ စောင့်နေခိုင်းခဲ့ပြီး သားအမိနှစ်ယောက်ကို ကားပေါ်တင်လာခဲ့သည်။

"အန်တီမောင်းနေတာ စီးရတာ အားနာလိုက်တာ .."

"ရပါတယ်ကွယ်.. စီးရတဲ့ကားပဲဟာ အားနာဖို့မလိုပါဘူး၊ အန်တီတို့က အပြင်လည်း ထွက်ခဲတယ်လေ၊ နှစ်ယောက်စလုံးလည်း မောင်းတတ်နေတော့ ဒရိုင်ဘာတောင် မလိုပါဘူး၊ ဒါပေမယ့် သမီးရဲ့အဖေက အရမ်းစိတ်ပူတတ်တာ ...၊ ဟိုဒရိုင်ဘာကောင်လေးက သူ့ရဲ့တပည့်ရင်းပဲလေ .. အင်ဂျင်နီယာဘွဲ့ ရပြီးသား၊ ဒါပေမယ့် အန်တီတို့အိမ်မှာတော့ သူ့ခမျာ ဒရိုင်ဘာ မာလီ လုပ်နေရတယ်၊ ခြံစောင့်လည်း သူပဲ .."

"ဟုတ်လား .. အဲဒါကြောင့် ဒရိုင်ဘာက သန့်လှချေလားလို့ ထင်နေတာ .."

"အန်တီတို့ကလည်း သမီး ပျော်သလောက် ခဏပဲနေမှာဆိုတော့လေ .. သူ့အဖေက စိတ်ချရတဲ့တပည့်တစ်ယောက်ကို အဆင်ပြေသလို သည့်ပေးထားတာမျိုးပေါ့ .."

"ဒါဆို မသက် တို့က ပြောင်းကြဦးမှာပေါ့၊ အဲဒီခြံကို ငှားထားတာ သား ...၊ ကျွန်မတို့က ဝယ်ထားတယ်ထင်တာ .."

"ဝယ်ထားတာပေါ့.. ခုခေတ်က အိမ်ခြံမြေဝယ်ထားတာ သိပ်အရှုံး ရှိတာမှ မဟုတ်ဘဲ၊ မလိုအပ်တဲ့အခါ ရောင်းလိုက်ရုံပဲ၊ ငှားနေရင် ပေးရမယ့် တစ်လ သိန်းအစိတ်သုံးဆယ်နဲ့ တွက်ကြည့်ရင် ကိုယ်နေလိုက်ရတာပဲ တန်နေပါပြီ .."

"အင်း .. ဒါလည်း ဟုတ်ပါတယ် .."

သားအမိနှစ်ယောက်၏မျက်လုံးတွေက စကားသံမထွက်ဘဲ ခဏခဏ ဆုံနေကြကာ ပြုံးနေသည့်နှုတ်ခမ်းတို့ကို ဟန်ဆောင်ပြန်စေဖို့ သတိမေ့နေသည် ထင်၏။

"အန်တီတို့ ကားလဲလိုက်တာ မကြာသေးဘူးထင်တယ်နော် ...၊



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း အတွက် မောင်းနေတာ ဒီကား မဟုတ်ဘူးလားလို့ ..''

"ဟုတ်တယ်.. နှစ်စီးစလုံး လဲလိုက်ရတာ၊ ဒီအစီး လဲတော့ သမီးတို့အိမ်က ကောင်လေးနဲ့တောင် တွေ့သေးတယ်၊ နေပြည်တော်မှာလေ.. ဈေးပွဲတော် သွားကြည့်ရင်း ဝယ်ဖြစ်တာ ..''

"ဟင်!... ဘယ်သူ ..၊ အန်တီ ဘယ်သူ့ကို ပြောတာလဲ ..''

ဒေါ်သက်မာ က ကားမောင်းရင်း ဗိုး တို့သားအမိကို နောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်၏။

"သမီး ပြောပြတာ ..၊ သံဃာန် ဆိုတဲ့ ကောင်လေးလေ ..''

"ဪ ...''

ပျက်ကျသွားသည့်မျက်နှာတွေကို သေချာကြည့်ပြီးမှ ဒေါ်သက်မာက မျက်လုံးတွေ ရှေ့လမ်းပေါ် ပြန်ရောက်၏။

"ကောင်လေးက ဆက်ဆံရေးလည်း ကောင်းတယ်၊ ကားအကြောင်းလည်း တော်တော်သိတယ်နော် ..၊ အိမ်နီးချင်းတွေမို့လို့လား မသိဘူး.. ကားရှာတော့ သူ သေချာကူညီပေးခဲ့တာ၊ ဘာပဲဖြစ်ဖြစ် ဒီလိုပစ္စည်းမျိုး ဝယ်ခြမ်းရတာ ကိုယ့်ဘက်က နားလည်တဲ့လူစ် ရှိနေတော့ စိတ်ချမ်းသာရတာပေါ့၊ ကားကလည်း မောင်းကြည့်လေ အရမ်းကောင်းမှန်း သိလေ၊ သမီးကဆို သူ့ကားလေးကို တသသနဲ့ ..''

စပ်စပ်စုစု မေးမြန်းနေကြသည့်စကားသံတွေ လုံးဝ တိတ်ကျသွားခဲ့တာ အိမ်ရှေ့မှာ ကားရပ်ပေးလို့ ဆင်းသွားကြတဲ့အထိပင် ..။

အထဲရောက်တော့ ဒေါ်နှင်းနှင်း က ပိုက်ဆံအိတ်ကို စားပွဲပေါ် အသံမြည်အောင် ပစ်ချကာ ဗိုး က တက်ခေါက်၏။

"ခေါင် .. ခေါင် .. ဘယ်ရောက်နေလဲ၊ လာစမ်း ဒီကို ..''

အကျယ်ကြီး လှမ်းခေါ်လိုက်သဖြင့် ခေါင် က နားမလည်သည့် မျက်နှာနှင့် ထွက်လာသည်။

"ဘာတွေ ဖြစ်လာကြတာလဲ ..''





"အံမယ် .. မင်းကပဲ မေးရတယ်ရှိသေးတယ် ..''

"ဟုတ်တယ်လေ .. ဘာမှန်းမှမသိတာ ..''

"မင်းအဖေရော ..''

"ခုနကပဲ ပြန်ထွက်သွားတယ်၊ သူ့ကား ယူစီးသွားလို့တောင် ပြောနေသေးတယ် ..''

"ကားစုတ်လေးတစ်စီးပဲ ထားပြီး တစ်အိမ်လုံး စီးနေရတာကို သူ့အပြစ်လို့ မမြင်ဘဲနဲ့ .. ဟွန်း ..''

ဒေါ်နှင်းနှင်း ကလေးကလားစကားတွေ ပြောကာ ခါးထောက်သည်။

"စီးပေါ့ ..အဲဒီဂျစ်ကားအစုတ်ပဲ သူ စီးပစေ ..''

အိမ်မှာ ကြည့်ကောင်းရှုကောင်း ဒီကားလေးပဲရှိသည်။ သားနဲ့သမီးကို ကားမောင်းသင်ထားတုန်းက ဝယ်ထားခဲ့သည့် ဂျစ်ကားလေးကတော့ မရှိသုံးပါ။

သူက လူကြီးဖြစ်ပြီး ဂျစ်ကားနဲ့သွားရတာကို ပွစိပွစိလုပ်တော့ စိတ်တိုမိ၏။

"မေမေနဲ့ မမက ဘာဖြစ်လာတာလဲ ..၊ ကားရော ..''

"ကားက ပျက်လို့ ထားခဲ့ရတယ်လေ .. သူက ဂျစ်ကားကို စုတ်လို့ မစီးချင်ဘူး၊ ငါတို့မှာလည်း ဒီကား ဖွတ်ချက်ဖွတ်ချက်လေးနဲ့ပဲ သွားနေရတာ ပျော်နေတယ်များ မှတ်နေလား မသိဘူး .. ဟွန့် ..''

ထဘီနှစ်စ 'မ'၍ ဆိုဖာမှာ ဆောင့်ခနဲ ထိုင်သည်။ ဗိုး က လက်ပိုက် မပြောသေးဘဲ ထိုင်လည်း မထိုင် ..။

"သူများတွေ ကားသစ်တွေ တစီစီ လဲစီးနေကြပြီ ..၊ အိမ်မှာတော့ လုပ်ငန်းတိုးချဲ့ဖို့ ပိုက်ဆံထည့်ရတာနဲ့ .. အမြတ်မထွက်လာသေးလို့ စောင့်ပါဦး ဆိုတာနဲ့ ..''

ပြောနေရင်း ခေါင့် မျက်နှာကို ဆတ်ခနဲ ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ဖေဖေ ဘာကားနဲ့သွားလဲ မေးမလို့ ခေါ်တာ မဟုတ်ဘူး၊ ဟိုကောင့်ကို နေပြည်တော်သွားဖို့ ဘယ်သူ ခွင့်ပြုလိုက်တာလဲ .."

"ကျွန်တော်က ဘယ်လိုလုပ် သိမှာလဲ ..၊ ပြည်ကို မမတို့ လွှတ်တယ်ဆိုတာတောင် .."

"သူ ပြောသွားတာမို့လား .."

"မေးတော့ ဖြေတာပေါ့၊ သူ အိမ်ကမထွက်ခင် ကျွန်တော်နဲ့ တွေ့တာ .."

"တောက်!..."

"ဒါဆို သူက နေပြည်တော်ထိ ဘယ်လိုရောက်သွားတာလဲ .."

ဒေါ်နှင်းနှင်း က ထိုင်ရာကနေ လှမ်းမေးတော့ ပိုး က ခေါင်းခါလိုက်၏။ ပြီးတော့ စဉ်းစားနေသည့်လေသံနှင့် ...

"ဖေဖေ သိသွားလို့ နိုင်းလိုက်တာများလား .."

"အမလေး .. တွေးတတ်လိုက်တဲ့ ဉာဏ်ကြီးရှင် .."

ဒေါ်နှင်းနှင်း နေရာမှ ပြန်ထရပ်လိုက်ပြီး ...

"ညည်းတို့အဖေလား ဒါကိုသိရင် ဒီတိုင်းနေမှာ .."

"မေမေတို့က ဘာတွေ လျှို့ဝှက်လှုပ်ရှားနေကြတာလဲ .."

"ဘာဖြစ်ဖြစ် မင်းသိဖို့ မလိုပါဘူး"

စိတ်တိုနေသည့်အရှိန်က ဘာပြောပြော သာသာယာယာ မဖြစ်..။ ခေါင် ကလည်း မျက်မှောင်ကုတ်လျက် ...

"သိတယ် .. မပြောလည်း သိနေတယ်၊ သဏ္ဍာန့် ကို ပိုက်ဆံလေးနည်းနည်းပေးပြီး ပြည်မှာ သွားနေခိုင်းလိုက်တာမို့လား .."

သားအမိနှစ်ယောက်၏မျက်နှာတွေ ပျက်သွားတော့ ခေါင် က ခပ်ထေ့ထေ့အကြည့်နှင့် ...

"ဒီလောက်အကြာကြီး ရှိနေမှတော့ သူ ဘာနဲ့သွားစားမလဲ .."

"ဒါဆို သူ ကားရှိုးရွမ်းမှာ အလုပ်လုပ်နေတာ မင်း သိတယ်ပေါ့"





ခေါင် က စိုက်ခနဲ ကြည့်ပြီး ခေါင်းခါသည်။

"အဲဒါ မသိပါဘူး .. ပြီးခဲ့တဲ့ မနေ့ကေ သူ ဖုန်းဆက်တာ .."

"ဘယ်မှာအလုပ်လုပ်မယ်လို့ လိမ်ပြောသွားလဲ .."

"ဘာမှမပြောဘူး .. အိမ်မှာ မမတို့ ဘာပြော့သံ ကြားသေးလဲလို့ မေးတာ .."

"အံမာ .. သူ့အကြောင်းပဲ ပြောရဦးမယ်၊ ကြီးကြီးကျယ်ကျယ်နဲ့.. ဟွန့် .."

ပိုး က တက်ခေါက်လိုက်သေးသည်။ ပြီးမှ ခေါင့် ကိုကြည့်၍...

"နေပြည်တော် ဈေးရောင်းပွဲတော်မှာ သူ ရောက်နေတယ်၊ အဲဒီမှာ မင်းရဲ့ အတွက် နဲ့ ဒေါ်သက်မာ တို့ ကားဝယ်တာ သူ အလုပ်လုပ်နေတဲ့ ရှိုးရွမ်းကပဲ .."

"ဟင်!..."

"ဒေါ်သက်မာ က သဘောတွေကျလာလိုက်တာ .. သဏ္ဍာန် ဆိုတာ ပါးစပ်က မချုဘူး၊ တော်တာတတ်တာတွေ ပြောနေလိုက်တာလည်း ရွှန်းရွှန်းကို ဝေလို့ .."

ခေါင် ခဏတော့ ငိုင်သွားသေးသည်။ သို့သော် ...

"အိမ်နီးချင်းတွေဆိုတော့ သဏ္ဍာန် က သေချာ ဂရုစိုက်လိုက်မှာပေါ့၊ အဲဒါကြောင့် .."

"အဲဒီနေရာမှာ မင်း ဖြစ်ရမှာလေ ခေါင် ရဲ့ ..၊ ဒေါ်သက်မာ သဘောကျနေတဲ့ကောင်လေးက မင်းပဲ ဖြစ်ရမှာ .."

"ဘယ်သူ့ကို သဘောကျကျ အတွက် သဘောကျမှ ပေးစားလို့ရတာ၊ မဆိုင်တာတွေ ပြောမနေစမ်းပါနဲ့ .."

"အံမာ .."

"ဟုတ်တယ် .. ညည်းမောင် အဲဒီအချိုးကို ဘယ်တော့မှပြင်မှာ မဟုတ်ဘူး၊ သဏ္ဍာန့် ကိုဆို အမြဲတမ်း တစ်ကွက်အကြောနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ယုန်နဲ့ လိပ်လေ ..”

“မေမေ့သားက ယုန်လို တော်တာ မဟုတ်ပါဘူး ..၊ ဟိုကောင့်လောက်ကို မတော်လို့ တစ်ကွက်ကျန်ကျန်နေခဲ့တာ၊ ဖေဖေ့ကောင်းမှုနဲ့ ဟိုကောင့်မှာပဲ အရည်အချင်းကောင်းများစွာ ရှိနေတာလေ၊ ခုနေ မေမေ့သားကို ကားအကြောင်း မေးကြည့်ပါလား၊ ဟွန်း .. မပြောလိုက်ချင်ဘူး”

“မမတို့ကိုက သဏ္ဍာန် ကိုပဲ ကြည့်ပြော ကြည့်ပြုံးနေကြတာ..၊ သူက သူ့ဟာသူ တစ်လိုင်း .. ခေါင် က ခေါင် ပဲ၊ ဘာမှမဆိုင်ဘူး ..”

“တွေ့လား .. ခုထိ မာန်တက်နေတုန်း ..”

“မာန်တက်တာ မဟုတ်ဘူး .. မာန်ကို မရှိတာ၊ အဲဒီသားအဖ သဏ္ဍာန် နဲ့ပတ်သက်လာရင် ဘာမှကို ပြောလို့မပေါက်ဘူး၊ သွားတော့သွား .. ကလေးသာဆို သေချာ ဖင်လှန် တိုင်ဖက်ခိုင်းပြီး အရိုးထပ်အောင်ကို ရိုက်ပစ်မိမှာ ..”

ခေါင် က ပခုံးနှစ်ဖက်တွန့်၍ လှည့်ထွက်သွားသည်။

“ဖေဖေတောင် ပြန်ရောက်နေပြီ .. ဟိုလူတွေလည်း မလာဘူး၊ မေမေ ထင်သလို မဟုတ်ဘူးထင်တယ် ..”

ခေါင် ထွက်သွားတာနဲ့ ပိုး ပြောလိုက်တာက တခြားအကြောင်းတွေ ဖြစ်သွား၏။ ဒါပေမယ့် သားအမိချင်းတော့ သိနေကြကာ ...

“မသိဘူး.. နင့်အဖေကိုလည်း လျှော့တွက်လို့ မရဘူး၊ ဒီက မထွက်ခင်တည်းက ဟိုနဲ့ တစ်ခုခုဆက်သွယ်ပြီး အပြောင်းအလဲ လုပ်ချင် လုပ်ထားမှာ ..”

“ဟာ .. မေမေကလည်း .. ဖေဖေက ဟိုကိုဆက်သွယ်လို့မှ မရတာ၊ သူတို့ကသာ အချိန်မရွေး ဖုန်းခေါ်နေတာ၊ ပြန်ခေါ်တော့ ဘယ်မှာရလို့လဲ”

ဒေါ်နှင်းနှင်း အသံတိတ်သွားကာ ဖြစ်နိုင်သမျှကို တွေးနေခဲ့၏။ ဟိုလူတွေဆီက ခတ်ပုံတောင်းဖူးသည်။ ဦးထွန်းဝေ က ပေးမလို့ စီစဉ်





ပေမယ့် ခတ်ပုံကို သူမကိုယ်တိုင် ဖျောက်ဖျက်ပစ်ခဲ့၏။

ထိုပြဿနာတက်ပြီးကတည်းက ဟိုဘက်ကလည်း အဆက်အသွယ်ပြတ်သွားခဲ့သလို ဦးထွန်းဝေ ကလည်း ဒီကိစ္စနဲ့ပတ်သက်သည့်အကြောင်း သိပ်မပြောတော့ပေ ..။

ခုကျမှ ပြန်ပြီး လူကိုတွေ့ချင်ပါသည် ဖြစ်လာခဲ့၏။ ဘာလုပ်ဖို့လဲ..၊ ဒီကောင်လေးကို ဘာလုပ်ဖို့ ဒီလောက် လိုက်နေကြတာလဲ ...။

မကောင်းမှုတစ်စုံတစ်ရာ ဖြစ်နေခဲ့လျှင် ဒီလို အကျယ်တဝင့် လိုက်လံရှာဖွေနေမှာ မဟုတ်ပေ ..။

“သမီးထင်တယ် မေမေ၊ မေမေထင်တဲ့အတိုင်း တကယ်ပဲနေမှာ”

ဒါကိုပဲ တွေးနေတုန်း ပိုး က ထင်တာတွေ ရုပေါင်းပြီး အတည်ပြုနေပြန်သည်။

“ဘာ တကယ်ဟုတ်တာလဲ ..”

“ဒီကောင်လေးကို သူ့အဖေဘက်က အဘိုးအဘွားတွေ ရှာလာတာပဲနေမှာ၊ ဦးစိုး တို့က ချမ်းသာတယ်ဆို ..”

“ဟုတ်တယ် .. ဒါပေမယ့် သူ့မိဘတွေလည်း အထည်ကြီးပျက်ထဲကပဲ၊ အာကာစိုး က မိဘတွေကို တက်တက်ပြောင်ကုန်အောင် နှိပ်စက်ပြီးမှ နွယ်နီ နဲ့ရတာ ..၊ ပြီးတော့ ယောက္ခမတွေကို နှိပ်စက်လိုက်တာ မွဲရောလေ ..”

“အဲဒီလူကြီးက ဒီလောက်တောင်ဆိုးသလား မေမေ၊ သူ့သားကျတော့ စီးကရက်တောင် မသောက်ပါလား ..”

“မသောက်တာက စီးကရက်လက်ကြားညှပ်ရအောင် ခြူးတစ်ပြားမှ မရှိတဲ့လူလေ၊ ဒီလိုလူ မသောက်မစားတတ်တာ ချီးမွမ်းစရာလား..”

“သမီးက ချီးမွမ်းတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ခေါင် နဲ့ ဖေဖေ သူ့ကို ထောက်ပံ့ကြတာပဲ မေမေရဲ့ .. စီးကရက်သောက်တတ်ရင်တော့ သောက်လို့ ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ကြံဖန် ကပ်သပ် ပြောနေပြန်ပြီ .."

"မဟုတ်ဘူးလေ .. အရက်သမား ဘိန်းစား ဖြစ်သွားမယ်ဆို ယောကျ်ားတစ်ယောက်က လွယ်ပါတယ်၊ သူ ဒီမှာ အောက်ကျခံပြီး ကပ်သပ်နေတယ်၊ ဖေဖေ ပေးသမျှ ရအောင်ယူတယ်၊ ဒါကြောင့်လည်း သူ ပညာတတ်တစ်ယောက် ဖြစ်လာတာပေါ့၊ ဒီအရွယ်ထိ ဒီလိုအသိ ရှိနေတယ်ဆိုတော့ ဒါက သူ့အဖေလိုမဟုတ်ဘူးဆိုတာကို ပြနေတာမို့လား ..၊ သမီးကလည်း သူ့ကို ချီးမွမ်းစရာ ရှာပြောနေတာ မဟုတ်ဘူး မေမေ၊ သူ့အဖေထက်ဆိုးတဲ့လူ ဖြစ်သွားလေ ကြိုက်လေပဲ၊ ခေါင် နဲ့ ဘာမှ ယှဉ်မရအောင် ကျန်ခဲ့စေချင်တာ .."

"ယှဉ်လို့ရအောင် ညည်းအဖေနဲ့ မောင်က ကူညီ ပံ့ပိုးနေကြတာလေ .. ငါ မပြောလိုက်ချင်ဘူး၊ အာကာစိုး ဆိုတဲ့ကောင် စိတ်ရင်းကောင်းလေးတော့ရှိရှာပါတယ် ဆိုတာက ပါသေး၊ ယောက်ဖကို မကောင်းပြောတာတောင် တစ်ကွက်ချန်တယ် .."

"ဘယ်နေရာမှာ စိတ်ရင်းကောင်းတာလဲ ..၊ မေမေပြောတာနဲ့ ဖေဖေပြောတာ ဘာဖြစ်လို့ လွဲနေတာလဲ .."

"သူက အကောင်းမြင်ဝါဒနဲ့ပဲ ရှာဖွေကြည့်တာလေ၊ ဒီကောင်က အတူနေကြတဲ့ မိသားစုဆွေမျိုးဆိုရင် ကန့်လန့်တိုက်တယ်၊ ဘေးတစ်စိမ်းတွေ .. အပေါင်းအသင်းတွေဆိုရင်တော့ ခါးထဲကအကျီလေး လိုချင်ပါတယ်ပြောရင်တောင် ချွတ်ပေးခဲ့တဲ့ကောင်မျိုး၊ အဲဒါကို စိတ်ရင်းကောင်း လေးရှိတယ်လို့ ခေါ်တာလား .."

"ဘာပဲဖြစ်ဖြစ် အခု ဦးစိုး နဲ့ ဆက်စပ် ရှာဖွေလာကြတယ်ဆိုတော့ ကြွေးတောင်းဖို့တော့ မဖြစ်နိုင်ဘူး မေမေ .."

"ဩော် .. ညည်းမလဲ ဆင်ကောင်လုံး တွေ့နေကာမှ ခြေရာရှာနေပြန်ပြီ၊ သဏ္ဍာန် ဆိုတဲ့ သတ္တဝါလေး ကောင်းစားချိန်တန်နေပြီ၊ ဒါပေမယ့် လုံးဝ မဖြစ်ရဘူး .."





ခေါင်နှင်းနှင်း က အပြတ်ကြိမ်းဝါးသည်။ မနာလိုစိတ် ကြီးလွန်းတယ်ပဲဆိုဆို .. သဏ္ဍာန့် ကို မုန်းသည့်အမုန်းက ဘယ်အခါဖြစ်ဖြစ် မှေးမှိန်သွားမှာ မဟုတ်ပေ ..။

နှယ်နီထွန်း ဆိုသော သဏ္ဍာန့် ရဲ့အမေ မောက်မာပြောဆိုတာတွေ ခံလာခဲ့ရသမျှ သူကမွေးတဲ့ သားကိုပါ မြေတောင်မြှောက်ပေးရမည်ဆို ရာဇဝင်ရိုင်းသွားမှာပေါ့ ..။

ပြီးတော့ သဏ္ဍာန် ..၊

ဘာပဲခိုင်းခိုင်း လုပ်သည်၊ ပြောသမျှ ဆိုသမျှ တစ်ခွန်းတစ်ပါဒမှ ပြန်မပြောဘဲ ခေါင်းငုံ့ ငြိမ်နေတတ်၏။ ဒါပေမယ့် ပြောစရာရှိလာပြီဆို မော့လာသည့်မျက်နှာမှာ ကြည့်သည့် မျက်လုံးတွေက အောက်သက်ကြေ နေသော အမူအရာ တစ်စက်လေးမှ မရှိပေ ..။

ဒီလိုလူမျိုးတွေကို ကိုယ်က ဘယ်လိုကျေးဇူးအတုံ့အလှည့်တွေနဲ့ သည်းခံနေရမှာလဲ ..၊

"ဟွန်း .. ဒီလိုသတ္တဝါ ကောင်းစားသွားလို့ကတော့ နှယ်နီထွန်း ရဲ့သား နှယ်နီထွန်း လို လာမှာပဲ ..၊ ဒီလိုမျိုး လုံးဝ မဖြစ်စေရဘူးမှတ်.."



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၃၀ ]

"မင်းကွာ .. ကိုယ့်မှာ နောက်ဆုံးတင်းစရာမိသားစု မရှိဘူးဆိုရင်လည်း မကြည်ဖြူတဲ့ဆွေမျိုးတွေအိမ်မှာ မျက်နှာငယ်ခံပြီး နေမနေပါနဲ့- ဒီမှာပဲ ဆက်လုပ်လိုက်စမ်းပါ၊ အခု ငါတို့မန်နေဂျာကိုယ်တိုင်က မင်းကိုလက်ခံနေပြီဥစ္စာ .."

သဏ္ဍာန် ကျေးဇူးတင်သည့်အပြုံးနှင့် ခေါင်းခါသည်။ မကြည်ဖြူသည့်ဆွေမျိုးတွေဆိုတာထက် ဘကြီးအရင်းအချာ မိသားစုတွေ့မို့ ရင်ထဲက နာကျင်မှုကို စာဖွဲ့လို့တောင် ရမည် မထင်ပေ ..။

ငွေနှစ်သောင်းနဲ့ ပြည်ကို ဇွဲသည်သွားရှာခိုင်းသည်။ မမပိုး ရဲ့ မိတ်ဆွေတွေမို့ လွဲလို့မဖြစ်ဘူးဆိုတာလည်း ပါ၏။

မှာတဲ့အတိုင်းပဲ သူ တာဝန်ကျေအောင် ကြိုးစားခဲ့ပါသည်။

ဒါပေမယ့် ငွေနှစ်သောင်းတည်းနဲ့ ပြည်မှာ ညစဉ်ရက်ဆက်နေဖို့က မလွယ် ..။

တစ်နေ့ နှစ်ထောင်ပေးရသည့် တည်းခိုခန်းနောက်ဖေးတန်းလျားမှာ ညပိုင်း ကျောခိုင်းရုံပဲ ..၊ သူ နေ့သစ်တွေကို မာန်တင်းစောင့်ခဲ့သည်။





နေ့လယ်ပိုင်းဆို ထိုတန်းလျားမှာ စားသောက်ဆိုင် အလုပ်သမားတွေ စုပုံတင်ထားသည့် ပစ္စည်းအတိုအထွာတွေကြောင့် ခဏတစ်ဖြုတ်ထိုင်ထ နားနေခွင့်အတွက် ကမ်းနားလမ်းက အရိပ်ကောင်းသည့်နေရာတွေကို ရှာရသည်။

ရေချိုးချင်တော့ မြစ်ထဲ ဒိုင်ဗင်ထိုးချ၊ ဗိုက်ဆာတော့ ဟင်းဆမ်းပြီးသား ထမင်းတစ်ပွဲ ငါးရာတန်ဆီ ပြေးရသည်။

ဒါနဲ့တောင် စားစရာ နေစရာအတွက် ပိုက်ဆံမရှိတော့သည့်အချိန်ထိ အဆင်မပြေတာတွေ အားလုံးကို သူ လိုမ့်ခံနေခဲ့သေးသည်။

နောက်ဆုံး အပေါ်အပါးသွားတာကအစ ပိုက်ဆံမရှိလို့ မဖြစ်သည့်အနေအထားမှာ သူ့အဖြစ်ကို သနားမယ့်လူလည်း မရှိ၊ တာဝန်ကျေအောင် ကြိုးစားနေပါလားဆိုပြီး ဘယ်သူမှလည်း အမှတ်မပေးခဲ့ပါ။

ကံကောင်းထောက်မပြီး ဟိုတယ်လ်လုံခြုံရေးနှစ်ယောက်နဲ့ ရင်းနှီးခွင့် ရသွားခဲ့သည်။ သူတို့အကူအညီနှင့် ဝန်ထမ်းတွေသန့်စင်ခန်းမှာ ရေချိုးခွင့်ကအစ အားလုံး အဆင်ပြေခဲ့၏။

'နေရာတကာ ဖုန်းဆက်မပြောနဲ့'လို့ မှာသည့်စကားကြောင့် ထိုအခြေအနေကျကာမှ သူ ခေါင့် ဆီကို ဖုန်းဆက်ခဲ့တာဖြစ်သည်။

"ဘာညွှန်သည်မှ ပြောသံမကြားဘူး ဟောကောင် ..၊ မင်းကို ဖေဖေခရီးသွားရင် ပါသွားမှာစိုးလို့ မမ တမင်လုပ်တာ နေမှာ၊ ဘာညွှန်သည်မှလာမှာမဟုတ်ဘူး၊ စောင့်မနေနဲ့ ပြန်ခဲ့တော့" တဲ့ ..။

အိမ်မှာ ဒီလိုတွေ လုပ်နေကျမို့ ခေါင် ကတော့ အမှန်အတိုင်း ပေါ့ပေါ့ပါးပါး သတင်းပြန်ပေးပါ၏။ ဒီမှာ ဘာတွေဖြစ်နေမှန်းလည်း သိပုံ မပေါ်ပါ။ မသိပေမယ့် သူ ဘာမှပြန်ပြောမနေတော့ဘဲ ဖုန်းချခဲ့သည်။

အဆင်ဆင့် ကူညီသူတို့၏ကျေးဇူးကြောင့် ပြန်စရိတ်ရှာရင်း မပြန်ဖြစ်ခဲ့ဘဲ နေပြည်တော်ထိ သူ ရောက်သွားခဲ့သည်။

ရန်ကုန်ကနေ ပြည်အထိ ဒုက္ခများခဲ့သမျှ သူ့ဘဝ အားလုံးအဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားခဲ့တာက အမှန်ပါ။ ဒါပေမယ့် …

"ဘာပြုံးတာလဲ သဏ္ဍာန် .. ခေါင်းကလည်း ခါလိုက်သေးတယ်၊ မင်း ပြန်မှဖြစ်မှာတွေ ရှိလို့လား .."

သူ့စိတ်တွေ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာသည်။ ဗညား က သူ့ကို စိုက်ကြည့်နေကာ …

"ငါတို့လိုလူတွေအတွက် ဒီအလုပ်က အရမ်းအဆင်ပြေတယ်နော်၊ စိတ်ကူးမလွဲနဲ့.. သူဌေးက ယုံကြည်လာရင် ရှေ့တက်လမ်းလည်းရှိတယ်"

"ဟုတ်ပါတယ် .."

"မဟုတ်တာက ဘာရှိသေးလို့လဲ …၊ ယောက်ျားပဲကွ .. အကြံနဲ့ ဉာဏ်နဲ့ နေတာပါ၊ မင်းလို အရည်အချင်းရှိတဲ့လူက ပိုတောင် ဒီလိုမနေသင့်သေးတယ် .."

"ကျွန်တော်က ရုန်းထွက်မှာပါ၊ ဒါပေမယ့် .."

"မင်းဦးလေးကြောင့်လား .. ဒီမှာ သဏ္ဍာန် .. ဦးလေးဘကြီးဆိုတာတွေက အပြင်လူပဲကွ၊ မိသားစုတစ်စုမှာ ဦးလေးနဲ့သွေးတော်လို့ သွားနေတဲ့ သွေးမျိုးနဲ့ အဒေါ်တော်လို့ သွားနေတဲ့သွေးမျိုး အဲဒီသွေးမျိုးနှစ်ဖက်ကို မင်းကြည့် …၊ ဦးလေးဘက်ကပါတဲ့သွေးမျိုးပဲ မျက်နှာငယ်ရတာ…၊ သူတို့က ငါ့တူလေး ဘယ်လိုနေလဲ …၊ ငါ့တူမလေး မျက်နှာငယ်ရမလား ဆိုတာ ဘာမှ ပြန်ကြည့်တာ မဟုတ်ဘူး .."

ဗညား က သွေးမျိုးတွေအကြောင်းတော့ တော်တော်ကျမ်းကျေနေပုံပင်။ နေ့လယ်ခင်း လူရှင်းတုန်း ကုလားထိုင်တွေနဲ့ စကားထိုင်ပြောရင်း သူ့ပဲ အားမလိုအားမရ ထရပ်က …

"သူတို့မိန်းမတွေ သူ့သွေးမျိုးကို ကျွန်လိုထားသလား …၊ သခင်လို ထားသလား သိလည်း မသိသလိုနေတယ်၊ သိကိုမသိတာတွေလည်း တစ်ပုံကြီး၊ အဲဒါတွေ ထားစမ်းပါကွာ .. မင်း အခု ခေါင်းခါရတဲ့ အကြောင်းကိုပဲ ပြော …၊ အဲဒီအိမ်မှာ ဘာကျန်ခဲ့လို့ ပြန်မှဖြစ်မှာလဲ .."





"ငါ့ဘကြီးကို ဘာမှအသိမပေးဘဲ ဒီတိုင်းထွက်မသွားချင်လို့ပါ"

"ဘာကို အသိပေးမှာလဲ …၊ သူ့မိန်းမကို မကျေနပ်လို့ပါလို့ မင်း ပြောမှာလား၊ မပြောဘဲ ကိုယ့်ဒူးကိုယ်ချွန်မယ်ဆိုပြီး ထွက်လည်း မင်း ဘယ်ဘက်ကမှ အကောင်းပြောခံရမှာ မဟုတ်ဘူး .."

"ဘယ်တုန်းကမှ အကောင်းပြောမခံခဲ့ရတာ မဆန်းတော့ပါဘူး ကွာ .."

ဗညား ကို သူ့ဘဝနဲ့ပတ်သက်ပြီး သေချာကြီးတော့ ပြောမပြခဲ့ပါ။ ဒါပေမယ့် နားကျင်မိတာတွေရှိတော့လည်း ဟိုတစ်ကွက် ဒီတစ်ကွက် ရင်ဖွင့်မိရင်း သိသွားခဲ့တာ ဖြစ်သည်။

"ငါ ဒီတိုင်း တိတ်တိတ်ဆိတ်ဆိတ်ထွက်သွားခဲ့ရင် အားလုံး ပုံချ သမျှ မကောင်းမှုတွေ ငါ့ခေါင်းပေါ် ရောက်လာမှာ၊ ဒါကြောင့် လေးလေး ကိုတော့ ငါ ပြောမှဖြစ်မှာ …၊ ဘယ်သူတွေ ဘယ်လိုထင်ထင် …"

"ပြီးရင် ပြန်လာမှာလား .."

"မပြောတတ်သေးဘူး ဗညား ရာ .. ဒီမှာ ငါ နေရာလေးတစ်ခု ကပ်တွယ်ခွင့်ရခဲ့တာ ကူညီပေးကြတဲ့လူတွေ ကောင်းလို့ပါ၊ နောက် တစ်ခါ ပြန်ဝင်နိုင်ဖို့ကလည်း အလွယ်တကူ ဖြစ်ချင်မှဖြစ်တော့မှာလေ၊ ငါ့မှာလည်း လေးလေး ဘာပြောလာဦးမလဲဆိုတာ မကြားရသေးတော့ မပြောနိုင်သေးဘူး .."

နေပြည်တော်က ထွက်လာခဲ့တာတောင် ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်တဲ့ပြစ်ချက်နဲ့ ပြန်ရောက်ရောက်ချင်း မနည်းရှင်းရဦးမှာ ဖြစ်သည်။

မနက်ဖြန် ဆိုတာက မရေရာ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၁ ]

"ကဲ .. အဲဒါတွေ နေ့တိုင်းကြည့်နေတာ မရိုးသေးဘူးလား၊ ထား လိုက်ပါဦး အတွက် ရယ် .."

"အေးလေ .. ဒီမှာ ကျောက်ပွင့်သုပ်တွေ ငြီးစော်နံကုန်တော့မယ်၊ လာ စားဦးဆိုမှ .."

ခေါ်သာခေါ်ရပေမယ့် မထဘူးဆိုတာလည်း သိကာ အသုပ်ပန်းကန် ကို အိပ်ရာထဲထိ လိုက်တိုးပေးရသည်။

မျက်နှာရှေ့ကို ပန်းကန်ရောက်လာမှ အတွက် က တစ်ဇွန်း ခပ် စား၏။

ပြီးတော့ ပုံတူပန်းချီတွေကိုပဲ တစ်ရွက်ပြီးတစ်ရွက် ပြန်ကြည့်နေ လျက် ...

"ဒါလေးတွေ သူ ခံစားပေးထားတာ ပြန်ကြည့်မိတိုင်း ငါ သူ့ကို မငြင်းရက်ဘူး ဖြစ်နေတာ .."

"နောက်ပိုင်း ပုံတူမဆွဲတော့တဲ့အချိန်တွေမှာ စိတ်တိုရ မချင့်မရဲ ဖြစ်ရနဲ့လေ .."





ဒေဝီ က ရေနွေးပူပူကို စိတ်ချရအောင် မှုတ်ပြီးမှ အတွက် ကို ကမ်းပေးကာ လိုအပ်ချက်လေးကိုလည်း ထပ်ဖြည့်ပြော၏။ အတွက် က ခေါင်းညိတ်၍ ...

"ဟုတ်တယ် .. သူ လုံးဝ မဆွဲတော့ဘူး၊ ဒါပေမယ့် ဒီပုံတူလေးကို စပြီး ရလိုက်တဲ့နေ့ကဆို ငါ အရမ်းပျော်တာပဲ သိလား ..၊ ကဗျာလေး လည်း ပါတော့လေ .. သူ့မှာ အတွဲရှိနေတာတောင် ငါ့ကို မြင်လိုက်တဲ့ အချိန်ကစပြီး အရာအားလုံးဟာ သူ့အတွက် ဖွဲ့နဲ့ဆန်ကွဲ ဖြစ်သွားပါ တယ်လို့ ကိုယ်တိုင်ပြောလိုက်သလိုပဲ၊ အဲဒါ ငါ ငရဲကြီးမလား မသိဘူး နော် .."

"သေချာတာပေါ့ .."

ခေါင် နဲ့ပတ်သက်တာတွေ ပြောဖြစ်တိုင်း ဟက်ဟက်ပက်ပက် သိပ်မရှိခဲ့သည့် ပန်းချီ က ချက်ချင်း ထောက်ခံဖော်ရသည်။ အတွက် ကလည်း ဂရုမစိုက် ..။

"မိန်းကလေးသဘာဝကတော့ ကိုယ့်ကိုမှ စွဲလမ်းပါတယ်၊ ရူးသွပ် ပါတယ်ဆိုရင် သဘောကျမိတာပဲဟ .."

"ဟုတ်တယ် .. သဘာဝကိုပဲ မသာယာသင့်ဘူးလေ၊ နင့်ကို လှမ်း ငေးလိုက်တာနဲ့တောင် သူ့ဘေးကတစ်ယောက် ဖောင်းပွနှန်း ဘယ် လောက်မြင့်တက်သွားသလဲ ..၊ ခုလောက်ဆို မျက်ရည်ပင်လယ်ဝေချင် ဝေနေမှာ .. ဒါလည်း ကာမေသု ..."

"တော်ပါတော့ ..၊ လူကို ဖြေရာဖြေကြောင်း မပြောတဲ့နဲ့ .."

"ဟဲ့ .. အကြိုက်လိုက်ပြော စားသောက်ပြီးပြန်ဆိုရင် သူငယ်ချင်း ကောင်း ဘယ်ပီသတော့မလဲ ..၊ နင့်ကိုရော ရည်းစားငုတ်တုတ်နဲ့ နောက် တစ်ယောက်ပြောင်းခဲ့တဲ့ ဟိုတစ်ယောက်ကိုရော ငါတို့ အဲဒီကတည်းက သိပ်မကြိုက်ခဲ့တာ .."

"သူ့ရည်းစား မဟုတ်သေးပါဘူးတဲ့ဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ပြောကြတာပဲလေ ..၊ ဟိုက အဖြေမပေးသေးတာလည်း ဖြစ်နိုင်တာပဲ၊ နင့်ကို မမြင်သေးခင်ကလည်း သူ ဘယ်လောက်ပဋ္ဌာမြေလူးလှုပ်ပြနေလဲ သိနိုင်မလား ..၊ ဒီကိုလည်း မြင်လိုက်ရော ဟိုက အဖြေမပေးသေးတာနဲ့ အံကိုက် ဖြစ်သွားတာမျိုး .."

ပန်းချီ က ကွက်တိ တွက်ပြနေသည်။

"သူ့စိတ်ကို သေချာလည်း အကဲခတ်ဦး အတွက် .. ပြီးမှ သနား"

"ဘာဖြစ်လို့လဲ .."

"လိုချင်တာရပြီးရင် အေးချမ်းသွားတဲ့အကျင့်ပေါ့ ..၊ နင့်ကို မျှော်လင့်ချက်လေးရှိပြီဆိုတာနဲ့ ကဗျာမလာ စာမပါ ဖြစ်လာတာ ကြည့်ပါလား .."

"ဟုတ်တယ် .. လွမ်းတာရှိရင် နာတာနဲ့ဖြေလိုက် အတွက်၊ မိဘပေးစားတာကိုပဲ ယူ ..၊ ခေါင် ကို စိတ်ကူးထဲကထုတ်ဖို့ စဉ်းစား၊ သူ့မိဘတွေကလည်း မမိုက်ဘူးနော် .."

"ငါသိပါတယ်ဟာ .. သူ့ဘက်ပြန်ကြည့်လိုက်ရင် ပယ်ကွက်တွေ ရှည်းပဲ၊ နောက်ပြီး .."

နောက်ပြီးဆိုတာမှာ ရှေ့မဆက်တော့ ပန်းချီ က မေးဆတ်ကာ...

"ဆက်ပြောလေ .."

"သူတို့စရိုက်တွေ ဒီတိုင်းပဲဆိုတာ ပိုပိုပြီး သေချာလာတာလေ.."

သူမ ကြားခဲ့ရသည့် ပိုး နဲ့ သဏ္ဍာန် တို့ရဲ့ ဆက်ဆံရေးကို ခုကျမှ သေချာပြောပြရသည်။ ပန်းချီ မျက်နှာ ရှုံ့မဲ့နေလျက် ...

"ဟုတ်လား .. မောင်တစ်ဝမ်းကွဲတစ်ယောက်ကိုတောင် ဒီလောက် ရင့်ရင့်သီးသီးတွေ ပြောတယ်ပေါ့ .."

"အေးနော် .. သဏ္ဍာန် သနားပါတယ်၊ ငါဖြင့် ဘယ်လိုပဋ္ဌာန်းဆက်တွေရှိခဲ့မှန်း မသိပါဘူး .. သဏ္ဍာန့် ကို နင်တို့ပြန်ပြောတာ ကြားတည်းက သနားခဲ့တာ .."





ဒေဝီ က လှိုက်လှိုက်လှဲလှဲ ..၊

"ငါဆိုရင်တော့ ကိုယ့်ကို ဘာမှပြန်လှန်ပြောဆိုဝံ့တဲ့သူ မဟုတ်ဘဲနဲ့ နိုင်ပြီးရင်း နိုင်နေရတာကို ဂုဏ်မယူပါဘူး .."

"ခုဟာက ဂုဏ်ယူတာထက်ကို ပိုနေတာ .. အရှုံးပေးနေတဲ့သူကို ကြိုးတုပ်ရိုက်တာမျိုး၊ မလွယ်ပါဘူး အတွက် ရယ် .."

မလွယ်ဘူး ဆိုတာကို သိပါသည်။ သဏ္ဍာန့် ကို ပြောဆိုဆက်ဆံနေတာ ကြားရတည်းက စိတ်ထဲမကောင်းခဲ့တာမို့ ခေါင် အကြောင်းတွေးမိတိုင်း သူ့မိသားစုကို ထည့်မတွေးမိအောင် နေခဲ့မိတဲ့အထိ ဖြစ်ရသည်။

ဒါတောင် မြွေကိုက်ခံရမယ့်ဘေးကနေ သဏ္ဍာန် ကူညီခဲ့တာကို ပန်းချီ တို့ကို ပြောမပြခဲ့သေးပေ။

ခေါင် ရယ် .. သူ့မိသားစုရယ် .. သဏ္ဍာန် ရယ် .. ရှုပ်ထွေးနေသည့်အကြောင်းတွေက သူမ စိတ်ကူးယဉ်ခဲ့သည့် လွတ်လပ်သာယာခြင်းတွေနှင့် တခြားစီ ဖြစ်နေခဲ့သည့်နောက် ...

"ငါ သူ့ကို မေ့လို့မရတာတော့ သေချာတယ် .."

အတွက် သက်ပြင်းလေးချရင်း ပြောသည်။

"မေ့ဖို့ထိ မဟုတ်ပါဘူး .. ခေါင့် ကို နင် အဖြေပေးဖို့ စဉ်းစားနေတာကြီးက အန္တရာယ်ရှိတာကို သိဖို့ပဲ .."

"မသိဘူးဟာ .. သူ့မျက်နှာမြင်ရင် ငါ ဘာမှမပြောရက်တော့ဘူး၊ သူနဲ့ကျမှ ငါ ပျော့ညံ့နေတာ ထင်တယ် .."

"မဟုတ်ဘူး .. အရည်ပျော်တော့မလိုကို ဖြစ်နေတာ .."

"နင်တို့ ကားဝယ်တုန်းကတော့ နင့်ကို သဏ္ဍာန် က မသိသလိုပဲ ဟုတ်လား .."

ဒါတွေပြောပြပြီးပြီးမို့ ဒေဝီ က နေပြည်တော်ကအကြောင်းကို မြန်စသည်။ အတွက် ပန်းချီစာရွက်တွေကို သိမ်းလိုက်ကာ မေ့ရှေ့ပါက



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသည်။

ပြီးတော့ ပန်းချီ ဘေးမှာ ခုံဆွဲထိုင်လိုက်ကာ ...

"တစ်ချက်တော့ အံ့သြသွားသလိုပဲ .. ပြီးတော့ ပုံမှန်ပဲ စကားပြောတာ၊ အန်တီကတောင် ငါပြောလိုက်တော့ အံ့သြလို့ .."

"နင်လည်း ပြောပြဖော်တွေ ဘာတွေ ရလို့ .. အံ့သြစရာပဲနော်၊ သဏ္ဌာန့် အကြောင်းဆို စပြောတာတောင် မကြိုက်ခဲ့ဘဲနဲ့ .."

"နှစ်မဲတစ်မဲ ဖြစ်နေလို့ နည်းနည်းပြန်လျှော့ထားလိုက်တာ .."

"သြော် .. သနားစရာမို့ သနားတာပါ"

စကားကောင်းနေတုန်း ဒေါ်သက်မာ အခန်းတံခါးဝမှာ ပေါ်လာကာ ...

"သမီးရေ .. အောက်မှာ ပိုး တို့မောင်နှမ ရောက်နေတယ်"

"ဟင်!..."

အတွက် တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေတုန်း ဒေါ်သက်မာ က ပြန်ထွက်သွား၏။

"အန်တီက တော်တော် စိတ်ထားနူးညံ့တယ်နော် .."

"ဟုတ်တယ် .. သူတို့စရိုက်တွေကို သိထားတာတောင် ဘာမှ တင်းတင်းမာမာ မတားမြစ်ဘူး၊ သူတို့နဲ့ ဆက်ဆံရေးလည်း မပြောင်းပါဘူး .."

အတွက် က ဆံပင်တွေ သပ်ရပ်အောင် ဖီးသပ်ပြုပြင်ရင်း ပြောတော့ ဒေဝီ က မဲ့လိုက်ကာ ...

"အဲဒါကြောင့် ပြောလိုက်ရင်တော့ သဘောတူမှာပဲလို့ ထင်နေတာ ဖြစ်မှာပေါ့၊ အတွက် နော် .. သဘောကောင်းရင်းနဲ့ နှုတ်လွန် လက်လွန်တွေ ဖြစ်ဦးမယ် .."

သုံးယောက် အတူတူဆင်းခဲ့ရင်းနဲ့ မျက်နှာတွေ ငုံ့နေသလိုလိုနှင့် နှုတ်ခမ်းတွေ မလှုပ်ဘဲလည်း ဒေဝီ တို့က စကားပြောနိုင်၏။





"အိမ်မှာ အသွားဆုံးတဲ့ ဆယ်နှစ်ပြည့် ဆွမ်းကပ်တယ်လေ၊ တခြား ဧည့်သည်တော့ မဖိတ်ပါဘူး၊ အတွက် နဲ့ အန်တီသက် တို့ကိုတော့ မရမနေ ခေါ်မယ်ဆိုပြီးတော့ ကြိုတောင် ပြောမထားဘူး .."

ကြိုပြောမထားဆို ဆွမ်းကပ်တာ မဟုတ်ဘဲလည်း ပါးစပ်နဲ့ကပ်ပြီး လူကို ခေါ်ချင်လို့ တမင်လာတာလားမှ မသိဘဲ ..။

ဒေဝီ တို့စိတ်ထဲမှာ တွေးမိကြပေမယ့် မျက်နှာလေးတွေကတော့ မလိမ်းမိုးမလိမ္မာပုံလေးတွေနဲ့ ဖြစ်သည်။ ခေါင် ကတော့ သူ့မတို့ကိုပါ မြင်လိုက်ရသဖြင့် ဖော်ရွေသည့်အပြုံးနှင့် ...

"ပန်းချီ တို့ ရောက်နေတာ အတော်ပဲပေါ့၊ တစ်ခါတည်း ထမင်း လိုက်စားနော် .."

"နေပါစေ ကိုမြင့်ခေါင် ရယ် .. ခုတင်ပဲ အပေါ်ထပ်မှာ ကျောက် ပွင့်သုပ်တွေနဲ့ အချိုရည်တွေနဲ့ ရေခွေးကြမ်းလည်း ပါသေးတယ်၊ ဗိုက်ထဲ မှာ အစပ်တွေရော အပူတွေ အအေးတွေနဲ့ ကြမ်းဖြစ်နေပြီ၊ ပြန်တော့မယ်"

"မဟုတ်တာ ..၊ ညီမလေးတို့ရှိနေမှန်း မမတို့က ကြိုမသိလို့ပါ၊ အခု အတူတူရှိနေကြတာပဲဟာ .. လိုက်ခဲ့ပါ"

အစကတော့ ဒီမျက်နှာကြီးတွေရှေ့ထားပြီး အတွက် နဲ့ အန်တီသက် လို့ ခေါင်းစဉ်တပ်လိုက်ပြီးမှ ...

"မလိုက်တော့ပါဘူး .. ခုပဲပြန်တော့မလို့ လုပ်နေကြတာ၊ အတွက် ရေ .. ငါတို့ပြန်မယ်၊ အန်တီကို နှုတ်မဆက်တော့ဘူးနော် .."

ပန်းချီ တို့က ခေါင့် ကိုပဲ ထပ်ပြုံးပြပြီး ချက်ချင်း ထပြန်သွားကြ၏။

"သမီးတို့ တစ်ခုခု စားကြမလား၊ ဟော .. ပန်းချီ တို့ရော .."

ဒေါ်သက်မာ ထွက်လာတော့ ပန်းချီ တို့ မရှိတော့တာကို တန်းမေး၏။ အတွက် က ပြန်ပြောပြလိုက်ရင်း ...

"နေ့လယ်စာစားဖို့ လာခေါ်တာ အန်တီ၊ မမတို့အသွား နှစ်ပတ် လည် တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဪ .. ဟုတ်လား၊ ဒီနေ့မှပဲ အန်တီက ထမင်းစောစောစားမိတယ်၊ သမီးက သူငယ်ချင်းရောက်လာပြီဆို မုန့်ပဲသွားရည်စာတွေ လုပ်စားနေတတ်တော့ ထမင်းစားဦးမှာ မဟုတ်ဘူးဆိုတာ သိတာနဲ့လေ.."

"အန်တီသက် က တစ်ဆုံးငြင်းတာပဲနော်၊ ထမင်းမစားနိုင်လည်း အချိုလေး အချဉ်လေးပေါ့၊ အားလုံး ပြည့်စုံအောင် စီစဉ်ထားတာပါ၊ လိုက်ခဲ့ပါနော် .."

ခေါင် ကလည်း မရဲတရဲအပြုံးနှင့် အန်တီ့ကိုကြည့်ကာ ...

"အဲဒီလို ဖြုန်းခနဲလာခေါ်ရင် လွဲမှာပဲဆိုတာ ကျွန်တော် သိတယ်၊ ဒါကြောင့် တစ်ယောက်တည်း မလာရဲလို့ မမကို ခေါ်လာတာ .."

"ဪ ..."

ဒေါ်သက်မာ ပြုံးလိုက်ပေမယ့် အပြုံးက မပီမပြင်ရှိကာ 'တစ်ယောက်တည်းလာလည်း ရပါတယ်'ဆိုတာမျိုး မပါ ..။

ထို့ကြောင့် နောက်စကားတစ်မျိုး အကြောင်းအရာပြောင်းလိုသည့် ဆန္ဒနှင့် စကားတွေလည်း မှားကုန်သည်။ နှစ်ယောက်စလုံး လိုက်လာဖြစ်ခဲ့ခြင်းသို့ ရောက်လျက် ...

"ဟင် .. မင်းက ..."

ခြံတံခါးဝမှာ တံခါးရွက်ကြီး ဖြုတ်ကျနေတာကို ပြုပြင်နေသည့် သဏ္ဍာန် ကို မြင်သွားကာ ...

"နေပြည်တော်မှာ ကားရောင်းလိုက်တာ မင်းလား .."

အသံကြားမှ သဏ္ဍာန် လှည့်ကြည့်သည်။ ဒေါ်သက်မာ တို့နှင့်အတူ တင်းမာနေသည့် ပိုး မျက်နှာကိုပါ ဖျတ်ခနဲ လှမ်းကြည့်ကာ ...

"ဟုတ်ကဲ့"

လို့ပဲ ဖြေ၍ မျက်နှာလွှဲ၏။ ဒေါ်သက်မာ က ထိုမျှနှင့်မပြီးဘဲ သဏ္ဍာန့် ဆီးကို တိုးကပ်သွားပြီး တံခါးရွက် ဖြုတ်ချနေတာကို သေချာကြည့်သည်။





"မင်းက ကားကိုင်လိုက် .. တံခါးကိုင်လိုက်နဲ့ တော်တော် ပညာစုံပါလား ..၊ ဘာတဲ့ .."

နာမည်ခေါ်မလို့ ပြင်ပြီးမှ မေ့နေကာ အတွက် ကို ပြန်ကြည့်သည်။ အတွက် နေရခက်သွားလျက် အားလုံး၏အကြည့်တွေပါ သူ့ဆီ ရောက်လာကြ၏။

"သမီးပြောတာ နာမည် ဘယ်သူ .."

လို့ ထပ်မေးကာမှ ...

"သဏ္ဍာန် ပါ အန်တီ"

သဏ္ဍာန် ကပဲ ဖြေသည်။ ပြီးတော့ မျက်နှာပြန်လွှဲ၏။ ထိုအခါကျမှ ဒီကောင်လေးနဲ့ ဒီမိသားစု၏အခြေအနေကို ဒေါ်သက်မာ သတိရသွားသည်။

သတိရသည်နှင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် နီမြန်းတင်းမာနေသော ပိုး မျက်နှာကို လက်ပူးလက်ကြပ်မိလေသည်။

ပိုး က ပြင်ဆင်ချိန် မရလိုက်သည့်မျက်နှာကို ဖျာပျာသလဲ ပြုံးပြဖုံးကွယ်ရင်း ...

"နေပူတယ် အန်တီသက် .. သွားရအောင်လေ .."

"သွားတာပေါ့ကွယ် .. အန်တီက မေးစရာရှိလို့ပါ၊ သမီးတို့ သွားနှင့်လေ .."

ဒုတိယမ္ပိ မျက်နှာပျက်သွားပြန်ကာ သွားနှင့်ဆိုပေမယ့် ဘယ်သူမှ ရှေ့မဆက်ကြပေ ..။

"လူလေးကို မေးမလို့ ..၊ ဒီမှာ ကျန်တဲ့ အန်တီ့ကားကိစ္စတွေကို လူလေးနဲ့ပဲ ဆက်သွယ်မေးမြန်းလို့ ရမလား၊ အန်တီက ဖုန်းတွေလာတာလည်း မကြိုက်ဘူး၊ ကိုယ်က ဆက်နေတာလည်း စိတ်သိပ်မရှည်ဘူး၊ ကားအသစ်ဝယ်စီးရတာ ကောင်းပေမယ့် ဒီနေရာတွေမှာ အလုပ်သိပ်ရှုပ်တာပဲကွယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .. ကုမ္ပဏီက အားလုံးပြီးဆုံးတဲ့အထိ လုပ်ပေးမှာပါ၊ စိတ်ချရပါတယ် အန်တီ ..၊ ဖုန်း ခဏခဏဆက်ပေးနေရမှာ မဟုတ်ပါဘူး .."

"ဟဲ့ .. လူကြီးနဲ့ စကားပြောတာ ထိုင်ရာမထ ဘယ်လိုလဲ"

ပိုး က ကလေးဆူသလို ဆူသည်။ ထိုအခါကျမှ ကိုင်ထားသည့် ဝွတ်စ်ချောင်းကို ပြန်ချကာ သဏ္ဍာန် က ထရပ်လိုက်သည်။

"ကဲ .. လာပါ အန်တီရယ် .. မသိတာရှိရင် ဖုန်းဆက်ရမှာအတွက် လုပ်ပါ့မယ် ..၊ အန်တီ ခေါင်းမခဲရပါဘူး၊ မေးမနေပါနဲ့ .."

အတွက် ပဲ အသာလေးကပ်ပြောပြီး ဆွဲခေါ်ရတော့သည်။

ခေါင် ကိုယ်တိုင် လုံးဝ အသံတိတ်နေကာ သူ့မျက်ဝန်းတွေက တစ်ခုခုကိုတွေးရင်း ရှုပ်ထွေးနေတာနှင့် တူ၏။ ပိုး ကတော့ ကြိတ်မနိုင်ခဲမရ ဒေါသတွေနှင့် ခပ်ဖိဖိ အံကြိတ်နေခဲ့၏။

ဒီကောင့်ကို ဘယ်သူ တံခါးဖြုတ်ခိုင်းထားတာလဲ..၊ ဒီအချိန်ကျမှ..တောက် ..၊

သွားခေါ်မိတာကိုက ငါ့အပြစ် ..၊





အခန်း [၃၂]

လမ်းလျှောက်လာရင်း ဖြစ်ပျက်ခဲ့သည့်ပြဿနာတွေကို ပြန်တွေးနေမိသည်။ ဒီနေ့ သူ ထွက်ခွာတော့မယ့်အကြောင်း လေးလေးကို ဖွင့်ပြောခဲ့သည်။

"ဘာဖြစ်လို့လဲ သဏ္ဍာန် ..၊ မင်း ငါတို့အိမ်မှာ ဘာမကျေနပ်တာရှိလို့လဲ .."

လေးလေးမျက်နှာ ဘယ်လိုမှမယုံနိုင်သည့်ပုံ ဖြစ်သွားတော့ ဗညား ပြောခဲ့တာတွေကို သတိရမိသေး၏။ ဒီအိမ်နဲ့သူ ဘယ်လိုနေထိုင် ဖြစ်ပျက်နေတာတွေအပေါ် လေးလေး နည်းနည်းလေးမှ မရိပ်မိခဲ့ဘူးလား။

"ကျွန်တော် ဒီအသက်အရွယ်ရောက်နေမှ လေးလေးတို့အိမ်မှာ ခိုကပ်နေဖို့ မသင့်တော့ဘူး ထင်လို့ပါ"

"ခိုကပ်နေမှဖြစ်မှာမို့လို့ ငါတို့ကလည်း ခိုကပ်ခွင့်ပေးခဲ့တာပေါ့" တဲ့ ..။

လေးလေးပြောတာ မဟုတ်ပါ။ နှစ်ယောက်တည်းပြောဖို့ ခေါ်ကူးပေးမယ့် ဒေါ်နှင်းနှင်း ရောက်လာခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ယောက်ျားက နင့်ကိုပဲ အရိပ်တကြည့်ကြည့် လုပ်နေတာ ..၊ နင် ထွက်သွားတာနဲ့ ငါတို့ သာသာယာယာကျန်ခဲ့မယ် ထင်နေသလား သဏ္ဍာန်၊ ဘာလဲ .. တမင် အဲဒီလိုဖြစ်ဖို့ အကွက်ရွှေ့တာပေါ့ .."

လို့ မေးလိုက်တော့ သူပြောချင်တာတွေ ပြည့်နေပေမယ့် ပြောခွင့် မရှိသည့်စကားတွေ ဖြစ်နေခဲ့သည်။

"တော်သေးတာပေါ့ ငါ ကြားလိုက်လို့၊ နင် ဖွင့်ပြောတာကိုလည်း ကျေးဇူးတင်ရဦးမယ်၊ မပြောမဆိုနဲ့သာ ထွက်သွားလိုက်ရင် ပြဿနာတွေ အကြီးအကျယ်တက်ကျန်ခဲ့မှာ ..၊ ငါကလည်း အပြောကဆိုးဆိုးနဲ့၊ ငါ နင့်ချလို့ ထွက်သွားပါတယ်လို့ နင့်ဦးလေး စွပ်စွဲမှာ အသေအချာပဲ၊ မသွားရဘူး .. လုံးဝ မသွားရဘူး .."

ဘယ်သူ့ဘက်ကပြောမှန်း မသိသလို တကယ် မသွားစေချင်တာလား ..၊ ကြားကောင်းအောင် ပြောနေတာတွေလား ..။

သူ ထွက်သွားရင် ဒီလိုပြဿနာတွေ ဖြစ်ကျန်ရစ်နိုင်တာ တကယ်လား ..၊ တမင် ပုံကြီးချဲ့တာလား .. သူ ဘာမှ မခွဲခြားတတ်ခဲ့ပေ ..။

ဒီလောက်ထိ နေ့စဉ် အကုသိုလ်အဖြစ်ခံပြီး မေတ္တာတွေပို့ ကျိန်ဆဲနေတာ ..၊ သွားမယ်ဆိုမှ တားဆီးနေသဖြင့် တွေးလေ နားမလည်လေ..။

သူ ပလက်ဖောင်းအတိုင်း လျှောက်လာရင်း ကန်တော်ကြီးဥယျာဉ် ရှေ့ရောက်တော့ လက်ကနာရီကို ငုံ့ကြည့်မိ၏။ နာရီက ဓာတ်ခဲကုန်ပြီ ထင်သည်။ ခဏခဏ နောက်ကျနေလို့ ရွှေ့ပေးရတာတွေများပြီး ...

အချိန်မမှန်တာကို ကြည့်မနေတော့ဘဲ ဝင်ကြေးပေး၍ ဝင်းထဲကို ဝင်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဒီညနေတော့ အေးဆေးနားခွင့်ရသည်မို့ နာရီမသိလည်း ပြဿနာမရှိ ..။

ဒါပေမယ့် လူရှင်းသည့်ကုန်းမြင့်ထိပ်လေးမှာ အရိပ်ကောင်းလေး ရှိတာနှင့် သေချာထိုင်ချလိုက်ကာမှ ပြဿနာနှင့် တည့်တည့်တိုးတော့သည်။





"နင်တို့ ဘယ်လိုဖြစ်နေတာလဲ .."

"ဟောဗျာ .. ရေလေး နည်းနည်းလောက် တောင်းသောက်တာ ကွာ ..၊ တွန့်တိုလိုက်တာ .."

"ရေတောင်းတာ ဘယ်နှစ်ခါရှိပြီလဲ ..၊ တောက်!..."

"မင်းမှာ အဖော်မရှိလို့ အလိုက်တသိနဲ့ ထပ်လာပေးတာ ကျေးဇူး မတင်ဘူးလား .."

"အို .. ဘယ်လိုဖြစ်တာလဲ .."

"စကားပြောပေးမလို့လေ ..၊ ဘယ်ထပြေးမလို့လဲ .."

အတွက် တစ်ယောက်တည်း လာမိတာကိုက မှားတာပါ။ သူနဲ့ ချိန်းထားတာမို့ ဒေဝီ တို့ကိုလည်း ပြောပြထားခဲ့ပြီး ဒီလာဖို့တော့ မခေါ်ခဲ့မိပေ ..။

ဒီလူတွေ ဝါးရုံတစ်ဖက်မှာ စုဝေးနေကြတာ လှုပ်စိလှုပ်စိတွေတော့ မြင်သည်။ သောက်စားနေကြတာလို့ လုံးဝ မထင်ခဲ့ပေ။ ကိုယ်နဲ့အလှမ်း ဝေးသည့်ပြင် ခေါင် ရောက်လာမှာပဲမို့ ဂရုမစိုက်မိပေ ..။

သူမ ထရပ်လိုက်တာနှင့် နှုတ်ခမ်းမွေးစစ အသားဖြူဖြူလူက လိုက်ထရပ်သည်။ အခြေအနေ တစ်မျိုးပြောင်းသွားသည်နှင့် သူ့လူတွေပါ အနားရောက်လာကြ၏။

"ဘာဖြစ်ကြတာလဲကွ .. အေးဆေးပေါ့"

"ဒီမှာ ရေလေးတောင်းတာတောင် မရဘူး၊ ချစ်စရာကောင်းသလောက် တွန့်တိုလိုက်တာကွာ .. ကြည့်ပါဦး"

"နည်းနည်းပဲ ယူမှာမို့လား .. ဆွဲယူလိုက်ကွာ၊ ပြီးတော့ ပြန်ပေးလိုက်ပေါ့"

"အို .. မကိုင်ပါနဲ့ .."

လက်လှမ်းလိုက်တာမြင်သည်နှင့် ရှက်စိတ်မွှန်ကာ မျက်လုံးထဲမှာ ဘာမှမမြင် ..။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုင်ထားသည့်ရေသန့်ဘူးနှင့် ရှေ့ကမျက်နှာကို တအား လွှဲရိုက်ချလိုက်၏။ ရမ်းကားချင်နေတဲ့သူတွေ အကွက်ကောင်းဆိုက် သွားလျှက် ရိုက်ချလိုက်သည့်လက်ကို ဖမ်းဆွဲထားလိုက်ပြီး ...

"ဒေါသကြီးပဲကွာ .. ဟား .. ဟား .. ဟား ..."

"ဟေ့လူ .."

ပခုံးပုတ်ခေါ်လိုက်သဖြင့် ဖျတ်ခနဲလှည့်လာသည့် မျက်နှာက သတိ လက်လွှတ် ..၊ သဏ္ဌာန့် လက်သီးချက်က ထိထိမိမိဝင်သွားကာ ဘေး တိုက် ယိုင်ထွက်သွား၏။

"အံမာ .. မင်းကလား ပခုံးပုတ် ရန်စတာ .."

နှစ်ယောက်၏ဒေါသတွေက သဏ္ဌာန့် ဆီ စုပြုံလာကာ သုံး ယောက် တြိဂံပုံ ရင်ဆိုင်မိကြ၏။

"တောက် .. ခွေးသူခိုး .."

ဘေးရောက်သွားသူက သဏ္ဌာန့် ကို နောက်ကနေ ပတ်ကန်ပစ် လိုက်၏။ ခြေထောက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး ဒီဘက်က လက်သီး ချက်ကို ပွတ်ကာသီကာလေး ရှောင်လိုက်နိုင်၏။

သုံးယောက်နှင့်တစ်ယောက် ပွဲက မလှပေမယ့် ပတ်ဝန်းကျင်က လူတွေ စုပြုံရောက်လာကြ၏။ ထို့ပြင် လုံခြုံရေးဝန်ထမ်းတွေ ထပ် ရောက်လာမှ ဟိုအုပ်စုကို ထိန်းလို့ရသည်။

"ဘာတွေလဲကွာ..၊ ရုပ်ရှင်ရိုက်နေတယ်များ မှတ်နေလား မသိဘူး"

"ဟုတ်ပ .. အပန်းဖြေတဲ့နေရာမှာ လာပြီး သောက်စားထားလိုက် တာ စည်းမဲ့ကမ်းမဲ့ .."

"အချုပ်ထဲမှာ မှတ်လောက်အောင် ထားလိုက်ရမှာ .."

ဟိုလူတွေကို ဆွဲသွားတော့ သူနဲ့ အတွက် နှစ်ယောက်တည်း ကျန် ရစ်၏။ လွယ်အိတ်က တခြား၊ လူက ဗိုက်ကိုနှိပ်၍ အံကြိတ်ထားတာ မြင်လျှင် အတွက် ရှေ့တိုးသွားကာ ...





"ရှင် ဗိုက်ကို ထိသွားတာလား .."

"အင်း .. ကန်ချက်မိသွားတာ .."

နှိပ်ထားသည့်လက်ကို ဖယ်၍ သဏ္ဌာန် က ဝေဒနာကို ဟန်ဆောင် ဖုံးဖိဖို့ ကြိုးစားသည်။

"ကံကောင်းလို့ ကျွန်တော့်ကိုပါ ဆွဲမသွားတာ ..၊ ပြောပေးတာ ကျေးဇူးပဲ .."

"မဟုတ်ပါဘူး .. အတွက် က ကျေးဇူးတင်စကား ပြောရမှာပါ"

ပြော၍ အတွက် က ကျနေသည့် သူ့အိတ်ကို သွားကောက်လိုက် သည်။ ဆက်ဆံရေးသည် ဒီနေရာမှာပဲ တစ်ထိုင်တည်း ပြောင်းလဲသွားဖို့ ရှိပေမယ့် ...

"ရတယ် .. ကျွန်တော့်အိတ် ပေး .."

အိတ်ကိုကောက်၍ အတွက် သေချာ မတ်မတ်တောင်မရပ်ရသေး ပေ ..၊ သဏ္ဌာန် က သူမလက်ထဲကအိတ်ကို ဆတ်ခနဲ ဆွဲလုသွား၏။

ယူလိုက်တဲ့ပုံက ယူလိုက်တာပဲလို့ ဘယ်လိုမှ သတ်မှတ်မရနိုင် အောင် ခပ်ရိုင်းရိုင်း ဆွဲလုပစ်လိုက်တာ ဖြစ်သည်။

"ဆောရီးပါ .."

ဆောရီးပြောလိုက်တော့ ရှက်သည့်စိတ်က ပိုသွားသည်။ ဒါ သူ တမင်ရိုင်းပြလိုက်တာပဲ ..။

"ဒီမှာ ရှင့်လွယ်အိတ်ထဲမှာ ဘာတွေပါနေလို့ ဒီလောက်တောင် ဖြစ်သွားတာလဲ .."

ဒေါသအလျှောက် ခြေလှမ်းတွေက သူ့နောက်ပါသွားသည်။ လက် တစ်ဖက်က သူ့လွယ်အိတ်ကို ပြန်ဆောင့်ဆွဲလိုက်မိလျှင် ...

"ဗြဲ .."

"ဟာ!..."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



အတွက် အလန့်တကြား လက်ပြန်ရုပ်လိုက်ပေမယ့် ကြိုးတစ်ဖက်စနှင့်အတူ အိတ်နှုတ်ခမ်း ပြကျသွား၏။

ထိုအခါ ထွက်ကျလာသမျှ စာရွက်တိုင်းမှာ ..၊

"ဒါ .. .."

နှစ်ယောက်၏ခြေရင်းကို လွင့်ကျလာသည့် စာရွက်တွေပေါ်မှာ သူမ၏ ပုံတူပန်းချီတွေ ..။

ပြီးတော့ ထိုပေါ်မှာပဲ ရေးထားသည့်ကဗျာတွေကို မြင်နေရကာ ချောက်ချားသွားသည့်မျက်နှာကို ဒေါသနှင့် ဆတ်ခနဲ မော့ကြည့်မိ၏။

"ဒါတွေက ရှင့်ဆီကို ဘာလို့ ရောက်နေတာလဲ .."

သူက ငေးကြည့်နေပြီး ဘာမှပြန်မဖြေ ..။

ပြကျနေသည့်လွယ်အိတ်ကို ပန်းကဖြုတ်လိုက်ပြီး အထဲမှာ ကျန်နေသေးသည့်စာရွက်နဲ့ ပန္နည်းတချို့ကို ထွက်မကျတော့အောင် ထိုးသိပ်ထည့်နေ၏။

"ဒီမှာ .."

အတွက် ခြေတစ်လှမ်းရွေ့ကာ သူ့မျက်နှာ ခပ်ငုံ့ငုံ့ကို သေချာကပ်ကြည့်၍ ...

"သဏ္ဍာန် .. ရှင့်ကိုမေးနေတာ ဖြေလေ ..၊ ခေါင် ကျွန်မကိုပေးတဲ့ ကဗျာတွေကို ကျွန်မလက်ထဲ မရောက်ခင် ရှင် ကြားကနေ ခိုးယူနေတာပေါ့ ဟုတ်လား .."

ဆတ်ခနဲ မော့လာသည့် သဏ္ဍာန့် မျက်နှာက နီမြန်းမြန်းဖြစ်နေကာ အသားဖြူသူမို့ နားရွက်ဖျားတွေ နီနေတာကိုပါ မြင်နေရ၏။

"ဘာလဲ .. ငြင်းမလို့လား၊ ဒီမှာ လက်ပူးလက်ကြပ်မိနေတာတောင်မှ .. ရှင် ..."

"အတွက် .."

"ပြော .. ယုံအောင် ပြော .."





"ငါ့ဘဝ ဘယ်လောက်ထိ ခေါက်ထိုးမိုးမျှော် ဖြစ်နေပါစေ မိန်းကလေးတစ်ယောက်ဆီက အချစ်ကို ရဖို့အတွက် ဒီလိုနည်းနဲ့ ဘယ်တော့မှ မကြိုးစားဘူး .."

"အို .. မကိုင်နဲ့ .. အဲဒါတွေကို .."

သဏ္ဍာန် က ပြန့်ကျဲနေသည့်စာရွက်တွေကို လိုက်ကောက်သည်နှင့် အတွက် ကလည်း အမိအရ ပြန်လုယူသည်။ လက်ထဲကို အားလုံးရောက်ကာမှ နောက်ဆုတ်ရပ်လိုက်ကာ ...

"ရှင်က လုပ်လည်း လုပ်ရဲတယ်၊ ပြောလည်း ပြောရဲတယ်၊ ရှင့်လိုလူကို ကျေးဇူးတင်မိတဲ့စိတ်တွေ ဖြစ်လာမိတာတောင် ကျေးဇူးတင်ပါတယ်လို့ ပါးစပ်ကပြောမထွက်ခဲ့တာ ကျွန်မဘက်က မလွန်ဘူးပဲ .."

"ကျေးဇူးတင်မခံခဲ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ် .."

"ဘာ!..."

"ငါဟာ မင်းအတွက် ပေးဆပ်သူသက်သက်ပါ၊ ကျေးဇူးတွေ မလိုပါဘူး .."

ကြည့်စမ်း ..၊

လှည့်ထွက်သွားသည့်ခြေလှမ်းတွေက ကုန်းဆင်းမို့ ပိုမြန်နေသလားမသိ ..၊ အတွက် ဒေါသတွေနဲ့ လုံးထွေးနေတုန်းမှာ သူက အဝေးကိုရောက်သွားပြီ ဖြစ်သည်။

လက်ထဲမှာကျန်နေခဲ့တာက နှစ်ယောက်ဆွဲလွဲရင်း ခေါက်ချိုးရာတွေ ဖြစ်ကျန်ခဲ့ရသော ပန်းချီစာရွက်တွေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၃ ]

ကြင်နာချစ်ခြင်း၊
တောင့်တကင်း၍
မကြောင့်မကြ
တတိုင်းရချင်
ဇါတာ ...
သောကကင်းတဲ့ သူ ...။

"ဒေဝီ ဒီကဗျာလေးကို ကြည့်စမ်း ...၊ ဒါ သူ့ခံစားချက် မဟုတ်ဘူး၊ ရယ်နေတဲ့ အတွက် ရဲ့မျက်နှာလေးနဲ့ ကပ်ရေးထားတာ၊ အတွက် က ကြွေးကြော်နေသလိုပဲ သိလား .."

"အင်း .."

အပြစ်မမြင်
ချစ်ခင်ခြင်းနဲ့
တို့ မဆုံနိုင်ရင်တောင်
တစ်သက်တာ အမုန်းတွေနဲ့
မထားခဲ့ဘူးဆိုရင် ကျေနပ်ပါတယ် ..
မပေါင်းတဲ့နေ့ရွဲများထဲက
ကောင်းကင်ဆန်တဲ့ မိန်းကလေး ...။





"ကဗျာတွေက နိမ့်ရာကနေ မြင့်ရာကို မျှော်ကြည့် ရေးထားတာ အသိသာကြီး အတွက် ရယ် .."

"လက်ရေးချင်းလည်း အတူတူပဲ၊ နင်က ဘာကိုလက်မခံနိုင် ဖြစ်နေရတာလဲ .."

"တော်ကြစမ်းပါဟာ .."

အတွက် ခေါင်းခါ လက်ခါနှင့် ဝုန်းခနဲ ထရပ်သည်။

ပြီးတော့မှ ပတ်ဝန်းကျင်မှာ တခြားလူတွေရှိနေတာကို သတိရပြီး ပြည်းဖြည်းပြန်ထိုင်ကာ ...

"သူ့ကိုမုန်းတာတွေ ပိုတိုးသွားပြီ .."

အံကြိတ်ပြောရင်း မြင်ကွင်းတစ်ခုက စိတ်အာရုံမှာထင်လာခဲ့သည်။ သွေးစွန်းနေသောကဗျာစာရွက်နှင့် သူခိုး လူမိသွားသည့်မျက်နှာ ...။

"သူ ခိုးနေတုန်း ငါနဲ့ ပက်ပင်းတိုးတာ နင်တို့ကို ပြောဖူးသားပဲ၊ ခေါင် နဲ့ သူ တစ်အိမ်တည်းနေနေတာ ဒါတွေကို ပြန်ခိုးထားဖို့က လွယ်လွယ်လေး .."

"ခိုးပြီး သူက ဘာတွေလုပ်နေလို့လဲ အတွက် ရယ် .. ဟိုအရင်တုန်းကလို အပြုံးလေးတမြမြနဲ့ စကားရောဖောရော လုပ်တာတွေရော ရှိသေးလို့လား .."

"ဟဲ့ .. လူတွေ အမျိုးမျိုးရှိတယ်၊ နေ့ရှိသမျှ သူများကြီးပွားချမ်းသာတာကို ထိုင်ပြီး မနာလိုဖြစ်နေတဲ့သူ၊ သူများ သမီးရည်းစား လင်မယားတွေ မတည့်အောင် အမျိုးမျိုး သွေးထိုးကုန်းချောပြီး ပျော်နေကြတဲ့သူတွေ၊ အခုကျတော့ ငါလည်း မစားဘူး၊ နင်လည်း မစားနဲ့ဆိုတာမျိုး.."

ဒေဝီ နဲ့ ပန်းချီ တို့ ဘာမှမပြောသာတော့ဘဲ သက်ပြင်းကိုယ်စီချမိကြ၏။ အတွက် က ဂါဝန်အနီရဲရဲလက်ပြတ်လေးနှင့် စတော့ကင်အနီရဲလေးကို ဝတ်ထားသည်။

ဖိနပ်ကျမှ အဖြူဖွေးတ်စွတ်လေး ဖြစ်နေကာ ဘီးကုပ်အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ချစ်စရာလေး ဖြစ်၏။ သူမကိုမြင်တဲ့လူတိုင်း လာငေးသည်။ ကင်မရာ ပါလာတဲ့လူဆို ခိုးရိုက်လိုရိုက်၊ ရိုက်ပါရစေ ခွင့်တောင်းတဲ့လူက မရှား ...။

သူမလေးဟာ မာနတော့ကြီးပေမယ့် မြင့်ခေါင် ဆိုသည့်လူနဲ့ကျမှ ဘာဖြစ်လို့ ဘာတွေဖြစ်ကုန်မှန်းလည်း မသိတော့ပါ ..။

"ထိုင်နေပါ အတွက် ရယ် .. ဟိုမှာ ကန်ထောင့်ကနေ နင့်ကို ကင်မရာနဲ့ ချိန်နေပြီ .."

ဒေဝီ က လက်ကိုဆွဲလှုပ်ပြီး ပြောလိုက်တော့ ဂါဝန်စကိုသိမ်း၍ ဆောင့်ခနဲ ပြန်ထိုင်၏။

"ဘာဖြစ်လို့ ဒီလောက်တင်းနေရတာလဲ၊ တကယ်ဆို အဲဒီနေ့က နင် သူနဲ့ဆုံရတာ ခေါင် ရောက်မလာလို့ မဟုတ်ဘူးလား၊ နင် ဒုက္ခရောက်နေလို့ သူက လာကူညီရင်း .."

"တော်ပါပြီ .. အဲဒီတစ်ယောက် တော်သင့်ကောင်းမွန်တာတွေ ထပ်ပြီး ရွတ်မပြပါနဲ့ ..၊ တကတည်းမှပဲ သူတို့နဲ့ ပြေးတိုင်ပင်မိကာမှ.."

"မဟုတ်ပါဘူး .. နင်က အမြစ်ကိုမတူးဘဲ အပင်ကိုချိုင်ဖို့ပဲ ကြိုးစားနေလို့ ပြောပြတာ၊ ပန်းခြံတွေ ဥယျာဉ်တွေထဲမှာ ဒီလိုပဲ သူငယ်ချင်းအုပ်စုတွေ၊ ချစ်သူစုံတွဲတွေ သွားလာနေကြတာမှ အများကြီး၊ နင်ပုံစံလေးနဲ့ တစ်ဖွေတည်း သွားငေါင်နေမှတော့ ရမ်းကားချင်တဲ့လူက ရှောင်ပါတော့မလား .."

"ဟဲ့ .. ဟဲ့ .. စကားများမနေကြနဲ့ ..၊ ဟိုမှာ ခေါင် လာနေပြီ .."

"ဟင်!..."

အတွက် က လှည့်ကြည့်သည်။ ဒေဝီ က သူမတို့ ကိုင်ထားသည့် ပုံတူစာရွက်တွေကို သိမ်းဆည်းဖုံးဖိဖို့ လှုပ်ရှားလိုက်လျှင် ...

"နေပါစေ .. ဒီတိုင်းထားလိုက် .."

ပန်းချီ က ခေါင်းခါတားရုံမကဘဲ ပုံတွေကိုထပ်၍ အတွက် ပေါင်





ပေါ်က ဆလင်းဘက်ခ်အိတ်လေးပေါ် တင်ထားလိုက်သည်။

အတွက် ရုတ်တရက် မေးမလို့ပြင်လိုက်ပြီးမှ သဘောပေါက်သွားသည်။ ပြီးတော့ ရင်ခုန်သံတွေ မြန်လာခဲ့၏။

ဒါတွေသာ ခေါင် ဖန်တီးခဲ့တာ မဟုတ်ဘူးဆိုလျှင် ...

"ကျွတ်!..."

လက်သီးလေး ဆုပ်ထားမိလောက်အောင် ရင်တွေ ဗလောင်ဆူလာတာ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ချင်။ တစ်စုံတစ်ရာဟာ သေချာနေပြီမှန်း စိတ်က သိနေပါလျက်နှင့် ဦးနှောက်က လက်မခံနိုင် ..။

ချော့မွေ့နေသည့် ခေါင့် မျက်နှာက ကိုယ့်ရှေ့ မရောက်သေးဘဲ နီးကပ်စွာ မြင်နေရ၏။

ခေါင် ဟာ ဒီလို လိမ်လည်ဖြားယောင်တတ်သည့်လူစားမျိုး မဖြစ်စေချင်။ ဒီတိုင်းမဖြစ်ဖို့လည်း စိတ်က အထပ်ထပ်ဆုတောင်းနေမိလျှက်...

"ဟော .. ဒီတစ်ခါတော့ ချိန်းမထားဘဲ ရောက်လာတယ်နော်.."

အနားမရောက်ခင်တည်းက ပန်းချီ က လှမ်းချိတ်သည်။ ခေါင်က ဆံပင်သပ်ရင်း မျက်နှာခပ်ငုံ့ငုံ့နှင့် ...

"အဲဒီနေ့ကကိစ္စကို အတွက် မကျေနပ်မချင်း တောင်းပန်ဖို့ လာတာပါ .."

ခေါင် က အတွက် ရှေ့မှာ လာရပ်သည်။ ပေါင်ပေါ်မှာ ဒီတိုင်းဖြန့်စန့်စွာရှိနေသည့် အတွက် ရဲ့ပုံတူပန်းချီကို ကြည့်သလား၊ မကြည့်ဘူးလား မသိပေမယ့် ထူးခြားသည့်စကားသံလည်း ထွက်မလာသေး ..။

"အဲဒီနေ့ကကိစ္စဆိုတာ သေးသေးလေး မဟုတ်ဘူးနော် ကိုမြင့်ခေါင်၊ အတွက် ဘာတွေ အရှက်ကွဲလာခဲ့သလဲဆိုတာ ရှင့်ကို လုံးစေ့ပတ်စေ့ မပြောရသေးတာ .."

အတွက် ပြောပြခဲ့တာက မိန်းကလေးတစ်ယောက်တည်းမို့ ခေါင့် ယှက်ခံရသည်။ ဘေးလူတွေ ဝင်ပါကြရသည်ဆိုတာလောက်သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သဏ္ဌာန် နဲ့ပတ်သက်တာ ဘာတစ်ခုမှ မပာခဲ့သေးပေ။ ထို့ကြောင့်...

"သူက ရှင့်ကို အားကိုးနဲ့ ကျွန်မတို့ကိုတောင် ခေါ်မသွားခဲ့ဘူး"

ပန်းချီ က ပြောလေ ခေါင် မျက်နှာမထားတတ်အောင် ဖြစ်ရလေနှင့် ...

"အတွက် ရယ် .. ကိုယ် တကယ်တောင်းပန်ပါတယ်၊ မမက လည်း သူ့ကြောင့်ဖြစ်ရတဲ့အတွက် တောင်းပန်ပေးမယ်လို့ ပြောနေတာ၊ အဲဒီနေ့က ဖေဖေ မူးလဲလို့ ကုမ္ပဏီဝင်းထဲထိ ကိုယ် သွားခေါ်ခဲ့ရတာ၊ ခုချိန်ထိ လမ်းကောင်းကောင်း မလျှောက်နိုင်သေးဘူး .. တကယ်ပါ"

ဒီလိုဆိုတော့လည်း ပြောနေကြသည့်မျက်နှာတွေ ချက်ချင်းပြေကျ ကုန်ကြသည်။ အစက ဘာပြဿနာမှ ရှိမထားခဲ့ဘူးဆိုရင်တော့ ဒီကိစ္စ ဒီလောက်နဲ့ပဲ ငြိမ်းချမ်းသွားမှာ ဖြစ်၏။ သို့သော် ...

ပန်းချီ ကလည်း ဒါကို မမြင်မြင်အောင် ဂြ[illegible]ဘမို့ ပုံတွေကို အမှတ်တမဲ့ပုံစံနဲ့ တိုက်ချပစ်လိုက်၏။

"ဟဲ့ .."

"အယ်!... ဆောရီးဟာ .."

သုံးယောက်စလုံး ထိုင်နေကြတာမို့ မတ်တပ်ရပ်နေဆဲရှိသည့် ခေါင် က ကျသွားသည့်စာရွက်တွေကို လိုက်ကောက်ပေးကာ ...

"အတွက် ပုံတွေပဲ.. တော်တော်တူတယ်နော်၊ ဘယ်သူဆွဲတာလဲ.."

ရင်ထဲမှာ မီးပန်းတွေ ဖြောင်းခနဲ ဖောင်းခနဲ ပွင့်ထွက်ကုန်၏။ ဒါမှမဟုတ် မီးတောင်တစ်လုံး ပေါက်ကွဲထွက်သွားခြင်းလား ...၊

အတွက် မျက်နှာလေး သွေးဆုတ်ဖြူရော်သွားသည်။ ပန်းချီ တို့ လှည့်ကြည့်လာကြတော့ မျက်ဝန်းတွေရှေ့မှာ ကိုယ်ဟာ သေးငယ်ကျုံ့ သွားခဲ့သလိုလို ...၊

ခေါင် ကလည်း ပုံတူတွေကို ကမ်းပေးရင်း သူ့ကိုဝိုင်းကြည့်လာကြသည့်မျက်ဝန်းတွေကြောင့် ကြောင်အမ်းအမ်း ဖြစ်သွား၏။





ဘာမှန်းမသိဘဲ ပုံတူဆီ မျက်လုံးပြန်ရောက်သွားလျှင် ပုံနှင့်လွတ်သည့်ဘေးထောင့်က ကဗျာစာကြောင်းတွေကို သတိထားမိသွားသည်။

ဟင်!...

မျက်နှာတစ်ပြင်လုံး ဖျန်းခနဲ ထူပူသွား၏။ သူသိလိုက်သည့်အချိန်မှာ အတွက် က သူ့ရှေ့ မျက်နှာချင်းဆိုင်မှာ ရပ်မိနေပြီဖြစ်လျက် ...

"ခေါင် .."

"အတွက် .. ကိုယ် .."

"မလိုတော့ဘူး ခေါင် ...၊ ကျွန်မ လိုချင်တာ ဖြေရှင်းချက်တစ်ခုခု မဟုတ်ဘူး .."

"မဟုတ်ပေမယ့် ကိုယ့်မှာ ရှင်းပြခွင့်တော့ရှိရမှာပေါ့ အတွက် ရယ် .. ခုလို ကိုယ် လုပ်ခဲ့မိတာက ..."

"ရပြီ .. ကျွန်မ လိုချင်တာက ရှင် ဒါကို လုပ်ခဲ့တယ်၊ မလုပ်ခဲ့ဘူး ဒါပဲ .."

အတွက် မျက်ဝန်းထဲမှာ မျက်ရည်ရောင်တို့နှင့် တလက်လက်ဖြစ်လာ၏။ မျက်ဝန်းတို့သည် ကြေကွဲစွာ ဆုံစည်းမိကြလျက်...

"ရှင့်ကို ချစ်ပါတယ်လို့ အဖြေမပေးခဲ့မိတာ ကျွန်မ ကံကောင်းတာပေါ့ .."

"မင်းသာ ကဗျာတွေကို ချစ်မပြခဲ့ရင် ကိုယ် ဒီလိုလုပ်မိမှာ မဟုတ်ဘူး အတွက်၊ ကိုယ် မင်းအချစ်ကို လိုချင်လို့ပါ၊ မင်းဆီက အပြုံးတွေ ပြန်ရပ်သိမ်းသွားမှာစိုးလို့ ဒီလိုတွေ ဖြစ်ကုန်တာ .."

"ရှင့်ကို ကဗျာရေးနိုင်မှ ချစ်ပါ့မယ်လို့ ကျွန်မ ပြောခဲ့မိသလား"

"မင်း အဲဒီလိုသဘောတွေနဲ့ ကိုယ့်ကို မေးခွန်းတွေ မေးခဲ့တာပဲ"

"အဲဒီမှာ ရှင် ဖြေရမှာ ရက်စ် အော် နိုး ပဲ၊ ရှင် ယောက်ျားမဟုတ်ဘူးလား ခေါင်၊ ရှင့်ရပ်ရည် ရှင့်အရည်အချင်းနဲ့ မိန်းမတစ်ယောက်ရဲ့ က အချစ်ကို ဒီလိုနည်းတွေသုံးမှ ရမှာလား၊ ကျွန်မ ကဗျာတစ်ပုဒ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှုံးသွပ်နေရလောက်အောင် အစွဲအလမ်း မကြီးဘူး၊ ရှင်ကနေ ကဗျာတွေဖြစ်လာတယ်လို့ ထင်ခဲ့တာ တစ်ခုပဲ၊ အဲဒီလိုထင်ပြီး ကဗျာနဲ့ ရှင့်ကို ပူးတွဲအမှတ်ပေးခဲ့တာ၊ ခုတော့ ရှင့်အဖြေလွှာတွေက ခေါင်းစဉ်မဲ့နေတယ် ခေါင်၊ မေးခွန်းတခြား အဖြေတခြားနဲ့ ရှင့်အဖြေတွေ မှန်နေလည်း တစ်မှတ်မှ မရတော့ဘူး .."

"အတွက် မဟုတ်သေးဘူးကွာ .. ကိုယ့်ကို ရှင်းပြခွင့်တော့ပေး.."

"မလိုတော့ဘူး .. ရှင့်အဖြေတွေ မှန်ပေမယ့် အမှတ်ပေးလို့ မရဘူးလို့ ပြောပြီးပြီပဲ၊ ယောက်ျားမတန်မဲ့ လက်ဝှားနဲ့ ခြင်ရိုက်တာ ရှုံဖို့ကောင်းတယ် .."

အတွက် ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ နေရာမှ ထွက်ခွာသွား၏။ ခေါင် က အမောတကော ပြေးလိုက်၍ တောင်းပန်နေဆဲရှိလျှင် ...

"ကိုမြင့်ခေါင် ."

အတွက် ခြေလှမ်းစုံ ရပ်ပစ်လိုက်ပြီး မာဆတ်ဆတ် ခေါ်၏။

"ရှင့်ကို လူလည်ခေါင်မှာ အရုက်တကွဲဖြစ်အောင် ကျွန်မ မလုပ်ချင်ဘူး ...၊ ကိုယ့်သိက္ခာကို လေးစားပါ"

ခေါင် ဒီတိုင်း ရပ်ကျန်ခဲ့ကာမှ ပန်းချီ တို့ အတွက် ရဲ့ဘေးကို တစ်ဖက်စီ ဝင်ရပ်ခွင့် ရ၏။ ဒါပေမယ့် ဘာစကားမှမဆိုရဲဘဲ ကိုယ်စီ ပါးစပ်ပိတ်၍ အသံတိတ် လျှောက်ခဲ့ကြရင်း ...၊

ဒီနှစ် အင်္ဂါ တာစားတယ်ဆိုတာ သိကြားမင်း အတွက်များတာများလား ...၊





အခန်း | ၃၄ |

"ဟုတ်တယ် .. ငါ အတွက်မှားသွားတာ၊ လက်ရေးကို ပြန်မကူးရဘူး၊ စာမစီရဘူးဆိုကတည်းက မင်းရင်ထဲကို ငါ မြင်သင့်တာ .."

"မင်းကိုယ်မင်း မမြင်လို့ ဖြစ်ရတာ ခေါင် ..၊ ငါက ကဗျာဆရာလည်း မဟုတ်ဘူး၊ တတ်လို့ရေးနေတာလည်း မဟုတ်ဘူး၊ အဲဒါ ငါ့ခံစားချက်နဲ့ ဖူးပွင့်လာတဲ့စာသားတွေ .. အနုအရွတွေ .."

"မင်းလို အနုအရွတွေ မထွက်ပေမယ့် ငါလည်း ချစ်တတ်တယ် သဏ္ဍာန် ...၊ ရှက်စရာကြုံလာရင်လည်း ရှက်တတ်တယ်၊ တကယ်ဆို မင်း ငါ့ကို ဖွင့်ပြောခဲ့သင့်တာ .."

မျက်ရည်ဝဲနေတာလား ...၊ ရှက်စိတ်မွှန်နေတာလား မသိ ...။

နီရဲနေသည့် ခေါင့် မျက်နှာကို သဏ္ဍာန် က အေးဆေးစွာ စိုက်ကြည့်သည်။ ပြီးတော့ အေးစက်စက်မျက်ဝန်းတို့မှာ ခွေးရိပ်သမ်းလျက်...

"မင်း ရှက်နေတာလား ခေါင် .. အဟွန်း .."

အပြာရောင်မှိုးကောင်းကင်ကြီးကို မော့ကြည့်၍ ပြုံးကျူပျက်စီးနေသည့် ရင်ဘတ်ကြီးကို ဖွင့်ချင်မိသည်။ ပြီးတော့ ကလေးလို ချုံးပွဲချ၍ တရှိုက်ရှိုက် ငိုပစ်ချင်၏။ ဒါပေမယ့် သူ့အတွက် ပြောခွင့်မရှိ၊ ငိုခွင့်မရှိ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်နေတဲ့သူက မင်းခံစားခဲ့တာမဟုတ်တဲ့ ကဗျာ[illegible]တွေကို ဖေး[illegible] ခဲ့ရလားဆိုပြီး အပြစ်တင် မောင်းမဲလိုက်ရုံပါ၊ ငါကတော့ ငါချစ်နေတဲ့ မိန်းကလေးရှေ့မှာ အောက်တန်းကျတဲ့ကောင် ..၊ ကလေကချေ အညတြ ဆိုတဲ့ လက်ညှိုးထိုးခံ အောက်တန်းစား .."

"မင်း အဲဒါတွေ မပြောနဲ့ .."

"ဘာလဲ ခေါင် ..၊ မင်း ခံလ[illegible]တွေမှ ခံစားချက်လား .."

"မဟုတ်ဘူး .. မင်း သူ့ကို သဘောကျနေတာ ငါ့ကို လုံးဝ ဖွင့်မပြော ခဲ့လို့ ဒီပြဿနာတွေ ဖြစ်လာတာ .."

"ချစ်တာနဲ့ ရယူလိုခြင်းက အမြဲ အတူရှိမနေဘူး ခေါင်၊ ငါ ချစ်ခဲ့ မိတာ ငါ့ခံစားချက် ..၊ သူနဲ့ ငါ့ဘဝက ဘာမှမဆိုင်ဘူး၊ ဒီပွဲမှာ ငါက မင်းနဲ့ ပခုံးချင်းယှဉ်မတိုးဝံ့တဲ့ကောင်ပါ .."

ခေါင် ကျွတ်ခနဲ စုတ်သပ်ကာ ခေါင်းတခါခါ ဖြစ်နေခဲ့၏။

"ငါ တစ်ဖက်သတ် ရင်ခုန်သံတွေနဲ့ ယစ်မူးနေချိန်မှာ သူက ငါ့ မျက်နှာမြင်တိုင်း ပါးရိုက်ချင်လောက်အောင် မုန်းနေခဲ့တာ .."

"မင်းတို့ သိနေကြတာ ကြာပြီပေါ့ .."

"ဟုတ်တယ် .. အမုန်းဒဏ်သင့်နေခဲ့တာ ကြာပြီ .."

ပြောပြီး သဏ္ဌာန် က သူ့မျက်နှာကို ကြည့်ကာ ...

"ဒါက သုံးပွင့်ဆိုင်ပြဿနာ မဟုတ်ဘူး ခေါင် ..၊ မင်းတို့နှစ် ယောက် နားလည်မှုပြန်ရဖို့ပဲ လိုတာ .."

"မလွယ်တော့ဘူး သဏ္ဌာန် .. ဒါတွေအားလုံး သိနေကာမှ [illegible] လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဒီမှာ .. မင်း ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ .."

[illegible]

"ဟွန့် .."





သဏ္ဌာန် က ခေါင့် ကို ကျောပေးရပ်လိုက်ရင်း ကဗျာစာရွက်တွေ သွားချထားနေကျ ခြစ်ပင်ဆီ ငေး၏။ ပြီးတော့ လှည့်မကြည့်ဘဲ စကား တွေ တစ်ခွန်းချင်း ပြောနေခဲ့သည်။

"မင်းနဲ့ ပြိုင်မတိုးဝံ့ပါဘူးဆိုတဲ့ စကားကို ခဏခဏ ကြားနေချင် လို့လား .."

"သဏ္ဌာန် .. မင်း .."

"မင်း ခုလိုပြဿနာဖြစ်ရတာ ငါ့အပြစ်မကင်းဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့် ဒီလိုဖြစ်ပါစေဆိုတဲ့ မနာလိုစိတ် ငါ့မှာမရှိဘူး ခေါင်၊ ငါ့ဇီလင် ကို မိတ္တူပွားယူခွင့် မပြုနိုင်တဲ့ အတ္တတစ်ခုပဲ .."

"ဒါပေမယ့် မင်းနဲ့ ငါ ပြေးလမ်းတစ်ခုတည်းပေါ်မှာ ပြေးနေကြ တာ .."

"ငါ မပြေးပါဘူး .."

"ဟုတ်တယ် .. ဒါပေမယ့် ခြေတုနဲ့ ပန်းဝင်ခဲ့တဲ့ငါ့ကို မင်း .."

ခေါင့် အသံတွေက မသိမသာ တုန်ခါလာခဲ့လျက် ...

"လမ်းဆုံးတာနဲ့ ဒီကောင် ခြေခေါက်လဲမှာပဲဆိုပြီး မင်း တမင် ကြည့်နေခဲ့တာ .."

"ဒါပေမယ့် မင်းသဘောနဲ့မင်း ပြေးနေတာပဲ .."

"ဟား!..."

ခေါင် အသက်ရှူကျပ်သွားသည်။ ဘယ်သူမပြု မိမိအမှုပဲမို့ ပစ် မှတ်ကို ဘယ်လိုပဲချိန်ထားထား ပစ်လိုက်သမျှ မြားတွေက ကိုယ့်ဆီကို ပြန်လှည့်လာနေကြသည်။

ဒါပေမယ့် နာကျင်နေသည့်ရင်ဘတ်ထဲမှာ ပြေရာရှာမရသေး ..၊

"အဲဒါ ငါချစ်နေတဲ့ မိန်းကလေးဆိုတာလောက်တော့ မင်း ပြောခဲ့ သင့်ပါတယ်..."

လေသံသည် အဖျားသတ်မှာ ညွတ်ခွေနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ငါ့အဖြေက .."

"ခုလိုဖြစ်လာနိုင်တယ်လို့ ငါ မင်းကို သတိပေးခဲ့ပါတယ်၊ ဒါပေမယ့် ခေါင် .. သူ့ကို ငါ ချစ်ခဲ့မိတာရော .. မင်းကို ဖွင့်မပြောခဲ့တာရော.. အဲဒါတွေကို ငါ မှားပါတယ်လို့တော့ ဘယ်တော့မှ ဝန်ခံမှာမဟုတ်ဘူး"

"ဟုတ်ပါတယ် .. မင်း မမှားပါဘူး .."

"နောက်တစ်ခုရှိတာက သူ့ကို မေ့လိုက်နိုင်သည်ဖြစ်စေ .. အဆုံးအစမဲ့ ချစ်နေဦးမှာဖြစ်စေ .. ငါ့အချစ်ကို ဖွင့်ပြောဖို့ ဘယ်တော့မှ မကြိုးစားဘူး .."

"ဒါလည်း မင်း အခွင့်အရေးပဲလေ .."

သဏ္ဍာန် က ခေါင် ပြောလိုက်တာကို သဘောကျသွားသလို ခေါင်းညိတ်ရင်း ပြုံးနေ၏။ ပြီးမှ ...

"ဘာမှမရှိတဲ့ဘဝမှာ ချစ်ခွင့် မုန်းခွင့်လေးတော့ ရှိနေချင်တာ .."

ပြောပြီး မျက်နှာလွှဲ၏။

"ငါ ဒီပတ်ဝန်းကျင်နဲ့ဝေးတဲ့ တစ်နေရာကို သွားတော့မှာ ခေါင်.. သိပ်မကြာခင် တစ်ချိန်ချိန်ပေါ့ ..၊ ဒီကဗျာနဲ့ ပုံတူတွေကို သူ မေ့နိုင်တဲ့ တစ်ချိန်ချိန်မှာ မင်းတို့ အဆင်ပြေမှာပါ .."

ငြိမ်သက်နေသည့် ခေါင့် ကို သူ ကျောခိုင်းလိုက်သည်။

တစ်နေ့နေ့မှာ အဝေးဆုံးထိ ကျောခိုင်းထွက်ခွာတော့ဖို့လည်း ဆုံးဖြတ်ပြီးသား ..။

ကိုယ်နဲ့ထိုက်တန်သည့် အရုပ်မျက်နှာဟာ ..၊

ချစ်ခွင့် လွှမ်းခွင့် မရှိတဲ့ မြေ ..၊





အခန်း [၃၅]

ချိန်းခဲ့ကြတာက ကန်တော်ကြီးထဲက ရိုင်ရယ်လ်ဂါးဒင်းနိမ်မှာ ဖြစ်သည်။

စောင့်နေသည့် လူသုံးယောက်ထဲက ခပ်ဝဝ ထိပ်ပြောင်နေသော လူကြီးကုဖြခေါင်းဆောင်ဖြစ်ပုံရကာ အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ထား၏။

"ဒီလိုနေရာမှာ ချိန်းရတဲ့အတွက် ဆောရီးပါဗျာ ..၊ ကျွန်တော်တို့မှာ အချိန်သိပ်မရလို့ သိသာလွယ်တဲ့နေရာကို ချိန်းရတာပါ .."

ထိုလူကြီးကပဲ တောင်းပန်ကာ သူ့ကိုယ်သူ မိတ်ဆက်သည်။ ဦးထွန်းဝေ တို့ ထိုင်လိုက်ကြတာနှင့် စားစရာတွေလည်း အဆင်သင့် ရောက်လာ၏။

ထည်ဝါသည့်ဟိုတယ်ဟန်နှင့် မတန်လောက်အောင် လူကြီးက လိုက်လှဲပျူငှာမှု ရှိသည်။

စားပါ သောက်ပါလို့ သူကိုယ်တိုင်ပဲ ညွှန်ခံ၍ ...

"အဟမ်း .. စားသောက်ရင်းနဲ့ပဲ ဆွေးနွေးရအောင်ဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် .. ကျွန်တော်တို့ကလည်း ဒါကို အရင်သိချင်တာပါ၊ အာကာစိုး ရဲ့သားလေးကို တွေ့ချင်တယ်ဆိုတာက .. ဒီက ..."

"အဲ .. ကျွန်တော် မဟုတ်ပါဘူး .. ကျွန်တော့်သူငယ်ချင်း မင်းခန့်ပါ၊ ဒါပေမယ့် ကျွန်တော့်ကိစ္စလို့ပဲ လောလောဆယ် သတ်မှတ်ထားရအောင်ဗျာ ..၊ တကယ်တော့ မင်းခန့် က သူ့ညီလေးအတွက် ကျေးဇူးဆပ်တဲ့သဘောနဲ့ ဒီကိစ္စကို မဖြစ်မနေ စခဲ့တာ ..၊ ဟိုတုန်းက မင်းခန့်ရဲ့ညီ သော်ဇင် နဲ့ အာကာစိုး က အတွဲဆုံး အချစ်ဆုံး သူငယ်ချင်းတွေပေါ့၊ တခြားသူငယ်ချင်းတွေ ရှိကြပေမယ့် သူတို့ တစ်ယောက်နဲ့တစ်ယောက် အနစ်နာခံ ပေးဆပ်ကြတာမျိုးတော့ မဟုတ်ကြဘူးလေ .."

ဦးလှဖော် က အစချီ၍ ရှင်းပြသည်။

သော်ဇင့် အတွက် အာကာစိုး ဘယ်လောက်ထိ ပုံချ ပေးဆပ်ခဲ့သည်ဆိုတာတော့ သေချာ မပြောခဲ့ဘဲ ထိုကျေးဇူးကို ဦးမင်းခန့် က သူ့ညီကိုယ်စား ပေးဆပ်ဖို့ အသင့်ရှိနေခဲ့၏။

"တကယ်ဆို အာကာစိုး ဘဝပျက်ခဲ့ရတာ အဲဒီမကိုင်ခင်လေးမှာ သော်ဇင် နဲ့ဖြစ်ခဲ့တဲ့ ပြဿနာကြောင့်ပါ၊ ဒီပြဿနာကို ...ချယ်ချို့ ပြောပြနေလည်း စိတ်ချမ်းသာစရာမှ မရှိတာ မထူးတော့ပါဘူး၊ အခုလောလောဆယ်မှာ ကိုယ်ကျိုးစွန့်ပြီး ကူညီခဲ့တဲ့ အာကာစိုး ရဲ့သားလေးတစ်ယောက် ကျန်ရစ်ခဲ့တယ်ဆိုတာ ကြားပြီး ဒီအစီအစဉ်ကို စကြရမှာ .."

"ဒါနဲ့ရှင် မသိလို့ တစ်ခုလောက် မေးပါရစေ .."

ဦးလှဖော် က ထမင်းတစ်ဇွန်း ပါးစပ်ထဲထည့်ခါနီးမှ ပြန်ချထားလိုက်ပြီး ကြည်ဖြူစွာ ခေါင်းညိတ်၏။

"အာကာစိုး နဲ့ တွဲခဲ့တဲ့ သော်ဇင် က အခု ရှိနေသေးတာလား.. ဒါမှမဟုတ် မရှိတော့ဘူးလား၊ ပုံစံကြည့်ရတာ သူတို့ချင်းတော့ ဆိုးဖော်ဆိုးဖက်တွေ ထင်တယ်နော် .."





မိန်းမဖြစ်သူ မေးခွန်းကြောင့် ဦးထွန်းဝေ မျက်နှာပူသွားသည်။ ဦးလှဖော် ကတော့ လှုပ်ရှားမှုကင်းသည့်မျက်နှာနဲ့ပဲ ဖြစ်ကာ ...

"ဟုတ်ပါတယ် .. ဒီလိုလူမျိုးတွေက မိတ်ဆွေအပေါင်းအသင်းအတွက်ဆို အချိန်မရွေး ပေးဆပ်ဖို့ အသင့်ရှိနေကြတာမျိုး၊ မိသားစုအပေါ်မှာတော့ လူဆိုးလူမိုက်တွေပေါ့ .."

"ဟုတ်ပါ့ရှင် .. ပြောကြကြေးဆို အာကာစိုး နိပ်စက်သွားတဲ့ ဒုက္ခကို လိုမ့်ခံခဲ့ရတာက သူ့သား မဟုတ်ဘူး ..၊ ကျွန်မတို့ရယ် .."

ဒေါ်နှင်းနှင်း ပြောချင်လွန်းကာ စားလက်စကို ရပ်ပစ်လိုက်ကာ ဇွန်း ခက်ရင်းတွေကိုပါ ပန်းကန်ထဲမှာ ချထားလိုက်၏။

"နှင်း .."

ဦးထွန်းဝေ မနေသာတော့ဘဲ အသံပေးလိုက်ရပေမယ့် ဒေါ်နှင်းနှင်းက မျက်လုံးတစ်ချက် မသိမသာပြူးပြကာ ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့သလိုမျိုး ဟိုဘက်ပြန်လှည့်၏။

"သူ့အဖေဒုက္ခတင်မကဘူး သူ့သား ဒီအရွယ်အထိ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေး စောင့်ရှောက်ခဲ့ရတာရော .. နည်းတဲ့ဒုက္ခမှ မဟုတ်ဘဲ .."

"ဟုတ်မှာပါ .. ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသေးတာပဲ၊ တစ်ယောက်ဆိုးတဲ့ဒဏ်နဲ့ မိသားစု ဘဝပျက်ရတာ ကျွန်တော်တို့ ကိုယ်ချင်းစာပါတယ်၊ ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ကလည်း ဘာယက်ရှင်တော့ မဟုတ်ဘူး ခင်ဗျ ..၊ သူမှာတဲ့အတိုင်း သဏ္ဍာန်ဆိုတဲ့ လူငယ်လေးနဲ့ ပတ်သက်တာအားလုံးကို တာဝန်ယူ ဖြေရှင်းပေးသွားမှာပါ"

"အခု သူ့ကို လာခေါ်ကြတာလား .."

"မဟုတ်သေးပါဘူး .. မင်းခန့် လည်း ဂျပန်က ပြန်မရောက်သေးဘူး၊ ကျွန်တော်တို့အနေနဲ့ အပြေလည်ဆုံးအခြေအနေတစ်ခုကို ဖန်တီးပြ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုရင် ကျေးဇူးတရားဆိုတာ ဆုပ်ဖမ်းပြလို့မရတဲ့ အရာပါ၊ ဘယ်ဘာသာမှာပဲဖြစ်ဖြစ် ကျေးဇူးကန်းတဲ့အဖြစ်ကိုတော့ မပြုချင်ကြပါဘူး၊ ဆိုလိုတာက ဒါဟာ မဖြစ်မနေပေးရမယ့် ကြွေးမြီမျိုးလည်း မဟုတ်တော့ သိတတ်တဲ့လူက ကျေးဇူးဆပ်ချင်ပါတယ်ဆိုရင် သူ့အင်အားနဲ့သူ တတ်နိုင်သလောက်ကို တိုင်းထွာသွားမှာပါ၊ ရယူမယ့်သူက တိုင်းတာ သတ်မှတ်မယ်ဆိုရင် ..''

''မှန်ပါတယ် .. ကျွန်တော်တို့ဘက်က ပြောတာဆိုတာ လောကြီးသွားခဲ့တဲ့အတွက် ..''

''မဟုတ်သေးဘူး အစ်ကို ..''

ဦးထွန်းဝေ က တောင်းပန်ဖို့ကြိုးစားပေမယ့် ဒေါ်နှင်းနှင်း မျက်နှာက ကင်းနေ၏။

ဘာစကားမှလည်း ရှေ့ဆက်မခံ ...။

''အာကာစိုး ကြောင့် သူ့ဇနီးနဲ့ မိသားစုတွေ ယိမ်းယိုင်ပျက်ပြားခဲ့ရတယ်၊ အခု သူ့ခြေရာအတိုင်း နင်းလာတဲ့ သားကျတော့ ကျွန်မတို့လက်ထဲမှာလေ ...၊ ပျတ်ဆတ်ဆတ် မာကျောကျောနဲ့ အရမ်းကို ရိုင်းစိုင်းတဲ့ ကလေး .. သူ အခုလို ပညာတတ် လူတော်လူကောင်းပုံစံလေးဖြစ်လာဖို့ သူ့ဦးလေး ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲ ..''

''ဟုတ်ကဲ့ပါ .. ဒါဆိုရင် အစ်မကြီး ဖြစ်ချင်တဲ့ ဆန္ဒလေးကို တစ်ဆိတ်လောက် ပြောပြပါ ...၊ မင်းခန့် လာရင် ကျွန်တော် ပြောပြပေးပါ့မယ် ..''

ဦးထွန်းဝေ မျက်နှာ မထားတတ်အောင် ဖြစ်နေရ၏။ တစ်ဖက်က ဘာမှမဆိုင်ဘဲ သိတတ်လို့ ကျေးမွေးထောက်ပံ့မယ့်ကိစ္စ ...၊

ဒီလူတွေ စိတ်ပျက်သွားရင် ကိုယ့်တူလေး ဒီဘဝကနေ တက်ရတော့မည် မဟုတ်ပေ ...။

ကိုယ့်သွေးသားမို့ ဦးထွန်းဝေ ပူပင်နေရသလောက် ဒေါ်နှင်းနှင်း





မျက်နှာတင်းတင်းက တစ်စက်မှ ပြေလျော့မသွားခဲ့ဘဲ ...

''ပထမအချက်က ဒီကောင်လေးအကြောင်းကိုပဲ သဲသဲမဲမဲ စုံစမ်းနေတဲ့ကိစ္စပါ .. တကယ်ဆို အာကာစိုး ရဲ့သား ရှိသေးတယ်၊ သူ့ကို ဘယ်သူတွေ အုပ်ထိန်းထားသလဲဆိုတာ အရင်စုံစမ်းပြီး အုပ်ထိန်းသူတွေက ခေါ်ယူ စောင့်ရှောက်ဖို့ ပြုနိုင် မပြုနိုင် မေးသင့်တာ မဟုတ်ဘူးလား ..''

''ဟုတ်ပါတယ် .. အစ်မကြီး ပြောတာ မှန်ပါတယ်၊ ဒါဆို အခု ကျွန်တော်ကပဲ မေးပါရစေ၊ အစ်မကြီးတို့ဘက်က ခွင့်ပြုပေးနိုင်မလား.. တစ်ဆိတ်လောက် သိပါရစေ ..''

ထိုအခါကျမှ ဒေါ်နှင်းနှင်း က ဦးထွန်းဝေ ဆီ မျက်လုံးဝေ့သည်။ ကိုယ့်ရဲ့သွေးသားရင်းချာပေမယ့် ဇနီးဖြစ်သူက ခေါင်းဆောင်ပြောဆိုနေတုန်းမို့ ဦးထွန်းဝေ ဘာမှမပြောသာခဲ့ပေ ...။

ပြောသင့်တာတွေထက် သာလွန်နေတာ သိပေမယ့် ...၊

''အဲဒီလောက်ထိတော့ မလိုပါဘူး ...၊ ပြုမူပုံတွေက နည်းနည်းဘောင်ကျော်နေသလားလို့ ပြောပြတာ၊ တစ်ခုတော့ တွေးမိနေတယ်.. ဒီအသက်အရွယ်ကြီးကျမှ တာဝန်ယူမယ့်သူ ပေါ်လာမယ့်အစား ဟိုအရင် မလောက်လေးမလောက်စားအရွယ်တုန်းက ဒီလိုရှိလာခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ ..''

ခိုင်းလို့ကောင်း မောင်းလို့ကောင်းတဲ့အရွယ်ကျမှ လက်လျှိုနိုက်သွားတာ ခံရခက်နေသည်။

ပြီးတော့ ဒီမှာထိုင်ကာမှ သိလိုက်ရတာက သဏ္ဌာန် အနာဂတ်တစ်လျှောက်လုံးအတွက် တာဝန်ယူကြတော့မည်တဲ့ ...။

မန္တလေးမှာနေတဲ့ သူဌေးဆိုတာက မိုးကောင်းမှာ နာမည်ကြီး စိန်သူဌေး ...၊

တွေးရင်းနဲ့တောင် စိတ်တိုလွန်းလို့ အံကြိတ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ကိုယ့်ခြေထောက်အောက်မှာ နင်းပြားဖြစ်နေတဲ့ အချိုးမပြေတဲ့ သတ္တဝါလေး ...၊

ကိုယ့်ထက် အဆတစ်ရာမက မြင့်မားတဲ့ဘဝကို ခုန်ပျံရောက်ရှိသွားခဲ့ရင် ဘယ်လိုနေမလဲ ...၊

တစ်ယောက်နဲ့တစ်ယောက် အချီအချပြောနေရသလိုလိုနှင့် နောက်ဆုံးကျတော့ သူတို့လာရင်းကိစ္စကိုပဲ အတည်ပြု သတ်မှတ်သွားခဲ့၏။

ပြန်လာခဲ့ဟဲ့အထိ ဦးလူဖော် ဆိုတဲ့လူ ပြောသွားတာတွေကို ပြန်ကြားနေမိဆဲ ...။

"ရေ့လမကုန်ခင် တစ်ရက်ရက်မှာ ကျွန်တော်တို့ အကြောင်းကြားပါ့မယ်၊ ဒီအဖြစ်တွေရယ်.. သူ့ကိုခေါ်တဲ့ အကြောင်းရင်းမှန်ရယ်ကို လုံးဝအသိပေးမထားဖို့တော့ မေတ္တာရပ်ခံပါရစေဗျာ ...၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ကြိုးစားအားထုတ်မှုနဲ့ စာရိတ္တပိုင်းကို တဖြည်းဖြည်း နှိုက်ထုတ်လေ့လာချင်ပါတယ်၊ မင်းခန့် ဘက်က သူ့အတွက် စီစဉ်ထားတာတွေကို ထိုက်ထိုက်တန်တန် ရစေချင်လို့ပါ .."

ပြောတဲ့အချိန်မှာ ဒေါ်နှင်းနှင်း ရင်ထဲမှာ မီးတွေ လောင်မြိုက်နေပေမယ့် ဦးထွန်းဝေ မျက်နှာကြီးကတော့ ပြုံးအီနေခဲ့၏။ ထို့ပြင် အိမ်ရောက်တော့ မချင့်မရဲ ပြောသေး၏။

"ခက်တာပဲကွာ .. ကုမ္ပဏီလုပ်ငန်းရှင်များ ဖြစ်မလားဆိုပြီး ရှယ်ယာလေး ထည့်မိပါတယ်၊ ထွက်လိုက်ရတဲ့ခရီး .."

"အဲဒါ ပညာရတာပဲ အစ်ကို၊ ငွေထည့်ထားပြီး အလုပ်လုပ်နေတဲ့သူတွေ ပါးစပ်ထဲမှာပြောတဲ့အတိုင်း ခေါင်းညိတ်နေရတဲ့ဘဝမျိုးနဲ့ ဘာကောင်းလို့လဲ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် သူတို့ ဆက်သွယ်လာတဲ့အချိန်တိုင်း ငါနဲ့ တိုင်ပင်လှဲ့လှဲ့နေတယ် .."

"လှဲ့နေတာ ဘာဖြစ်လို့လဲ ..၊ အစ်ကိုက ကျွန်မကို မယုံလို့လား"





"မဟုတ်ဘူးလေကွာ .. တစ်မိမ်းတွေနဲ့ ပြောဆိုတဲ့အခါ သွေးသားရင်းချာ တစ်ယောက်တော့ ပါသင့်တာပေါ့၊ ကိုယ့်ကလေးကို မျက်နှာလွှဲခဲ့ပစ် .."

"မျက်နှာလွှဲပစ်လည်း ထိတယ်၊ ကြည့်ပြီး ပစ်လည်း ထိမှာပဲ၊ ဒီအရွယ်ကြီးကိုများ မူကြိုကျောင်းအပ်သလို လက်လေးဆွဲသွား ...၊ ကားပေါ်က ချီချ ပွဲတင် လုပ်ပေးရဦးမှာလား .."

စိတ်တိုလွန်းတော့လည်း ပြောမိသည်။

ဘာတွေဖြစ်ဖြစ် သူမကတော့ စည်းကမ်းလည်း မလိုက်နာနိုင် ...၊ ဖြစ်စဉ်ကိုလည်း ဂရုမစိုက် ...။

ဒီလမ်းကြောင်းကို သဏ္ဍာန် လုံးဝမလျှောက်နိုင်အောင် အတိအကျလုပ်ဖို့ ရှိပြီးသား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၆ ]

"ဟလို .. ပြော အချစ်လေး .."

ဖုန်းက တစ်ဖက် ..၊ ဖန်ခွက်ကို တစ်ဖက်က ကိုင်ထားရင်း မထူနိုင်အောင် လေးလံနေသည့်ခေါင်းကို မရမက ထူ၏။ အာလေးလျှာလေး မဖြစ်အောင် ထိန်းတာကိုတော့ မအောင်မြင် ..။

"ဆောရီး .. ဆောရီးကွာ .. ဒီနေ့ မလာနိုင်တော့ဘူး၊ ကိုယ် .. ကိုယ် .. နည်းနည်းမူးနေလို့ .."

"ခေါင် .."

မာကျောသည့်ခေါ်သံနှင့်အတူ ဖုန်းကို ပိုး က ဆောင့်ဆွဲယူလိုက်၏။ နောက်မှာ ဒေါ်နှင်းနှင်း ထပ်ရောက်လာကာ ...

"ကြည့်စမ်း ..၊ သင်းက ပုလင်းထောင် ခေါင်းစိုက်လို့ .."

"ခေါင်းသာစိုက်နေတာ မေမေ့သား ဖွန်ကြောင်ဖို့တော့ တတ်သေးတယ် .."

"ဟဲ့ .. ခေါင် ဒီမှာ မော့စမ်း ..၊ မင်း မအေကို မြင်ရဲ့လား .."

ဒေါ်နှင်းနှင်း က အပေါ်ယပ်ကနေ ဦးထွန်းဝေ မကြားအောင် ကြိတ်ဆွဲ ကြိတ်ခေါ်ရင်း အားမလိုအားမရ ထုလိုက်မိသေးသည်။





ပြီးတော့ ဖန်ခွက်ကို ဘေးရွှေ့လိုက်ရင်း ...

"မင်းနဲ့ အတွက် ဘာတွေ အဆင်မပြေဖြစ်နေကြတာလဲ ..၊ မနက်က ပိုး သွားတုန်းကလည်း နေမကောင်းဘူးဆိုပြီး ဆင်းမတွေ့ဘူးတဲ့၊ ဖုန်းဆက်တာတောင် မကိုင်ဘူး၊ မင်းက ဒီထဲမှာ ပုလင်းထောင်နေတယ် ဟုတ်လား ..၊ ပြောစမ်း .. ဘာတွေဖြစ်နေကြတာလဲ .."

"ဘာမှမဖြစ်ပါဘူး .. ကျွန်တော် အေးဆေးနေပါရစေ မေမေရာ..၊ မမ ကျွန်တော့်ဖန်ခွက် ပြန်ချပေး .."

"ဘာလို့ပေးရမှာလဲ ..၊ ဒီမှာ ခေါင် .."

ပိုး က ခုံဆွဲကာ ခေါင့် ဘေးမှာ ပူးကပ်ထိုင်လိုက်သည်။ ပြီးတော့ နှစ်ကိုယ်ကြားရုံ ခပ်ကြိတ်ကြိတ်လေသံနှင့် ...

"ငါတို့က မင်းကို အဖြစ်ရှိမလားလို့ ကြည့်နေတာ၊ ဒီပုံစံနဲ့ဆိုရင်တော့ ငါတို့ ဝင်ပါရတော့မယ် သိရဲ့လား .."

"ဟာမ်!... ဘာ .. ဘယ်မှာပါမှာလဲ .."

ရှောမှုန်နေတတ်သည့် မျက်နှာတစ်ပြင်လုံး နီရဲနေကာ လေးလံနေသည့်မျက်ခွံတွေအောက်မှာ မျက်ဝန်းထောင့်တွေပါ နီနေကြ၏။ ညနေခင်းရဲ့အလှအပတွေက ခေါင့် အတွက် အကျည်းတန်နေပြီလား ..။

အစ်မတစ်ယောက်ရဲ့ရင်ထဲမှာ မောင်ဖြစ်သူအတွက် ကရုဏာဒေါသတွေနှင့် ခံပြင်းနေမိ၏။

ချစ်သူတွေ ရွှေးမကုန်အောင် ပေါ်များခဲ့သည့် ခေါင် ဟာ အတွက်ကိုတော့ ဖွဲ့လမ်းခဲ့ရှာသည်။ သူမကလည်း အစကတော့ နားလည်မှုတွေ ဖလှယ်ကြတော့မလို့နဲ့ ဘာဖြစ်သွားတာလဲ ..။

"မမ .. မမ ပြောလေဗျာ ..၊ ဘာတွေဖြစ်နေတာလဲလို့ .."

"အဲဒါ နင့်ကို မေးရမှာ ခေါင် ..၊ အတွက် နဲ့ နင် ဘာဖြစ်ကြသလဲ..၊ အခု ..."

"အစကရော နရော ဘာမှမှ မဟုတ်တာ .. အေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အမလေးနော် .. တကယ့်အရက်သမားကြီး ကျနေတာပဲ၊ နောက်ထပ် နှင် တစ်ပတ်ဆယ်ရက်လောက် ဆက်သောက်ရင် နှင့်မျက်နှာ လှတာပတာလေး သွားပြီ .."

"သွားပစေဗျာ .. ဘာတွေသွားသွား .. သွားချင်တာ သွား .."

လက်တမြှောက်မြှောက်ခါလျက် ဖန်ခွက်ကို လိုက်ဆွဲသည်။ ပိုးက ဆတ်ခနဲ ကောက်၍ တစ်နေရာ ရွှေ့ထားလိုက်ကာ ...

"အတွက် က လွဲပြီး နှင် ဘယ်မိန်းကလေးနဲ့မှ ထပ်ငြိဖို့ မကြိုးစားနဲ့ ..၊ မင်း အစွမ်းအစနဲ့ အတွက် ကို မရနိုင်ဘူးဆိုရင် ငါ လုပ်ပြမယ် ကြည့်နေ .."

"ဟာဗျာ .. ဘာလုပ်ဖို့လဲ ..၊ ကိုယ့်ကို မချစ်တဲ့ မိန်းမကို .."

"ဘာလုပ်ဖို့လဲဆိုရင် မင်း အခု အရက်တွေ မှိုချနေတာကရော.."

"ဒါ အရက် မဟုတ်ဘူး .. ဘီယာ .."

"တောက်!... ဒီကောင်လေး ငါ ပါးရိုက်မိတော့မယ် .."

ဒေါ်နှင်းနှင်း က နေရာတကာမှာ လောဘကြီးတတ်သလောက် စိတ်တိုလွယ်တာလည်း သူမပဲ ဖြစ်၏။ ကိုယ့်သားလေးကို ချစ်လွန်းလို့ မချင့်မရဲ ကိုင်ပေါက်ပစ်ချင်တာလည်း ဒေါသတွေပဲ ရှေ့ကပါ၏။

"မဖြစ်ဘူး ပိုး .. ဒီကောင်လေး ဘာမဟုတ်တဲ့ မိန်းမမျိုးတွေနဲ့ ငြိကုန်လိမ့်မယ် .."

"ဘာလဲ .. မေမေတို့က .. အော် .. မေမေတို့က အတွက် ကိုတော့ တော်တော်အထင်ကြီးနေကြတယ် ဟုတ်လား .."

"ငါတို့က လေကြားရုံနဲ့ ဖမ်းပြီး တရားနာတာ မဟုတ်ဘူး ခေါင်၊ အတွက် ရဲ့အဆင့်အတန်းကို သိရဖို့ အမျိုးမျိုးကြိုးစားနေကြတာ မင်းမှ မသိဘဲ၊ ဒီခေတ်ထဲမှာ သားယောက်ျားလေး ချောချောလှလှမွေးထားတာ၊ ဖြစ်ချင်သလို [illegible] ရမှာ.."

"ဟား!... ကျွတ် .."





"မင်းနဲ့ထိုက်တန်တာ အတွက် ပဲ ..၊ အတွက် ရဲ့မိဘတွေကို သေချာမသိရသေးပေမယ့် စိန်ကုန်သည်တွေရယ် .."

"မေမေ့ .."

"ဘာတုန်း .."

"မေမေတို့ ကျွန်တော့်ကို ရောင်းစားမလို့ ကြံနေကြတာလား .."

"အဲဒီလိုဖြစ်နေရင်လည်း မင်းက နှာအုံ့ထင်နေဖို့ မလိုဘူး၊ မိဘချပေးတဲ့ ပလန်အတိုင်း အေးဆေး ဆက်လျှောက်သွားရုံပဲ .."

မေမေတို့ ဘယ်လိုပလန်မျိုးတွေ ချခင်းနေသလဲ ..၊ သူ့ကို ဘာတွေ လုပ်ဖို့ ပြောနေတာလဲ ..။

ကြားနေပေမယ့် စိတ်မဝင်စားတော့ပါ။ သူ သိနေတာက အရက် သောက်ချင်နေသည် ..၊ များများသောမှ မြန်မြန်မူးမှာမို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၇ ]

ရာသီဥတုက ကိုယ့်ဘက်ပါရုံတင်မဟုတ် .. ကံကြမ္မာ မျက်နှာသာ ပေးလာတာကိုက ကိုယ့်အတွက်ချည်းပဲ ဖြစ်နေခဲ့တာ ..၊

စိတ်ရှုပ်ထွေးသည့်အခါတွေမှာပဲ သောက်တတ်သည့် စီးကရက်ကို နှုတ်ခမ်းဖျားမှာ ဟန်ကျပန်ကျတပ်လိုက်ပြီး မှာရှိုက်နေမိသည်။

ဆိုဖာထက်မှာ ခြေချင်းချိတ်ထိုင်ကာ လက်ကောက်တွေ ဆယ့်ငါး ကွင်းလောက်ထပ်နေသည့် လက်တစ်ဖက်မှာ စီးကရက်ညှပ်ထားသည်။

လက်သုံးလောက်ရှိသည့် ရွှေပြားခတ်ဆွဲကြိုးကြီးက ရင်ညွှန့်အောက်မှာ တလွဲ့လွဲ့ ..။

မီးခိုးဖြူတို့ တလွန့်လွန့်တက်နေသည့်နောက်မှာ ဒေါ်နှင်းနှင်း ဆိုသည့်မိန်းမက အဲဒီလို ထည်ဝါခြင်းတွေ အမြဲတမ်း ခညောင်းနေရမည်။ ဒါက အမြဲတမ်းမက်ခဲ့သည့် အိပ်မက်ထဲက ဘဝ ..၊

သူမလိုချင်သောဘဝကို ရောက်အောင် ကြိုးစားခဲ့သည်။ ရောက်သည့်နေရာမှာပဲလည်း ရပ်မနေနိုင်။ ဒီ့ထက်မက များပြားသော ရွှေထည်တွေ လိုချင်သေးသည်။ စိန်တွေ ပတ္တမြားတွေ ကိုယ်မှာ သီးနေအောင် လည်း ဝတ်ချင်သေး၏။





ထို့ထက်မက သူမရဲ့ သားနဲ့သမီးဟာ ချမ်းသာတာလည်း သူများ ထက် သာရမည်၊ အောင်မြင်သည့်နေရာဘိုင်းမှာလည်း နိုင်ငံကျော်ရမည်။

အတောမသတ်နိုင်သည့် လောဘတွေနှင့် တငွေ့ငွေ့ ထုတ်လွှတ်နေ သည့်မီးခိုးတို့ကို တစ်ဝကြီး ရှိုက်ပြီး ဟူးခနဲ မှုတ်လွှတ်လိုက်၏။

သမီးက ကိုယ့်ခြေရာ နင်းခဲ့ပါလျက်နှင့် သားကျမှ ဘယ်လိုင်းနဲ့ ပူးသွားတာလဲ ..။

"မေမေ .."

ပိုး က ဆိုင်သိမ်းပြန်လာတာမို့ ဆွဲခြင်းလေးချပြီး အနားမှာဝင်ထိုင် ၏။

"ဖေဖေ့ဆီက ဖုန်းလာလား .."

"လာတာပေါ့ .."

ခပ်မဲ့မဲ့ဖြေလိုက်ပြီး စီးကရက်ကို ခွက်ထဲမှာ ထိုးချေပစ်လိုက်သည်။ ပြီးမှ ဆိုဖာမှာ ပြန်မှီ၍ လက်ချင်းချိတ်ကာ ...

"ဟိုကခေါ်တဲ့ဖုန်းလာကြောင်း ပြောပြတော့ ချက်ချင်းကျွမ်းထိုး ပြန်လာချင်တဲ့ပုံ .."

"မေမေက ဘာပြောလိုက်လဲ ..၊ တော်ကြာ ဖေဖေ သံသယဝင် သွားဦးမယ် .."

"ငါ အဲလောက် မတုံးဘူး ပိုး၊ ဟွန်း.. ရှင်ကိုယ်တိုင် စီစဉ်ကြပ်မတ် ပေးချင်ရင် ပြန်လာခဲ့လို့ ပြောပေးလိုက်တယ်၊ တကယ်ဆို ငါ အဲဒီလို မပြောရင် သူ ချက်ချင်းပြန်ခေါက်လာလို့ ရတယ် .."

"ဟုတ်တယ် .. မေမေ အရမ်းတော်တာပဲ .."

"ဟွန်း .. ကိုယ့်ယောကျ်ားအကြောင်းကို မသိဘဲ နေမလား ပိုး ရယ် .. ငါ တမင်ခေါ်လိုက်မှန်းသိတာနဲ့ သူ လုံးဝ စိတ်လျှော့သွားတာပဲ"

"ဟုတ်ပါပြီ .. ဒါနဲ့ မေမေ့အစီအစဉ်ကိုလည်း ပြောပါဦး မေမေ ရယ် .. ခုတ်ပုံလဲပို့လိုက်ဖို့ စီစဉ်တုန်းကလည်း အကြောင်းအမျိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဖြေနိုင်တာတွေ တွေးပြီး ပျက်ခဲ့တယ်၊ အခု ဟိုက သဏ္ဍာန့် ကို ဓာတ်ပုံမြင်ဖူးထားပြီးသား ..''

''အစိကက ငါ့သားမှာ မိစုံဖစုံရှိတယ်၊ ဒီလူတွေလက်ထဲ ထိုးကြိတ်ထည့်နိုင်ဖို့ မလိုပါဘူး ..''

''အင်းလေ ..''

''ဒါပေမယ့် သင်းကိုလည်း ကောင်းစားခွင့် မပေးနိုင်ဘူး ..''

''ဟုတ်တယ်လေ .. အဲဒါကြောင့် မေမေ ဘယ်လိုစီစဉ်ထားသလဲ သမီး မေးနေတာ ..''

''မသိချင်နဲ့ဦး ပိုး .. ဒါက အရေးကြီးတယ်၊ ဒီကောင့်ကို ငါ ဘယ်လောက်မုန်းသလဲဆိုရင် ဒီကိစ္စပေါ်သွားတာနဲ့ ညည်းအဖေနဲ့ ငါ လင်မယားကွဲသွားနိုင်တယ် ..''

''အဲ့လောက်တောင် ..''

''ဟုတ်တယ် .. ဒါကြောင့် ငါ့ရဲ့အမုန်းတွေကို သက်သေထူခဲ့နိုင်တာ အမြတ်ပဲလို့တွက်ပြီး ဒီလိုလုပ်ဖို့ ဆုံးဖြတ်ခဲ့တာ ..၊ ဒီကောင် ဟိုလူတွေနဲ့ မတွေ့ရဘူး၊ ငါ လုံးဝ ပေးမတွေ့နိုင်ဘူး ..''

ဒေါ်နှင်းနှင်း အံကြိတ် လက်သီးဆုပ်၍ ကြိမ်းဝါးသည်။

''နှယ်နီထွန်း .. နင့်သား ငါ့လက်ထဲကိုရောက်လာတာ အရှမ်းကိုက်ဆိုးသွားပြီ၊ အဲဒါ မကြာခင် သိရတော့မယ် ..''

ပိုး ဘာမှမသိသေးပေမယ့် မေမေ့စိတ်ကူးတွေ အရင်ထက် အဆများစွာ ပြင်းထန်နေတာကိုတော့ အကဲခတ်မိနေသည်။

သဏ္ဍာန် ဆိုတဲ့သတ္တဝါ ဘာတွေဖြစ်သွားနိုင်လဲဆိုတာ မသိ ..။





## အခန်း [ ၃၈ ]

စားကောင်းသောက်ဖွယ်တွေကို မျိုချနေရပေမယ့် ထူးဆန်းနေတာကို တွေးရင်း အရသာကိုတောင် မခံစားမိတော့ပါ ..။

သူ့အပေါ်မှာ ဘယ်တုန်းကမှ သဒ္ဓါကြည်ဖြူမရှိခဲ့သော ဒေါ်နှင်းနှင်း ကိုယ်တိုင် စားစရာတွေ ယူလာပေးသည်။ ခရီးဝေးသွားရမှာမို့လို့ ကျက်ဝအောင် စား၊ တစ်ရေးလောက် ဝဝအိပ်လိုက်ဦး ဆိုတာတွေ ပြောသွားတာ ပြုံးလို့ .. ရွှင်လို့ ..။

ခါတိုင်း သူ ထမင်းစားနေပြီဆို မမပိုး ဝင်လာလိုက်၊ အန်တီ ဝင်လာလိုက်နှင့် ဝါးနေမိတာတွေကို မျိုချမရတော့အောင် အမျိုးမျိုး စောင်းမြောင်း ပြောဆိုနေကျ ..။

ဒီနေ့ ထမင်းစားခန်းထဲမှာ သူတစ်ယောက်တည်း ..၊

ပြီးတော့ စားပွဲတစ်လုံးပြည့်အောင် တည်ခင်းပေးထားသည့် စားစရာတွေက အကောင်းဆုံးတွေချည်းဖြစ်ကာ လူငါးယောက်လောက် စားလို့ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဏ္ဍာန် ရော့.. နင့်ဦးလေးဆီက ဖုန်းလာတယ်၊ အပိုတွေပြော မနေနဲ့နော် ..၊ သူခိုင်းတဲ့အတိုင်း ခုပဲသွားမှာပါလို့ ကောင်းကောင်း ပြော.."

ဒေါ်နှင်းနှင်း က ထမင်းစားခန်းထဲ ဝင်လာပြီး သူ့ဖုန်း လာပေး၏။

"သဏ္ဍာန် .. မင်း နောက်မကျစေနဲ့နော် .. ဟိုက လာကြိုမယ့်လူ တွေနဲ့ လွဲမှာစိုးလို့ .."

"ဗျာ!..."

သဏ္ဍာန့် မျက်လုံးတွေ ဒေါ်နှင်းနှင်း ဆီ ရောက်သွားသည်။

ဒေါ်နှင်းနှင်း က လက်ပိုက်လျက် ခေါင်းညိတ်လိုက်ဖို့ လက်ခါပြ နေသဖြင့် သူ မျက်မှောင်ကုတ်သွား၏။

လမ်းမှာ သူမ လူကြုံပါးမည့်ပစ္စည်းတစ်ခု ဝင်ပေးပေးဖို့ ခုနက ဒေါ်နှင်းနှင်း ပြောထားသည်။ လေးလေးက အချိန်အတိအကျသွားဖို့ ပြောနေ၏။

"ဟော့ .. သဏ္ဍာန် .. လေးလေးပြောတာ ကြားရဲ့လား .."

"ကဲ .. အစ်ကိုရယ် .. သူ ထမင်းစားနေတယ်လေ၊ ဘာလဲ - ကျွန်မ ပြောပြနေတာကို အားမရနိုင်ဘူးလား .."

ဒေါ်နှင်းနှင်း က သဏ္ဍာန့် လက်ထဲကဖုန်းကို ဆွဲယူသွားတာ ဖြ ကာ အပြင် ပြန်ထွက်သွား၏။ ထိုအခါကျမှ လေးလေး မသိအော နိုင်းချင်တာရှိနေလို့ ဒေါ်နှင်းနှင်း ပုံစံပြောင်းနေတာပဲဆိုတာ သူ နားလည် သွားသည်။

ဒါပေမယ့် လေးလေးကို ဒီလောက် ကြောက်ရွံ့နေရတာလည်း မဟုတ်ပါ။ ထူးခြားနေတာကိုတွေးရင်း ထမင်းစားနေရတာ ဘာမှ တောင် မသိတော့ပေ ..။

ထို့ကြောင့် လက်ဆေးပြီး အားလုံးကို နေရာတကျ သိမ်းဆည်းထ ထွက်လာခဲ့၏။





"စားတာ မြန်လှချေလား .."

ဒေါ်နှင်းနှင်း က ဖုန်းတစ်လုံးကိုင်လျက် မျက်နှာအမူအရာတွေက တော့ ပါးစပ်ကစကားလုံးတွေနဲ့ တခြားစီ ..။

"ကဲ .. ပြောထားတဲ့အတိုင်း အိပ်ရေးဝဝ အိပ် ..၊ ညနေ သုံးနာရီထိုး တာနဲ့ သွားတော့ .."

"ကျွန်တော် မအိပ်တော့ပါဘူး .."

"ဟဲ့ .. တစ်ညလုံး ကားစီးရမှာနော် .."

"ရပါတယ် .. ကျွန်တော် အိပ်ရေး ဒီလောက်မမက်ပါဘူး"

"ပြီးရောလေ .."

သဏ္ဍာန့် မျက်နှာကနေ ခြေထောက်တွေထိ ဝေ့ခနဲကြည့်ပြီးမှ ဒေါ်နှင်းနှင်း က မျက်နှာလွှဲသည်။ ပြီးတော့ ...

"အေးလေ .. ပဲခူးမှာ ဝင်နားရဦးမှာပဲ .."

ပြောပြီး ပြုံးလိုက်သေးသည်။ ပြီးမှ ဒီဘက်ပြန်လှည့်ကာ ...

"ငါပေးခိုင်းတဲ့ပစ္စည်းက အရေးကြီးတယ်နော် ..၊ ဦးတိုးအောင် ဆိုတဲ့လူကိုတွေ့မှ ပေးရမှာ၊ အကယ်၍ လူချင်းလွဲနေရင်လည်း မတွေ့ ချင်း စောင့် ..၊ မန္တလေးဆက်သွားဖို့က နင့်ဦးလေး ပူနေသလို ပူဖို့ ခလိုဘူး၊ အဓိကက ငါခိုင်းတာ ပြီးစီးဖို့ပဲ နားလည်တယ်နော် .."

"ဟုတ်ကဲ့ပါ .."

"ညနေထွက်ခါနီးရင် ပစ္စည်း ငါ့ဆီ လာယူ .."

ပြောပြီးတော့ သဏ္ဍာန့် မျက်နှာ မကောင်းတာကို အကဲခတ်ကာ...

"နင့်ကို မှောင်ခိုပစ္စည်း ပို့ခိုင်းမှာမဟုတ်ဘူး ..၊ မျက်နှာက ဘာဖြစ် နေတာလဲ .."

"မဟုတ်ပါဘူး၊ ကျွန်တော် ဦးလေးကို ပြောစရာရှိလို့ပါ"

"ဘာလဲ .. မင်း ဒီကနေထွက်သွားချင်တဲ့အကြောင်းပဲလား .."

ဒေါ်နှင်းနှင်း နဲ့ မျက်လုံးချင်းဆုံတော့ ဝေခွဲရခက်သော မဲ့ပြုံးဖို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေကတော့ အေးစက်နေခဲ့လေသည်။

အတန်ကြာ မျက်လုံးချင်းဆုံနေပြီးမှ မြင်နေကျမျက်နှာမျိုး ပြန်ဖြစ်လာကာ ...

"မင်းကို ငါ သွားခွင့်မပြုနိုင်ဘူး သဏ္ဍာန်၊ ဒီအိမ်မှာ ငါ့ခွင့်ပြုချက်မရဘဲ ဘာမှ ပြုပြင်ပြောင်းလဲခွင့် မရှိဘူး၊ အေး .. မင်း ရောက်လာခဲ့တဲ့အဖြစ်က ခွင်းချက်ပေါ့၊ ဒါပေမယ့် ဝင်ချင်တိုင်းဝင်လာလို့ ရခဲ့လည်း ထွက်သွားချင်တိုင်း ထွက်သွားလို့ မရဘူး"

သဏ္ဍာန် ဒေါ်နှင်းနှင်း မျက်နှာကို တည်ငြိမ်စွာ ပြန်ကြည့်နေ၏။ ပြီးမှ ...

"ကျွန်တော်က လေးလေးရှေ့မှာမို့ မကောင်းတတ်လို့ တားနေတယ်ပဲ ထင်တာ .."

"ဟွန်း... မင်းက အလာကြီးပဲ သဏ္ဍာန်..၊ ဒါပေမယ့် ငါ့အကြောင်း သိပ်မသိသေးတာတော့ စိတ်မကောင်းစရာပဲ၊ နှင်းနှင်း ဆိုတဲ့ မိန်းမက မုန်တိုင်းကြီးနေတုန်းမှာ မွေးခဲ့တာ၊ ဒါကြောင့် ငါ့စိတ် ကြမ်းတမ်းမှာစိုးလို့ နှင်းနှင်း လို့ နာမည်မှည့်ခဲ့တာတဲ့၊ ဒါပေမယ့် ငါကလည်း မုန်တိုင်းရဲ့ သဘောကို သိပ်ကြိုက်တာ၊ ခဏလေး ဒေါသကြီးလိုက်တာနဲ့ အားလုံး ပျက်စီး ပြိုလဲကုန်တာကိုလေ .."

ဒေါ်နှင်းနှင်း က လက်ပိုက်ထားရင်း အားပါးတရ ကြွေးကြော်နေသည်။ သဏ္ဍာန် ကလည်း ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေလိုက်၏။ ဒေါ်နှင်းနှင်း မျက်နှာက ကြည့်နေရင်း ရင့်ရော်ကြမ်းတမ်းလာသလိုလို..

"ငါလိုမိန်းမက ပြားပြားဝပ် ကြောက်နေရမယ့်ယောကျ်ားကို ဘုရား ထူးနေပါ့မလား .."

ဒေါ်နှင်းနှင်း စကားမဆုံးသေးဘဲ အံတစ်ချက် ကြိတ်သည်။ ပြောနေရင်းနဲ့ စကားတွေ ကျုံကုန်လျှင် ကိုယ့်အကြံ အောင်မြင်ခါနီးကျမှ အားလုံး ပျက်စီးကုန်လိမ့်မည်။





"ငါချစ်တဲ့ယောကျ်ားကို ယူထားတာ ကြောက်ရွံ့ကိုးကွယ်ဖို့ မဟုတ်ဘူး .."

ကိုယ့်စကားကို လက်စသတ်လိုက်ရ၏။ စိုက်ကြည့်နေသည့် သဏ္ဍာန့် မျက်လုံးတွေက သူ့စကားအမှားကို အငိုက်ဖမ်း၍ ဖော်ထုတ်ဖို့ ကြိုးစားနေတာနှင့်တူကာ ...

"ကျွန်တော် တစ်ခုလောက် မေးလို့ ရမလား .."

ဒေါ်နှင်းနှင်း မျက်မှောင်ကုတ်သွားပြီး ဘာမှပြန်မပြောပေ ..။

သဏ္ဍာန် က ဆက်၍ ...

"ကျွန်တော့်ကို ခိုင်းမှဖြစ်မယ့် ကျွန်တော်နဲ့တန်တဲ့ အလုပ်တစ်ခုခု များ ခိုင်းဖို့ ရှိနေတာလား .."

"ဘာ!..."

"လေးလေး သိသင့်တာဖြစ်ဖြစ် .. မသိသင့်တာဖြစ်ဖြစ် ဒါကိုလုပ်ပြီးမှ သွားလို့ရမှာဆိုရင် ကျွန်တော် အန်တီ့အတွက် လုပ်ပေးခဲ့ပါ့မယ်"

"ဩော် .. ဩော် .. သွားကို သွားချင်တာပေါ့ .."

"ကျွန်တော် ဒီလိုဆုံးဖြတ်လိုက်တုန်းက အန်တီလည်း သဘောကျမှာပဲလို့ ထင်ခဲ့တာ .."

"ဟား .. ဟား .. ဟား .. ခုတော့ ငါက မကြိုက်ဘူးဖြစ်နေတာ မင်း အံ့သြနေပုံရတယ် .."

"မအံ့သြပါဘူး .. ကျွန်တော်နဲ့ အသုံးတည့်မယ့် ခိုင်းစရာတစ်ခုခု ဒါမှမဟုတ် တစ်ခုမက ရှိနေလို့ပဲဆိုတာ တွေးမိပါတယ် .."

"သိပ်မှန်တာပေါ့ .. ဒါပေမယ့် ခိုင်းဖို့တော့ မဟုတ်ဘူး၊ ဘာလဲဆိုတာ မင်း မကြာခင် သိလာမှာပါ၊ မင်းဦးလေးရော .. အားလုံးကရော မင်းကို မသိစေချင်သလို ငါကလည်း ဆယ်သူ့မှ ပြောမှာမဟုတ်ဘူး၊ မင်းကိုလည်း ပြောလို့မဖြစ်သေးဘူး၊ ဒါပေမယ့် မင်း မကြာခင်သိရတော့မှာ .."



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်နေသည့် မျက်လုံးတွေရယ် ..၊ ပိုင်နိုင်သည့်မဲ့ပြုံးရယ်..၊

သူ ပြန်ကြည့်နေခဲ့ပေမယ့် ဘယ်လိုအဓိပ္ပာယ်ဆိုတာ ဖော်လို့မရဘဲ ဖြစ်နေခဲ့၏။ ဘာပဲဖြစ်ဖြစ် သူ ဒီကသွားဖို့ ဆုံးဖြတ်ပြီးပြီ ..။

သွားတော့မယ့်အကြောင်းလည်း ပြောပြီးပြီမို့ ဒီအလုပ်ပြီးတာနှင့် ခွင့်ပြုချက်မယူတော့ဘဲ ထွက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

ဒေါ်နှင်းနှင်း ကလည်း အံ့ဖွဲ့ရှုပ်ထွေးနေသည့် သဏ္ဍာန့် မျက်နှာကို မသိမသာ အကဲခတ်ရင်း ...

"သိပ်ကိုသွားချင်နေသလား သဏ္ဍာန် .. သွားရတော့မှာ စိတ်ချနေ၊ မင်း ဒီအိမ်ကို နောက်ထပ် ဘယ်တော့မှ ပြန်လာခွင့်မရှိတော့ဘူးဆိုတာ ငါ မပြောလိုက်ပေမယ့် မင်း သိသွားမှာပါ"

ရင်ထဲမှာ စကားတွေ ကိုယ်စီပြောနေကြပေမယ့် အသံအားဖြင့် တိတ်ဆိတ်နေခဲ့လျက် ..၊





အခန်း [ ၃၉ ]

"ကားယူသွား .."

"ဗျာ!..."

"အခုပြင်နေတဲ့ကား မင်းပြောတော့ စီးလို့ရပြီဆို .."

"လေးဖလေးက ကားနဲ့မသွားခိုင်းဘူး .."

"ယူသွားစမ်းပါ .. တော်ကြာ ငါခိုင်းလို့ ခရီးဖင့်တာဖြစ်လာရင် အပြောမခံချင်ဘူး .."

ပြောခဲ့တုန်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတာကို မေ့သွားပြီလား ..၊ ဒါပေမယ့် သဏ္ဍာန် ခေါင်းညိတ်လိုက်သည်။

"အခု နင့်ကို ငါ တစ်နာရီစောပြီးလွှတ်တာ ဟိုကို အချိန်မီရောက်အောင် သွားဖို့ ..၊ ငါ့ကိစ္စပြီးမှ ကားထားခဲ့ပြီး မန္တလေးကို ဆက်သွား"

"ကားကို ဘယ်မှာထားခဲ့ရမှာလဲ အန်တီ .."

"ပစ္စည်းပို့ရမယ့်အိမ်မှာလေ ..၊ အဲဒါ ငါ့ဆွေမျိုးအရင်းကြီး၊ ဒီကို သူလာရင် ပြန်စီးလာလိမ့်မယ် .."

"ဟုတ်ကဲ့ပါ .."

"ရော့ .. အခု သွားတော့ .."



www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်စာအိတ်တစ်လုံးနှင့် ကားသော့ကို သဏ္ဍာန့် လက်ထဲ ထည့်ကာ ...

"ဒါက စာတစ်စောင်ပဲ ..၊ စိတ်ဖြောင့်လက်ဖြောင့် ယူသွား .."

"မန္တလေးကိုရောက်ရင် ကျွန်တော်က .."

လေးလေး ပြောတော့ စာတစ်စောင်ရေးပေးလိုက်ဦးမည်တဲ့ ..၊ လေးလေး မရှိပေမယ့် အန်တီကိုတော့ မှာထားခဲ့မှာပဲ ဖြစ်သည်။ ခုတော့ အန်တီ ပေးတဲ့စာက သပ်သပ် ..။

သူက ဟိုလူတွေ လာကြိုလိမ့်မယ်ဆိုတာ တစ်ခုတည်းနဲ့ ဘုမသိ ဘမသိ ဘယ်လိုသွားရမလဲ ..။

"ကျွန်တော်က မန္တလေးကလူတွေနဲ့ ဘယ်လိုတွေ့ရမှာလဲ ..၊ ဘာတွေပြောပေးရမှာလဲ .."

"မင်းဦးလေးကရော အဲဒါတွေ ပြောပြခဲ့လို့လား .."

သူ ခေါင်းခါလိုက်တော့ ဒေါ်နှင်းနှင်း က ခေါင်းညိတ်၏။

"ဟုတ်တယ် .. မလိုလို့ မပြောတာ၊ မင်းက မသိပေမယ့် သူတို့က မင်းကို သိတယ် .. သူတို့နဲ့တွေ့ရင် မင်းကို ဘာလုပ်ဖို့လွှတ်လိုက်တယ် ဆိုတာလည်း မင်း နားလည်သွားလိမ့်မယ် .."

ဘာတွေလဲ ..၊ ဒီလိုနည်းနဲ့သွားရမယ့်လမ်းကို ဘာဖြစ်လို့ သူ့ကိုမှ လွှတ်ရတာလဲ ..။

"သဏ္ဍာန် .. မင်းက အားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်ဖြစ်ပြီးတော့ ဘာလဲ.. မင်းကိုရောင်းစားမယ်များ ထင်လို့လား.."

သူ ပြီးဆုံးအောင်တောင် မတွေးလိုက်ရပေ။ ဒေါ်နှင်းနှင်း ခနိုးခနဲ့ စကားက ချက်ချင်းဝင်လာ၏။

"မဟုတ်ပါဘူး၊ ဒါပေမယ့် ..."

"မဟုတ်ရင် သွားတော့ .."

"ကား နည်းနည်းစစ်ရဦးမှာ အန်တီ .."





"မင်း တစ်နေ့ တစ်နေ့ ဒီဂျစ်ကားစုတ်ကိုပဲ ပြုစုနေတာ၊ အိမ်က ခိုင်းစရာရှိတာတောင် မင်းအရိပ်ကိုပဲ ကြည့်နေရတာပါရော၊ ခုလည်း ကြည့်ရဦးမယ် ဟုတ်လား .."

သဏ္ဍာန် စိတ်ပျက်စွာ သက်ပြင်းချမိသည်။ ဒါပေမယ့် ပဲခူးထိပဲ မောင်းသွားရမှာဆိုတော့ ဖြစ်နိုင်လောက်သည်လို့ တွက်လိုက်ကာ ...

"ဟုတ်ကဲ့ပါ .."

သူ ထွက်သွားတာနှင့် ဒေါ်နှင်းနှင်း နားကို ပိုး ရောက်လာ၏။

"မေမေ ကားက ခရီးဝေးသွားလို့ရပါ့မလား ..၊ ဟိုးအရင်ကတည်းက ထိုးထားတဲ့ကား၊ သူ ဆွဲထုတ်လို့မောင်းလို့ ရနေတဲ့ဟာ .."

"ကားပဲပျက်ပျက် လူပဲပျက်ပျက် ပူမနေနဲ့၊ တစ်ခါတည်း သင်္ဂြိုဟ်ပြီးသားဖြစ်သွားရင်တောင် ငါ အာမှ မနာခြောဘူး .."

ပြုံးနေသည့် ဒေါ်နှင်းနှင်း နှုတ်ခမ်းတွေကို ကြည့်၍ ပိုး စိတ်ထဲမှာ ထင့်သွားသည်။

"မေမေ .. မေမေ ဘာတွေလုပ်နေတာလဲ .."

"ဟဲ့ .. ဘယ်လိုဖြစ်နေတာလဲ ..၊ ဖယ်စမ်း .."

ဒေါ်နှင်းနှင်း က ဖုန်းပြောဖို့ပြင်နေကာမှ ပိုး က ဖျတ်ခနဲ ဆွဲလိုက်သဖြင့် စိတ်တိုသွား၏။

"ငါ့ဟာငါ ဘာလုပ်လုပ် အသာနေစမ်း ..၊ ပြူးပြူးပြဲပြဲ လာမလုပ်နဲ့ .."

ဖုန်းကိုင်၍ ခြံထဲဆင်းထွက်ခဲ့ရင်း ခြေလှမ်းတွေကပါ ဒေါပါနေလျက် ...

"ဟဲ့ .. ဘယ်လိုဖြစ်နေတာလဲ၊ ဖုန်းခေါ်နေတာ ကြာပြီ .."

"... ... ..."

"သူ အခုထွက်လာပြီ .. ခုကစပြီး နင် အဲဒီအိမ်ကနေ လုံးဝ တစ်ပေါ်ါ်း မှမခွာဘဲ စောင့်နေ .. လုံးဝ အတိမ်းအစောင်းခံလို့ မရဘူးနော် .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"မြင်ဖူးဖို့မှ မလိုတာ..၊ နင့်ကို ငါ အားလုံး သေချာကွက်တိ စီစဉ်ပေးပြီးပြီ .."

"... ... ..."

"အေး .. နင့်ကိုယ်နင်သိရင် ပြီးတာပဲ၊ အိမ်ကိုမလာရဲတာ ဆယ်နှစ်ကျော် ဆယ့်ငါးနှစ်ရှိနေပြီ၊ နင် ကိုယ့်အစ်မကို မြင်ရင်တောင် မှတ်မိမှာ မဟုတ်ဘူး"

"... ... ..."

"အဲဒါတွေ ပြောမနေနဲ့တော့ ..၊ ဒီမှာ .. ဟဲ့ .. လေယာဉ်လက်မှတ်ကို အလွယ်တကူတော့ ရမှာ မဟုတ်ဘူးနော် ..၊ ငါ ပြောတဲ့အတိုင်းလုပ် ..၊ အောင်မြင်မှ ငါ့ဆီကို ပို့စရာရှိတာပို့၊ လေယာဉ်လက်မှတ်ယူပြီး လစ်တော့ .."

"... ... ..."

"ဟုတ်တယ် .. ဒါပဲ .."

ဖုန်းပိတ်လိုက်ပြီး ချာခနဲပြန်လှည့်လိုက်လျှင် နောက်မှာရပ်နေသည့် ပိုး နဲ့ မျက်နှာချင်းဆိုင်မိသွား၏။ ပိုး သည် နှုတ်ခမ်းအစုံပွင့်ဟနေကာ...

"မေမေ .."

"ဘာမှ လာမမေးနဲ့ .."

ဒါဟာ သံချိုပုန္နာတစ်ပုဒ် မဟုတ်ပေမယ့် အဖြေက ထွက်နေပြီဖြစ်လျက် ..၊





## အခန်း [ ၄၀ ]

"တီ .."

ရှေ့မှာလာပိတ်ရပ်သည့် တက္ကစီကြောင့် ဟွန်းတီးလိုက်မိသည်။ ဘေးက ကပ်ရှောင်သွားစရာ လမ်းကလည်း ကျဉ်းနေသည်။ လမ်းလည်ခေါင်မှာ ဒီကား ဘာလုပ်တာလဲ ..။

"တီ .. တီ .."

သူ ဟွန်းထပ်တီးလိုက်စဉ် ကားထဲက ထွက်လာသူကြောင့် အံ့သြသွား၏။

"ခေါင် .."

ခေါင် က သူ့ကို လက်တစ်ဖက်ထောင်ပြပြီး ဆက်လျှောက်လာ၏။ ဖြူဝင်းချောမွေ့နေသည့် မျက်နှာတစ်ပြင်လုံးက အိပ်မှုန်စုံမွှားပုံစံနှင့် နီမြန်းမြန်း မို့အစ်နေသည်။

ပြီးတော့ အိမ်နေရင်း အင်္ကျီပွပွကြီးကို ဘောင်းဘီခါးပတ်ထဲ ထည့်ထားပုံက ဖြစ်ကတတ်ဆန်းနိုင်ကာ အံ့သြလောက်အောင် ပြောင်းလဲသွားသည့်ပုံစံနှင့် ...

"ခေါင် .. မင်း ဘယ်သွားမလို့လဲ .."

"မင်းနဲ့လိုက်မလို့ .."

"ငါက မန္တလေး သွားမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးထိပဲဆို .."

"ကိစ္စရှိလို့ ခဏပဲဝင်မှာ .."

"ဒါဆိုလည်း ပဲခူးထိကွာ .."

ပြောပြီးတာနဲ့ အနားမှာထိုင်ချလိုက်ပြီးသား ဖြစ်သွား၏။ ပြီးတော့ ဘောင်းဘီအိတ်ထဲကိုနှိုက်လျှင် ဖြစ်သလို ထိုးထည့်ထားပုံရသည့် ပိုက်ဆံအထပ်က ဖရိုဖရဲ ပါလာ၏။

"ငါက မင်းကို မေမေ ခိုင်းပြန်ပြီဆိုတော့ ပြည်ကိုလွှတ်လိုက်တုန်းကလို ဒုက္ခပေးပြန်ပြီလို့ထင်တာ၊ အဲဒါကြောင့် ငါ ဆွဲကြိုးကို ဖျော်ခဲ့တယ်"

"ဟား!..."

"ဘာ ဟား..တာလဲ ..၊ လုံးဝ ရှောခ်မရှိဘူး၊ မောင်းမှာသာ မောင်းပါကွာ .. ကြာတယ် .."

သူ မောင်းခိုင်းပေမယ့် သဏ္ဍာန် က ခေါင်းခါနေလျက် ...

"ငါလည်း တစ်ခါခံထားဖူးတာကို မှတ်ထားတယ် ခေါင်၊ နေပြည်တော်မှာ ငါ ရှာလာတဲ့ပိုက်ဆံ ရှိသေးတယ်၊ ဒါပေမယ့် အခုက လေးလေးနှိုင်းတဲ့ကိစ္စ .. မင်း လိုက်လို့လည်း မရဘူး .."

ကိုယ့်ဦးလေးကို သူ နားလည်ဖို့ပဲ ကြိုးစားထားတာပါ။ ဒါကြောင့် ကိုယ့်ကို 'မကောင်း ကျောင်းပို့' လုပ်တာမျိုးလားလို့လည်း မတွေးချင်...။

ဒါမှမဟုတ် မဲဇာအပို့ခံရတာမျိုးလို့ ဆိုနိုင်သလား ...။

ဘာအတွက် ထွက်လာရမှန်း မသိသော်လည်း အပို့ခံလိုက်ရတာမှန်းတော့ သူ နားလည်နေသည်။ ဘာဖြစ်ဖြစ် လေးလေးကို သူ စိတ်မဆိုးပါ ...။

ဖနီးနဲ့ တူအရင်း ...၊

ဒီနှစ်ဖက်ကြားမှာ စိတ်ညစ်လာခဲ့ရတဲ့နှစ်တွေ နည်းတော့တာမှမဟုတ်ဘဲ၊ သူ့အတွက်က တစ်နေရာကို ထွက်သွားဖို့လည်း ဆုံးဖြတ်ပြီးပါပြီ ...။





ဒါကြောင့် မောင်းထုတ်ခံရတာမဟုတ်ဘဲ သိမ်မွေ့စွာ ဖယ်ထုတ်လိုက်တာမျိုးဆိုရင်လည်း ကျေနပ်သည်။ ဟိုရောက်တဲ့အခါကျမှ ဘာလုပ်သင့်သလဲဆိုတာ ဆုံးဖြတ်ရုံ ...။

"သဏ္ဍာန် .. မင်းက ဘာဖြစ်နေတာလဲ .."

လက်ကိုကိုင်လှုပ်လိုက်မှ ခေါင့် ကို သူ လှည့်ကြည့်မိသည်။

"ငါ့ကို မမေးပါနဲ့ .. မင်းပုံစံကရော ဘာဖြစ်နေတာလဲ၊ အတွက်ကြောင့်လား .."

"နီး .. နီး .. အဲဒါ ပါပေမယ့် ဒါကြောင့်ဆိုတာတော့ မဟုတ်ဘူး"

ခေါင် က သဏ္ဍာန် ကားရွေ့ရပ်လိုက်တာကို ပါးစပ်ပိတ်ကြည့်နေပြီးမှ ...

"ဘာ့လဲ .. ငါ့ကို မခေါ်နိုင်ဘူးဆိုတဲ့သဘောလား .."

"ဟုတ်တယ် .. မင်း လိုက်လို့မရဘူး၊ ပဲခူးထိဖြစ်ဖြစ် .. ရန်ကုန်ကထွက်ရုံပဲဖြစ်ဖြစ် ဒီနယ်နိမိတ်ကနေ ဘယ်မှ မင်းကို ခေါ်မသွားနိုင်ဘူး"

"ဒီထက်ရှင်းအောင် ပြောပါဦး .. သိပ်မရှင်းဘူး"

ခေါင် က မရယ်ချင်ဘဲရယ်ပြီး နောက်နေသေးသည်။ သူ နှာရှုံ့ကြည့်မိရင်း ...

"မင်း ခုတစ်လော အိမ်မှာလည်း သိပ်မတွေ့ဘူး၊ ဘာတွေဖြစ်နေတာလဲ ခေါင် ...၊ အတွက် နဲ့ မဆိုင်သလိုပြောနေပေမယ့် အတွက် နဲ့ ပြဿနာတက်မှ မင်းပုံစံ ပြောင်းသွားတာ .."

"တိုက်ဆိုင်တာပါ .."

ခေါင် က အပြုံးမပျက်ဘဲ ကူရှင်မှာမှီလိုက်သည်။ ပြီးတော့ ပိုက်ဆံတစ်ဝက်ကို စုတ်ပြတ်နေသည့် ကားဒက်ရှ်ဘုတ်ထဲထည့်လိုက်ကာ တစ်ဝက်ကို အိတ်ထဲ ပြန်ထည့်နေ၏။

"မင်း ငါ့ကို တစ်ခုခု ပြောကြည့်ပါလား .."

"ဘာလဲ .. ငါ့မှာ ပြောစရာရှိနေတယ် ထင်လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. မပြောချင်တာ ရှိနေသလားလို့ .."

"အတွက် ကြောင့် ငါ ခံစားနေရတာချည်းပဲ ဘာဖြစ်လို့ထင်နေရတာလဲ .."

"ပြန်မမေးနဲ့ ခေါင် ရာ .. ငါမေးတာပဲ ဖြေ .."

ခေါင် က ခေါင်းတယမ်းယမ်းနှင့် ...

"အတွက် ကြောင့် ငါဖြစ်တာ ဟုတ်တယ် ..၊ ဒါပေမယ့် အသည်းကွဲတာ မဟုတ်ဘူး .. အရှက်ကွဲတာ .."

"ဒါဆို ငါနဲ့ သက်ဆိုင်တာပေါ့ .."

"ဒီမှာ သဏ္ဍာန် ..၊ မင်းကို ငါ ဒေါသထွက်မိရင် .. မုန်းမိရင် ငါတို့ချင်း ဘာမှ မျှိသိပ်ဆက်ဆံနေဖို့ မလိုဘူး၊ လူပျိုပေါက်စအရွယ် တုန်းကတောင် မင်းနဲ့ငါ ရန်ဖြစ်တိုင်း ထိုးကြကြိတ်ကြတာပဲ၊ ပေါက်ကွဲခွင့် မရှိတဲ့သူတွေမှ မဟုတ်တာ .."

ဒါတော့ မှန်တာမို့ သူ ခေါင်းညိတ်လိုက်သည်။

"အတွက် .. ငါ့ကို လိမ်ခဲ့တာကွ .."

"လိမ်တာက မင်း မဟုတ်ဘူးလား .."

"လိမ်ချင်လာအောင် သူက လမ်းဖွင့်ပေးခဲ့တာလေ၊ မင်းပြောသလို သူသာ ငါ့ကို သဘောကျခဲ့တာမှန်ရင် ဒီကဗျာကိစ္စက ခွင့်မလွှတ်နိုင်စရာလား .."

"မင်း သူ့ကို နောက်ထပ် တောင်းပန်ကြည့်လို့လား .."

"မတောင်းပန်ပါဘူး .. သူလည်း ငါ့ကို အဖြေပေးခဲ့သေးတာမှ မဟုတ်တာ၊ ငါ ဖုန်းဆက်တာ ခြောက်ခါ .. သူ လုံးဝမကိုင်ဘူး၊ နောက်တစ်ရက်ကျတော့ ခြံတံခါးပိတ်ပြီး ပျောက်သွားကြရော .."

"မဟုတ်ဘူး .. ခြံတံခါးဖွင့်ထားတာ ..၊ ငါ အခု ထွက်လာတာတောင် တွေ့ခဲ့သေးတယ် .."

"ဟုတ်တယ် .. အဲဒါ ခြံစောင့်ပဲရှိတာ၊ သူတို့ စုဝရီး မရှိဘူး၊





မင်းပဲ စဉ်းစားကြည့် .. သူ ဒီကဗျာတွေအပေါ်မှာ ဒီလောက်ထိ ခရေစီ ဖြစ်နေရင် ကဗျာတွေ ငါမပေးတော့ကတည်းက နည်းနည်းပါးပါး အလန်းပေးပါလား .."

"မင်းရေးတဲ့ကဗျာတွေ မဟုတ်ဘူးဆိုတာလည်း သူ တစ်နည်းနည်းနဲ့ ရိပ်မိအောင် မင်း ကြိုးစားခဲ့ပါလား ခေါင်၊ ဖွင့်ပြောလိုက်ဖို့လည်း ငါ တိုက်တွန်းခဲ့ဖူးတယ်၊ ဒါမျိုးက သူများပြောမှ သိရင် ပိုဆိုးတယ် ဆိုတာ .."

"ငါ လုံးဝ မထင်ခဲ့ဘူး .."

"ကဗျာကို ပြန်ကူးခွင့်မပေးခဲ့တဲ့ ငါ့ကိုရော .."

"လာပြန်ပြီ မင်း .."

ခေါင့် မျက်နှာမှာ စိတ်ပျက်ခြင်းတွေ ပြည့်နှက်ကာ ...

"ငါ မင်းကို နားလည်တယ် သဏ္ဍာန်၊ မင်း ငါနဲ့ ဘယ်နေရာမှာမှ မယှဉ်သာဘူး၊ ဒါပေမယ့် မင်းရင်နဲ့ရင်းထားတဲ့ ကဗျာတွေကို ငါ့ကို ပေးခဲ့ရတယ်၊ ကွယ်ရာမှာ သူ့ရဲ့ပုံတူတွေဆွဲနိုင်တဲ့အထိ မင်း စွဲလမ်းခဲ့တဲ့ မိန်းကလေးကို ငါက မင်းရဲ့နှလုံးသားနဲ့ ချစ်ရေးဆိုခဲ့တဲ့အဖြစ် .."

"မျိုသိပ်နိုင်တာ ငါ့ရဲ့ မွေးရာပါ ပါရမီထင်တယ် ..၊ မင်း ပြောသလောက် စွဲလမ်းခဲ့မိသလားဆိုတာ ငါ့ကိုယ်ငါတောင် မသိခဲ့ဘူး၊ ဘာဖြစ်ဖြစ် မင်း ခုလိုဖြစ်ခဲ့ရတာ ငါ့အပြစ်မကင်းဘူးလို့ပဲ ခံစားနေရတယ်"

"မဟုတ်ဘူး .. ကဗျာဆရာရှေ့မှာ ကဗျာရဲ့အတင်းအဖျင်း ပြောရရင် ကဗျာကို ဒီလောက်ထိ မက်မောတယ်ဆိုတာကို ငါ နားလည်လို့ ခရဘူး၊ အဲဒါကြောင့် သူ့ကို ငါ နောက်ထပ်သွားတွေ့ .. တောင်းပန်ဖို့ လည်း မကြိုးစားခဲ့ဘူး၊ အသည်းကွဲတယ်ဆိုရင်လည်း နောက်တစ်ယောက် မရခင်အထိပေါ့၊ ငါ့အတွက်ဆို နောက်တစ်ယောက် မရခင် ဆိုတဲ့ အချိန်ကိုလည်း ကုစားဖို့မလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အတွက် အပေါ်ဆုံးက အချစ် .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရယ်သေးသည်။ ပြီးတော့ ရှုံ့မဲ့သွားကာ ...

"ပေါလွန်းလို့ ဖုန်းတောင် ကဒ်ထုတ်ထားရတဲ့အဖြစ် ...၊ တကယ် အရမ်းနားညည်းတယ်၊ ငါ အရက် မြန်းမြန်းကွဲပြီး မူးမူးမော့နေတဲ့ အချိန်မှာ သွားတွေ့လိုက်ရင် ရှော့ခ်ရှိတယ်၊ အဲဒါကို မသိဘူး.. ဟို လာ ခေါ်ပါ၊ ဒီမှာ ဘာစားမယ် .. အို .. လမ်းကြောင်းတွေ ရေရေလည်လည် ပေးနေတာ .."

သူပဲ ရယ် .. သူပဲ ရှုံ့မဲ့ ညည်းညူနေ၏။

"မေမေနဲ့ မမက ဘာလုပ်နေတယ် မင်း ထင်လဲ .."

"ဘာလုပ်လို့လဲ .."

"အတွက် ကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ မယူရဘူးတဲ့၊ အတွက် နဲ့ ပြန်ဆက်သွယ်ဖို့ အသေအလဲ ကြိုးစားနေကြတာ .."

"မင်းက မကြိုက်လို့လား .."

"ကြိုက်စရာလားကွ .. ခုနေ ဒီမိန်းမက လက်ခံလိုက်ပြီဆိုရင်တောင် ငါက ငြင်းမှာ .. မင်းလည်း ယုံချင်မှ ယုံပါ၊ ဒါပေမယ့် ငါ တစ်ခါမှ မခံစားခဲ့ရဖူးတဲ့ သိမ်ငယ်ခြင်းမျိုး သူ့ကြောင့် ခံစားခဲ့ရတာ၊ ပါးရိုက်လွှတ် မယ် နားရိုက်လွှတ်မယ်ထိ လူကြားထဲမှာ ပြောခဲ့တာ ခံခဲ့ရတယ် .."

သူ နားမထောင်ချင်တော့ပါ။ အားလုံးနဲ့ ဝေးရာကို ထွက်သွားဖို့ ဆုံးဖြတ်ပြီးကာမှ ကားပေါ်ထိ လာရောက် ညည်းတွားနေတာကိုလည်း စိတ်ပျက်မိသည်။

"ငါ့ကိုကြိုက်တာ မဟုတ်ဘဲ ကဗျာပဲ ဖတ်ချင်ရင်လည်း ပြောပါ လား ...၊ တစ်နေ့ကို ကဗျာတွေ ထောင်နဲ့ချီပြီး ပို့ပေးလိုက်မယ် .."

"တကယ်တော့ မင်း အသည်းကွဲနေတာပဲ ခေါင် ...၊ အဲဒီတော့.."

"ငါ့ကို မစွပ်စွဲနဲ့၊ အခု သူ့ကို မေမေတို့ ဆက်သွယ်လို့ ရတယ်၊ သူ့အဒေါ်နဲ့တွေ့ကြဖို့ ဖုန်းနဲ့ပြောနေကြတာ အဆင်ကိုပြေလို့၊ ငါ အိမ်က ထွက်လာတာ အဲဒါကြောင့်ပဲ၊ သူတို့ သေအောင် သဘောတူနေ -





ဟိုဘက်နဲ့ ပြန်အဆင်ပြေပါပြီ .. ဘာတွေဖြစ်ဖြစ် ငါ့ဘက်ကတော့ ဆောရီး .."

ခေါင့် မျက်နှာက နီသထက် ပိုနီလာသည်။ ဒွေးမြွေကြေကွဲခြင်းဆို တာ အလျဉ်းမရှိဘဲ သူ့ဘက်လှည့်လာကာ ...

"မင်းလောက် ငါ မစွဲလမ်းသေးဘူး သဏ္ဍာန်၊ စွဲလမ်းနေတယ်ဆို ရင်တောင် ငါ့မာနက သူ့ကို ဒူးထောက်ဖို့ ခွင့်မပြုဘူး ...၊ ပြောနေတာ ကြာပါတယ်ကွာ .. မောင်း .."

သဏ္ဍာန် ကိုယ်တိုင် ဘာလုပ်ရမှန်း မသိတော့ပါ။ သူ့သဘောနဲ့သူ ဘယ်လိုပြောပြော ခုနေ ကားနဲ့တင်ခေါ်သွားမိလျှင် သူ့အပြစ်ပဲ ဖြစ်ဦးမှာ လည်း သေချာသည်။

"သဏ္ဍာန် .. ငါပါတဲ့အတွက် မင်းနဲ့ မငြိစေရဘူး .. ကတိပေး တယ်၊ မောင်းပါဆိုကွာ .."

သဏ္ဍာန် သက်ပြင်းချတာကိုတောင် သူက စိတ်မရှည် ...။

"ပဲခူးရောက်ရင် မင်းလုပ်မယ့်ကိစ္စ ငါ့ကိုလွှဲခဲ့ ...၊ မင်းတောင် အေး အေးဆေးဆေး ဆက်သွားလို့ ရသေးတယ် .."

"မင်းက ဒါလုပ်ပေးချင်လို့ လိုက်မှာလား .."

"ဟုတ်မလားကွ .."

ခေါင် က ရယ်ကျဲကျဲမျက်နှာနှင့် သူ့ကိုကြည့်ကာ ...

"ငါနဲ့တွဲနေတဲ့ အောင်ဘော် ဆိုတဲ့ကောင် သိလား .."

"သိတယ် .."

"သူက လေဒီကြီးတစ်ယောက်နဲ့ အတည်အတံ့ စိုပြည်နေတာ"

"လက်ထပ်ပြီးပြီပေါ့ .."

"တစ်လလောက်ပဲရှိသေးတာ၊ အဲဒါ ပဲခူးမှာ သူ့လေဒီက တည်းခိုခန်းနဲ့ စားသောက်ဆိုင် ရှိတယ်လေ .."

"အခု သူ့ဆီလာတာလား .."



www.burmeseclassic.com

"အစက စိတ်ကူးမရှိပါဘူး၊ အတွက် နဲ့ ကုန်သွယ်ရေးလုပ်နေကြတာ စိတ်ပျက်လွန်းလို့၊ ပြီးတော့ မင်းထွက်သွားတာကို သိလိုက်တာနဲ့ တက္ကစီနဲ့ မီအောင်လိုက်ခဲ့တာ ..၊ မင်းကိစ္စကို ငါ့ကို လွှဲလိုက်တော့ စိတ်ချလက်ချ သွား .."

သဏ္ဍာန် စိတ်ဒုံးဒုံးချ၍ ကားကို စက်ပြန်နှိုးလိုက်သည်။ လမ်းပေါ်မှာ အရှိန်မှန်နေကာမှ ...

"မင်း အကြာကြီးတော့ မနေနဲ့ ..၊ နေမယ်ဆိုလည်း အန်တီတို့ကို လှမ်းအသိပေးဦး .."

"ပူမနေစမ်းပါနဲ့ ဒ်ကြီး ရာ .."

တစ်ခါတလေ သဏ္ဍာန့် ကို ခေါင် က ဒ်ကြီး လို့လည်း စနောက်ခေါ်တတ်၏။ သဏ္ဍာန် က ကားမောင်းရင်း လှည့်ကြည့်၍ ...

"မဟုတ်ပါဘူး .. ငါပြန်လာမှ အတူတူပြန်မယ်လို့ စိတ်ကူးပြီး စောင့်နေမှာစိုးလို့ .."

"ဘာလဲ .. မင်းက ပြန်မလာတော့ဘူးလား .."

သဏ္ဍာန် က ပြုံးလိုက်ရင်း ...

"ပူမနေစမ်းပါနဲ့ .."

"ဟား .. ဟား .. ဟား ..."

တစ်ခါတလေ စနောက်တာကို အတည်ထင်ပြီး ပြဿနာဖြစ်ရတတ်သလို အတည်ပြောပေမယ့် စနောက်တာလို့ပဲ ထင်သွားတတ်ကြတာလည်း ရှိလေသည်။

ခေါင် က သဏ္ဍာန် ပြောတာကို အားပါးတရရယ်၏။ ပြီးတော့

"အေးပါ .. လုပ်ပါ၊ ပူတယ် ထပ်ပြောမိရင် သတ် .."





## အခန်း [ ၄၁ ]

"မင်းက သဏ္ဍာန် လား .."

"ဟုတ်ပါတယ် .."

"ကျူပ်နဲ့ လိုက်ခဲ့ .."

ကြိုဆိုပုံက မယဉ်ကျေးပေမယ့် ဒီကမ္ဘာမှာ ကိုယ့်အပေါ် ယဉ်ကျေးပေးသူမရှိဘူးဆိုသည့်သဘောတိ ချပ်၍ ကားပေါ်တက်လိုက်လာခဲ့သည်။

ကားသည် မြင့်မားထည်ဝါသော ဟိုတယ်ကြီးတစ်ခုရှေ့မှာ ရပ်သွားခဲ့၏။ ဒါပေမယ့် ဟိုတယ်လ်ရဲ့ပါကင်မှာတော့ မဟုတ်ပါ ..။

မျက်နှာချင်းဆိုင်မှာရှိနေသည့် သုံးထပ်တိုက်ကြီးရဲ့ရှေ့မှာ ဖြစ်သည်။

"ဒီမှာ သော့ ..၊ အထဲဝင်ပြီး ထိုင်နေပါ၊ အထဲမှာ စားစရာတွေ ရှိတယ်၊ ရေချိုး အနားယူလို့ ရတယ် .."

"ကျွန်တော်က သူများခိုင်းလိုက်လို့ လာတာပါ၊ အနားယူဖို့ မဟုတ်ဘူး .."

ကိုယ်တိုင်ကားမောင်းပြီး လာကြိုသည့်လူကြီးက ပြန်ထွက်သွားသည့်ခြေလှမ်းတွေ တုံ့သွားပြီး လှည့်ကြည့်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူက ပုပုသေးသေးမို့ သဏ္ဍာန့် ကို မော့ကြည့်ရကာ ...

"ကျုပ်ကိုလည်း သူများခိုင်းလို့ပဲ၊ မင်းရဲ့အထက်လူကြီးက မန္တလေး ကို လာခိုင်းတယ်မို့လား ..၊ ကျုပ်ကိုလည်း ကျုပ်ရဲ့လူကြီးက သွားကြိုဖို့ ခိုင်းတယ်၊ ဒါပဲ .."

"ဦးလေး .."

သူ တံခါးဖွင့်ဖို့ စိတ်မဝင်စားဘဲ လူကြီး ကားပေါ်ပြန်တက်မသွားမီ ကမန်းကတန်းခေါ်ကာ ...

"ကျွန်တော်က ဘယ်သူ့ကို ဘယ်အချိန်ထိ စောင့်ရမှာလဲ .."

"သူလာတဲ့အထိပေါ့ကွ .."

"ကျွန်တော့်ကို ဒီခေါ်ရတဲ့အကြောင်းက .."

"သူလာမှပဲ သိမယ် .."

လူကြီးက ကားထဲဝင်ထိုင်ကာ တံခါးမပိတ်သေးဘဲ သူ့ကို မော့ကြည့်၏။

"ခရီးပမ်းလာတာပဲ အေးဆေး နားပါလား .. အထဲမှာ စားဖို့ အသင့်..၊ သောက်ဖို့အသင့် ရှိနေတာတောင်မှ ဟွန်း .. မင်းလိုလူ မတွေ့ဖူး ဘူး .."

သဏ္ဍာန့် မျက်နှာမှာ နူးညံ့မှုတွေ ပျောက်ဆုံးသွား၏။

သော့ကို လူကြီးထိုင်နေသည့်ဘေးကို ရောက်သွားအောင် ပြန်ချပေး လိုက်ပြီး ...

"ကိုယ်နဲ့မပတ်သက်တဲ့ပစ္စည်းတွေကို ကျွန်တော် ဘာမှ မထိမကိုင် ချင်ဘူး၊ ဦးလေးရဲ့အထက်လူကြီးကို ပြန်ပြောပေးပါ၊ ကျွန်တော် ဘာလုပ် ရမှာလဲဆိုတာသာ ညွှန်ကြားပါလို့ .."

"အေး .. ပြောပေးမယ်"

လူကြီးက ကားထဲပြန်ဝင်ပြီး မောင်းထွက်လာကာမှ ပြုံး၏။ ပြီး တော့ ကားကို ဈေးချိုကို တစ်ပတ်ပတ်ပြီးမှ ပြန်ကွေ့လာပြီး မြင်သာတဲ့





နေရာကနေ ကြည့်လိုက်၏။

သဏ္ဍာန် ဆိုသည့်ကောင်လေးက တိုက်ခန်းရှေ့ ခရေပင်အိုကြီး အောက်က အုတ်ခုံမှာ ထိုင်လျက် ဂျာနယ်တစ်စောင် ဖတ်နေ၏။

ဩော် .. ဂျာနယ်ရောင်းတဲ့ဆိုင် အနားမှာရှိနေတာ သူ့အတွက် အလုပ်ဖြစ်သား ...၊

ကားကိုပြန်လှည့်ခဲ့ပြီး နားကြပ်တပ်၍ ဖုန်းဖွင့်လိုက်၏။

သဏ္ဍာန် ကတော့ ပတ်ဝန်းကျင်ကိုလည်း သတိမရ၊ ကိုယ့်ကိုယ် ကိုယ် ခရီးပမ်းနေသည်လို့လည်း မထင်ပေ။

ဒါပေမယ့် ဂျာနယ်ကို စိတ်ဝင်စားလွန်းလို့ ဖတ်နေတာမဟုတ်ဘဲ သူ့စိတ်တွေက ခေါင် နဲ့ အတွက် ရဲ့အရိပ်တွေကိုသာ မြင်ယောင်နေခဲ့ တာ ဖြစ်၏။

ဂျာနယ်ပေါ်က သတင်းအချက်အလက်တွေကို အာရုံစိုက်ဖို့ ကြိုး စားနေပေမယ့် လွတ်ထွက်ချင်နေသည့်စိတ်က ဘယ်လိုမှ မရ ..။

ပြီးတော့ လေးလေးနဲ့ အန်တီ့မျက်နှာ ..၊

လေးလေး ပို့လွှတ်သော ဘယ်နေရာပဲနေနေ အန်တီ့ရဲ့အငြိုးစက် ကွင်းနဲ့ သူ လွတ်ကင်းမှာ မဟုတ်ပေ ..။

ထို့ကြောင့် သူ့အတွက်နဲ့ အန်တီနဲ့ရင်ဆိုင်နေရမှာဖြစ်သည့် လေး လေးရဲ့ အခက်အခဲကို လွတ်မြောက်ဖို့၊ အမြဲတမ်း ငြူစူကြိမ်းမောင်းခံနေ ရသည့် ဒီဘဝက လွတ်မြောက်ဖို့ ...၊

လေးလေးနဲ့ သူ့ရဲ့လွတ်မြောက်ခြင်းတိုင်းဟာ အန်တီနဲ့သာ သက် ဆိုင်နေတာမို့ သူ ရုန်းထွက်မှုကို ဖြစ်မှာပါ ..။

"တောက်!..."

နားထဲမှာ တက်ခေါက်သံတစ်ချက် ဝင်လာသဖြင့် လှမ်းကြည့် လိုက်မိ၏။

"ဘာဖြစ်တာလဲ ..၊ ဒီကားစုတ်က .."



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်စူပါဆလွန်းကားလေးထဲက ထွက်လာသည့် လူကြီးက တိုက်ပုံအင်္ကျီအဖြူ၊ ချည်ချောပုဆိုးနှင့်ဖြစ်ကာ ကားကိုလည်း တော်တော်ဒေါသထွက်နေပုံနှင့် ...

"ရောင်းကိုထုတ်မယ် .. ဒီကား .."

ကြိမ်းဝါးရင်း ဖွင့်လျက်သားရှိနေသည့် စက်ခန်းထဲကို ငုံ့ကြည့်နေသည်။

"ဘာဖြစ်လို့လဲ ဦးလေး .."

ဂျာနယ်ကိုင်လျက် သူ ထသွားမေးတော့ မော့ကြည့်ကာ ...

"မသိပါဘူးကွာ .. ဒီမှာ ပါကင်လာထိုးထားတော့ အကောင်းကြီးပါ၊ ထွက်မလို့ ပြန်နှိုးတာ မရတော့ဘူး .."

"ကျွန်တော် နှိုးကြည့်မယ်နော် .."

"လုပ်စမ်းကွာ .. ကြိုက်သလိုသာ လုပ်၊ ကားကစုတ်တော့ ဘာဖြစ်သလဲ မေးမယ့်လူတောင် မရှိပါဘူး .."

သဏ္ဍာန် က နှိုးကြည့်လိုက်ပြီး ပြန်ဆင်းလာကာ ...

"ဆီပိတ်နေတာ ထင်တယ် .."

ပြောပြီး သဏ္ဍာန် က ဖြုတ်ထုတ်ကြည့်နေ၏။ လူကြီးက သဏ္ဍာန် ပြင်တတ်မှန်း သိသွားသဖြင့် အားတက်သရော လိုက်ကြည့်နေ၏။

"ဆီထဲမှာ ရေ နည်းနည်းပါနေတယ် .."

"ဟုတ်လား .."

"အဲဒါ ဦးလေး ဆီတိုင်ကီ ပြန်သန့်လိုက်မှ ရမှာ ..၊ မဟုတ်ရင် သွားလာမလွယ်တဲ့နေရာမျိုးမှာ ဒါမျိုးထပ်ဖြစ်ရင် ခက်မယ် .."

သူတို့ စကားပြောနေကြတုန်း ပရာဒိုတစ်စီး ဟိုတယ်လ်ရှေ့မှာ ပါကင်ဝင်ထိုး၏။

ဆင်းလာသူတွေက သူတို့ကို သတိမထားမိသေးသော သဏ္ဍာန် တို့ဆီ တန်းတန်းမတ်မတ် ကြည့်နေကြသည်။





ပြီးတော့ ဒီဘက်ကိုကူးလာကာ တိုက်ခန်းတံခါး ဖွင့်တဲ့သူက ဖွင့်၍ သဏ္ဍာန့် ကို ခပ်မိန့်မိန့် လက်ပိုက်ကြည့်နေသူက မျက်လုံးတွေ မှေးကျူ့သွားတဲ့အထိ စူးစိုက်နေ၏။

"သူဒွေး .. အဲဒီချာတိတ်ပဲ .."

"အင်း .. သိတယ် .."

စူးစိုက်ကြည့်နေသူက တံခါးဖွင့်ထားသည့်ထဲကို လှည့်ဝင်သွားရင်း ...

"ကောင်လေးက ခတ်ပုံထဲမှာလောက်တော့ ပုံမဆိုးပါဘူး၊ ခေါ်ခဲ့ အထဲကို .."

**"ဟုတ်ကဲ့ .."**

**အခြေအနေ အချိန်အခါ အားလုံး**ဟာ ဟိုအရင်ကလို မဟုတ်တော့သည့်နောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၂ ]

"ဝမ်းနည်းပါတယ် အန်ကယ်လ် .. ကျွန်တော် မလုပ်နိုင်ပါဘူး"

"ဟေ .."

ဦးမင်းခန့်ကျော် မျက်လုံးတွေ ပင့်သွားသည်။ မဟာနဖူးကျယ်နှင့် မေးရိုးကားကား မျက်ခုံးကောင်းသည့်မျက်နှာသည် ရွှေကိုင်းမျက်မှန်နှင့်မို့ ပို၍ ခန့်ညားနေ၏။

ဦးမင်းခန့်ကျော် လို့ မကြာသေးခင်ကမှ သိလိုက်ရသည့်လူကြီးကို သဏ္ဍာန် က တောင်းပန်သလိုကြည့်ကာ မျက်ဝန်းတွေ ခပ်လွှဲလွှဲနှင့်...

"ဟိုတယ်လ်မှာ အလုပ်ပေးဖို့ ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ် .."

"မင်းရဲ့ကျေးဇူးတင်စကား ကြားဖို့အတွက်နဲ့ မန္တလေးထိ ခေါ်လိုက်တာ မဟုတ်ဘူး .."

"ကျွန်တော်ကလည်း ကျေးဇူးတင်ကြောင်း ပြောဖို့ပဲ လာတာမို့လို့ ဒါပဲ ပြောနိုင်တာပါ .."

ဦးမင်းခန့်ကျော် မျက်မှောင်ကုတ်သွားသည်။ မျက်မှန်ကိုပင့်၍ သဏ္ဍာန့် ကို **တစ်ချက်စိုက်ကြည့်ကာ...**





"ပြောပါဦး .. ကျေးဇူးတင်ကြောင်းပြောဖို့ပဲ လာခဲ့ရတဲ့အကြောင်းရင်း .."

"လေးလေး ပို့ပေးတဲ့နေရာ ..၊ လေးလေး အရိပ်အောက်မှာပဲရှိနေတဲ့ ကျွန်တော့်ကို နောက်ထပ် ပံ့ပိုးကူညီမယ့်နေရာ ..၊ တစ်နေရာတည်းမှာပဲ ဝဲလယ်အားကိုးနေရတဲ့ ကျွန်တော့်ဘဝကို ပြောင်းလဲတော့မယ်လို့ ဆုံးဖြတ်ထားလို့ပါ .."

"အန်ကယ်လ် သိပ်မရှင်းဘူး .."

မျက်မှန်အောက်က မျက်ဝန်းတွေကို သဏ္ဍာန် က တည်ငြိမ်စွာပြန်ကြည့်၏။ ဒီတစ်ခါ သူ မျက်နှာမလွှဲတော့ဘဲ ...

"လေးလေးနဲ့ မလွတ်ကင်းတဲ့နေရာမှာ ကျွန်တော် ထပ်ပြီး အရိပ်မခိုတော့ဖို့ ဆုံးဖြတ်ထားလို့ပါ .."

"မင်းအတွက် အများကြီး လုံးပမ်းပေးနေသူကို မင်းက ကျေးဇူးမတင်ချင်တာလား .."

သူ ခေါင်းခါလိုက်၏။ ပြောပြရရင်တော့ ကိုယ့်ဘဝ နိမ့်ပါးခဲ့ရတာတွေ ပါမှ ပြည့်စုံမှာပါ။ ထို့ကြောင့် ပြောလည်း မပြောချင် ...။

"အဲဒီသဘော မဟုတ်ဘူးဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ် .."

"ဒါဆို ဘယ်လိုသဘောလဲ .. ပြောလေကွာ .."

"ကျွန်တော့်ကို စောင့်ရှောက်ခဲ့ရတဲ့ ကာလတစ်လျှောက်လုံးမှာ လေးလေး စိတ်ပင်ပန်း လူပင်ပန်းနဲ့ ဖြတ်သန်းခဲ့ရတာ၊ မိခိုတယ်ဆိုတာလည်း မိခိုသင့်သလောက်ပဲ ကောင်းပါတယ်၊ ကျွန်တော့်ကြောင့် လေးလေးကို ထပ်ပြီး ဒုက္ခမရောက်စေရဘူးလို့ ဆုံးဖြတ်ပြီးမှ ကျွန်တော် ဒီခရီးကို ထွက်ခဲ့တာ .."

"ဘာပဲဖြစ်ဖြစ် ဘုရားတောင် အမှီရှိမှ ပွင့်တာ ..၊ မင့်လေးလေး မျက်နှာနဲ့ပဲ အန်ကယ်လ်တို့က မင်းကို ကြည့်ရှုတာဆိုရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ကျေးဇူးတင်ပါတယ် အန်ကယ်လ်၊ ဒါပေမယ့် ကျွန်တော် ဒီမှာ မလုပ်နိုင်ဘူး .."

မြင်နေရသည့် ဟိုတယ်လ်ကြီးမှာ လောလောဆယ် သင့်တင့်သည့် နေရာတစ်ခု ပေးထားမည်တဲ့။ အရည်အချင်းကိုကြည့်၍ ရက်ပိုင်းလပိုင်း အတွင်းမှာပဲ မန်နေဂျာရာထူးကိုလည်း ရချင်ရသွားနိုင်သည်လို့ ဆို၏။

အလုပ်စဝင်ကတည်းက ခန့်အပ်ထားမည့်နေရာကိုလည်း သူ စိတ်ဝင်စားပါသည်။ ဒီအလုပ်မျိုးကို အပြင်ကနေ ကြိုးစားရှာဖွေဖို့လည်း မလွယ်မှန်း သိသည်။

ဒါပေမယ့် လေးလေး အရှိန်အဝါနဲ့ရတဲ့နေရာကောင်းဟာ အန်တီနှင်း နဲ့လည်း သက်ဆိုင်နေမှာ ဖြစ်သည်။

"မင်း ဆုံးဖြတ်လိုက်တာ စောသွားပါလားလို့ နောင်တရတဲ့အချိန်မှာ ဒီနေရာ ပြန်ရဖို့ မလွယ်ဘူးဆိုတာရော သိရဲ့လား .."

"သိပါတယ် .. ကျွန်တော့်ဘဝအတွက် ကြိုးစားဖို့ နောက်တစ်ထစ် စမယ့်ခြေလှမ်းဟာ ဒီအရပ် ဒီဒေသနဲ့ဝေးတဲ့နေရာ ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် နောင်တရဖို့လည်း မရှိပါဘူး .."

သူ ဒါကိုပဲ ထပ်ပြောနေပေမယ့် ဦးမင်းခန့်ကျော် မျက်နှာက ထူးခြားသည့်ပြောင်းလဲမှုတော့ ဖြစ်မသွားပါ။ ဒေါသဖြစ်တာကို မျိုသိပ်နိုင်တာလား ..၊ တွက်ထားပြီးသားမို့လို့ သွေးအေးစွာ ရှိနေတာလား မသိ..။

ဘေးမှာရှိနေသည့်လူကြီးကို တစ်ချက်ပြန်ကြည့်လိုက်တာနှင့် လူကြီးက ခေါင်းငုံ့ကာ အပြင်ကိုထွက်သွား၏။ ထိုအခါကျမှ ...

"မင်းကို လက်ရှိမန်နေဂျာနဲ့အတူ အလုပ်သင်သဘော တွဲပြီး ခန့်ထားမယ်ဆိုရင်ရော .."

သဏ္ဍာန် က ဆံပင်တစ်ချက် သပ်လိုက်ပြီးမှ မျက်နှာလွှဲ၏။ ပြီးမှ ပြန်လှည့်၍ ...

"ကျွန်တော် ဆုံးဖြတ်တဲ့အတိုင်းပဲ လုပ်မှာပါ အန်ကယ်လ် .."



"မင်းအတွက် ကမ်းလှမ်းထားပြီးသား တခြားအလုပ်တစ်ခု အခွင့်အရေး သင့် ရှိထားလို့လား .."

"ကျွန်တော့်လိုလူအတွက် ဘယ်လိုအလုပ်ရှင်က အထင်တကြီး ကမ်းလှမ်းမှာလဲ အန်ကယ်လ်၊ ဒါပေမယ့် ယောကျ်ားတို့လုံ့လနဲ့ ကိုယ့်လမ်းကိုယ်ထွင်သွားလည်း ရပါတယ်"

"အင်း .."

ဦးမင်းခန့်ကျော် က နှုတ်ခမ်းမဲ့လိုက်တာမျိုး၊ ခပ်ဖိဖိပိတ်၍ အကြာကြီး ငြိမ်နေ၏။ ပြီးမှ ...

"လူအထင်ကြီးအောင် ပြောလို့ရတဲ့စကားလုံးတွေကတော့ အများကြီးပါပဲ၊ ဒါပေမယ့် စိတ်ကူးနဲ့လက်တွေ့ တစ်ထပ်တည်း မကျတော့တဲ့အခါ အခွင့်အရေးကောင်းဆိုတာ လိုအပ်တဲ့အချိန်တိုင်း ရနေမှာမဟုတ်ဘူး .."

သဏ္ဍာန် က မျက်ခုံးတွေ တွန့်ခနဲ ဖြစ်သွားပြီးမှ ခပ်သဲ့သဲ့ ရယ်ကာ ...

"စိတ်ကူးနဲ့ ဆုံးဖြတ်ချက်က မတူဘူး အန်ကယ်လ်၊ စိတ်ကူးယဉ်တဲ့အလုပ်ကို သီချင်းတွေရေး .. ကဗျာတွေစပ်တဲ့အခါမှာပဲ ကျွန်တော် သုံးတာ .."

"မင်းက ဒါတွေလည်း ဝါသနာပါသလား .."

"ရူးစိုက်ခံစားတတ်တဲ့သဘောကို ကျွန်တော် နှစ်သက်တယ်"

"ဝါသနာကို ပန်းလိုသိပြီး အလှကြည့်နေချင်ရင်လည်း စားဖို့တော့ ရှိရမယ်ကွ၊ အနုပညာမာနဆိုတာလည်း အန်ကယ်လ့်အထင်တော့ ဓာတ်လမ်းတွေထဲမှာလို မလှပါဘူး"

"ကျွန်တော် ပြောတာကို အန်ကယ်လ် အဓိပ္ပာယ်ကောက်လွဲသွားပြီထင်တယ်၊ ကျွန်တော့်ရင်ထဲမှာရှိတဲ့ အနုပညာက ကိုယ့်ဘဝရဲ့ လောကဓံကို ခံနိုင်ဖို့အတွက် ရူးစိုက်ခံစားရုံလောက်ပါ၊ ဒီထဲက ထမင်းအိုး ဟင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်လာမှ စားမယ်ဆိုတဲ့မာနမျိုးနဲ့ ဖန်တီးနိုင်တဲ့အထိလည်း မတတ်ကျွမ်းပါဘူး''

"အနုပညာတွေက တော့ စီးပွားရေးသမားပဲကွ .. အပွင့်ပွင့်တဲ့အပင်က အပွင့်ပဲပွင့်မယ်၊ အသီးသီးမယ့်အပင်ကလည်း အသီးပဲသီးမှာလေ၊ အပွင့် မပွင့်နိုင်ဘူး၊ လူချင်းတူပေမယ့် ခံယူချက်စိတ်ဓာတ်စွမ်းအားတွေ မတူကြတဲ့သဘောပေါ့၊ သူ့စွမ်းအားနဲ့သူ ရှိနေကြတာမှန်ပေမယ့် ကိုယ်နဲ့နီးစပ်လာတဲ့သူကို ကိုယ့်လိုကြိုးစားဖို့ပဲ သိမ်းသွင်းမှာ၊ ဒါ ဘယ်သူ့ကိုမှ လက်ညှိုးထိုး အထင်သေးတာ မဟုတ်ဘူး ..''

သဏ္ဍာန် က ခေါင်းညိတ်မှ ဦးမင်းခန့်ကျော် က ခေါင်းကို ခပ်စောင်းစောင်း ညိတ်လိုက်ကာ ...

"ဆိုလိုချင်တာက ဘာကြောင့် ညာကြောင့်မှ မပြောဘဲ မင်း ဒီမှာပဲ အလုပ်လုပ်လိုက်ပါ .. လုပ်ကြည့်ပြီးမှ ..''

"လုပ်ကြည့်ပြီးမှ မကြိုက်လို့ပြောင်းရင် ကိုယ်ပြန်ရုပ်လိုက်တာက ခြေထောက်တစ်ဖက်တည်းရယ်၊ ခြေရာကတော့ နှစ်နေရာထင်သွားမှာပဲ အန်ကယ်လ်၊ အလုပ်တစ်ခုဆိုတာလည်း လုပ်ကြည့်ရုံ သဘောကို မသိဘူး၊ စူးစိုက်ကြည့်မှ နားလည်မှာ၊ ကိုယ် စိတ်ဝင်စားတာကို စူးစိုက်တာပဲ ကောင်းပါတယ်''

"မင်းက ဟိုတယ်လ်လုပ်ငန်းကို စိတ်ကိုမဝင်စားဘူးလို့ ပြောချင်တာလား ..''

"သူများပေးတဲ့နေရာမို့လို့ပါ''

"လမ်း ဟုတ်မဟုတ် ဆိုတာလည်း ရှေ့ကသွားထားတဲ့ခြေရာရှိမှ သိရင် ကွ ..''

"ကျွန်တော်က ဦးဆုံး လမ်းထွင်ရတာမျိုးဆိုရင်လည်း ရှိပါစေ အန်ကယ်လ်၊ ပင်ပန်းဆင်းရဲခြင်းက ကျွန်တော့်အတွက် မဆန်းတော့ပါဘူး၊ အရှင်းဆုံးပြောရရင် ဦးထွန်းဝေ .. ဒေါ်နှင်းနှင်း တို့နဲ့ မလွတ်တဲ့





အရိပ်မှာ ကျွန်တော် မခိုဘူး ..''

ဦးမင်းခန့်ကျော် က လုံးဝနားလည်သွားသည့်မျက်နှာနှင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ ဒေါ်နှင်းနှင်း ဆိုသည့်နာမည် ပါလာတော့မှ ဤလူငယ်ပြောနေသည့် လေးလေးကို စိတ်မဆင်းရဲစေချင်ဘူးဆိုတဲ့ စကားအထာကို ရိပ်မိခဲ့၏။

"အင်း .. မင်းက အန်ကယ်လ် ဘယ်လိုပြောပြော ရေသည်ယောက်ျားလို ပဲဝက်ကို ဆုံးရှုံးမခံနိုင်တဲ့သူပဲ ..''

ပြောပြီး စဉ်းစားသလို လုပ်နေသေးသည်။ ခဏကြာမှ ...

"ပြောမှဖြစ်မှာဆိုတော့လည်း ပြောရတာပေါ့ကွာ၊ ဒါပေမယ့် ပြီးခဲ့တာတွေကို အသစ်ပြန်ဖြစ်လာအောင် ခရေစေ့တွင်းကျတော့ မင်းကို မပြောနိုင်ဘူး၊ အခု မင်းကို ကျုပ်ခေါ်လိုက်တာ မင်းရဲ့လေးလေးနဲ့ ပတ်သက်ပေမယ့် သူ့မျက်နှာကြောင့် နေရာပေးမှာမျိုး မဟုတ်ဘူး ..''

သူ စကားရပ်လိုက်ပေမယ့် သဏ္ဍာန် က ဘာမှဝင်မမေးပေ ..။

"မင်းရဲ့အဖေ အာကာစိုး က အန်ကယ့်လ်ညီ သော်ဇင် နဲ့ သိပ်ချစ်တဲ့ သူငယ်ချင်း၊ တခြားတွဲကြတဲ့ အပေါင်းအသင်းတွေတော့ ရှိမှာပေါ့ကွာ .. အဲဒီအချိန်တုန်းကတော့ အန်ကယ့်လ်ညီကို ပြောမကောင်း ဆိုမကောင်းတဲ့ကောင်လေးဆိုပြီး အန်ကယ်လ် သိပ်ဂရုမစိုက်ခဲ့ဘူး၊ ဒါတွေကို သူတို့သူငယ်ချင်းတွေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြကာမှ အစကနေ သတင်းပြန်လိုက်ရတာ ..''

ဦးမင်းခန့်ကျော် က သက်ပြင်းရှည်ကြီးချကာ တိုက်ခန်းရဲ့ ဘေးလှေကားကနေ တက်ဆင်းနေကြသည့် လူတချို့ဆီ လှမ်းကြည့်နေ၏။ ပြီးတော့မှ သူ့ဘက်ပြန်လှည့်၍ ...

"တိုတိုပြောရရင် အန်ကယ်လ်တို့ ဆွေမျိုးအစုလိုက် လဲသေပစ်ချင်လောက်အောင် ဂုဏ်သိက္ခာကျဆင်းစေမယ့် ပြဿနာကြီးတစ်ခု ဖြစ်သွားခဲ့တယ်၊ သူတို့သူငယ်ချင်းတွေ အုပ်စုလိုက်လုပ်ကြတာပေမယ့် အကယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရောက်ကျူးလွန်ခဲ့တဲ့ အန်ကယ့်လ်ညီတစ်ယောက်အပေါ်မှာ အပြစ်တွေ ပုံသွားတယ်၊ မင်း နားလည်အောင်ပြောရရင် သူတို့နှစ်ယောက်စလုံးက အိမ်ထောင်သည်တွေလေ၊ ငွေကို သူတို့သုံးဖို့အတွက် သူတို့ကျွမ်းကျင်တဲ့ နည်းမျိုးစုံနဲ့ ရှာကြတာကိုး .."

နားထောင်နေရင်း တစ်စုံတစ်ခုကို နားလည်လာသလိုရှိကာ ဆက်သိချင်ပေမယ့် မကြားချင်သလို ဖြစ်လာခဲ့၏။

"သော်ဇင် က စိတ်ပျော့သလို ကြောက်လည်း ကြောက်တတ်တယ်၊ မင်းအဖေကတော့ နည်းနည်းအရွတ်ဆန်တတ်တဲ့အကျင့် ရှိတယ်၊ သူ့မှာ မိဘတွေက အပြစ်တင်၊ ဇနီးနဲ့မိသားစုက အထင်မကြီးကြတဲ့စိတ် အခံရှိနေတော့ သူ့ဘက်မှာ ဘာမှငဲ့စရာမရှိဘူးလို့ ခံယူထားတာပေါ့၊ ဖြစ်လာကြတဲ့အချိန်မှာ သော်ဇင့် ရှေ့ကနေ သူ ကာကွယ်ပေးခဲ့တဲ့အထိ သူ့ရဲ့နောက်ကြောင်းကို လုံးဝ ပြန်မကြည့်ခဲ့ဘူး .."

ကိုယ့်အဖေကို ချီးမွမ်းနေတာလား .. ကဲ့ရဲ့နေတာလား ..၊ ဘာမှန်းတော့မသိပေမယ့် အဖေ့ကြောင့် မေမေတို့မိသားစုတွေ ဘဝပျက်ခဲ့ရသည်ဆိုတဲ့စကားတွေ အန်တီနှင်း ပြောနေလွန်းလို့ ဒီအကြောင်းတွေဟာ ဂုဏ်ယူစရာမဟုတ်မှန်းတော့ သိနေခဲ့၏။

"သူပေးသွားတဲ့အတွက် အန်ကယ်လ်တို့ ဆွေမျိုးတစ်စုလုံးရဲ့ ဂုဏ်သိက္ခာကို ပြန်ရခဲ့တယ်၊ သူ့မှာတော့ အားလုံးရဲ့ ကဲ့ရဲ့ဖယ်ကြဉ်မှုတွေ ပိုမိုပြင်းထန်လာတဲ့ဒဏ်ရာတွေနဲ့ သောက်စားရင်း အသေစောသွားခဲ့ရတယ် .."

"တစ်ခုလောက် မေးပါရစေ .."

"မေးပါ .. ဘာလဲ .."

"အန်ကယ်လ် သော်ဇင် က အခု .."

"အာကာစိုး နဲ့ သိပ်မကွာဘူး သူ ဆုံးသွားတယ်လေ၊ သူက အသည်းပျော့သလောက် သူ့အတွက် သူငယ်ချင်း ဒီလောက်ထိ ခေါင်းခံပေးသွားတယ်၊ သူ့မိသားစုတွေ အာကာစိုး ကြောင့် ဘဝပျက်ကုန်ကြပြီဆိုတဲ့ ပေးဆပ်မှုတွေကို ကြားရတိုင်း တုန်လှုပ်နေခဲ့တယ်၊ အဲဒီစိတ်တွေ ဖိစီးနေတုန်း အာကာစိုး ဆုံးရှာပြီဆိုတော့ သူ ဘယ်လိုခံစားနိုင်တော့မလဲ၊ 'ခိုးချင်တာလည်း ပျာလို့၊ နေးလိုက်တာလည်း ချာလို့'ဆိုတဲ့လူမျိုးလေ၊ ဆိုးတော့ ဆိုးရဲတယ်၊ သတ္တိမရှိဘူး"

ဦးမင်းခန့်ကျော် က သက်ပြင်းမောကြီးချကာ ဆိုဖာမှာ ခါးဆန့်မှီလိုက်ရင်း ...

"သူ ဆုံးသွားတော့ သားသမီးမကျန်ခဲ့ပေမယ့် အာကာစိုး ကတော့ သားလေးတစ်ယောက် ကျန်ခဲ့တယ်"

ဦးမင်းခန့်ကျော် အကြည့်တွေ သူ့ဆီ ပြန်ရောက်လာ၏။

"အန်ကယ်လ်တို့က စည်းစိမ်ဥစ္စာပေးတဲ့သူထက် ဂုဏ်သိက္ခာကို ပေးတဲ့သူအတွက် ပြန်ပြီး ပေးဆပ်ချင်တာ၊ သော်ဇင် မဆုံးခင်မှာလည်း သူ့ညီမကို ဒါပဲ မေးသွားတယ်၊ အာကာစိုး မှာ ကလေးဘယ်နှစ်ယောက်ကျန်ခဲ့သလဲဆိုတာ စုံစမ်းပေးပါတဲ့၊ မသိရသေးခင် သူ ဆုံးသွားတာလေ၊ အဲဒါ မင်း စဉ်းစားကြည့်စမ်း ..၊ ဒီလောက်ထိ ပေးဆပ်ပြီး ချစ်ကြတဲ့ သူငယ်ချင်းတွေဖြစ်ရက်နဲ့ သူ့ဇနီး ကိုယ့်ဇနီး နာမည်တွေတောင် သေချာအစအဆုံး မသိကြဘူး၊ ဘယ်သူ့မှာ ကလေး ဘယ်နှစ်ယောက်ရှိသလဲဆိုတာလည်း မစပ်စုကြဘူး၊ အဲဒီလောက်ထိ နောက်ကြောင်းတွေကို ဖြစ်ထားပြီး ဆိုးကြမိုက်ကြတာ .."

ကရုဏာဒေါသတွေနဲ့ပြောရင်း ဦးမင်းခန့်ကျော် မျက်မှန်ချွတ်၍ မျက်နှာကို ပဝါနဲ့ သုတ်သည်။

"တကယ့်လူထူးဆန်းတွေ၊ အံ့သြလောက်အောင် မိုက်လုံးကြီးကြတာ .."

လို့ပြောရင်း ဖြန်လှန်ပြောကြရင်း အကြောင်းတွေကို လက်စသတ်သည်။






www.burmeseclassic.com

www.burmeseclassic.com



"အခု အန်ကယ်လ် ပြောတာတွေထဲမှာ မင်းဦးလေးနဲ့ မင်းရဲ့အဒေါ် လုံးဝ မပါဘူးနော် ..၊ အဲဒီတော့ မင်း အခု ဒီကိုရောက်လာရခြင်း အကြောင်းက မင်း ထင်ထားသလို မဟုတ်တော့ဘူး .."

"ဒါကို ကျွန်တော် ကြိုသိထားရင်လည်း ရတာပဲ အန်ကယ်လ် ဘာဖြစ်လို့ မပြောခဲ့တာလဲ .."

"မင်းကို လျှို့ဝှက်ထားခဲ့တာ"

ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့ သူ မျက်နှာပူသလိုဖြစ်သွား၏။

"အန်ကယ်လ်တို့က ဆိုးမိုက်တာကို မကြိုက်ပေမယ့် လူဆိုးတိုင်း သစ္စာမမဲ့ဘူးဆိုတဲ့အသိလေးတော့ ထားတယ်၊ မင်းအဖေရဲ့ ခေါင်းဆောင် စိတ်ဓာတ်လေးတစ်ခုကို လေးစားပြီး အန်ကယ်လ်တို့ ပြန်ရခဲ့တဲ့ ဂုဏ် သိက္ခာအတွက် မင်းကို ပြန်ပေးချင်တာ၊ အခု မင်းကို မြင်လိုက်ရတော့.."

စကား ခဏရပ်သွား၏။

ပြီးမှ ...

"အန်ကယ့်လ်ညီလို၊ ပြီးတော့ မင်းရဲ့အဖေလိုမျိုး စိတ်ကောင်း တစ်ဖက် ဉာဉ်ဆိုးတစ်ဖက်ရှိနေတဲ့ လူငယ်တစ်ယောက် ဖြစ်နေမလားလို့ တစ်ထစ်လျှို့ဝှက်ထားတာကို ပြန်ရုပ်သိမ်းဖို့ ဆုံးဖြတ်လိုက်တယ် ဆို ပါတော့"

စကားပြောနေရင်း သဏ္ဍာန် ကို အကဲခတ်နေသည်ဖြစ်ရာ ...

"မင်း ဒီကနေ တခြားထွက်သွားဖို့ ထပ်မစဉ်းစားပါနဲ့၊ အန်ကယ်လ် ချပေးတဲ့ ပလန်အတိုင်း မင်း လှုပ်ရှားရမယ်၊ မင်း အရည်အချင်း ရှိ သလောက် ကြိုးစား၊ လိုအပ်တာ ဘာမှမရှိစေရဘူး၊ စိတ်ထဲမှာ တစ်ခု သိထားရမှာက မင်းကို သူများခိုင်းနေတာ မဟုတ်ဘူး၊ ကိုယ့်အတွက် ကိုယ့်အရင်းအနှီးနဲ့ လုပ်နေတယ်ဆိုတာပဲ၊ သဘောပေါက်ရဲ့လား .."

သဏ္ဍာန် ခေါင်းညိတ်တာကို မစောင့်ဘဲ ဦးမင်းခန့်ကျော် မျက်နှာ မှာ ဆွေးရိပ်သမ်းနေခဲ့လျက် ...





"အန်ကယ့်လ်မှာလည်း လုပ်ငန်းတွေက ရှုပ်ယှက်ခတ်နေတော့ မင်းကို ကိုယ်တိုင်မစုံစမ်းနိုင်ခဲ့ဘူး၊ ကြာခဲ့တဲ့ကြားကာလမှာ မင်းနဲ့ မဆက် သွယ်မိဘဲ ဆင်းရဲပင်ပန်းခဲ့တာတွေကိုတော့ ကံတရားလို့သာ မှတ်ပေါ့ ကွာ .."

သူ မချိုပြုံးနှင့် ငြိမ်သက်နေမိသည်။

"ဒါနဲ့ မင်းမှာ ညီအစ်ကိုဝမ်းကွဲတစ်ယောက် ရှိတယ်နော် .."

"ဟုတ်ကဲ့ .."

"အေး .. မင်းကို စုံစမ်းတော့ ပထမရောက်လာတာ မင်းဓာတ်ပုံ မဟုတ်ဘူး .."

သူ ဖျတ်ခနဲ မြင်ယောင်လိုက်မိတာ အန်တီနှင်း မျက်နှာ ..၊

ခေါင့် ဓာတ်ပုံကို ထည့်ပေးလိုက်တာများလားလို့ အတွေးထဲ ဝင် လာခဲ့၏။ သိပ်တော့မသေချာပါ။ ထိုစဉ် ဖုန်းလာသည်ဟုဆိုကာ အပြင် ကနေ လာပေးတော့ ဦးမင်းခန့်ကျော် ဖုန်းကိုင်ရင်း ထသွား၏။

"ပြောလေ သမီး"

"... ... ..."

"မဖြစ်ဘူး၊ သမီး ပြန်ရောက်တာ သိပ်တောင်မကြာသေးဘဲနဲ့ ခရီး ပြန်မထွက်ရဘူး၊ ပြီးတော့ ဖေဖေ့မှာ သမီးနဲ့ တိုင်ပင်စရာရှိသေးတယ်"

"... ... ..."

"နောက်မှဆွေးနွေးမယ် သမီး၊ အဲဒီခရီးသွားဖို့ကိစ္စ သမီး ခဏဖယ် ထားလိုက် .. ဒါပဲနော် .."



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၄၃ ]

"ဘာ!..."

အတွက် ရဲ့ 'ဘာ ..' သံကြောင့် ရီဆက်ရှင်ကလူတွေ ခေါင်းထောင်သွား၏။ မျက်နှာရှေ့တည့်တည့်မှာ ရင်ဆိုင်နေရသည့် စာရေးမျက်နှာကလည်း လှုပ်ရှား ဗျာများသွားလျက် ...

"ဟို .. ဒီလိုပါ .."

"ဘာလဲ .. ကျွန်မက သူငယ်ချင်းတွေကို အလုပ်သမားအိပ်တဲ့ အခန်းထဲ ထည့်သိပ်ရမယ် .. ဟုတ်လား .."

"ကဲ .. ရပါတယ် အတွက် ရယ် .. နင်ကလည်း .."

"ဖယ်စမ်းပါ .."

ပန်းချီ က လက်ကို ဆွဲလှုပ်ပြောလျှင် အတွက် က ပြန်ခါချပစ်ကာ ...

"အဲဒီ နံပါတ်ဆယ့်တစ် ထောင့်ခန်းကို သူတို့အတွက် ကျွန်မ သုံးရက်စောပြီး ဘွတ်ကင်လုပ်ထားတာ .."

"ဟုတ်ပါတယ် အစ်မရယ် .. ကျွန်တော်တို့လည်း အခန်းမလောက်တော့တဲ့အကြောင်း သူဌေးကို လှမ်းအကြောင်းကြားပါတယ်၊ သူဌေး ခွင့်ပြုမှ ဧည့်သည် လက်ခံလိုက်တာပါ .."





"ဟုတ်ပါတယ် ညီမလေးရယ် .. ဒီအချိန်က ဧည့်ကျတဲ့အချိန် ဖြစ်နေလို့ပါ၊ သူဌေးက .."

"တော်ပြီ .. တော်ပြီ .. ဖေဖေ့ကို ဖုန်းဆက်မယ် .."

"သြော် .. မလုပ်ပါနဲ့ဆိုမှ အတွက် ရယ် .. ငါတို့က လူစိမ်းတွေ ကျနေတာပဲ .."

"ဟုတ်ပါတယ်ဟာ .. ငါတို့ နင့်အိမ်မှာပဲ .."

"လုပ်မနေနဲ့ ဒေဝီ .. နင်ပဲ ဟိုတယ်မှာ ဇိမ်နဲ့ နေချင်လို့ဆို ..၊ ပြီးတော့ ဒီမှာ မနက်ဖရိုတ်ဖတ်စ် အရမ်းကောင်းတယ် .. စားချင်တာ အကုန်ရတယ်"

ပြောပြီးတာနှင့် ဖုန်းခေါ်ပေမယ့် ဖုန်းက လိုင်းမအားဘဲ ဖြစ်နေ၏။

"ကျွတ်!... အရေးထဲမှာ .."

"လုပ်မနေပါနဲ့ဆိုမှ နင်ကလည်း ..၊ အလုပ်သမားခန်းဆိုလည်း.."

"ဒီလိုပါ ခင်ဗျ .. အစ်မ အရမ်းစိတ်ဆိုးနေလို့ မပြောသေးဘဲ နေတာပါ၊ အလုပ်သမားတွေ အားလုံးက ဒီရှေ့ တိုက်ခန်းတွေမှာ ပြည့်စုံအောင် စီစဉ်ပေးထားပြီးသားပါ"

ရီဆက်ပ်ရှင်က လူတစ်ယောက်ကပဲ ဝင်ပြောပြန်ကာ ...

"အခုအခန်းက အလုပ်သမားခန်း မဟုတ်ပါဘူး .. အခန်း နှစ်ဆယ့်တစ်နဲ့ ကပ်လျက် မာတ်လှေကားဘေးမှာပါ၊ အလုပ်သင် မန်နေဂျာလေးရဲ့အခန်း .."

"ဒါနဲ့ ခုနက ပြောတော့ .."

"ကျွန်တော် လိပ်ပတ်လည်အောင် မပြောရသေးခင် အစ်မက စိတ်ဆိုးသွားလို့ပါ .."

"အခု အခန်းက အဆင်သင့်ပဲလား .."

"ဟုတ်ကဲ့ .. သူ့ကို မန်နေဂျာ ရွှေ့ခိုင်းထားပါတယ်၊ အားလုံး အဆင်သင့်ပါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ဝင်ထွက်နေကြတဲ့ ဧည့်သည်တချို့ကလည်း စိတ်ဝင်တစား ကြည့်နေပြီ ဖြစ်၏။ ပြီးတော့ ပန်းချီ နဲ့ ဒေဝီ တို့ကို ဟိုတယ်လ်မှာ အေးဆေးနေဖို့ တာဝန်ခံ ခေါ်လိုက်ပြီးကာမှ ...

"အဲဒါဆို လိုက်ပို့ ..."

"ဟုတ်ကဲ့ .."

အားလုံးက ပျာပျာသလဲ ဖြစ်နေကြကာ အတွက် စိတ်တိုသွားတာကိုလည်း တော်တော်လန့်နေကြပုံ ရ၏။ ဓာတ်လှေကားထဲ ရောက်တာနှင့် ဒေဝီ က စတင်ညည်းတွားတော့သည်။

"အတွက် ကလည်းဟာ .. အန်ကယ်လ် စီစဉ်ခိုင်းတာပါတဲ့ဆိုမှ၊ ငါတို့ကို ငြိုငြင်နေတော့မှာပဲ .."

"ဘာမှမဆိုင်ဘူး ပူမနေနဲ့ .. ငါက နင်တို့ကို မိုးကောင်းအထိ လိုက်ပို့မလို့ .. ဖေဖေ တားလို့ပဲ မသွားရတာ၊ ဒီမှာ နေရမယ်ဆိုရင်တော့ ငါ့ဘဘော ဖြစ်ရမှ .."

သူမတို့ကို လိုက်ပို့ဖို့ အတူပါလာသည့် အလုပ်သမားကောင်လေးကတော့ ဓာတ်လှေကားထဲမှာ ခေါင်းငုံ့ရပ်လျက် တုပ်တုပ်မှ မလှုပ်..။

"ဟယ် .. ဒီဝရန်တာက ထွက်ကြည့်ရင် အမြင့်ကြီးပဲနော် .. အေးလိုက်တာ .."

ဓာတ်လှေကားက ထွက်တာနှင့် ဒေဝီ က ဦးဆောင်ကာ မျက်နှာစာရှေ့ကို ပြေးသွား၏။

"ရှစ်ထပ်ပဲ ရှိပေမယ့် အမြင့်ကြီးပဲနော် .. တစ်ထပ်နဲ့တစ်ထပ် ပူးကပ်မနေတော့ နင်တို့ဟိုတယ်လ်က အရမ်းလှတာပဲ .."

"ကဲ .. လာပါ .. တော်ကြာ .."

ပြောနေရင်း လှည့်ကြည့်လိုက်တော့ အိတ်တွေသယ်ရင်း လိုက်ပို့သည့် ကောင်လေး ဘယ်ရောက်သွားမှန်း မသိ ..။

"တွေ့လား .. ပြောရင်းဆိုရင်း ဘယ်ရောက်သွားလဲ မသိဘူး၊





ဟိုလူ .."

"ဟယ် .. ဟုတ်သားပဲ၊ ငါတို့အိတ်တွေ ဘယ်ထဲ သွားထည့်လိုက်လဲ မသိဘူး .."

"ပန်းချီ ရယ် .. ပြူးပြဲမနေစမ်းပါနဲ့ .. နစ်ဆယ့်တစ်နဲ့ ကပ်လျက်ပါဆိုမှ .."

"ဟော .. ဟိုကောင်လေး .. ဟိုထဲမှာ ထွက်သွားပြီ .."

သုံးယောက်သား အလုပ်သမားကောင်လေး ထွက်သွားတာကို မြင်သည်နှင့် ထိုအခန်းကို ကမန်းကတန်း ပြေးသွားမိကြသည်။ တံခါးပွင့်လျက်သား ကျန်ခဲ့တာမို့ အခန်းနံပါတ်လည်း မော့မကြည့်မိတော့ပေ..။

"ဟဲ့ .. ငါတို့အိတ်တွေလည်း မရှိဘူး .."

မရှိဘူးပြောရင်း ပန်းချီ က အထဲရောက်သွားပြီဖြစ်သည်။ ဖြူနုသည့် မွေ့ရာနှင့် ထိုပေါ်မှာ ကျောပိုးအိတ်တစ်လုံးရယ် ..၊ အဝတ် နှစ်ထည် အခေါက်လိုက်နှင့် ဒီတိုင်း ပုံချထားသည့် ပန်းနုရောင် မျက်နှာသုတ်ပဝါတစ်ထည် ..။

"ဒါ ဘယ်သူ့အိတ်ကြီးလဲ မသိဘူး .."

ဒေဝီ က ကိုယ့်အခန်းလို့ သတ်မှတ်ပြီးသားမို့ အိတ်ကြီးကို ပိုင်စိုးပိုင်နင်း ဆွဲတွန်းပစ်လိုက်၏။ ထိုအခါ အိတ်ကြိုးနဲ့ အထည်တွေကို ဆွဲဖွလိုက်သလို ဖြစ်သွားလျက် ...

"ဟယ်!..."

"အဲတော့!..."

ကြမ်းပြင်ပေါ် လျှောခနဲ ကျလာတာက အတွက် ရဲ့ ပုံတူစာရွက်လေး ..၊

"အတွက် .. ဒီမှာ ကြည့်စမ်း ..၊ နင် ဒေါသတွေ အရမ်းထွက်နေတဲ့ပုံ .. မျက်လုံးလေး ပြူးနေတာ မျက်တောင်တွေ ကော့ပျံ့ပြီး လှလိုက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးဟ .. ဒီမျက်နှာကို တော်တော်လေး စွဲလမ်းပြီး မျောက်မျက်မရ ဖြစ်သွားပုံပဲ .."

"သူ ဒီမှာရှိနေတာပေါ့ .."

အားလုံးနဲ့မတူသော စကားကို ဆိုကာ အတွက် က ပုံတူစာရွက်ကို သေချာထပ်ကြည့်၏။ ပုံတိုင်းမှာ ကဗျာတွေ ပါတတ်ပေမယ့် ဒီပုံမှာတော့ ကဗျာ မပါသည့်ပြင် ပုံက လက်စမသတ်ရသေးတာလည်း သေချာ၏။

"ဟုတ်တယ် .. ဟုတ်တယ် .. သဇ္ဈာန် ဒီမှာ ရှိနေတာ သေချာတယ် .."

"သူက ဒီမှာ အလုပ်လုပ်နေတာပေါ့ .."

သူတို့မေးခွန်းတွေကို ဖြေမည့်သူက အခန်းတံခါးဝမှာ ပေါ်လာ၏။ လူရိပ်ကြောင့် အတွက် က လှည့်ကြည့်လိုက်သည်။ မျက်လုံးချင်းဆုံသွားကြတာ သံလိုက်၏ဆွဲအားကဲ့သို့ ..။

သဇ္ဈာန် က အရင် ဖျတ်ခနဲ မျက်နှာလွှဲ၍ ...

"ဒါ .. ကျွန်တော့်အခန်း .."

"နေပါဦး .. သဇ္ဈာန် .. ရှင်က ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ .."

ဒေဝီ က ရှေ့က တက်မေး၏။

"အလုပ်သမားပါ"

အလုပ်သင်မန်နေဂျာလို့ ခုနကပဲပြောလိုက်တာပါ၊ ဒါ သူ့အခန်းမှန်လျှင် အောက်ကလူဖော့ ပြောလိုက်တာ သူပဲဖြစ်ရမည်သာ။

"ရှင် ဘယ်တုန်းက မန္တလေးရောက်နေတာလဲ၊ ရန်ကုန်ကလူက ချက်ချင်းကြီး မန္တလေးဟိုတယ်လ်မှာ အလုပ်လာလုပ်နေတယ်ဆိုတော့..."

"ဟုတ်တယ်၊ အလုပ်သမားတန်းလျားက ဟိုရှေ့မှာတဲ့၊ ရှင်က ရှစ်လွှာက အဲကွန်းခန်းထဲမှာ ဇိမ်နဲ့နေရတာ အလုပ်သမားလား"





သဇ္ဈာန် က ဘာမှပြန်မပြောတော့ပေ။ နှုတ်ဆိတ်နေရင်း သူ့ကိုပဲ စိုက်ကြည့်နေသည့် အတွက် ဆီ မျက်လုံးတစ်ချက်ရောက်ကာ ...

"မင်းတို့နေရာမှာက နှစ်ဆယ့်တစ်နဲ့ကပ်လျက်မှာ၊ ဒါက ကျွန်တော့်အခန်း"

တံခါးပွင့်နေသည့်အခန်းမြင်တာနှင့် ဘာမကြည့်ညာမကြည့် ဝင်လာခဲ့မိကြတာ ခုချိန်ထိတောင် သူမတို့ သတိမထားမိကြသေးပေ။

သူပြောလိုက်မှ ဟိုမော့ကြည့် ဒီမော့ကြည့်။

"လာ .. လာ .. ထွက်ရအောင်"

ပန်းချီနဲ့ ဒေဝီကို့က တက်ညီလက်ညီခြေလှမ်းပြင်၏။ အတွက်ရဲ့ မျက်ဝန်းတွေကို တစ်ချက်ကြည့်လိုက်တာနှင့် သူမတို့ သိချင်သမျှကို အတွက် မေးမှပဲ သိရတော့မှာလို့ တွေးမိ၍ ...

"ရန်လည်းဖြစ်မနေကြနဲ့ဦး"

ပန်းချီ က ပေါ်တင်ပဲလှည့်ပြော၏။ ပြီးတော့ ထွက်သွားကြလေသည်။ အတွက် က နေရာမှာ မလှုပ်မယှက်ရပ်နေရင်း ...

"ရှင် ဘယ်သူနဲ့သိလို့ ဒီမှာ အလုပ်ဝင်ခဲ့တာလဲ"

"မင်းက သူဌေးဦးမင်းခန့်ကျော်ရဲ့ တစ်ဦးတည်းသောသမီး ဆိုတာလား"

မေးတာကိုမဖြေဘဲ ပြန်မေးလိုက်ပုံက နားထဲမှာ သိပ်တော့ အဆင်မပြေ။

ဟိုတုန်းကအတိုင်းဆို အတွက် ပက်ခနဲပြောချလိုက်မှာပါ။ ဒါပေမယ့် သူ့အပေါ်မှာရှိနေသည့်အမြင်တွေက ပြောင်းလဲနေခဲ့ပြီမို့ ...

"ရှင် က ခုမှသိတဲ့ပုံစံနဲ့ပါလား"

"ကိုယ် ခုမှသိတာပါ၊ ရန်ကုန်ကနေရောက်လာပြီး အန်ကယ်လ် ဒီမှာ အလုပ်လုပ်ဖို့ နေရာပေးတဲ့အထိ အန်ကယ်လ်နဲ့ အလုပ်ကိစ္စက လွဲပြီး ကိုယ် ဘာမှမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သည်။ သူ အိမ်ကိုရောက်လာခဲ့လျှင် သူမနဲ့မတွေ့ရင်တောင် အန်တီနဲ့တော့တွေ့မှာပဲဖြစ်၏။ ဒါဆို ဖေဖေ ပြောနေတဲ့ မိတ်ဆွေ တစ်ယောက်ရဲ့သား လာဖို့ရှိတယ်ဆိုတာ သူလား ..။

အန်တီကတော့ သမီးဖေဖေနဲ့ တိုက်ရိုက်ပတ်သက်တာမဟုတ်ဘူး၊ ကိုကိုဇင့် သူငယ်ချင်းတဲ့။ ဖေဖေဟာ တစ်ဦးတည်းသောသားပေမယ့် မာန်မာနမရှိပေ၊ အန်တီနဲ့အန်ကယ်လ်ဇင်တို့မောင်နှမကို တစ်ဝမ်းကွဲပေမယ့် ညီရင်းညီမရင်းလို စောင့်ရှောက်ကြင်နာခဲ့၏။

ဒါကြောင့်လည်း အန်ကယ်လ်ဇင် ဘယ်လိုပတ်သက်ခဲ့မှန်း မသိသောမိတ်ဆွေကို တစ်လှည့်ပြန်ပြီးကူညီဖို့ရှိသည်ဆိုတာ အခု မန္တလေးကို သူမ ပြန်ရောက်လာမှ ကြားရတာဖြစ်သည်။

သေသေချာချာသိဖို့ သူမကလည်း မမေးခဲ့သလို လူကြီးတွေကလည်း ပြောချင်ပုံမရပေ။

တိုက်ဆိုင်တာက ဖေဖေတို့ပြောနေတဲ့ မိတ်ဆွေရဲ့သားဆိုတာ သဏ္ဍာန် ဖြစ်နေရခြင်းကြောင့်သာ၊

"အတွက်"

သူက ကိုယ့်ကိုယ့်ကိုယ် နှိမ်ချပြောတတ်ပေမယ့် စကားလုံးတိုင်းမှာ ကြောက်ရွံ့သိမ်ငယ်နေတာမျိုး အလျှင်းမရှိ။

"ဒါ မရည်ရွယ်တဲ့ကိစ္စပါ၊ မင်း မယုံဘူးဆိုရင် ကိုယ် ဒီက ထွက်သွားပါ့မယ်"

"ဆိုင်လို့လား"

"ကိုယ် မင်းနဲ့နီးစပ်အောင် ရှာဖွေရောက်လာတာမဟုတ်ဘူး"

"ရှာဖွေရောက်လာတိုင်းရော ရမှာမို့လို့လား၊ ရှင့်ကို ဖေဖေက နေရာပေးတာ အတွက် နဲ့ မဆိုင်ပါဘူး"

ပြောပြီးတော့ ကိုင်ထားသည့်စာရွက်ကို ထောင်ပြကာ ...

"ဆိုင်တာက ဒါ .."





အတွက် နဲ့ သူ မျက်လုံးချင်းဆုံသွားလျက် ...

"ရှင် ကျွန်မရဲ့ပုံတူတွေရေးတာ ဒီနေ့ကစပြီး ရပ်သိမ်းပေးပါ"

"ဒါက ကိုယ့်အခွင့်အရေး"

"ဘာ"

"ဒါက ကိုယ့်စိတ်ထဲမှာစွဲနေတဲ့ပုံရိပ်တစ်ခုပဲ၊ မင်းရဲ့ပုံတူ မဟုတ်ပါဘူး"

အတွက် ခံရခက်သွားသည်။ နားဆွဲဝိုင်းလေးနဲ့ ဆံပင်တွေ ပျော့ပျော့ကုတ်ကုတ်လေး၊ ပြီးတော့ မျက်ခုံးတန်းထူထူလေးတွေရော၊

ဒါကို ကိုယ့်ရဲ့ပုံတူမဟုတ်ပါဘူးပြောနေသည်။ ဟိုအရင် ဆွဲနေခဲ့တဲ့ပုံတွေကရော ...၊

"ဒါတွေကို ကိုယ့်စိတ်ကူးနဲ့ ပုံဖော်ထားတာ၊ ဘယ်မိန်းကလေးကိုမှ ပိုဆက်ရှင်လုပ်နိုင်းထားတာမဟုတ်ဘူး၊ ကိုယ့်ပုံ ပြန်ပေးပါ"

"မပေးဘူး၊ ဆွဲစုတ်ပစ်မယ်"

ရှက်သည့်စိတ်ပါ ရောထွေးကာ အတွက် တကယ်စုတ်ပစ်မလို့ ကိုင်လိုက်၏။ သဏ္ဍာန် ကမန်းကတန်းရှေ့တိုးလာတာမြင်သည်နှင့် ကျောခိုင်းပစ်လိုက်ရင်း သေချာဖြဲပစ်လိုက်၏။ သို့သော် ...

"မလုပ်ပါနဲ့"

ပုံကို မစုတ်ဖြစ်အောင် အတွက် လက်ကလေးနှစ်ဖက်စလုံးကို အတင်းအကြပ်ဖိဆုပ်ထားလိုက်၏။ ဒါပေမယ့် နောက်ကနေ ဆွဲဖက်ထားလိုက်သလိုဖြစ်ကာ အတွက် ပြန်ရုန်းလိုက်တော့ နှစ်ယောက်စလုံး ယိမ်းယိုင်သွားသည်။

သူ့ထိန်း ကိုယ့်ထိန်းနှင့် တင်းတင်းကျပ်ကျပ်ဖက်ထားကြသလို ဖြစ်နေခဲ့လျက် ...

"ရှင် သူများကို လွှတ်နော်"

"ဆောရီး .. ဆောရီးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ အလန့်တကြား နောက်ပြန်ဆုတ်လိုက်လျှင် အတွက် ရှက်ရှက်နှင့် စာရွက်ကို ဘယ်လိုလွှတ်ချပစ်မိမှန်းမသိလိုက်။

သူ့မျက်နှာကို ဘယ်လိုမှမကြည့်ရဲတော့ဘဲ ရင်တွေခုန်နေတာ လက်ဖျားတွေတောင် အေးချင်၏။

သဏ္ဍာန်လည်း လက်က ဆံပင်တွေထဲရောက်၊ လည်ပင်းရောက်နှင့် လက်ဖဝါးချင်းပွတ်နေတော့လည်း ဘာစကားပြောရမှန်းမသိ ဖြစ်နေဆဲ။

နောက်တော့ တွန့်ကြေနေသည့်စာရွက်လေးကို ကောက်လိုက်ကာ ကြေနေသည့်နေရာတွေကို သေချာဖြန့်နေရင်း ...

"ကိုယ် တောင်းပန်ပါတယ်"

လို့ ထပ်ပြောမိ၏။ ပြီးတော့ မွေ့ရာဆီလျှောက်သွားကာ အပြင်မှာ ထုတ်ထားသည့်အင်္ကျီတချို့နဲ့ အတိုအထွာတွေကို အိတ်ထဲ ပြန်ထည့်၏။

ထိုစဉ် ဖုန်းသံကြားလိုက်ရကာ အတွက် တော်တော်နဲ့မကိုင်တာကိုလည်း သိနေ၏။ နောက်ထပ်တစ်ခါမြည်လာတော့ အိတ်ကို ပခုံးတစ်ဖက်မှာလွယ်၍ သူ လှည့်ထွက်ခဲ့၏။

"ဟလို"

အတွက် က ဟိုဘက်လှည့်၍ ဖုန်းပြောနေသည်မို့ တစ်စုံတစ်ရာ ပြောဖို့ ကြိုးစားပေမယ့် အခွင့်က မသာ။

"ဟလို"

"... ... ..."

"ဟုတ် ဖေဖေ .. သမီးတို့ ဒီမှာ"

"... ... ..."

"သဏ္ဍာန်"

လူကိုခေါ်လိုက်တာလား၊ ဖုန်းပြောတာလား မသိလိုက်ခင် လှည့်ထွက်ဖို့ပြင်လိုက်သည့် သူ့ခြေလှမ်း တုံ့သွား၏။





"ခေါ်လာခဲ့ရမယ် ဟုတ်လား၊ သူ့ကိုပြောလိုက်ရင် မပြီးဘူးလား ဖေဖေ"

"... ... ..."

"ဖေဖေကလည်း"

သဏ္ဍာန် ဆက်၍နားထောင်မနေတော့ဘဲ ဓာတ်လှေကားဆီ ထွက်ခဲ့လျှင် ...

"ဒီမှာ .. ဒီမှာ"

"ဟင်"

"ရှင့်ကို ဖေဖေ ခေါ်နေတယ်"

သဏ္ဍာန် မျက်ခုံးတွေ လွန့်သွားကာ ငိုင်သွား၏။ ပြီးမှ အတွက်ကို မကြည့်ဘဲ ခေါင်းညိတ်ကာ ...

"အခု သွားလိုက်ပါ့မယ်"

သူက အေးအေးလူလူထွက်သွားပေမယ့် အတွက် ဖေဖေ ဆိုမှာ ကြောက်နေမိ၏။ ဒါကိုပြောပြတော့ ပန်းချီ တို့ကလည်း အံ့သြဝမ်းသာ နေကြကာ ...

"ဒါဆိုလည်း သူ့နောက်ကနေ ငါတို့ တန်းလိုက်သွားရင် ရတာပဲ ဟာ"

"ဖေဖေ့ပုံစံက ငါနဲ့သူ့ကို တစ်ခါတည်းခေါ်လာစေချင်တဲ့ပုံပဲ၊ နှစ်ယောက်စလုံးကို တန်းရောက်လာစေချင်တာလား၊ ဒါမှမဟုတ် ..."

"တစ်ခုခု စိတ်ကူးရှိနေတာတော့ သေချာပြီ၊ ငါပြောရဲတယ်"

"ဘာစိတ်ကူးလဲ"

"ကြားဖူးနေကျဓာတ်လမ်းဟောင်းလေးတွေပေါ့ဟာ၊ အန်ကယ်လ့် စိတ်ကလည်း ထူးထူးဆန်းဆန်းပဲလေ၊ မိဘချင်း ကျေးဇူးအတုံ့အလှည့် တွေရှိခဲ့သလားမှမသိတာ၊ အဲဒါကြောင့် နင်တို့နှစ်ယောက်ကို ..."

"အို .. မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် .. အမယ် .. ပြောပုံက ရက်သွားသလိုကြီး"

"ငါပြောသားပဲ၊ ခေါင် နဲ့ ပြဿနာတက်ခဲ့ပေမယ့် ဒီပုံတူတွေကို ဒီမိန်းမ သိမ်းထားကတည်းက ..."

"ဒေဝီ နော် .. ငါ့ပုံတွေမို့လို့ ကြိုက်လို့ သိမ်းထားတာ"

"ခုနက လတ်လတ်ဆတ်ဆတ်ပုံတူလေးကိုမြင်လိုက်တုန်းကရော ဒီမိန်းမမျက်နှာ ဘာဖြစ်သွားလဲ ပန်းချီ .. နင် တွေ့လိုက်လား"

"တွေ့သားပဲ"

"ဖူးစာပါကတော့ မန္တလေးယ[illegible] နော်"

"ဟုတ်တယ်၊ မင်းအတွက် ဆိုတဲ[illegible] ကြာမျိုးသိပ် နေရမှာစိုးလို့ မြားနတ်မောင်က ကိုယ့်ခြံကို [illegible]က်ပို့ပေး လိုက်တာ"

"နင်တို့ကလည်း ဒုက္ခပါပဲ၊ အဲဒါနဲ့ ဟို[illegible]ကယ်ထွက် သွားပြီလဲမသိဘူး"

"ဟော တွေ့လား .. တွေ့လား၊ လာ[illegible]ာ်လှေကားထဲရောက် နေပါပြီ၊ မီးအောင်လိုက်ပေးပါ့မယ်"

အတွက် မျက်နှာလေး မကြည်လင်ပါ။

"နင်တို့က မသိဘူး၊ ငါ ဖေဖေ့ကိုကြောက်တယ်၊ အဲဒါကြောင့် လည်း ဘာမှ လွန်ဆန်မလုပ်ရဲလို့ အန်တီ့ကို အပူကပ်ပြီး ရန်ကုန်ကို နေဖြစ်အောင်ကြိုးစားရတာ ကြည့်"

"အေးပါ၊ ငါတို့က ဘာပြောလို့လဲ၊ အခု သဏ္ဍာန့် ကို နင်အဖေ ကိုယ်တိုင် ကြည်ဖြူခဲ့တာလေ၊ နင်လည်း လွန်တာရှိခဲ့တာတွေအတွက် စိတ်မကောင်းဖြစ်နေခဲ့ရတယ်မို့လား၊ ဒီမှာ ကိုယ့်အဖေကျေးဇူးကြောင့် တိုက်တိုက်ဆိုင်ဆိုင်လာဆုံရတာ မကောင်းဘူးလား၊ ငါတို့က ဝမ်းသာ လို့ဥစ္စာ"

"ဘာလို့ဝမ်းသာနေရတာလဲ၊ အဲဒါကိုက အလုပ်မဟုတ်တာ"





"ကြည့်ပါလားလို့"

"မကြည့်နဲ့၊ ငါမှာ ထွက်သွားတော့လည်း ကိုယ်၊ ပြန်လာတော့ လည်း ကိုယ့်ပြဿနာနဲ့ကိုယ်ပဲ၊ ဟိုမှာ မော်ဒယ်လ်လိုလို ဘာလိုလို ပေါ်ဖြူ လာဖြစ်ခဲ့တာကလည်းရှိသေး၊ ဖေဖေ့ကို ဘယ်လောက်ကြောက်နေရလဲ သိလား"

"ဒါကတော့ မပြန်ပါနဲ့လို့ ငါတို့ တားသားပဲ"

"ငါ ဘယ်မျက်[illegible]ခဲ့နေရမှာလဲ၊ ယောက်ျားနှစ်ယောက်ကြားမှာ မဟုတ်တာကို [illegible] ရိုက်နားရိုက်တွေဖြစ်"

"ဒါ[illegible]လည်း ညာတာကိုးဟ၊ ဒါတွေပြောမနေ ပါနဲ့တော[illegible]စ်တွေ အစကနေပြန်တိုနေဦးမယ်၊ ထား လိုက်ေ[illegible]

"အေ[illegible]တော့ သူက ကောင်မလေးတွေနဲ့ တွဲမြဲတွဲ ရှုပ်မြဲ ရှုပ် .. [illegible]ကဲ့လူ အလွယ်ရှိလို့"

"ကဲ .. [illegible]ဆိုမှ ဒေဝီရယ်၊ လာလာ .. သဏ္ဍာန် ဘယ် ရောက်သွားလဲမသိဘူး"

ရီဆက်ပ်ရှင်မှာ မေးမလို့ စိတ်ကူးပြီးကာမှ ဒီတိုင်းပဲ အပြင်ကို ထွက်လာခဲ့မိသည်။ သူ့ကို ဆိုင်ကယ်လ်တွေ ကားတွေ သပ်သပ်စီးဖို့ ပေးထားတဲ့အထိတော့ မဟုတ်လောက်ဘူးထင်သည်။

ဟိုတယ်လ်ရှေ့မှာ ရပ်နေကြပြီးမှ ...

"လာ အတွက် .. ငါတို့ ဒီတိုင်းမောင်းပြီးလိုက်ရအောင်၊ သူ့ကို လမ်းမှာတွေ့မှာပါ"

"ဟဲ့ .. ဆိုင်ကယ်လ်နဲ့သွားရင်ရော ဒီမှာ ကယ်ရီတွေရှိနေတဲ့ဟာ"

"ကဲ .. လာပါဟာ .. နင်တို့ထင်ကြေးပေးနေတာနဲ့ ကြာတယ်"

အတွက် က ကားပေါ်တန်းတက်သည်၊ ထင်သည့်အတိုင်း ခေဖာ မောင်းလိုက်တာနှင့် ကျောပိုးအိတ်တစ်ဖက်ချိတ်ပြီး သွားနေသည့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ကြရ၏။

နောက်ခန်းထဲကနေ ပန်းချီ က ရှုံ့မဲ့မဲ့နှင့် ...

"ဘာလဲဟယ် .. ကပ်စေးနဲတာလား၊ ဆိုင်ကယ်လ်ကယ်ရီဖိုးတောင် မရှိတာလား၊ အံ့ရော"

"တီ"

အတွက် က ဟွန်းတီးလိုက်ကာ နောက်ခန်းထဲကနေ ဒေဝီ က မှန်ချ၍ ခေါင်းထွက်ရင်း ...

"သဏ္ဍာန်"

"ဟင်"

သူက ဖျတ်ခနဲလှည့်ကြည့်ပြီး အံ့သြသွားသည့်မျက်နှာနှင့် ...

"လာ .. ကားပေါ်တက်၊ ရှင် အကြာကြီးလျှောက်ရမှာ"

သူက အတွက် ကို လှမ်းကြည့်သည်။ အတွက် က မျက်နှာလေး တည်နေကာ စိတ်ထဲကလည်း ဒီလူ 'ရပါတယ်'လို့ပြောကြည့်ဟု တေးထားလိုက်၏။

ပြီးတော့ ခြေထောက်က လီဗာပေါ်မှာ အသင့်တင်ရင်း ဖြေသံကို စောင့်နေလိုက်၏။

"အတွက် .. ကျွန်တော် ထိုင်မယ်နော်"

မျက်နှာကို သေချာငုံ့ကြည့်ပြော၍ ရစ်လိုက်သေးသည်။ ပြီးမှ ဘေးမှာဝင်ထိုင်လိုက်၏။ တစ်လမ်းလုံး သူငဲ့ကြည့်လာတာ အတွက် ရဲ့ မျက်နှာကိုဖြစ်သည်။ ရှက်တာရော၊ မနေတတ်တာရော အတွက် ကားမောင်းရတာ ဒုက္ခဖြစ်နေတော့သည်။

မန္တလေးမှာ ကားထက် ဆိုင်ကယ်တွေကို ပိုဂရုစိုက်နေရသည်။ သူ့ မျက်လုံးက တစ်မျိုး။

နောက်ဆုံး လှမ်းမြင်နေရသည့် ပန်းချီ တို့ မနေသာတော့ဘဲ နောက်ကနေ ချောင်းဟန့်သံပေး၍ ...





"သဏ္ဍာန် .. ရှင် ကားပေါ်မှာ ပုံတူမဆွဲဘူးမို့လား၊ မျက်နှာလေး ရှေ့တည့်တည့်လှည့်ရင် ကောင်းမယ်"

"ဟုတ်တယ်၊ တော်ကြာ ကားမောင်းတဲ့သူ စိတ်တွေလှုပ်ရှားပြီး အိမ်ပြန်မရောက်ဘဲ ကျုံးထဲထိုးဆင်းသွားမှ .."

"အဟွန်း"

သဏ္ဍာန် က ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီး ရယ်သည်။ ပြီးတော့ ပြန်လှည့်ကြည့်ကာ ...

"ကိုယ် မောင်းရမလား"

"သေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



အခန်း | ၄၄ |

"တောက် .."

"ဘာတဲ့လဲ အစ်ကို .."

"ဘာမှမထူးဘူး .."

အိမ်မှာရှိသမျှ ဖုန်းက နှစ်လုံးတည်း။ ရှိသမျှလူအကုန် ဖုန်းတွေနား က မခွာနိုင်ဘဲဖြစ်နေကြကာ လက်ထဲမှာလည်း ဖုန်းတွေ ကိုင်ထားကြ တာ ကိုယ်စီ ..။

ဦးထွန်းဝေ ဖုန်းချလိုက်ပြီး တက်ခေါက်လိုက် .. လမ်းလျှောက် လိုက်နှင့် ..၊

"တစ်ရက် နှစ်ရက်ဆို တော်သေးတယ်၊ အခုက ငါးရက်ရှိနေပြီ၊ ယောကျ်ားလေးဆိုပြီး ထားလိုက်လို့မရတော့တဲ့ အခြေအနေ .."

"ဟုတ်တယ် ဖေဖေ ..၊ ခေါင် ဒီလောက်ထိ မပြောမဆို ဘယ်မှ သွားဘူးတာ မဟုတ်ဘူး"

"ဘယ်လိုလုပ်ကြမလဲ အစ်ကိုရယ် ..၊ လိုက်ပါဦး .."

"ငါက ဘယ်လိုက်ရမှာလဲ .."





ဦးထွန်းဝေ ဒေါသက ပစ်စလက်ခတ် ကျသွား၏။ ဒါပေမယ့် မျက်ရည်ဝဲနေသည့် မိခင်သောကကို မြင်လိုက်တော့ ထပ်ထွက်လာ မည့်စကားတွေက အဆင်းမှာ တုံးခုထားလိုက်သည့် ဘောလုံးလို ..၊

"သူ သွားနေကျနေရာတွေ၊ သူ့အပေါင်းအသင်းတွေ ရှိတဲ့နေရာ အားလုံးလည်း စုံနေပြီ .."

"မတော်တဆ အတွက် နဲ့များ ခိုးပြေးကြသလား မေမေ"

"အို .. ဟုတ်ပါ့မလား.."

ပြောသာပြောလိုက်ရသည်။ တစ်ချိန်တည်းလိုလို ပျောက်သွားကြ တာဆိုတော့ တွေးချင့်စရာပဲ ဖြစ်၏။ ဒါပေမယ့် ပိုး ကပဲ ခေါင်းခါလိုက် ကာ ...

"မဟုတ်နိုင်ဘူး .. အတွက် က အရင်ထွက်သွားတာ၊ ပြီးတော့ တူဝရီးနှစ်ယောက်စလုံး သွားကြတာ"

"ကိုယ့်သားသမီးကို ဆုံးမမနိုင်တာနဲ့ သူများ မိကောင်းဖခင် သား သမီးကို ထင်ရာဆွဲပြောနေပြန်ပြီ .."

သားအမိနှစ်ယောက်ကို မြင်လိုက်ရတိုင်း သူ့စိတ်နဲ့မတွေ့ပါ။ ဦးထွန်းဝေ ဘာလုပ်ရမှန်းလည်း မသိ၊ ဘယ်သူ့ဆီကမှလည်း အကြံ ဉာဏ်ကောင်း မရ ..။

"ဒီကောင် သွေးရိုးသားရိုး မဟုတ်တော့ဘူး၊ သဲလွန်စ ရှိရင်လည်း ရှာပါဖွေပါ ခိုင်းလို့ရဦးမယ်၊ ခုတော့ လက်ချိုးထားတဲ့အတိုင်းပဲ"

ဦးထွန်းဝေ က ပြောပြီး တက်ခေါက်ပြန်သည်။ သားအမိ နှစ် ယောက် အကြည့်ချင်းဆုံသွားတာကို မသိလိုက် ..။

"နေဦး .. ငါ သူ ဂီတာဝယ်တဲ့ဆိုင်ကို သွားဦးမယ်၊ အဲဒီက သား အဖဆီ သူ ခဏခဏသွားတာ .."

"ဟုတ်တယ် ဟုတ်တယ်၊ တစ်ခါတလေ ဂီတာတီးရတာ အဆင် မပြေဘူးဆိုပြီး အဲဒီဆိုင်ကိုသွားရင် ညဦးနက်သန်းခေါင်မှ ပြန်လာ၊ သန်း



www.burmeseclassic.com

www.burmeseclassic.com



မင်းဇော် နဲ့ အရမ်းခင်တာ ဖေဖေ”

ပိုး က နောက်ကလိုက်ပြောရကာ ဦးထွန်းဝေ က အိမ်ရှေ့ရောက်သွားပြီ ဖြစ်၏။ ဒါတောင် ကားပေါ်တက်ကာမှ ပြောသွားလိုက်သေးသည်။

“သဏ္ဍာန့် ကို ဂျစ်ကားစုတ်နဲ့ လွှတ်လိုက်တာရော အခုထိ ကားက အိမ်ပြန်မရောက်သေးဘူးမို့လား၊ ဘယ်တော့ဖြစ်ဖြစ် ငါကွယ် တာနဲ့ ထင်သလို လုပ်ကြတာပဲ”

ဦးထွန်းဝေ စကားတွေကို ပိုး က အားလုံးကြားလိုက်သဖြင့် အထဲကို အပြေးတစ်ပိုင်း ပြန်ဝင်လာကာ ...

“ကားက မေမေ ခိုင်းလိုက်တဲ့အိမ်မှာ ဝင်ထားခဲ့မှာဆိုပြီး ခုထိလည်း ပြန်မရောက်သေးဘူး၊ ငါ့အစီအစဉ်နဲ့ ငါ ပြီးပြီးသားဆို ..”

“အမလေး .. စိတ်တိုနေရတဲ့အထဲ ညည်းကတစ်မျိုး ..”

“အခု မေမေ့ကို အဲဒါကြောင့် ဖေဖေ ဆူသွားပြီလေ၊ ကား ပြန်ရောက်နေရင် သဏ္ဍာန့် ကိစ္စက ဘာမှ ပါးစပ်ထဲရောက်လာဖို့ မရှိတဲ့ဟာ..”

“အခု ဘာ .. ဘာတွေပြောသွားလို့လဲ ..”

“ကားပြန်မရောက်လို့တဲ့၊ သူကွယ်တာနဲ့ ထင်သလိုလုပ်ကြတယ်တဲ့”

ဒေါ်နှင်းနှင်း မျက်နှာ သွေးဆုတ်ဖြူရော်သွား၏။ သဏ္ဍာန် ထွက်သွားသည့်နေ့က ခေါင် အိမ်မှာရှိသလား၊ မရှိဘူးလား သူမ မသိလိုက်ပေ။

ကိုယ်ကတော့ အကြောင်းပြကောင်းကောင်းရှာကာ ဒေါ်သက်မာတို့ တူဝရီးနဲ့ ဆက်သွယ်မိဖို့ ကြိုးစားနေသည်။ လူငယ်တွေ ဘယ်လိုပြဿနာတွေပေါ်နေကြမှန်း မသိပေမယ့် ခဏတစ်ဖြုတ် စိတ်အခန့်မသင့်တာနဲ့ ဘဝအရေးကို မေ့ထားလိုက်လို့ရမလား။

သူလည်း သဘောကျနေသည်။ အတွက် ကလည်း သဘောကျလို့သာ ယောက်ျားလေးအိမ်ထိ ဝင်ထွက်သွားလာနေတာပေါ့။







ဒေါ်သက်မာ ဆိုတာကလည်း တူမအလိုကျ ဖြစ်စေမည့် အဒေါ်ပါး ပဲဆိုတာ သူမ၏အေးဆေးနူးညံ့စွာနေထိုင်ခြင်းကို ကြည့်ရုံနှင့် သိနိုင်သည်။

သူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီး၊

သူ့သမီး ပျော်ရာမှာနေပါစေဆိုပြီး ခဏတစ်ဖြုတ်နေထိုင်ရုံအတွက်နဲ့ ဒီတိုက်နဲ့ခြံကြီးကို သောင်းချီပေးပြီး ဝယ်ထားပေးတာ၊

အတိအကျမခိုင်လုံသေးပေမယ့် မင်းအတွက် ဆိုတဲ့ မိန်းကလေး ဘယ်လိုမှ တော်ရုံချမ်းသာတာတော့မဟုတ်နိုင်ပေ။

ကိုယ့်ရဲ့တစ်ကိုယ်လုံးမှာ ရွှေတွေ ညွှတ်ကျအောင် ဘယ်လိုဝတ်ထားထား ဒေါ်သက်မာရဲ့ရင်ဘတ်ပေါ်မှာ ဝင်းလက်နေသည့် စိန်တစ်လုံးလောက် တန်ဖိုးမရှိနိုင်။

ဒီလို အေးအေးကုပ်ကုပ်နေတတ်သည့် သူဌေးမျိုးတွေကို ဘယ်လိုလက်လွှတ်ခံမလဲ။

မိဘက သူတို့ဘဝကောင်းစားဖို့ ဘယ်လိုအဖုအထစ်အခက်အခဲကိုဖြစ်ဖြစ် ကျော်လွှားဖို့ ကြိုးစားနေသည်။ သင်းတို့က မာနလေးတွေ ရွေးစေလောက်နဲ့ မြင်းမိုရ်တောင်ကိုပြိုဖို့ ဖြိုဖို့ မျှော်လင့်နေ၏။

“တောက်!...”

အတွေးတွေ တရစ်ရစ်တက်လာရင်း ကိုယ့်သားကို စိတ်တို၍ တက်ခေါက်မိ၏။

ဟို အကုသိုလ်ကောင်လည်း သွားပြီ၊ သင်းသာ ဖွဲ့မဖောက်ခဲ့လျှင် အားလုံးက အေးဆေး။

“မေမေ ဒေါသထွက်တာ နောက်မှထွက် ..၊ ခေါင့် ကို ဘယ်လိုရှာကြမလဲ စဉ်းစားပါဦး၊ ဖေဖေ ပြန်လာလို့ သတင်းကောင်းပါလာရင် အကြောင်းမဟုတ်ဘူး၊ ဘာမှထူးမလာရင် ဟိုကိစ္စ ဒီကိစ္စတွေ တူးဖော်ပြီး သူ့ခဲ ကိုယ်မဲနဲ့ မေမေတို့ ရန်ဖြစ်ကြဦးမှာ”

“ဟဲ့ .. ငါက ...”



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုပ်ထားတဲ့ကိစ္စ ကိုယ်ပဲသိသည်။ တိုးအောင် ကို ဆက်သွယ်လို့မရလို့ ကြိတ်ပူနေရတာလည်း ကိုယ့်တစ်ယောက်တည်းပဲမို့ ဟို ပြဿနာကို ပူရမှာလား ..၊ ဒီကကိစ္စကို ပူရမှာလား ..။

"မေမေ .."

"ဟင်!..."

ပုံမှန်အသံလေးကို ဒေါ်နှင်းနှင်း ဆတ်ခနဲ တုန်သွား၏။ ပိုး က သူ့အမေပုံစံကို စိုက်ကြည့်ကာ အံ့ဩသွားသည့်ပုံလေးနှင့် ...

"သဏ္ဍာန် ဟိုကိုသွားတဲ့ကိစ္စလည်း ဟိုကလူတွေက ဘာအကြောင်းမှ မကြားဘူးနော် .."

"... ... ..."

"မေမေ သဏ္ဍာန့် ကို တစ်ခုခုကြံလိုက်တာတော့ မဟုတ်ဘူးမို့လား ဟင်"

"ဘာ!..."

"လန့်လိုက်တာ မေမေရယ် .. အိမ်မှာ ပြဿနာတွေတက်နေလို့ စိုးရိမ်လို့မေးတာပါ"

"စိုးရိမ်တာနဲ့ပဲ ငါ့ကို မေးစရာလား .."

ဒေါ်နှင်းနှင်း မျက်လုံးအစုံ ပြူးကျယ်နေကာ ဒေါသထွက်ပုံက အကြီးအကျယ်ဖြစ်နေ၏။ သားအမိ အမြဲတမ်း ပွင့်ပွင့်လင်းလင်းပြောဆိုနေကျမို့ ကိုယ့်အမေပုံစံကိုကြည့်ကာ ပိုး နားမလည်နိုင်အောင်ဖြစ်သွားမိ၏။ ထို့စဉ် ...

"ဟော .."

ဖုန်းသံကြောင့် ဖုန်းမျှော်နေကြသည့်မျက်လုံးတွေ ပြူးပြက်လက်သွားသည်။ ပိုး ကပဲ အရင်သွားကိုင်လိုက်ကာ ...

"ဟလို"

"... ... ..."





"သြော် .. ဟုတ်ပါတယ်ရှင်၊ ဟို .. ဖေဖေတော့ မရှိပါဘူး"

"... ... ..."

ပိုး က ဖုန်းပြောရင်း ဒေါ်နှင်းနှင်း ကို လှည့်ကြည့်၏။ ဒေါ်နှင်းနှင်း မျက်လုံးအစုံက အပြင်ကိုစူထွက်လာတော့မတတ်ရှိနေလျက် အသက်တောင်ရှူရဲ့လားမသိ။

ထို့ကြောင့် ဒါကိုသိချင်နေသည်ထင်ကာ ပိုး က စကားပြောခွက်ကို လက်နဲ့ပိတ်ထားလိုက်၍ ...

"မန္တလေးက မေမေ .. သဏ္ဍာန် ရောက်တဲ့အကြောင်း ပြောတာ"

လို့ အလျင်စလိုသတင်းပေးလိုက်ပြီးမှ ...

"ဟုတ်ကဲ့ အန်တီ ဟုတ်ကဲ့ .. ရောက်လာပြီဆို ပြီးတာပါပဲ၊ ဖေဖေကတောင် အဲဒါ သတင်းမကြားလို့မျှော်နေတာ၊ ဟုတ်ကဲ့ .. ပြောလိုက်ပါ့မယ်"

ဖုန်းချလိုက်ပြီး ပိုး မျက်နှာက မဲ့ရွဲ့နေကာ ...

"မျှော်နေတဲ့ဖုန်းက မလာဘဲ မမျှော်တဲ့ဖုန်းက လာနေတယ် မေမေရေ၊ ဦးမင်းခန့်ကျော် ရဲ့ အတွင်းရေးမှူးထင်တယ် .. ဒေါ်စန်းစန်း တဲ့၊ သူ့သူဌေးက ဆက်ခိုင်းလို့ပါတဲ့၊ သဏ္ဍာန် ရောက်လာပြီတဲ့၊ ကောင်လေးက ထင်ထားတာထက် ပိုတော်တယ်တဲ့၊ သူဌေးကြီးသမီးနဲ့လည်း ခင်ခင်မင်မင်ရှိပြီးသားမို့လို့ သူဌေးက စိတ်ချမ်းသာလို့တဲ့၊ အဲဒါ ကျေးဇူးတင်ကြောင်း ဆက်တာပါတဲ့ .. ဟွန်း"

မအေမျက်နှာကို မကြည့်ဘဲ ပြောချင်တာတွေပြောပြီး ပိုး က အနားရောက်လာ၏။ ဒေါ်နှင်းနှင်း မျက်လုံးအစုံ ပြူးကျယ်လျက် အသံမထွက်ဘဲ ခေါင်းတခါခါဖြစ်နေသည်။

"မေမေ .."

ပိုး တအံ့တဩကြည့်ကာ လက်ကိုကိုင်လှုပ်ခေါ်လိုက်မှ ...

"မဖြစ်နိုင်ဘူး၊ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သဏ္ဍာန် ဟိုကို



www.burmeseclassic.com

www.burmeseclassic.com



မရောက်ရဘူး၊ သဏ္ဍာန် ရောက်သွားတာ လုံးဝမဖြစ်နိုင်ဘူး"

"မေမေ .. ဘာဖြစ်တာလဲ၊ ဘာတွေပြောနေတာလဲဟင်"

"အဓိပ္ပာယ်မရှိဘူး၊ သဏ္ဍာန် က ဟိုကို ဘာကိစ္စရောက်သွားတာလဲ၊ သူတို့ လူမှားပြောတာ"

"သဏ္ဍာန့် ဓာတ်ပုံကို သူတို့မြင်ဖူးထားတာပဲ မေမေ၊ သဏ္ဍာန် ဟုတ်လို့ ဟုတ်တယ်ပြောတာပေါ့"

"သွားစမ်းပါ"

"အား!..."

ပိုး လက်ကို ပုတ်ထုတ်လိုက်ပြီး ရှုးရှုးဝါးဝါးအော်သည်။ ထိုစဉ် နောက်ထပ်မြည်လာသည့်ဖုန်းက ဒေါ်နှင်းနှင်းလက်ထဲမှာ ..၊

"မေမေ .. ကိုင်လိုက်လေ"

ဖုန်းကိုကြည့်ပြီး ငေးကြောင်နေသည်မို့ ပိုး က သတိပေးရ၏။ ထိုအခါကျမှ ...

"ဟလို"

"မမ လား"

"ဟင် .. တိုးအောင် .. ပြောစမ်း .. နင် သေနေသလား၊ ကိစ္စပြီးတာနဲ့ ငါ့ကို ချက်ချင်းဖုန်းဆက်ဖို့ပြောထားတယ်၊ လေယာဉ်လက်မှတ်တော့ ရအောင်ထုတ်သွားပြီး ငါ့ဆီ ဘာမှမပို့ဘူး"

"ကျွန်တော် အခြေအနေမကောင်းလို့ တန်းလစ်ရတာ မမကလည်း၊ လေယာဉ်လက်မှတ်ယူတော့ မမရဲ့လူကို ပြောခဲ့သားပဲ၊ သူ့လက်တစ်ဖက်မှာ လက်ဖွဲ့ကြိုးလိုဟာမျိုး ဘာမှမပါဘူး၊ သုံးသိန်းလောက်တန်တဲ့နာရီ တစ်လုံးပါတယ်၊ အဲဒါ ကျွန်တော် ပေးခဲ့တယ်လေ၊ မမဆီပို့ဖို့က သူ့တာဝန်မဟုတ်ဘူးလား"

"... ... ..."

"မမ ကြားလား၊ ကျွန်တော်တို့ တိုင်ပင်ထားသလို ဘာမှလုပ်လို့





မရဘူး၊ အဲဒီကောင်က တန်းပြန်လစ်မယ်လုပ်တာ၊ ပြီးတော့ ကားပေါ်မှာ ပုလင်းထောင်နေတာဗျာ၊ တော်တော်အကျင့်မကောင်းတဲ့ကောင်၊ လုပ်ရတာတော့ လွယ်တာပေါ့၊ ကားရောလူရော ကျွန်တော် မြစ်ထဲ ထိုးကျွေးလိုက်တယ်"

"... ... ..."

"မမ ကြားလား ကျွန်တော် ပြောနေတာ .. မမ"

ဖုန်းထဲက ခေါ်နေပေမယ့် ဒေါ်နှင်းနှင်း တုတ်တုတ်မှမလှုပ်ဘဲ တောင့်တင်းနေ၏။

"မမကလည်း ကိစ္စပြီးရင် ပြီးတာပဲဗျာ၊ လုံးဝ လက်စမပေါ်ဘူး စိတ်ချလက်ချနေလိုက်၊ ဒီတစ်ရက်နှစ်ရက်အတွင်း ကားပေါ်လာမှာပါ၊ အဲဒါဆို မှုးမှူးနဲ့ ကားချောက်ထဲကျသေတယ်ဆို ပြီးပြီ"

"ဒေါက် .."

"မေမေ"

ဖုန်းက လက်မလွှတ်သေးဘဲ လျှောကျသွား၏။ အစတည်းက သတိလစ်သလို မျက်လုံးပြူးနှင့် တောင့်မတ်နေသည့် မအေဖြစ်သူကို ပိုး စိုးရိမ်နေတာပါ။

"မေမေ .. မေမေ .. ဘာဖြစ်တာလဲ"

"သား ... ငါ့သား .. ငါ့သားလေး သေပြီ၊ ဟိုကောင် မသေဘဲနဲ့ ငါ့သား သေပြီ"

"ဟင်!... ဘယ်လို ..၊ အမလေး!... ဘုရား .. ကယ်တော်မူပါ"

ပိုး နားစွန်နားဖျားကြားပေမယ့် အစတည်းက စိတ်တူကိုယ်တူ ကြံစည်ခဲ့ကြဖူးတာမို့ ဒီလောက်သိလိုက်ရတာနှင့် အားလုံးကို နားလည်သွား၏။

"မေမေ .. မေမေ ဘာတွေလုပ်နေတာလဲ၊ မေမေ ဘာလုပ်လိုက်တာ .. ပြောပါ မေမေရဲ့ .. ခေါင် ဘာဖြစ်သွားပြီလဲ .. သမီးမောင်လေး.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး .. ငါ့သား ဘာမှမဖြစ်ဘူး .. ဟိုကောင် တိုးအောင် ကိုယ့်တူမှန်းမသိ .. တစိမ်းမှန်းမသိ၊ နေဦး သူ့ကို ငါ သွားသတ်မယ်.. သတ်မယ်"

"မေမေ .."

ဒေါ်နှင်းနှင်း အသားဆတ်ဆတ်တုန်ကာ အသံပြာအောင်အော်ရင်း ခွေခနဲလဲကျသွား၏။

ကံကြမ္မာဟာ လက်နက်တစ်စုံတစ်ရာ မပါပေမယ့် ....၊





## အခန်း [ ၄၅ ]

အချိန်အားဖြင့် လကို နှစ်စားခဲ့ပါပြီ။ ဒါပေမယ့် ဒီမြေ ဒီအရပ်ကိုတော့ ပြန်မလာချင်ခဲ့တာ အမှန်ပင် ..။

မော်ဒယ်အမြင့်ဆုံး ကားအကောင်းစားကြီးကို မောင်း၍ ဟိုတုန်းက သဏ္ဍာန် ဆိုတဲ့ ညောင်နာနာလူငယ်ပုံစံလေးလည်း မဟုတ်တော့ပေမယ့် လှည့်ပတ်နေသည့် နှလုံးသွေးတို့က မနေ့တစ်နေ့ကအတိုင်း။

"ဘာဖြစ်နေတာလဲ .. ရှင်က .."

"ဘာမှမဖြစ်ပါဘူး .."

"ဖြစ်နေတာကို တစ်လမ်းလုံး မြင်နေရဲ့သားနဲ့ .."

အတွက် က သူ ညာပြောလိုက်တာကို စိတ်တိုသွားကာ ဟိုဘက်လှည့်နေ၏။

ပခုံးပေါ်ထိ ခွေခွေခေါက်ခေါက်လေး ပြုဆင်းနေပြီဖြစ်သည့် ဆံနွယ်လေးတွေက ဟိုတုန်းက နားရွက်ကုပ်ဆံပင်လေးနဲ့ မတူတော့ပေမယ့် သူ့မျက်လုံးထဲမှာတော့ ပိုပိုပြီး လှနေတာပါ ..။

"အတွက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .."

အတွက် က လှည့်မကြည့်ဘဲ ထူးသည်။

နားဆွဲလေးတွေ အမျိုးမျိုး ဝတ်ထားသည့်အကျင့်လေး မပျောက်ဘဲ မေးဖျားလေး လှုပ်သွားတိုင်း ဆံပင်တွေကြားထဲက နားကွင်းဝိုင်းလေးက လှစ်ခနဲ ဖျတ်ခနဲ ကိုယ်ရောင်ပြနေသည်။

ရန်ကုန်မြို့၏နယ်နိမိတ်ကို ချဉ်းနင်းဝင်ရောက်လာကာမှ သစ်ပင်အုပ်အုပ်နှင့် လယ်ကွင်းတို့အစပ်ထိ ကားကိုဆွဲချ၍ ရပ်ပစ်လိုက်သည်။

"ဘာလုပ်မလို့လဲ .."

ကားရပ်လိုက်မှ အတွက် က ဖျတ်ခနဲ လှည့်ကြည့်၏။ သဏ္ဍာန် က ဟိုဘက်ကနေ ဆင်းထွက်သွားကာ သူမဘက်က တံခါးကို ဆွဲဖွင့်လိုက်ပြီး ...

"ဟိုဘက် နည်းနည်းတိုး .."

"အို .. သဏ္ဍာန် ဘယ်လိုဖြစ်တာလဲ၊ တစ်ယောက်ပဲ ထိုင်လို့ရတာကို .."

ပြောနေရင်း သူ ဖွတ်ဝင်ထိုင်တော့လည်း ရွှေ့ထိုင်ပေးရတော့သည်။

"အတွက် .."

"ဘာလဲ .. ဒုက္ခပါပဲ .."

အနီရဲရဲ လက်ပြတ်ကိုယ်ကျပ်လေးနဲ့မို့ အတွက် လက်လေးပိုက်ကာ မနေတတ်မထိုင်တတ်နှင့် ကိုယ့်လက်မောင်းလေးကို ကာကွယ်ပွတ်သပ်နေမိ၏။

"မျက်နှာ ဒီဘက်ကိုလှည့်ပါကွာ ..၊ ကိုယ် ဘာမှမလုပ်ဘူး"

"ဘာလဲ .. ဒီလောက်ကြီး ပူးကပ်နေပြီးတော့ ..၊ လူမြင်လို့ မကောင်း.."

"မှန်နက်တွေနဲ့ အထဲကို ဘယ်သူမှမမြင်ဘူး၊ ဒီမှာ ကိုယ် တစ်လမ်းလုံး မွန်းကျပ်လာခဲ့တာ မမေးဘဲ ဘယ်လိုမှ နေမရတော့လို့ .."





"ဘာလဲ .."

"အန်ကယ်လ်က မိုးကောင်း မပြန်ခင် ကိုယ်တို့နှစ်ယောက် ဟိုတယ်လ်ကို ဂရုစိုက်ဖို့ ပြောသွားတာ၊ ပြီးတော့ .. ပြီးတော့ကွာ ကိုယ်တို့ကို လက်ထပ်ပေးဖို့ထိ စိတ်ကူးထားတယ်ဆိုတာလည်း ကိုယ်တို့ သိနေကြတာပဲ"

"ဘာမှ ဖွင့်ပြောသေးတာမှ မဟုတ်တာ .."

"အတွက် .."

"အို၊..."

သဏ္ဍာန် က ကူရှင်မှာ လက်တင်ကာ အတွက် မျက်နှာလေးကို ငုံ့ကြည့်တော့ အတွက် တွန့်ခနဲ ဆုတ်သွား၏။

"မင်း ကိုယ့်အပေါ်မှာ အရင်လိုသဘောမထားတော့ဘူးဆိုတာ ကိုယ် ခံစားမိတယ်"

"အဲဒီတော့ ဘာဖြစ်လဲ .."

"အန်ကယ်လ် စီစဉ်ဖို့ရှိတာကိုလည်း သမီးက ငြင်းမှာမဟုတ်ဘူးလို့ အန်တီသက် ကိုယ့်ကို ပြောတယ်"

"ရှင် လိုရာဆွဲတွေးနေတာတွေ များနေပြီ"

"ထားလိုက်ပါ .. မသေချာသေးသရွေ့ ကိုယ် မင်းကို ဘာမှမမေးပါဘူး"

အတွက် မျက်နှာလေးငုံ့ထားပေမယ့် ခုနကလိုတော့ ကြောက်ကြောက်လန့်လန့် မဟုတ်တော့ပေ ..။

"ဒါပေမယ့် အခု ကိုယ် မေးဖို့ လိုအပ်နေလို့ပါ၊ မင်း အန်ကယ်လ်ရှိတော့မှ ရန်ကုန်ကခြံကို အလည်ခဏသွားပါရစေလို့ ဖွတ်ဖြစ်တာ ဘာဖြစ်လို့လဲဟင် .."

အတွက် က သူ့မေးခွန်းကို နားမလည်သလို လှည့်ကြည့်၏။ ဒီလူဟာ ထင်တာထက် ပိုပြီး မျိုသိပ် စောင့်စည်းနိုင်လွန်းတဲ့လူပါ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖြစ်သင့်တာထက်လည်း အများကြီး ကြိုးစားခဲ့သည်။ ဘာမှမကြာသေးတဲ့ကာလလေးအတွင်းမှာ ဖေဖေကိုယ်တိုင် သူ့ကို ယုံကြည်ပြီး ဟိုတယ်လ်ကြီးတစ်ခုလုံးကို အပ်နှံထားခဲ့တဲ့အထိ ရိုးသားစွာ ကြိုးစားခဲ့တာ ဘာမှ ပြောစရာမရှိ ..။

ထို့ပြင် ဒီခရီးကို ခဏလောက်သွားပါရစေဆိုတော့လည်း အန်တီကိုယ်တိုင်ကလည်း မကျန်းမာတာနှင့် သဏ္ဍာန် ကို ခေါ်သွားလို့ စိတ်ချလက်ချ လွှဲ၏။

ဟိုမှာ သူငယ်ချင်းတွေ လာအိပ်ကြဖို့လည်း ဖုန်းနဲ့ ကွန်တက်လုပ်ထားခဲ့သည်။

ခြံစောင့်လည်း ရှိနေတာမို့ အားလုံး စိတ်ချရသည်တဲ့ ..။

အတူတူတွဲ၍ အလုပ်လုပ်လာကြတည်းက ကိုယ့်သဘောထားကို ရိပ်မိနေသားနဲ့လည်း ခုချိန်ထိ ချစ်ခွန်းစကားကို မဆွေ ..။

"အတွက် ကိုယ်မေးတာကို ဖြေပါဦး .."

"ဘာဖြေရမှာလဲ .. လည်ချင်တဲ့အချိန် သွားလည်လို့ရအောင် ခြံတောင် ဝယ်ထားတဲ့ဟာ .."

"ဟုတ်တယ် ..၊ အဲဒီခြံရဲ့ဘေးမှာ ခေါင် ရှိနေတယ် .."

"သိတယ်လေ .."

"ကိုယ်လည်းသိလို့ မသွားချင်တာ၊ အဲဒီမှာ ကိုယ် နာကျင်ခဲ့ရတာတွေ၊ ခေါင် နဲ့ပတ်သက်ပြီး ကိုယ့်ဘက်က မယှဉ်သာခဲ့တာတွေ .."

"အခုချိန်ထိ ရှင့်ရင်ထဲမှာ ဒီတိုင်းပဲလား .."

"ဟုတ်တယ် .. မင်းနဲ့ပတ်သက်တာ အားလုံး ကိုယ့်ရင်ထဲမှာ အသစ်တွေအတိုင်းပဲ၊ ဟောင်းသွားတာ ဘာမှမရှိဘူး"

"ကျွန်မတော့ ရှင့်ရင်ထဲကို မမြင်လို့ထင်တယ်၊ ဘာအတွက် ခံစားနေရတာ ဘာမှကို မမြင်ဘူး"

"မင်း တကယ်ပြောလိုက်တာလား"





ကူရှင်မှာ ထောက်ထားသည့်လက်က ပခုံးကိုဖက်လိုက်တော့မလို နောက်ရောက်သွားသဖြင့် အတွက် ထိတ်ခနဲ ဖြစ်သွားသည်။

သူ့ပခုံး တစ်ခြမ်းစောင်းထားတာတောင် လူချင်းက ထပ်နေတာမို့ သူ့ကိုယ်က မွှေးရနံ့လိုလို ကိုယ်သင်းနံ့က လူကို အနေခက်စေတာ အမှန်။

"ကိုယ်ကတော့ အချစ်စစ်သာမှန်ရင် ဦးတည်ရာကို သွားမှာပဲလို့ တွက်ထားခဲ့တာ .."

လေးသမားတောင်မှ ကိုယ်ပစ်တဲ့မြား ချက်ကောင်းထိမထိဆိုတာ ပြေးကြည့်မှ သိရတာ မဟုတ်ဘူးလား။

ဦးတည်ရာကို သွားမသွား အဖြေမရှာဘဲ သိမှာတဲ့လား ..၊

အတွက် နှာခေါင်းလေး မသိမသာတွန့်ကာ ဟိုဘက်လှည့်၏။

"မင်း ကိုယ့်ကို နားမလည်ဘူးဆိုလည်း နားလည်တဲ့အထိ ကိုယ်စောင့်နိုင်တယ်၊ ဒါပေမယ့် ဒီကိုလာခဲ့တဲ့ မင်းရင်ထဲက ခံစားချက်ကိုတော့ မမေးဘဲနေလို့ မရတော့ဘူး၊ အဲဒီနေရာ အဲဒီအိမ်ကလူတွေနဲ့ .."

"ရှင်က အရင်တုန်းက သဏ္ဍာန် မှ မဟုတ်ဘဲ၊ ကြံဖန်တွေးနေတာ သရဲဘောနည်းနေတာလား"

"မင်းရင်ထဲကို မမြင်နိုင်သရွေ့ပေါ့ အတွက် ရယ် .. ပန်းဝင်ကြိုးကို မဖြတ်နိုင်သရွေ့ ဘယ်သူ ပထမဆုရမယ်ဆိုတာ မပြောနိုင်ပါဘူး၊ အထူးသဖြင့် မင်း သိပ်ကိုမုန်းခဲ့တဲ့ ကိုယ့်ဘက်မှာ အားနည်းပါတယ်"

"ရှင်နဲ့ တစ်ခရီးလုံး နှစ်ယောက်တည်း အတူလာခဲ့တဲ့အဖြစ်ကို ကြည့်ပြီး ခေါင် ကရော ရှင့်ကို အရှုံးပေးပြီးသား ဖြစ်မနေနိုင်ဘူးလား"

သဏ္ဍာန် က အတွက် မျက်နှာလေးကို စိုက်ကြည့်နေသည်။ အတွက် က မျက်နှာလွှဲနေရာကနေ စိတ်မရှည်တော့ဘဲ ဖျတ်ခနဲ မော့သာကာ ...

"ရှင် ကားမမောင်းသေးဘူးလား"

"မင်းနဲ့ ခေါင် မချစ်ခဲ့သေးဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .."

ခေါင်းခါပြလိုက်တာတောင် သူက အကြာကြီးတိတ်နေခဲ့၏။ ပြီးမှ အတွက် မျက်နှာလေးငုံ့နေတာကို အတင်းလိုက်ငုံ့ကြည့်ကာ ...

"ကိုယ် မမေးချင်ပေမယ့် အခုမှ အရမ်းကိုသိချင်နေတယ်၊ ကိုယ် မေးရင် မင်း ဘယ်လိုဖြေမလဲ .."

"ဘာ!..."

"ဟုတ်တယ် .. မင်းရဲ့အဖြေကို ကိုယ် ကြိုသိချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတိုင်း မျှော်ကော်ရောင်ဘဝနဲ့ တစ်သက်လုံးနေရမယ်ဆို နေသွားနိုင်ပေမယ့် ကိုယ် မေးလိုက်မိကာမှ မျှော်လင့်ချက် လုံးဝမဲ့သွားတဲ့ အဖြစ်မျိုးဆိုရင် .."

"ပြောလေ .."

"ကိုယ် ရှုံးသွားနိုင်တယ် .."

"အဟွန်း .."

"ဘာရယ်တာလဲ အတွက် .."

"ဘာမှမဟုတ်ဘူး .. မမေးတော့ဘူးဆိုလည်း ကားပြန်မောင်းလေ"

"မမေးလို့မရဘူး အတွက်၊ ဒါကို မမေးရဘဲ ရန်ကုန်ဝင်သွားရင် ကိုယ့်ရင်ဘတ်ကြီး ပွင့်ထွက်သွားမလားဘဲ"

အတွက် သူ ဘာပြောချင်နေတာကို သိသည်။ ရယ်လည်း ရယ်ချင်နေ၏။

ပြီးတော့ ကိုယ့်အပေါ် သည်းသည်းလှုပ် မြတ်နိုးနေတာကို ခံစားမိနေသဖြင့် ကြည်နူးခြင်းလည်း ဖြစ်လေသည်။

"အတွက် .."

"အဲ .."

လက်ဖမိုးလေးကို ဖိဆုပ်ကိုင်လိုက်သဖြင့် အတွက် လန့်သွားသည်။ ပြန်ရုန်းလိုက်ပေမယ့် မရ ...။





"ကိုယ် မင်းကို ဘာမှမမေးသေးပါဘူး၊ ကိုယ့်ခံစားချက်တွေကိုပဲ ပြောခွင့်ပေးပါ"

"ခုမှပြောမှာလား ..၊ ပြောလေ .."

အတွက် က နားကွင်းဝိုင်းလေး လှုပ်သွားအောင် ခေါင်းညိတ်လက်ခံနေ၏။ သဏ္ဍာန် က အံ့အားသင့်သွားသလို အတွက် ကို စိုက်ကြည့်သည်။

"မင်း သိနေတာလားဟင် .."

"သိတယ်လေ .. ရှင့်ဖီလင်တွေ သိနေတာပဲဟာ၊ ပြောမှာဆိုလည်း ပြောပေါ့၊ နားထောင်ပေးမယ် .."

"အတွက် .."

"အို .. ဘယ်လိုဖြစ်တာလဲ .."

သူ အတွက် ပခုံးလေးကို ဆွဲဖက်လိုက်သဖြင့် မျက်နှာချင်းပစ်တိုက်တော့မလို ပူးကပ်သွား၏။

"ကိုယ်ချစ်နေတာကိုသိရင် ကိုယ့်ကို မင်း လက်ခံတယ်ပေါ့၊ အနက်ကယ်လ်တို့ စီစဉ်မယ့်စကားတွေ ပြောနေတာကို ပြန်မပြောရဲလို့ ငြိမ်နေခဲ့တာ မဟုတ်ဘူး ဟုတ်လား"

"ပြန်မပြောရဲတာလည်း ပါတာပေါ့၊ ကိုယ့်ကိုချစ်တယ်လို့တောင် မပြောတဲ့သူကို မလိုချင်ပါဘူး .."

"ဟား!..."

သူ့မျက်နှာတစ်ပြင်လုံး ငိုချလိုက်တော့မလို အနီရောင်သမ်းသွားသည်။ နှုတ်ခမ်းတွေက ပြုံးလျက် မျက်ဝန်းတွေမှာ ပြုံးပြက်လက်နေကြ၏။

ယောက်ျားမတန်မယ့် စိတ်ပျော့လိုက်တာလို့ ကဲ့ရဲ့မယ်ဆိုလည်း ကဲ့ရဲ့ပါစေ ...

သူမကိုချစ်ခွင့်ဆိုတာ သူ့ဘဝအတွက် ဆောင်းအိပ်မက်တို့ မရေရာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ မျှော်လင့်မှုတွေသာ ..။

"ကိုယ် ဝမ်းသာလိုက်တာ အတွက် ရယ် .."

"ဘယ်လိုဖြစ်နေတာလဲ၊ အဲဒီမျက်နှာကြီး နောက်ဆုတ်စမ်းပါ"

"ဒါဆို ကိုယ်က ချစ်တယ်လို့ပြောရင် မင်း ပြန်ချစ်မှာလားဟင်"

"စဉ်းစားရဦးမယ် .."

"မလုပ်ပါနဲ့ကွာ .. ကိုယ့်ကို အပြည့်အဝ ပျော်ခွင့်ပေးပါ"

"ဩော် .. ရှင် ခုနပြောတော့ ဘာမှမမေးပါဘူးဆို ..၊ ပြောပြရုံပဲ ဆိုပြီးတော့ .."

"အတွက် ကိုယ့်ကို မနှိပ်စက်ပါနဲ့တော့ .."

"အို .. ရှင်နော် .."

ဖျတ်ခနဲ ကိုယ့်မျက်နှာပေါ် သူ့မျက်နှာ နီးကပ်လာတော့ အတွက် ကိုယ်လေး ကူရှင်မှာ ကပ်သွား၏။ ဘယ်ကိုမှလည်း စောင်းလှည့်တိမ်းလို့ မရ ..။

"ရှင် .. ရှင် ဘယ်လိုဖြစ်နေတာလဲ၊ သဏ္ဍာန် နော် .. ချစ်တယ်လို့ သူများ မပြောသေးဘဲနဲ့ .."

"မင်းရဲ့ပါးပြင်လေးတွေ သွေးခြည်ဥနေပြီ၊ အဲဒီရင်ခုန်သံတွေက ကိုယ့်ကို အဖြေပေးနေတာ.."

"ခုမှ လူလည်ကြီး လာလုပ်မနေနဲ့ ..၊ ဖယ်ပေးဆို .. သွား .."

"ကိုယ် နမ်းလိုက်ရင် မင်း ငိုမှာလား"

"ဘာ!... ဟင့်အင်း .."

အတွက် သူ့ရင်ဘတ်ကို အတင်းတွန်းမိတော့သည်။ သဏ္ဍာန် က ပခုံးလေးတစ်ဖက်ကို သူ့ဘက် ဆွဲကပ်လိုက်လျှင် ...

"မသိဘူး .. သဏ္ဍာန် နော် .. လူကိုအတင်းလုပ်ရင် ပါးရိုက်ပစ်မှာ .."

"အဟွန်း .. ပါးရိုက်မှာဆိုရင်တော့ ကိုယ် မကြောက်ပါဘူး"





"ဟင့်အင်း .. လွှတ် .."

အတွက် တစ်ကိုယ်လုံး ဓာတ်လိုက်သလို ကျင်ခဲသွားခဲ့လျက် မျက်လုံးထဲမှာ မှောင်မိုက်သွားသည်။

ရင်ခုန်သံတွေနဲ့ လူက သတိလစ်မတတ်ဖြစ်လာ၊ ဘာမှ ကိုယ့်ကိုယ်ကိုယ် သတိရသည်။

သဏ္ဍာန် ဆိုတဲ့လူကို ဘယ်တုန်းတည်းက ချစ်နေခဲ့မှန်းလည်း မသိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၆ ]

"ဘယ်သူမှ မသိကြပါဘူးဟာ .. ဒီအနီးအနားမှာလည်း သိပ်စပ်စပ်စုစုမှ မရှိကြတာ၊ ငါတို့ကလည်း တမင် မေးမြန်းရတာဆိုတော့ သိပ်မမေးဘူးလေ"

ခြံတံခါး အိမ်တံခါး အားလုံး ပိတ်ထားခဲ့တာ ကြာပြီလို့ သိရသည်။ သဏ္ဍာန် ရော အတွက် ပါ တအံ့တသြဖြစ်ကြရကာ အိမ်ရှေ့မှာ ကားရပ်နေခဲ့တာတောင် အကြာကြီးပင် ..။

အရင်ဆုံး ပန်းချီ တို့ကို တစ်အိမ်စီမှာ ဝင်ခေါ်ကြရသည်။ မိုးချုပ်ကာနီးမှ ရောက်တာမို့ ဒီအကြောင်းပြောရင်း အိမ်ထဲတောင် တန်းမဝင်ဖြစ်ကြပေ ..။

"ဒါကြောင့် ကိုယ် ဖုန်းဆက်ကိုင်း မရတာကိုး .."

"ဘယ်လိုဖြစ်တာလဲ၊ မိသားစုလိုက်ကြီး ပြောင်းသွားတာလား"

"ငါတို့တောင် ကြားကာစက သဏ္ဍာန့် ကို ပြန်လက်ခံရမှာစိုးလို့ ပြောင်းပြေးတာလား မသိဘူးဆိုပြီး စနောက်ပြောမိကြသေးတယ်၊ နောက်မှ ..."

"ပြောလေ .. ဘာဖြစ်လဲ .."





"ဒေါ်နှင်းနှင်း က ရူးသွားတယ်လို့လည်း ကြားတယ်"

"ဟယ်!... ဟုတ်ရဲ့လား .."

အတွက် မျက်လုံးလေး ဝိုင်းနေ၏။

"မသိဘူး၊ သိပ်တော့ မသေချာပါဘူး"

"နင်ကလည်း သိပ်မသိဘူးဆိုတာချည်းပဲ .."

"ဩော် .. ဘယ်သူမှမသိအောင် ပြောင်းသွားတာပါဆို၊ ဒေဝီ မေးကြည့်ပါလား .."

အတွက် ကျေနပ်အောင် မဖြေတတ်တော့ ပန်းချီ က ဒေဝီ ကို လွှဲချသည်။

"ဟုတ်တယ်၊ ငါတို့တောင်မှ ဒေါ်နှင်းနှင်း ကို ပြသွားဖူးတဲ့ ဆရာဝန်နဲ့ နီးစပ်တဲ့တစ်ယောက်က ပြောပြတာ၊ ကျန်တာ ဘာမှမသိဘူး"

"ဒါဆို ခေါင် နဲ့ပတ်သက်တာရော .."

အတွက် ကပဲ မေးတော့ ပန်းချီ က သဏ္ဍာန့် ကို လှမ်းကြည့်၏။ သဏ္ဍာန် ကလည်း သိချင်နေသည့်မျက်နှာနှင့် ကြည့်နေတာ မြင်မှ ...

"အဲဒါလည်း မသိဘူး .. သူ့သတင်းတော့ ကောင်းတာဆိုးတာ ဘာမှမကြားပါဘူးဟာ၊ ကြည့်ရတာ ဒီမိန်းမကြီးက အရမ်းလောဘကြီးတယ်လေ .. အဲဒါကြောင့် သူ့ပစ္စည်းတွေ တစ်ခုခု အကြီးအကျယ် အလိမ်ခံရလို့ ရူးသွားတာ ဖြစ်နိုင်တယ်"

သို့လော သို့လော အဖြေများနှင့် ဒေါ်နှင်းနှင်း တို့၏ အတိတ်ပစ္စုပ္ပန်တို့ ပြည့်ဖုံးကားချလေသည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့် စိတ်မချမ်းမြေ့ဖွယ်အားလုံးတို့ကို အတွက် တို့ မေ့လျော့သွားခဲ့ကြ၏။ ထို့ပြင် ...

"အံမယ် .. ငါတို့ကတော့ ဈေးပြေးပြီး စားဖို့သောက်ဖို့တွေ ပြည့်စုံအောင် ဝယ်နေလိုက်ရတာ ..၊ သူတို့ကတော့ ..."

"ဟဲ့ .. ငါတို့က ဘာလုပ်နေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က မော်ဒယ်လုပ်နေတာလေ၊ ဟိုက ပန်းချီဆရာကြီးစတိုင်လ်နဲ့ .."

အပေါ်ထိတက်လာပြီး ခါးထောက်ပြောနေတော့ အတွက် က ရယ်သည်။ မိတ်ကပ်ရောင် ပွဲထိုင်ဓာနှင့် ပဝါပါးလေးကို လက်ပေါ်တင်ရုံ ကန့်ကလျ သိုင်းခြုံထား၏။

လက်ဝတ်လက်စားတွေရော၊ ပန်ထားသည့် သစ်ခွတွေကအစ ဝတ်စုံနှင့်လိုက်ဖက်ကာ အတွက် တစ်ကိုယ်လုံးက ရှုမငြီးအောင်လှနေ၏။

သဏ္ဌာန် က ကင်းဘတ်စခံပြီး တကယ့်ပန်းချီဆရာတွေလို ရှေ့မှာ ပုံတူဆွဲနေတာ အကျအန ..။

"သူတို့ကိုယ်သူတို့ ဟန်းနီးမွန်းထွက်လာကြတယ်များ မှတ်နေ့လား မသိဘူး .."

ပွစိပွစိ ရေရွတ်ရင်း လှည့်ထွက်သွားတော့ အတွက် က မဲ့မဲ့လေး ပြန်ဖြစ်သွားကာ ...

"ဘာရယ်နေတာလဲ ..၊ ဒီမှာ ထိုင်နေရတာ ကြာလှပြီ .."

"ပန်းချီဆွဲတာ ကြာတာပဲလေ၊ အလှမယ်ဆိုတာ ဒီလိုပဲထိုင်ပေးရတယ်၊ ကိုယ်က ဆီဆေးပန်းချီ သိပ်ဆွဲဖူးတာ မဟုတ်ဘူး"

"မဆွဲဖူးတာကလည်း လူကိုမကြည့်ဘဲနဲ့ ဆွဲပဲဆွဲနေတာ .."

"ဟား .. ဟား .. ဟား ..."

"တွေ့လား .."

သဏ္ဌာန် က ရယ်လေ အတွက် စိတ်တိုရင်း ခြေဆောင့်ရင်းနှင့်...

"ဘာရယ်တာလဲ ..၊ ဒီက ပုံဖျက်ပစ်လိုက်မှာနော်"

"မင်းကို ကိုယ် ကြည့်ဖို့မှမလိုတာ၊ ဘယ်အချိန် ထရေးရေး မင်းရဲ့ ပုံတူ ထွက်တယ် .."

"ကြည့်စမ်း .. ဒါဆို ဘာဖြစ်လို့ သူများကို ဒုက္ခခံခိုင်းနေတာလဲ၊ မရဘူး .. မထိုင်တော့ဘူး .."





"ဟာ .. ဟော့ .. မရဘူး ..၊ မပြီးသေးဘူးလေ"

"မသိဘူး ..၊ သူများကို ဟားတိုက်ရယ်နေပြီးတော့"

"မရယ်ဘူး .. တကယ်မရယ်တော့ဘူး .. ပြန်ထိုင်နော်၊ ဒီမှာ အရောင်ထည့်ရတာ နည်းနည်းခက်နေလို့"

"ရှင်နော် .."

အတွက် က ပခုံးနှစ်ဖက်မှာ လာကိုင်သည့် သူ့လက်တွေကို ဖယ်ချပစ်၏။ သဏ္ဌာန် က ပြန်ကိုင်ချော့ကာ ...

"ဆောရီး .. တကယ်မရယ်တော့ဘူး၊ ကိုယ့်ချစ်သူလောက် မလှမှာစိုးလို့ အရမ်းသတိထားပြီး ရေးနေရတာ .. လုပ်ပါ .."

အတွက် ပြန်ထိုင်ရတော့မှာကို သိပေမယ့် နှုတ်ခမ်းလေးစူနေဆဲနှင့် သူ့ကို မကျေမနပ်ကြည့်သည်။ သဏ္ဌာန် က ငုံ့မိုးကြည့်နေကာ ...

"အရမ်းလှတာပဲ အတွက် ရယ် .. ခုချိန်ကျမှသာ မင်း ကိုယ့်ကို မချစ်နိုင်ပါဘူးဆိုရင် .."

"သေလိုက်ပေါ့ ..၊ ဟွန့် .."

အတွက် ပြန်ထိုင်ပေးဖို့ ကျောခိုင်းလိုက်ပေမယ့် သူက နောက်ကနေ သိမ်းကျုံး ပွေ့ဖက်ထားလိုက်ကာ ...

"ချစ်တယ် အတွက် ရယ် .."

"သဏ္ဌာန် နော် .. ဒီမှာ ပြင်ထားရတာ လွယ်တာမဟုတ်ဘူး၊ ဟာ .. ကြည့်ပါလား .."

တမ်းတမြတ်နိုးသောအနမ်းတို့က စည်းလွတ်ကမ်းလွတ် ဖြစ်သွား၏။ အတွက် သူ့လက်ထဲက ရုန်းထွက်ကာ ရင်ဘတ်ကို တအားထုပစ်မိ၏။

"တော်တော်ကဲတဲ့လူ .. အဲဒီလို ဖွတ်တရွတ်လုပ်တာတွေ မုန်းတယ် သိလား၊ သူများလည်ဆွဲတွေ ပြုတ်ကျကုန်ပြီ"

"ဖြစ်ပါတယ် .. လည်ဆွဲအရောင်တွေက ထည့်ပြီးသား .."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .."

"ဆောရီးပါကွာ ..၊ ကိုယ် .."

သဏ္ဍာန် က ရယ်ကျဲကျဲနှင့် ဆံပင်တွေသပ်ရင်း အပြစ်ရှိတဲ့ကလေးလို ခေါင်းငုံ့၏။

"ကိုယ် အဲဒါတောင် မင်း ငိုသွားမှာစိုးလို့"

"ကြည့်ပါလား၊ ပြောဦး .. ပြောဦး .."

သူမ ထုနေသလောက် သဏ္ဍာန် က ကျောလှည့်၍ ကျကျနနခံပေးသည်။ ပြီးတော့ အတောမသတ် ရယ်၏။

"အမလေးဟယ် .. ဒုက္ခပါပဲ၊ လာမိတာ ငါ့အမှား .."

ပန်းချီ ပဲ ပြောရင်း လှည့်ပြေးလေသည်။ မြင်သွားပြန်ပြီဆိုပြီး အတွက် ကြောင်တောင်တောင်လေး ရပ်နေတုန်း သဏ္ဍာန် က ရင်ခွင်ထဲ ဆွဲသွင်း၍ ဖက်ထားလိုက်ကာ ...

"ရှက်နေတယ်မို့လား ..၊ ကိုယ့်ရင်ခွင်ထဲ ဝင်နေလိုက်"

နူးညံ့သည့်ထွေးပွေ့မှုကို သူမ ရုန်းဖယ်ဖို့ မေ့သွား၏။

သည်ရင်ခွင်သည်သာ .. သူမချစ်သော ...။

**ပရိသတ်အတွက်**

**ထာဝရ**

**ဂျူလိုင်**



BURMESE CLASSIC .com

www.burmeseclassic.com